# ကသတ်စွေ

အတိတ်မိမ်းလူသတ်သမား ၅၄

## လျှို့ဝှက်စွန့်စားဖြစ်ရပ်မှန်မှုခင်းများ



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

**ဘာသက်ဆွေ** စီစဉ်သော

# အတိတ်စိမ်းလူသတ်သမား

# နှင့်

# လျှို့ဝှက်စွန့်စားဖြစ်ရပ်မှန်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၁၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၆၇၀၅၀၉

❑

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (မြ-၀၁၆၉၂)

ချိုတေးသံစာပေတိုက်

ရေနံ့သာကျောင်းရှာ၊ ပုလဲမြို့သစ်-၃၊ မင်္ဂလာဒုံ၊ ရန်ကုန်။

❑

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑


ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ။

တန်ဖိုး - ၆၅၀ ကျပ်၊ အုပ်ရေ - ၅၀၀


# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စုံထောက်မင်းသားနဲ့ စောရဘုရင် | ညီညီနိုင် | ၇ |
| ၂။ | ရေတ်သီးစားသူများ | မြရတီ | ၁၂၁ |
| ၃။ | ကြွင်နာသူမဲ့ဘဝဇာတ်လမ်း | မောင်မောင် (မြန်မာပြည်) | ၁၆၉ |
| ၄။ | အတိတ်စိမ်းလူသတ်သမား | တက္ကသိုလ်မြင့်ဝေ | ၂၀၁ |
| ၅။ | မြက်ခင်းစိမ်းစိမ်းအောက်မှာ | ကျော်စွာဟိဏ်း | ၂၄၄ |


ဓောက်မင်းသား
နှင့်
စောရဘုရင်

အမှတ်(၁)

## စုံထောက်မင်းသားနဲ့စောရာဂုဏ်

လွန်ခဲ့သောသုံးလခန့်က ရှမ်းလှအမည်တွင်သော ပင်လယ်ဆိပ်ကမ်းမြို့ကြီးတွင် ဝဏ္ဏစိုးသည် ဒုစရိုက်ဂိုဏ်းကြီးနှစ်ဂိုဏ်းကို စွန့်စွန့်စားစားရင်ဆိုင် တစ်ပြိုင်တည်း ဖြိုခွင်းနိုင်ခဲ့၏။

ထိုဂိုဏ်းဖြိုပွဲကြီး၌ သေနတ်ဒဏ်ရာများရပြီး ရန်သူ့စက်လှေကြီးပေါ်မှ ရေထဲသို့ ကျသွားသူ ဝဏ္ဏစိုးအား သေပြီဟု အများက မှတ်ထင်ခဲ့ကြ၏။ ဒုစရိုက်လောကီက ဝမ်းမြောက်ဝမ်းသာသာ ရှိခဲ့ပါသည်။ ဆိုင်ရာတို့မှာလည်း ထိုသတင်းကို အတည်ပြုခဲ့၏။

စင်စစ်မူ … ဒုစရိုက်စက်လှေကြီးကို ပတ်လည်ဝိုင်း

စိနေပြီဖြစ်သော စစ်သင်္ဘောနှင့် တိုက်ရေယာဉ်များအနက်မှ တိုက်ရေယာဉ်တစ်စီး၏ အချိန်မီ ကယ်ဆယ်ခြင်းခံရပြီး၊ ဝဏ္ဏစိုးသက်ပြင်းသေတွင်းမှ လွတ်ခဲ့ရသည့်သာ ဖြစ်ပါ၏။

ယခုဆိုလျှင် ဝဏ္ဏစိုးသည် ဆေးရုံကြီး၌ တစ်လနီးပါး တက်ရောက်ကုသ၍၊ တစ်လကျော်ကျော် ဆက်တိုက်စာတ်မြှုပ်နေပြီးနောက်၊ ခွင့်ရက်မစေ့မီ မောင်းမကန်ကမ်းခြေ အပန်းဖြေခရီးပင် ထွက်နေခဲ့ပါချေပြီ။

ညနေစောင်းအချိန်ဖြစ်၍ ရေဆိပ်မှာ လူစည်ကားလှသည်။ သောင်ပြင်ဖွေးဖွေး နေနွေးနွေးနှင့် ရေလှိုင်းထွေးထွေး လေအေးအေးတို့ဖြင့် တန်ဆာဆင်သထားသော မောင်းမကန်အလှတွင် အုပ်စုလိုက်၊ အတွဲလိုက်၊ တိမ်းမူးပျော်ယစ်နေကြခြင်းပဲ ဆိုပါစို့။ ထိုလူများကြားထဲဝယ် ဝဏ္ဏစိုးနှင့် အလှပျိုဖြူတစ်ဦးကလည်း အတွဲတစ်တွဲအဖြစ် မထင်မရှား ရောနှောပါဝင်လျက် ရှိလေရာ ...

လှပျိုဖြူကတော့ ဝဏ္ဏစိုး၏ရုံးလုပ်ငန်းဆိုင်ရာ တာဝန်ခံရှမ်းမလေးဖြစ်သလို၊ စပ်စပ်စုစုနိုင်လှသည့် စောယုလှိုင်မည်၏။

ခုလည်း နှစ်ယောက်သား ရေကူး လှိုင်းစီးကြပြီးကြသည်နှင့်အညီ နေပူစာလှုံနေကြရင်းဖြင့် ...

"အစ်ကိုစိုး ... အစ်ကိုစိုး ... ဟိုမှာကြည့်စမ်းပါဦး ... စိတ်ဝင်စားစရာလေးတွေ ... "

ဟုမလှမ်းမကမ်းတစ်နေရာသို့ မသိမသာ လက်ညှိုးညွှန်းပြောလိုက်၏။ ဝဏ္ဏစိုးက သဲမွေ့ရာတွင် ပက်လက်လှဲနေရာမှ ခေါင်းထောင်နောက်သို့လှည့်ကြည့်သည်။

"အလို တယ်ဖြူးတဲ့ညော်ကလေးပါလား ယုရဲ့ ... "

"ဒါပေမယ့် သူ့ဒရဝမ်က ဘူတာကြီးဖြစ်နေတာခက်တယ်..."

ဝဏ္ဏစိုး အံ့အားသင့်၍ စောယုလှိုင် အပြစ်တင်ချင်လာက်အောင် တစ်ဖက်မှ အတွဲကတော့ မညီလှပါချေ။ အမျိုးသမီးသည် စောယုလှိုင်ထက် ကြီးလှ၊ ၄–နှစ်ရှိဦးတော့ ... အသက်စိပ်အဝတီ။ ဝဏ္ဏစိုးအောက် တစ်နှစ်ငယ်မည်။ ၅၀–ကျော်၊ ၆၀နီးအဖိုးကြီး၏ သမီးသာသာ။

ပြီးတော့ ... ထိုအမျိုးသမီး၏ အချိုးအဆက်ကျနပသော ကိုယ်လုံးကိုယ်ပေါက်၊ ဖြူဝင်းချောနသော ရုပ်ရည်တို့လည်း စောယုလှိုင်နှင့် နင်လားငါလား။ ဒါပေမယ့် သူ့တွဲဖက်ဘ်ဘာဘာကြီးကတော့ အသားမဲမဲ၊ ဗိုက်ရွှဲရွှဲ၊ ထောင်ထောင်မောင်းင်း အရုပ်ဆိုးဆိုး။ သို့ကလို သူတို့နှစ်ဦး တွဲဖက်မညီလိုက်ပုံများ



တော့ ပတ်ဝန်းကျင်က မြင်ရသူတွေပင်ကြည့်ရမှာ အားနာလောက်၏။

သူတို့နှစ်ဦးသားကလည်း ဇင်ယော်မောင်နှံက ငေးယူရမတတ်၊ ကယုကယင် မြူးပျော်နေကြလျက်။ စောယုလှိုင်နှင့် ဝဏ္ဏစိုးတို့ကလည်း အဝေဖန်မပျက်။

"ဟင်း ... ဖအေလောက်ကြီးကိုများ သူမို့လို့ ... "

"ဒါကတော့ ... အကြောင်းရှိမှာပေါ့လေ ... ၊ ဟော ... ဟော ... ကိုယ်တို့ သူတို့ကို ဂရုစိုက်ကြည့်နေတာ မြင်သွားပြီးယု ဒက်ဒီကြီးဒေါသဖောင်းသွားပြီနဲ့တူတယ် ... တွေ့လား"

"မကျေနပ်လည်း ရေခပ်က အနီးလေးပဲဟာ ... ဒိုင်ဗင်ပစ်ပြီး နှာခေါင်းဖော်သေရုံပေါ့ ... သူတို့ကိုယ်နှိုက်က လူကြည့်အောင် လုပ်နေတာတော့ မတွက်ဘူး ... "

"ဘာပဲဖြစ်ဖြစ် ... သူတို့ နောက်ကွယ်မှာ စိတ်ဝင်စားစရာတွေ တစ်ပုံကြီးရှိမှာတော့ သေချာတယ် ယု ... ၊ အဆင်ကြည့်ရတာ ရန်ကုန်က ဖြစ်မယ်ထင်တယ် ... "

"အမယ် ... ကိုစိုးက ဘယ်လိုကြောင့် တပ်တပ်အပ်အပ်ပြောနိုင်ရတာလဲ ... "

"ခက်ပါဘိယုရယ် ... စုံထောက်တစ်ယောက်လုပ်နေမှ ဒီလောက် လူကဲမခတ်တတ်ဘဲနေပါ့မလားလို့ ... မယုံရင်

ယုစုံစမ်းကြည့် — "

"ကောင်းပြီ … ယု စုံစမ်းကြည့်လို့ သူတို့ဟာ ရန်ကုန်က မဟုတ်ဘူးဆို ကိုစိုး အရှုံးနော် … "

"ဟုတ်ရင်တော့ အနိုင်ပေါ့ … ၊ အရှုံးအနိုင်သက်သက်တင် ပဲလား … ဘာကြေးစိမ်ဦးမလဲ … "

"ကေန့ ကိုစိုး ခုလိုကြေးခေါ်ပုံထောက်တော့ အရင်က တည်းက ဒီအတွဲကို တွေ့ဖူးပြီးသား ထင်တယ် … "

"ယုကလဲကွာ … ၊ မနေ့ကမှ ကိုစိုးတို့ ရောက်လာကြတာ မဟုတ်လား … ခုလည်း ယုပြလို့သာ သူတို့ကို တွေ့တာ… ဒါ ပထမဆုံးအကြိမ်ပါပဲ … အရင့်အရင်တွေ့ဖူးခဲ့ရိုးမှန်မှတော့ ယုကို မတရား အနိုင်ကျင့်ပြီး … လောင်းကြေးစားကြေး လုပ်ပါ့မလားလို့ … "

"ကဲ … ဒါဖြင့် ကိုစိုး ရှုံးရင် ထားဝယ်ရောက်တဲ့အခါ ယု ကြိုက်တဲ့ ယိုးဒယားပစ္စည်းတစ်ခုခု ဝယ်ပေးရမယ် … ကိုစိုး စကားမှန်လို့ ယုရှုံးရင်လည်း ဒီအတိုင်းပေါ့ … "

"အိုကေ … အိုကေ … "

သို့နှင့် … သူတို့က တစ်ခေါ်အဝေးမှ ရွှေနာဝါဟို ယ်နှင့် တည်းခိုရိပ်သာသို့ ခြေလျင်လျှောက်ပြန်ခဲ့ကြ၏။ သူတို့ ယောက်သည် အပေါ်ထပ်တည်းခိုရိပ်သာတွင် မျက်နှာချင်းဆိုင်



…စ်ယောက်တစ်ခန်း နေကြသလို၊ သူတို့စိတ်ဝင်စားခဲ့ရသော စုံတွဲ …လည်း စောယုလှိုင်၏ ဘေးနှစ်ယောက်ခန်းတွင် နေကြကြောင်း …ညမှာပင် တွေ့မြင်ခဲ့ရသည်။

နောက်တစ်နေ့ မိုးလင်းတွင်မူ … စောယုလှိုင်က …ျက်နှာချင်းဆိုင်ရှိ ဝဏ္ဏစိုးအခန်းသို့ ကူးလာပြီး လက်ဖက်ရည်ပွဲပြင် …ပေးရင်းနှင့် …

"ကိုစိုးရေ … ကိုစိုး ညော်လေးနဲ့ဒက်ဒီကြီးတို့အကြောင်း သိခဲ့ပြီ သိလား … ညော်လေးနာမည်က ဘေဘီအေးတဲ့… ဒက်ဒီကြီးကတော့ စက်သူဌေးဦးစိန်ညွန့်တဲ့ … နှစ်ယောက် စလုံး ရန်ကုန်ကပဲ … ၊ လေယာဉ်ပျံပေါ်မှာ တွေ့လာကြ တာတဲ့ … "

"ယု သတင်းတွေက နိုင်လုံလှချည့်လား … ၊ ဘယ်ကဘယ် လိုမျိုး စုဆောင်းရလာတာလဲ … "

"အမလေး … တနသုံးလုံး ဝဏ္ဏစိုးရဲ့တပည့်မပဲ … ဓေတာ မှတ်လို့ … ယုအခန်းနဲ့သူတို့နှစ်ယောက်အခန်းက ကပ်နေ တာလည်း ကိုစိုးအသိ … "

"ဒီတော့ … ယုက ချောင်းကြည့်ပြီး သိရောဆိုပါတော့ …"

"ဒို … ဘယ်ကလာ … သူတို့နာမည်တွေနဲ့ ရန်ကုန်ကလာ တယ်ဆိုတာတွေက … ခုန လက်ဖက်ရည်လာပို့တဲ့ ဘွိုင်

ကုလားလေးကို မေးကြည့်ပြီးသိရတာ ... လေယာဉ်ပျံပေါ် တွေ့လာကြတယ်ဆိုတာကိုတော့ ချောင်းနားထောင်လို့ ရှင်းပလား ... "

"ဒါဆို ကိုစိုး နိုင်ပြီပေါ့ ... ၊ ထားဝယ်ကျရင် ယုကို ဘာဝယ် ခိုင်းမလဲလို့ ကောင်းကောင်းစဉ်းစားထားတော့မယ်နော်... ဟုတ်လား ... "

"စိတ်ချပါ ... ယု ကတိမပျက်ပါဘူး ... ယုစုထားတဲ့ ပိုက်ဆံ တွေ ပါပါတယ်လေ ... ၊ ကိုစိုးအတွက်ဆို နဂိုထဲက သဒ္ဓါ ပြီးသားပါ ... "

"ယု စေတနာကို ကိုစိုး နားလည်ပါတယ်လေ ... ဒါပေမယ့် ယုက ဝယ်ပေးတဲ့တိုင်အောင် ကိုစိုးအနေနဲ့ မယူရက်ပါ ဘူး... ပေးချင်ပေး ကိုစိုးကသာ ပေးရမှာ မှတ်လား ... ၊ လောင်းကြေး၊ စားကြေးဆိုတာ အပျော်သက်သက် နောက် ပြောခဲ့တာပါ ... "

"ယု စုံစမ်းတာလည်း အရွှံ့အနိုင်မျှော်ကိုးလို့ မဟုတ်ပါဘူး ကိုစိုးရယ် ... သူတို့နှစ်ယောက်အပေါ် စိတ်ဝင်စားတာ ပဓာနကြောင့်ပဲ ညှော်လေးကတော့ ဒက်ဒီကြီးကို အမဲဖမ်း မှာ မလွဲပါဘူး ... ညော် ဒါနဲ့ ... နေ့လည်မှာ အပန်းဖြေ ချေသည်တော်အချင်းချင်း ဝိုင်းဖြစ်ဖို့ချိန်းထားတယ်တဲ့ ...



ကိုစိုးကော နည်းနည်းပါးပါး ဝင်ပညာပြလိုက်ပါလား ... ဒေသန္တရသတင်းအစအနလေးလည်း ကောက်ရင်းပေါ့ ..."

"တော်ပါပြီကွာ ... တစ်ခါတလေ အနားယူဖို့ လာကာမှ ပြဿနာရှာသလို မလုပ်ပါရစေနဲ့ ... "

ဟုတ်ပါသည်။ ကျည်ဆံတွေ၊ လက်သီးတွေ၊ တက် ခေါက်သံတွေ၊ သွေးတွေကြားဝယ် ကျင်လည်ခဲ့ရသော ဝဏ္ဏစိုးအဖို့ နိဗ္ဗာဝကို ငြိမ်းဌေ့နေပါပြီ။ စစ်မြေပြင်မှ ပြန်လာသူ အတော်များများ သည် လက်ဝှေ့ပွဲကြည့်ရန် စိတ်မပါတတ်တော့သကဲ့သို့ သူ့အနေနဲ့ ကလည်း ရန်ပွဲလေးများ သနွေတည်ရာ လောင်းကစားဝိုင်းမျိုးကို ရှောင်၍ အေးအေးဆေးဆေး နေလိုခြင်းဖြစ်ပါ၏။

တကယ်တန်းဆို ယခု အပန်းဖြေခရီး၌ပင် သူတစ် ယောက်တည်း ထွက်ဖို့ စီစဉ်ခဲ့မိသည်။ စောယုလှိုင်က မရမက ပူဆာလွှန်း၍ စပ်စပ်စုစု မလုပ်ပါဟု အာမခံပေးစေပြီး၊ ခေါ်လာရ ခြင်းသာ ... ။

ခုတော့ ... စောယုလှိုင်အား ခေါ်ခဲ့ခြင်းအတွက် နောင်တမရရုံမက၊ သူ့အပေါ်လိုလေသေးမရှိ ယုယပြုစုစောင့် ရှောက်ရင်း ရယ်ရွှန်းပက်ရွှန်းလေးများကို ဖျော်ဖျော်ဖြေဖြေ ပြော ဖော်ရသည်ကို ကျေးဇူးတင်နေမိ၏။ အကယ်၍ အနှီမိစပ်စုလေး၏ မိန်းမပီပီ စပ်စုတတ်ခြင်း ဒလေ့မှာလည်း နောင်တစ်ချိန် သူ့အဖို့

အကျိုးထူးဖြစ်စေမည်ကိုသာသိလျှင် ယုအား ကြိုတင်ဆုလာဘ် မပေးခဲ့မိခြင်းကြောင့် သူ ဝမ်းနည်းရတော့မည် မဟုတ်။ ကြည့်လေ ... အဖြစ်က ... ။

လှပသောမောင်းမကာနီ၏ ပျော်ရွှင်ဖွယ်တာတိယနေ့အဖို့ နေလည်စောင်းမှ ညနေတိုင် ရေဆိပ်ဆင်း၍ပြန်လာပြီးနောက်၊ ဝဏ္ဏစိုးသည် အိပ်ခန်းမွေ့ရာထက်တွင် သူ့ လိမ်မစ်ဘရန်ဒီ နှစ်ပက်ဖြင့် အချမ်းဖျောက်ရင်း လက်စွဲတော် ဖို့ရှင့်သာတီးအိတ်လူဂါလေးကို တသသ, တိုက်ချွတ်နေခိုက် ... စာယုလှိုင်က ဟိုတယ်အောက်ထပ်တွင် ခြေစကြာဖြန့်ကျက်လို့ အားရမှု ပြန်တက်လာကာ ဖျက်သလဲဆံပြာ ပြောလိုက်ခြင်းဆိုပါတော့။

"ကိုကိုစိုးရေ ... ပြဿနာတော့ ပေါ်နေပြီ ... "

"ဘယ်သူက ဘာပြဿနာပေါ်ရမှာလဲ ယုရယ် ... မင်းရောက်လေရာတော့ အမြဲပြဿနာ တွေ့နေတာချည်းပဲ ... ကဲ ... ဖြည်းဖြည်းသက်သာ ပြောစမ်းပါဦး ... "

"ပြဿနာရှင်တွေက ကိုစိုးညော်လေးနဲ့ ဒက်ဒီကြီးတို့ရယ်ပေါ့ ... ပြဿနာကတော့ ဒီလို ... နေ့ခင်းက နှစ်ပေါက်တစ်ပေါက်ပိုင်းမှာ ဒက်ဒီကြီးက ပိုင်းလုံးကျွတ် နိုင်သွားတယ်တဲ့ ... ကျွတ်ဆို နှစ်သောင်းတောင် ကျော်မယ်ဆိုလား ... "



"ဒါနဲ့ ... "

"ဒါနဲ့ ... အောင်ပွဲခံတဲ့ အထိမ်းအမှတ် ဒီဟိုတယ်မှာရှိသမျှ ဧည့်သည်တွေအားလုံးကို ဒီည ပါတီပေးမယ် လုပ်ကရောပေါ့ ... "

"ဒီတော့ ... "

"ပါတီမှာလည်း စားပွဲသောက်ပွဲအပြင် ပွတ်ဒန့်(စ်)ပွဲလေးပါထည့်ပါလို့ ညော်လေးကတိုက်တွန်းပြီး ... ယုတို့တစ်ဟိုတယ်လုံးလိုလို ရေဆိပ်သွားနေကြတုန်း မကတတ်တဲ့ဒက်ဒီကြီးကို အကသင်ပေးတယ်လေ ... ဟိုတယ်က ဗွားဖွင့်တဲ့ ဓာတ်စက်တွေ၊ ဘာတွေနဲ့ အကျပဲ ... ၊ အဲ ... တစ်ပိုဒ်နှစ်ပိုဒ်က, ကာရှိသေး ... ဘူတာဒက်ဒီကြီးက ချွေးပြန်လာတာပေါ့ ... ဒါပေမယ့် ပြတင်းပေါက်တွေ ဘာတွေဖွင့်၊ အပေါ်အင်္ကျီတွေဘာတွေ ချွတ်ပြီး ... လွတ်လွတ်လပ်လပ်ဆက်ဒန့်(စ်)ကြတာပဲတဲ့ ... ၊ ဒီလိုနဲ့ သတို့ ဒန့်(စ်)ပြီးအားရလို့ ကုတ်အင်္ကျီကိုပြန်ဝတ်လိုက်တဲ့အခါ အိတ်ထဲကငွေတွေမရှိတော့ဘူး ... "

"ဟင် ... သူတို့ မျက်စေ့အောက်တွင် ပျောက်သွားတာပါလား ... "

"ဟုတ်တယ် ... ကုတ်အင်္ကျီကို သူတို့ရှေ့ပြတင်းပေါက်နား

က ကုလားထိုင်နောက်မီမှာ ချိတ်ထားတာ ... ”

“ဒါဆိုရင် ... အပြင်က တစ်ယောက်ယောက်လာသုတ်သွားတာ ဖြစ်မယ် ယု ... ”

“ယုလည်း ဖြစ်နိုင်စရာတစ်ခုပဲ မြင်တယ် ... ဒါပေမယ့် အပြင်ကနေ အလစ်သုတ်ရအောင် ကုတ်အင်္ကျီချိတ်တဲ့ ကုလားထိုင်နဲ့ ပြတင်းပေါက်ကလည်း ၁၀–ပေလောက်ဝေးတယ်ဆိုတော့ အခက်သားပဲ ... ကဲ ... ဘယ်လိုလုပ်ယူမလဲ ... ”

“အင်း ... ပညာတော့ အတော်ပါတဲ့အလုပ်ပဲယု ... ၊ ဒီအတိုင်းဆို ညှော်လေးနဲ့လည်း ဘာမှပတ်သက်ဖို့မရှိ ... လက်သည်လည်းမတွေ့နဲ့ ... ဒက်ဒီကြီး လက်မှိုင်ချရမဲ့ ကိန်းပဲ ... ”

“ဒီလိုကျတော့လည်း အဖိုးကြီးခမျာ သနားစရာနော် ... ကိုကိုစိုးလည်း သနားရင် နည်းနည်းပါးပါးဝင်ကူလိုက်ပါလား ... ၊ ကိုကိုစိုးဝင်လိုက်ရင်တော့ တစ်ချက်တည်းပေါ်မှာပါ ... ”

“သည်းခံယုရေ ... သည်းခံ ... သူ့ အ႑ကုသိုလ်နဲ့သူ အရှိန်မပျက်ဆက်သွားပါစေ ... ဒင်းတို့လိုလူစားတွေဟာ စီးပွားရေးဘီလူးဝီစီ တိုင်းသူပြည်သားနင်းပြားတွေပေါ် လူလည်



လုပ်ဂုတ်သွေးစုပ်နေတာ ကြာပြီ ... ဒါကြီးမျိုး ဒီလိုထိပေးမှ”

“ဒါတောင် ညှော်လေးက မချွတ်ရသေးဘူးထင်ပါရဲ့ ... ဟင်း ... ညှော်လေးကပါ ထပ်ဘောလိုက်ရင်လား ... ဒက်ဒီကြီးတော့ အရင်းထဲကပါပြီး ပက်လက်အလန်ပေါ့ ... ”

“ခုလိုဆို ဒင်းနားပါတီကော လုပ်ဖြစ်ပါ့ဦးမလား ... ”

“လုပ်မယ်ပြောတယ် ... ၊ သူ့မှာပါတဲ့ငွေနဲ့ မလောက်ပေမယ့် ကုန်ကျစရိတ်မှန်သမျှ ရန်ကုန်ရောက်တာနဲ့ ပြန်ပို့ပါမယ်လို့ အကြွေးခံတာပေါ့ ... သူက ခြောက်လတစ်ခေါက်လာနေကျဆိုတော့ ဟိုတယ်ကလည်း ယုံတာပေါ့ ... အံမယ် ... ယုနဲ့ပက်ပင်းတွေ့လို့တောင် ဒက်ဒီကြီးက ဖိတ်လိုက်သေးတယ် ... ရှည်ရှည်ဝေးဝေးပြောမနေနဲ့တော့ ကိုစိုး ... ၊ ဒက်ဒီကြီးကို အားပေးတဲ့အနေနဲ့ ညကျရင် သူ့ပါတီလေး တက်စားပေးလိုက်ဖို့ပဲရှိတယ် ... ဟုတ်ဘူးလား”

သည်လိုဖြင့် ဝဏ္ဏစိုးသည် ထိုနေ့ညပါတီပွဲတွင် ဦးစိန်ညွန့်၊ ဘေဘီအေးတို့နှင့် မိတ်ဆွေဖြစ်ခဲ့ရတော့၏။ ဦးစိန်ညွန့်ကား ညှော်သည်များကို ဝတ္တရားအရ အပြုံးမပျက် ဆက်ဆံနေခဲ့သော်လည်း ... ၊ ငွေနှစ်သောင်းကို နမြောမဆုံးဖြစ်၍ ရင်ထဲကမချိပုံပေါ်လျက်ရှိ၏။ သည်အထဲ ကပွဲစပြီး ဘေဘီအေးက ခုတွေ့ခုမြင် ဝဏ္ဏစိုးအား အခြားလူတွေထက် အရေးပေးတွဲကခြင်းကိုမြင်ပြန်တော့...

ဆွေ့ဆွေ့မခုန်ရှိတမယ် ကျန်တော့၏။ ဝဏ္ဏစိုးမှာမူ ဘောဘီအေးကို လှသလောက် ဆွဲဆောင်မှုပြည့်ဝသူတစ်ဦးအဖြစ် ကျိတ်၍ဝန်ခံရင်း အလိုက်အထိုက်သာ တုံ့ပြန်ခဲ့၏။ ဒီအတွက် သူတပည့်ကျော် နှင့် တော်လေး စောယုလှိုင်အဖို့လည်း မနာလိုဝန်တိုဖြစ်ချင်ချင်။ တော်ရုံတန်ရုံမိန်းမမှန်လျှင် လူဂါဝ့်ပြုင်သာတီးအိတ်လောက် တန်ဖိုးမထားတတ်သော ဝဏ္ဏစိုးစာတ်ကြောကို သိထားသူမို့ တော်ပေသေး၏။

သို့သော် စောယုလှိုင်က ဝမ်းထဲက မပါသည့်တိုင်အောင် မကျေနပ်ဟန်လေးတော့ပြခဲ့သည်။ အကြောင်းမဲ့တော့ မဟုတ်။ ဒါကို အရင်းခံပြဿနာအဖြစ် ပေါ်လွင်စေအောင် ဟန်ရေးပြပြီး အခန်းထဲမှ လျှို့ထွက် အပေါ်တက်၍ ဝဏ္ဏစိုး၏ သောဝိစ္စာကို သုံးကာ ဦးစိန်ညွန့်တို့အခန်းတွင်း စိုးဝင်ခဲ့ခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် ဦးစိန်ညွန့်ငွေပျောက်မှုတွင် ဘောဘီအေးကို စောယုလှိုင်မသင်္ကာပါ။ တစ်နည်းတစ်ဖုံအားဖြင့် လှည့်စားပြီး ရိုးရိုးလေးနှင့် ပိပိရိရိခိုးထားခြင်းသာဖြစ်မည်ဟု အတတ်စွဲထင်သည်။ ဒါကြောင့်လည်း ဘောဘီအေး၏ အဝတ်အစားသေတ္တာ၊ မှန်တင်ခုံ၊ ဗီရိုစသည်တို့ကို လက်စလက်နမကျန်တမ်း ဝင်မွှေမိသည်။ မျှော်လင့်ချက်မကိုက်။ ဘာတစ်ခုမှ သဲလွန်စမရှာမရ။ စိတ်မောလူမောဖြင့် စောယုလှိုင် အသက်ရှူပင်မှားရတော့သည်။

စင်စစ်၊ သို့နှယ် ... စောယုလှိုင် ဘောဘီအေးတို့



အခန်းထဲ တိတ်တဆိတ်ဝင်နေခဲ့သည့်အဖြစ်ကို ဝဏ္ဏစိုးမှအစ ဦးစန်ညွန့်အဆုံး အောက်ထပ်ရှိလူအားလုံး ဘယ်သူမှမသိ။ ထို့အတူ သူ့အခန်းနှင့် တစ်ခန်းကျော်၊ စောယုလှိုင်တို့အခန်းဘေးခန်းမှ လူတစ်ယောက်က သူ့အားမြင်သွားပြီး၊ တံခါးဝမှ လာရောက်ချောင်းမြောင်းနေခဲ့ခြင်းကိုလည်း စောယုလှိုင်မသိ။

ရှာလို့အားရ၍ စောယုလှိုင် ပြန်ထွက်လာတော့မှ လိုလူက၊ ကပျာကယာ သူ့အခန်းသို့ ပြန်ဝင်သွားသည်။ ဤတွင် ရိပ်ခနဲနှင့် တံခါးပိတ်သံ ကျောက်ခနဲကြားလိုက်သော စောယုလှိုင်ကလည်း အလျှင်ကြီးလုပ်၍ သူ့အခန်းထဲ အသာလှမ်းဝင်နေလိုက်သည်။

ဝဏ္ဏစိုးပြန်လာသည်အထိ စောင့်မျှော်ခိုအောင်းနေခဲ့သည်။ ပြန်လာတော့မှ ဝဏ္ဏစိုးရှိရာ အခန်းဆီကူးပြီး အကြောင်းစုံကို ဖောက်သယ်ချ၏။ ဝဏ္ဏစိုးက သူမသိဘဲ သူမခိုင်းဘဲ အတင့်ရဲရပါ့မလား ကောင်းကောင်းကြီးဆူတော့သည်။

မည်သို့ဆိုစေ ... စောယုလှိုင်ကမူ သည်အမှုကို လက်တည့်စမ်း၍ မပေါ်ပေါ်အောင် ဖော်ထုတ်ရန် အတွင်းကျိတ်ဆုံးဖြတ်ချက်ချထားလိုက်သည်။ စင်စစ်လည်း အမှုနှင့်ပတ်သက်ပြီး အရိပ်အမြွက်မျှ သူသိလိုက်ရပြီကော။ ဦးစိန်ညွန့်၊ ဘောဘီအေး၊ ၎င်းတို့က တစ်ဖက်ခန်းမှ တစ်စုံတစ်ယောက်သောလူ၊ ငွေနှစ်သောင်း။

ဒါတွေအားလုံးကို ဆက်စပ်လိုက်ခြင်းဖြင့် လုပ်ပုံကိုင်ပုံကို ပုံကြွ ဆောင်ရွက်နိုင်ခဲ့ပြီ မဟုတ်ပါလော။

သို့လင့်ကစား၊ စောယုလှိုင်ခမျာ အစွမ်းပြခွင့် မ လိုက်ရှာ။ မနက်မိုးလင်းသည်နှင့် ဦးစိန်ညွန့်က ဘောဘီအေးကို ခေါ်၍ ရန်ကုန်ပြန်သွားသောကြောင့်ပင်ဖြစ်၏။ နောက်နှစ်ရက် အကြာတွင် ဝဏ္ဏစိုးနှင့် စောယုလှိုင်တို့လည်း ပြန်လာခဲ့ကြသည်။ သည့်နှယ်ဖြင့် … ငွေနှစ်သောင်းပျောက်ဆုံးမှုလည်း စုန်းစုန်းမြုပ် လျက် ကျန်ရစ်ခဲ့ရသည်ဆိုပါတော့ … ။

— ✻✻✻✻ —

[ ၂ ]

မောင်းမကန်မှပြန်ရောက်၍ နှစ်ပတ်ခန့်အကြာဖြစ် ၏။

ဝဏ္ဏစိုးသည် ဌာနမှူးအကြီးအကဲဖြစ်သူ ပုဂ္ဂိုလ်ကြီး ၏ရှေ့မှောက် အရေးတကြီးဝင်ရောက် တွေ့ဆုံခဲ့ရလေသည်။

"မောင်ရင်က နှလန်ထစ ခွင့်ရက်မစေ့ခင် ခေါ်လိုက်ရတာ မို့ အားတော့နာပါတယ် ဝဏ္ဏစိုးရာ … ဒါပေမယ့် ဒီကိစ္စမှာ အသင့်တော်ဆုံးဆိုလို့ မောင်ရင့်ကိုပဲမြင်တယ် … မောင်ရင် က အဖွဲ့ထဲမှာ အငယ်ဆုံးဖြစ်ပေမယ့် စိတ်ချရလောက် အောင် အားကိုးရတာကိုး … "

"ဂုဏ်ယူပါတယ်ဆရာကြီး … ဆက်ပြီး အမိန့်ရှိပါ … "

"တခြားတော့မဟုတ်ဘူးကွဲ့ … မနက်ဖြန်ကစပြီး မြန်မာ

ရွှေပန်းတိမ်လက်ရာပြပွဲ' ကျင်းပဖို့ရှိတယ် ... ဒီပြပွဲကို သူတို့ ပန်းတိမ်ပညာသည်ကြီးတွေ စုပေါင်းပြီး သီးသန့်လုပ်တာ ဆိုတော့ တို့အစိုးရနဲ့တော့ မဆိုင်ဘူးပေါ့ကွာ ... သူတို့ပြပွဲကလည်း နိုင်ငံခြားသားကုန်သည်တွေ၊ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ဖိတ်စာရအထူးဧည့်သည်ပေါ့ကလွဲလို့ ဘယ်သူ့မှ ဝင်ခွင့်မပေးဘူးဆိုပဲ ... သူတို့က ပြည်ပကို ရောင်းရုံသာမက ပြည်တွင်းကိုလည်း ရောင်းမယ်တဲ့ ... အဲ ... ရွှေထည်ပစ္စည်းတွေကလည်း အနည်းဆုံး ၁၀–သိန်း ၁၅–သိန်းဖိုးလောက်ရှိတယ် ... ဒီတော့ ဒီပစ္စည်းတွေ လုံခြုံမှုအတွက် ဆိုင်ရာကို အကူအညီတောင်းတယ် ... ဆိုင်ရာကတစ်ဆင့် တို့များဆီ တာဝန်ယူဖို့ ညွှန်ကြားတယ် ... ဒါနဲ့ပဲ မောင်ရင့်ကို ခုလိုရွေးခေါ်လိုက်ရတာဆိုပါတော့ ... "

"ဟုတ်ကဲ့ ... ကျွန်တော့်အနေနဲ့ အမြဲအသင့်ပါပဲ ဆရာကြီး"

"အေး ... ဒီညနေမှာ အားလုံး ခင်းကျင်းပြီးလိမ့်မယ်လို့ ပြောတယ် ... အဓိပ္ပာယ်က ဘာမှပင်ပန်းစရာတော့ မရှိပါဘူးလေ ... ညဘက် ညဘက်လေးတွေတင်သွားပြီး ဟိုမှာရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတချို့ကို ကြည့်ကြပ်ရမယ့် သဘောပါပဲ ... တစ်ခုတော့ရှိတယ် ... မောင်ဝဏ္ဏစိုးသတိထားဖို့က ခုရက်ပိုင်းအတွင်း စောရဂိုဏ်းကြီးတစ်ဂိုဏ်း



ထနေတာကိုပဲ ... ဒီဂိုဏ်းဟာ တော်တော်အဆင့်အတန်းမြင့်ပြီး အစွမ်းထက်တယ်လို့လည်း ကြားတယ် ... ဒီတော့ သူတို့အနေနဲ့ ဒီပြပွဲမှာ အခွင့်ကောင်းယူပြီး ဝင်မရှုပ်ဘူး မဆိုနိုင်ဘူး ... အဲဒါဟာလည်း မောင်ဝဏ္ဏစိုးကိုမှ ရွေးလွှတ်ရတဲ့ အကြောင်းတစ်ခု ဆိုပါတော့လေ ... သူတို့လက်ချက်နဲ့ တစ်ခုခုသာဖြစ်ရင်တော့ ဦးတို့အားလုံးအတွက် ငါးပါးအမှောက်ပဲပေါ့ ... ဒီလောက်ဆို ငါ့တပည့် သဘောပေါက်ပါပြီ ... ဘာပဲဖြစ်ဖြစ် ဒါတွေကို သိထားရအောင်ပြောတာပါ ... မောင်ရင့်အစွမ်းကို ဦးယုံပြီးသားပဲ ... "

"စိတ်ချပါ ဆရာကြီး ... ကျွန်တော့်တိုင်းပြည်နဲ့ ကျွန်တော့်တာဝန်အတွက်ဆိုရင် အသက်သာစတေးခံမယ်၊ နည်းနည်းလေးအတိမ်းအစောင်း မခံစေရပါဘူး ... "

ဤသို့ဖြင့် ညမိုးချုပ်လျှင်ပင် ဝဏ္ဏစိုးသည် ရွှေပန်းတိမ်လက်ရာပြပွဲကျင်းပရာ ပန်းဆိုးတန်းရှိ ငါးထပ်တိုက် အဆောက်အဦကြီးတစ်ခု၏ အပေါ်ဆုံးထပ်သို့သွားရောက်၍ ဂရုတစိုက် တာဝန်ယူစောင့်ကြပ်ခဲ့ရတော့သည်။ ဒါကြောင့်လည်း နောက်တစ်နေ့၌ ရက်သတ္တခုနစ်ရက်ကြာကျင်းပရန် စီစဉ်ထားသောပြပွဲကြီးကို မပျက်မကွက် အနှောင့်အယှက်မရှိ အောင်မြင်စွာ ဖွင့်လှစ်ပြသနိုင်ခဲ့ပါ၏။ ထိုနေ့ညအဖို့လည်း လက်နက်ကိုင်တစ်ယောက်၊

ပြပွဲတာဝန်ခံတစ်ယောက်နှင့်အတူ ဆက်လက်စောင့်ရှောက်ရသည်။ အပူအပင်ကင်းကင်း အေးအေးဆေးဆေးပင် ညလုံးပေါက်မအိပ်တမ်း မိုးလင်း၍ အိမ်ပြန်ခဲ့ရ၏။ တတိယညမှာလည်း ဘာကိုမှ မမျှော်လင့်ခဲ့သည့်အတိုင်း ဘာတစ်ခုမှလည်း ဖြစ်မလာခဲ့ချေ။ သို့သော် ... စတုတ္ထမြောက်ည၌မူကား ...

စောစောပိုင်းအခြေအနေကတော့ ပကတိငြိမ်သက်အေးဆေးခဲ့သည်ဟု ဆိုရမည်။ အခန်းအနေအထားအရလည်းကောင်း၊ စောင့်ရှောက်မှုအင်အားအရလည်းကောင်း၊ အားရစိတ်ချဖွယ်ကောင်းလှသည်။ အနေအထားအားဖြင့် ငါးထပ်တိုက် အပေါ်ဆုံးထပ်ဖြစ်၏။ ဝင်ပေါက်တံခါးကြီးတစ်ခုသာရှိပြီး အတွင်းခန်းအပြင်ခန်းဟူ၍ အခန်းကျယ်ကြီးနှစ်ခန်း ခွဲခြားထား၏။ နှစ်ခန်းစလုံး၌ အိမ်ရှေ့ဥပစာပြတင်းပေါက်ကြီးတစ်ခုစီ ပါဝင်၏။ အတွင်းခန်းကိုပြပွဲခန်းလုပ်ထားသည်။ ကျောက်သံပတ္တမြားအမျိုးမျိုးကို ရွှေပန်းတိမ်လက်ရာ အဆန်းဆန်းဖြင့် ဖော်လှော်ချယ်သထားသော စုစုပေါင်းတန်ဖိုး ၁၅–သိန်းခန့်ရှိမည့်ပြပွဲဝင် ပစ္စည်းများသည် အခန်းလည်တွင် ယှဉ်ချထားသော စာပွဲကြီးနှစ်လုံးထက်၌ ခင်းကျင်းပြီးသားရှိနေ၏။ စားပွဲဟုခေါ်ရသော်ငြား၊ မှန်သေတ္တာဆိုလည်း မှားမည်မဟုတ်။ သို့ကလို ရတနာတွေထည့်ထားသော မှန်သေတ္တာစားပွဲကြီးများပေါ်ကမှ ကတ္တီပါဖုံးအပြည့် လွှမ်းအုပ်ထားပြန်၏။ နံရံ



ဆွဲပန်းချီကားတချို့သည် ပြခန်း၌ ပသာဒအား ကူဖြည့်ထား၏။ ပြခန်းအထက်ပြင်ညီခေါင်မိုး၏ ဗဟိုမှ လေးထောင့်အုပ်ဆောင်းပုံနေဝင်ပေါက် မှန်ကြီးကိုဖောက်ထွင်းကာ ဆန်းစလရောင်သည် ဖြာဆင်းလျက် ပြခန်းရှုခင်းကို အလင်းဓာတ် မှုန်ရီရီပေးနေ၏။

ယင်းသို့နှယ် ဝန်းကျင်အနေအထားအရ တစ်စုံတစ်ယောက်သည် ပြခန်းထဲဝင်မည်ဆိုလျှင် ပြတင်းပေါက်၊ နေဝင်ပေါက်၊ တံခါးမ ဤသုံးခုမှလွဲ၍ သုံးစရာအခြားမရှိပေ။ ယနေ့ညအဖို့လည်း ယခင်ကအတိုင်း နှစ်ခန်းလုံး ပြတင်းပေါက်များကို ပိတ်လိုက်ပြီးဖြစ်၏။ တံခါးမကြီးကို ဂျက်ထိုးပြီး အတွင်းတွင် လက်နက်ကိုင်အစောင့်ကို ဆိုဖာတစ်လုံးနှင့် နေစေသလို၊ ပြခန်းအဝင်ပေါက်ဘေး၌ချထားသော ဆိုဖာရှည်ကြီးပေါ်မှာလည်း ဆိုင်ရာတာဝန်ခံနှင့် ဝဏ္ဏစိုးတို့က နေရာယူထိုင်ထားခဲ့၏။

အောက်ထပ်လှေကားရင်း၌ရှိလက်နက်ကိုင်သုံးယောက်ကလည်း တအားရှိသေးသည်။ သို့ဖြစ်၍ လှေကားမှတက်ကာ တံခါးမကြီးကို ဖွင့်လှစ်မည့်အရေး လုံးဝ ပူစရာမရှိတော့သကဲ့သို့ နေဝင်ပေါက်က ဝင်လာဖို့အတွက်ကိုတော့ ထည့်စဉ်းစားစရာပင်မလို။ ရှေ့မျက်နှာစာ ပြတင်းပေါက်တွေဆီအရောက် ချဉ်းကပ်ရန်ကလည်း နည်းနည်းမှ မဖြစ်နိုင်။

ယုတ်စွအဆုံး ... မြေလျှိုးလျှိုး — မိုးပျံပျံ — ကိုယ်

ဖျောက်ဖျောက် ... သည်အခန်းထဲ ရောက်ခဲ့စမ်းပါစေတော့။ တစ်ကိုယ်တော်၊ တခေါက်ကန်း၊ တတောင့်တလောင်းဟူသော တ ့သုံးလုံးဘွဲ့ ပိုင်ရှင် ဝဏ္ဏစိုး၏ကျိုင်းစလွယ်အိတ်ထဲမှ ကျည်ကပ်ဖိုးပြီးသား ပွိုင့်သာတီးအိတ် လူဂါအော်တော်မက်တစ်ကို ရောင်ဖယ်လွယ်ပါ့မလား။

ဝဏ္ဏစိုးကတော့ အရာခပ်သိမ်းနှင့် သူ့ကိုယ်သူ ဒီလို ပဲယုံကြည်ထားလိုက်သည်။ ယုံကြည်ရင်း ဖွဲ့တတင်းတင်း စောင့်လာလိုက်သည်မှာ သန်ခေါင်ကျော်အောင် ... ။ တံခါးဝ အစောင့်ခများ စိတ်ပျက်လက်ပျက်ဖြစ်သည့်တိုင် ... ။ ပြခန်းတာဝန်ခံလူရွှယ်ဖြစ်သူပင် အိပ်ငိုက်လာသည်အထိ။

ဘာပဲဖြစ်ဖြစ် ဝဏ္ဏစိုးကမူ ပြခန်းတွင်းဝင်လိုက်အပြင်ထွက်လိုက်၊ သူ့ဝတ္တရားကျေပွန်စွာ ထမ်းဆောင်နေခဲ့၏။ တစ်စထက်တစ်စ ညနက်ခဲ့ရာ ၂-နာရီ ထိုးပြန်ချေပြီ။

ညဥ့်နက် ၂-နာရီ (သို့မဟုတ်) ပြခန်းခေါင်မိုးပေါ်သို့ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက ညွှတ်တွားလျက် ရောက်ရှိနေသောအချိန်။ ထိုသဏ္ဌာန်ကား ဖိနပ်၊ ဘောင်းဘီ၊ အင်္ကျီအားလုံးမည်းမည်းနက်နက်ချည်းဖြစ်ရုံမက၊ မျက်နှာတွင်လည်း ခေါင်းလုံးမျက်နှာဖုံးကြီးကို စွပ်ထားသည်။ တစ်ကိုယ်လုံး အသားဆို၍ မျက်လုံးနှင့် အသက်ရှူပေါက်နေရာ ကွက်ကွက်မျှသာ ပေါ်နေ၏။ ထို



မည်းမည်းကြီးကား စောရဘုရင်ဂိုဏ်းမှ ဖောက်ထွင်းပိန္နာ ကျော်သက်ဖြစ်ပေသည်။ ကျော်သက်သည် နောက်ဖေးလှမ်းကြားထဲဝင်၍ ပြခန်းအဆောက်အဦကြီး၏ ဟိုဘက်တိုက် လေးငါးလုံးနေရာမှ ရေပိုက်အတိုင်း တွယ်တက်ပြီး တိုက်ခေါင်မိုးအဆင့်ဆင့်ကို ခုန်ကူးရောက်ရှိလာခြင်းပင်တည်း။ ဤအချက် ဤနည်းလမ်းကို ဝဏ္ဏစိုးတို့က ထည့်တွက်မစဉ်းစားမမျှော်လင့်ခဲ့ပေမယ့်၊ ကျောက်သက်တို့ကတော့ စနစ်တကျ လေ့လာပြင်ဆင်ပြီးသည်နှင့်အညီ အပိုင်ကြံခဲ့လေပြီ။

ကျော်သက်သည် နေထိုးပေါက်မှတစ်ဆင့် အောက်ဘည့်တည့်ပြခန်းထဲသို့ အကဲခတ်ကြည့်၏။ ပြီးတော့ ဘဝင်ကျသလို လည်တဆတ်ဆတ်ညိတ်ရင်း ရင့်ကျက်အေးဆေးစွာ စိတ်တိုင်းကျလှုပ်ရှားမှု စခဲ့တော့သည်။ ခါးပတ်လုပ်၍ ပတ်ထားသောလက်တစ်ငါးခန့်သားရေခေါက်ပြားကို ချွတ်ယူလိုက်၏။ သားရေပြားကို ကြမ်းပြင်ပေါ် ခင်းဆန့်လိုက်သည်တွင် မဏ္ဍင်းနှစ်သုံး လက်ကိုင်အိတ်သဖွယ် အကန့်ကန့်လုပ်ထည့်ထားသော ငါးမူးလုံးခန့် ပိုင်းရှည်ရှည်ဘူးလေးတစ်ခုနှစ်ခု၊ ခဲတန်အရွယ်သတ္တုချောင်းသုံးချောင်း။ ဆယ်လိပ်ဝင်စီးကရက်ဘူးပုံစံ သတ္တုတုံးလေးတစ်တုံးက ချိတ်တွဲလျက်ပေါ်လာ၏။

—— ၅ ——

ထို့နောက် သူက လုံးရှည်ရှည်ဘူးကလေးတစ်ဘူး

ထဲမှ အရည်တချို့ကို နေဝင်ပေါက်မှန်ပေါ်သို့ ဖြည်းဖြည်းသာသာ လောင်းချလိုက်တော့သည်။ အငွေ့တချို့ သက်သက်မျှ ထွက်လာသည်နှင့်အတူ ဒပေခွဲစတုရန်းမှန်နှစ်ချပ်မှာ ချိတ်တောင့်ကို မီးလောင်သောပမာ တရှိတ်ရှိတ် ဘေးသို့တွန့်လိပ်ရင်း အစအနပျောက်သွားတော့၏။ ဥပေပတ်လည် အပေါက်ကြီးတစ်ပေါက် ဖြစ်သွားသည့်နောက်၊ ထက်ခြမ်းဖြတ်လျက် လေးထောင့်ထု သံဗိုင်းတစ်ခုသာ အဖြေးသားကျန်တော့၏။ ဤတွင်စီးကရက်ဘူးပုံပမာဏရှိသော သတ္တုတုံးလေးကို ပေါ့ပေါ့ပါးပါးကောက်ကိုင်က၊ လက်မနေရာမှ ဘုလေးကိုနှိပ်လိုက်သောအခါ ထိပ်တစ်ဖက်က အပြာရောင်အလင်းတန်းမျှင်မျှင်လေး ထွက်လာ၏။ ထိုမီးတန်းလေးသည် ရှဲရှဲညံတီးတိုးမြည်ရင်း လျှင်မြန်ညင်သာဆုံးအဟုန်ဖြင့် လေးထောင့်ထု သံဗိုင်းအစွန်းနှစ်ဖက်ကို ဖြတ်တောက်ဖယ်ထုတ် လိုက်ပြန်၏။ သို့ကလို မှန်စားငရဲမီးနှင့် လေဆာရောင်ခြည်တစ်မျိုး ကို သုံးလိုက်ခြင်း၏အဆုံး၊ သူတစ်ကိုယ်စာ ချောင်ချောင်ချိချိဝင် နိုင်စရာပေါင်းလောင်းပေါက်ကြီးဖြစ်သွားပါလေပြီ။ တစ်ချိန်တည်း၌ အောက်ထပ်အခန်းဝတွင် ပြပွဲကတ်တလောက်စာအုပ်ကို ထိုင်ဖတ်နေသူ ဝဏ္ဏစိုးကတော့ ထိုအဖြစ်ကို သိဖို့ဝေလာဝေး၊ အိပ်မောကျခဲ့ရှာသူ ပြခန်းတာဝန်ခံနှင့် အိပ်ငိုက်နေလေသော လက်နက်ကိုင်အစောင့်တို့ကိုဖြင့် ပြောစရာမလိုချေပြီ။



ကုန်ကုန်ပြောရသော် ကျော်သက်သာ အခန်းကြမ်းပြင်သို့ခြေချမိသည် ဝဏ္ဏစိုး ယောင်၍လှည့်မျှမကြည့်။ မရိပ်မိသေး။ ဒါကြောင့်လည်း ရာဘာဖိနပ်အပျော့စားဝတ်ထားသော ကျော်သက်က ဝဏ္ဏစိုးရှိရာ တံခါးဝသို့ နံရံကျောကပ်ရွေ့လျားလာနိုင်ခဲ့ပြန်၏။ သူလှုပ်ရှားမှုမှာ ကျွမ်းကျင်ပါးနပ်သလောက် ရဲရဲတင်းတင်း အေးအေးသက်သာ ရှိလွန်းလှပါဘိ။

အခြေအနေသည် နှစ်ယောက်စလုံးအဖို့ စိုးရိမ်စရာအတိ။ ကြည့်မြင်ရမည့် သူတိုင်းအတွက် အသည်းယားဖွယ်အပြည့်။ ယင်းတည့်အခိုက်၌ပင် ကြိုဟ်နှင့်လာဘ်ယှဉ်ဖက်၍ သူတို့ကို ကံစမ်းလာသည့်အဖြစ်က ကြားဖြတ်ပေါ်လာ၏။ ဘယ်သူကြိုဟ်ကျလို့ဘယ်သူလာဘ်ရမလဲ။

အဖြစ်ကတော့ ထိတ်လန့်ချောက်ချားလောက်သော ကားသံကြီးများ ဖြူန်းဆိုပေါ်ထွက်လာခြင်း (သို့မဟုတ်) စင်းရေသုံးဆယ်ခန့်ရှိသော အာတီဘီယာဉ်အုပ်စုကြီးတစ်ခုက ပြခန်းရှေ့လမ်းမပေါ်မှ အရှိန်တပြင်း ရှူညံစွာဖြတ်သန်းသွားခြင်းပါပေ။

ဗွေဆော်ဦး ဝူးခနဲအသံကြီးကို ကြားကြားချင်း ဝဏ္ဏစိုးသည် ငေါက်တောက် ရပ်လိုက်ပြီးဖြစ်၏။ တစ်ပြိုင်နက်တည်း နောက်လှည့်ပြီး အထဲဝင်ရန်ဟန်ပြင်လိုက်၏။ ကျော်သက်ကလည်း လျှင်လိုက်သည့်လျှင်ခြင်း။ ဝဏ္ဏစိုးအား နောက်လှည့်သည်ထက် ပို

အခွင့်အရေးမပေးပါ။ သူ့လက်ထဲရှိ ဓါးတန်လိုလိုသတ္တုချောင်းနှစ်ချောင်းဖြင့် ဝဏ္ဏစိုးဆီ ပစ်ပေါက်လိုက်၏။ ရှူးခနဲအသံနှင့်ဆက်တိုက်မဆိုင်း ပြခန်းတံခါးကို ဆွဲတွန်းဆောင့်ပိတ်ပြီးသား။

တံခါးဂျက်ကား နှစ်ဖက်ဖွင့် အရှင်ဖြစ်သည့်အတိုင်း ဂျိုင်းခနဲရိုက်စေ့မိပြီဆိုလျှင် အလိုလိုဂျက်ကျသွားသည်။ ကျော်သက်ကလည်း ရှေ့ဆက်အချိန်ဖြုန်းမနေဘဲ မှန်စားပွဲကြီးဆီပြေးကပ်ပြီး အံ့ညြမကုန်နိုင်အောင် လုပ်ငန်းစဉ်စတော့၏။ သားရေခါးပတ်ပြေးကို ဟိုလှန်ဒီဖြန့်နှင့် ရှုံ့ကြီးတပ်ပုံနှိအိတ်အငယ်စားအရွယ်သို့ တစ်ဖြစ်လဲလိုက်သလို၊ မှန်စားပွဲကြီးအားလည်း လက်အိတ်စွပ်ညာလက်စောင်းဖြင့် တခွမ်းခွမ်းရိုက်ခွဲပစ်လိုက်ပြီး ကတ္တီပါဖုံးစွပ်ကို လှန်ချကာ ပြိုးပြိုးပြောင်ပြောင် ရတနာပစ္စည်းများကို ထုတ်ယူလျက် အိတ်ထဲနင်းထည့်ခဲ့တော့၏။

အပြင်ဘက်က ဝဏ္ဏစိုးမှာကား ကျောက်သက်၏ မျက်ရည်ယိုဗုံးဓာတ်ချက်ဖြင့် ရူးမတတ် လူးနေခဲ့ရ၏။ အပြင်ခန်းတစ်ခုလုံးသည် ချောင်ပိတ်၍ ပြေးစရာမရှိသော မီးခိုးလုံးတွေဖုံးလျက် ပကတိမှောင်ကျခဲ့ချေ၏။ သူ့အနေနှင့် ပြခန်းတွင်းဝင်လိုက်ဖို့ထက် အိပ်မောကျနေသူနှင့် အိပ်ငိုက်နေသူနှစ်ယောက် အငွေ့မွှန်အသက်ထွက်မည့်အရေး ဦးစားပေး စဉ်းစားငဲ့ညှာလိုက်မိ၏။ ဒါကြောင့်လည်း အထဲတွင် ကျော်သက် မှန်မခွဲမီအချိန်လောက်၌



မှောင်ပိန်းနေသော မီးခိုးလုံးကြီးများအကြားမှာပင် မျက်စေ့မှိတ်၊ ပါးစပ်ပိတ်၊ အံကြိတ်၊ အသက်မရှူဘဲ ပြတင်းပေါက်ဝသို့ စွပ်ပြေးသည်။ ပြတင်းနှစ်ပေါက်နှင့် တံခါးမကို မရအရ ဖွင့်ဖို့ကြိုးစားခဲ့ခြင်းဖြစ်၏။ ဒါတွေကိုဖွင့်လိုက်နိုင်ပြီဆိုပါက သက်သာရာရနိုင်ပြီ မဟုတ်ပါလား ... ။

ကျော်သက်ကိုရော ဝဏ္ဏစိုးကိုပါ ချီးမွမ်းရမည်ထင်၏။ သူတို့သူတို့ စကျွန်ပိုင်းအတွင်း လှုပ်ရှားလုပ်ဆောင်ပုံတွေကဖြင့် ယခု စာဖွဲ့ပြနေခြင်းထက် ရှစ်ဆပိုမြန်လိမ့်မည်ဟု ဆိုချင်သည်။ သို့သော် အဖြစ်အပျက်အား အရင်းအတိုင်း တင်ပြရပါမူ ကျော်သက်က လက်ဦးမှုရသွားသောကြောင့် ဝဏ္ဏစိုးတစ်ပန်းရှုံးခဲ့ရပါ၏ဟူ၍ ...

မှန်ပါသည်။ ဝဏ္ဏစိုးပြခန်းထဲ ဝင်ရောက်နိုင်ချိန်၌၊ ကျော်သက်သည် ခေါင်မိုးပေါက်ပေါ် ရောက်သွားခဲ့လေပြီ။ နောက်ကျသွားကြောင်းကို မှန်ကွဲများနှင့် ပြောင်သလင်းခါနေသော စားပွဲကြီးတစ်လုံးက သက်သေထူခဲ့ရုံမက၊ နေဝင်ပေါက်မှ မြောက်ခနဲပျောက်သွားသည့် ရှုံ့အိတ်ဖင်ဖျားလေးကို လှမ်းမြင်လိုက်ခြင်းဖြင့်လည်း သူနားလည်လိုက်ရ၏။ ဝဏ္ဏစိုးလည်း စောရလာလမ်းအတိုင်း နေဝင်ပေါက်ဘောင်ကိုခုန်ဆွဲ၍ ကမူးရှူးထိုး တက်လိုက်ခဲ့ပြန်၏။

"ဟေ့ကောင် ... မပြေးနဲ့ကွ ... "

ဟူသောအသံက သူ့နှုတ်ဖျားမှ အော်ထွက်သွား၏။

မရှေးမနှောင်း၌ ဂျာကင်အင်္ကျီကြားမှ ထုတ်ယူမောင်းဖြုတ်ချလို သော သေနတ်သံဒိုင်းခနဲသည်လည်း ပတ်ဝန်းကျင်ကို တုန်လှု လှုမ်းမိုးပစ်လိုက်၏။ သူက လူဆိုး၏ ဒူးမဟုတ်ရင်ပေါင်ဆိုပြီး ပ ချိန်းလိုက်သော်လည်း ပစ်ကွင်းကို ကြည်ကြည်လင်လင် မြင်နိုင်အေ မရှိခဲ့သည့်အတွက် ကျော်သက်နှင့် ပွတ်သီလေး လွဲချော်ခဲ့ရလေ သည်။ သို့တိုင်အောင် ကျော်သက်ကလည်း သေနတ်သမား သူ့ကို နှဲ့ ကြောက်သွားမိသည်မို့ အသာတကြည် အဖမ်းခံဖို့ဆုံးဖြတ်လိုက် ဟန်ဖြင့် ငြိမ်ရပ်နေခဲ့၏။

"လက်မြှောက်ထားလိုက် … နည်းနည်းလှုပ်တာနဲ့ ဒီတစ်ခါ တော့ အသေပဲနော် … ပေးစမ်း ပစ္စည်းယုပ်"

ဝဏ္ဏစိုးက ပစ္စတိုတဆဆ စကားပြောပြော လူဆိုး အနီးသို့ တိုးကပ်လာသည်။

"ဟော့ကောင် မေးနေတာ မကြားဘူးလား … ဘယ်မလဲ ပစ္စည်းတွေ … "

"မရှိ … မရှိတော့ဘူး … ကျုပ်ဆီမှာ မရှိတော့ပါဘူး … "

"ဘာကွ … "

"ဟုတ်ပါတယ် … နောက်ဖေးလမ်းကြားအောက်က ကျုပ် လူဆီကိုပစ်ချလိုက်ပြီ … "

တကယ်လည်း သူ့လက်ထဲမှာ ဘာမှမရှိ။ ထိုအခါ



ဝဏ္ဏစိုးလည်း ထောင်းခနဲ ဒေါသအောင်စိတ်လှုပ်ရှားသွားပြီး သံမံ ဘလင်းခေါင်ပြင် ဝန်းကျင်နှင့် အုတ်တံတိုင်းဟိုဘက်ကို ခပ်ယောင် ယောင်လှမ်းငေ့ကြည့်မိ၏။ ကျော်သက်လိုချင်သော အကွယ်ကို ဆိုက်သွားသည်ဆိုပါတော့။

သူက တဒင်္ဂ အာရုံပြောင်းသွားသည့် ဝဏ္ဏစိုး၏ သေနတ်ကိုင်လက်ကို လှမ်းကန်လိုက်၏။ ဝဏ္ဏစိုးအဖို့ လက်ထဲမှ သေနတ် လွင့်ကျခဲ့ရရုံမက ပူလောင်သွားသော ညာလက်ခုံကို ဘယ်လက်ဖြင့် အမှတ်တမဲ့ လှမ်းအုပ်ရင်း ငိုက်အသွားတွင် ကျော် သက်၏ဒူးနှင့် ပစ်တိုက်ခြင်းခံလိုက်ရပြန်သည်။

ဝဏ္ဏစိုးမှောက်သွား၏။ ကျောက်သက် ဆက်ပြေး သည်။ ဝဏ္ဏစိုးက အလူးအလဲ ထလိုက်၏။ ကျော်သက်လည်း ပြေး ရင်းတန်းလန်း အရှိန်ယူ၍ ငါးပေခန့်ကွာဝေးသော တစ်ဖက်တိုက် သို့ ကြောင်ပျံတစ်ကောင်နှယ် ခုန်ကူးသွား၏။ ဝဏ္ဏစိုးကလည်း ဆက်တိုက်အရှိန်ဝယ် အားကုန်နှံ၊ ကျားပုံစံဖြင့် လွှားခနဲကျော်လိုက် ကူး၏။

တိုက်နှစ်လုံးကြား ငါးပေ၊ ခြောက်ပေ အကွာအဝေး အပြင်။ လက်တစ်ဖောင်စာစီမြင့်သော အုတ်တံတိုင်းဘောင်များ အပါအဝင် စုစုပေါင်း ၁၁ပေအရှည် (သို့မဟုတ်) ၁၁ပေအမြင့်ကို ဝရုန်းသုန်းကား အခြေအနေတွင် လွတ်လွတ်ကျွတ်ကျွတ် ကျော်

နိုင်ကြသည်ကား သူတို့မို့သာတတ်နိုင်တော့သည်။ အကယ်လို့များ ခြေချော်လက်ချော် ကျလိုက်ပါမူ ... ။

တွေးရဲစရာမရှိသော်လည်း၊ ပြေးရဲသမျှ ပြေးခဲ့ကြရခြင်းဖြစ်၏။ အသက်ဘေးပေကိုး။ သို့ဖြင့် ကျော်သက်သည် ဒုတိယ တိုက်အဆုံးကို အူယားဖားယားရောက်သော် နောက်တစ်တိုက်သို့ ခုန်လွှားသွားပြန်၏။ ထိုတတိယမြောက် လေးထပ်တိုက်အဆုံး၌ ခြောက်ထပ်တိုက်အုပ်နံရံကြီး မားမားမတ်မတ် ပိတ်ဆို့ရပ်တည် လျှက်ရှိကြောင်း တွေ့လိုက်သောဝဏ္ဏစိုးလည်း မလျော့သောခွဲဖြင့် လိုက်ကူးဖို့အားထုတ်ပြန်သည်။

ဒီတစ်ခါ ဝဏ္ဏစိုး၏ကိုယ်ခန္ဓာသည် လေထဲတွင် ပစ်ဝဲသွားလင့်ကစား လှလှပပတော့ မဟုတ်ခဲ့ချေ။ ကျော်သက်၏ ဒူးတိုက်ဆွေးနွေးချက်၊ မျက်ရည်ယိုဗုံး၏ စနက်တို့ကြောင့် နာကျင်အားကုန်နေလျက် သူ့ထက် အခုန်အပျံအရေးကိုကျွမ်းကျင်ကာ လမ်းသိနေသော ကျော်သက်အား တုပြိုင်မိသည့် ဝဏ္ဏစိုးခမျာ ဒီ ဖက်အုတ်ဘောင်နှင့် နောက်ခြေထောက်အဖျားတို့ တိုက်ခတ်ပြီး နံရံနှစ်ခုကြား၌ ကိုးရိုးကားရား ဖြစ်သွားရလေ၏။ တကယ်လို့ သူ့ လက်တွေကသာ ဟိုဘက်တံတိုင်းဘောင်ကို ဆုပ်ဆုပ်ပိုင်ပိုင် မကိုင်မိလိုက်လျှင် ခုလောက်ဆို ငါးထပ်တိုက် အောက်ခြေမြေကြီး၌ အသက်ငင်နေရဖို့ရှိတော့သည်။



ဝဏ္ဏစိုး၏ အဖြစ်ဆိုးကား ကျော်သက်က သိသွား၏။ လောလောဆယ် သူ့အဖို့ ပိုက်လုံးမှ စိတ်အေးချမ်းသာ ပြန်လည်တွယ်ဆင်းရန် ဝဏ္ဏစိုးအား အပြတ်ရှင်းလိုက်မှ ဖြစ်မည်ဟု တွက်လိုက်သည်။ ဝဏ္ဏစိုးဆီလှည့်ပြေးလာသည်။ ဝဏ္ဏစိုးကလည်း အောက်မှ ကြိုးစားပမ်းစား ပြန်တက်ပြီး၍ အုတ်တံတိုင်းပေါ် ခွမိပြီ ဖြစ်သည့်အခိုက်အတန့်။

အသက်ပင်ဝအောင် မရှုလိုက်ရ။ သူ့ဆီသို့ ကျော်သက် စွတ်ပြေးလာပြီး မျက်ခွက်ကို အပိုင်ကျုံးကန်ခြင်းခံလိုက်ရသည်။ ဝဏ္ဏစိုးလည်း ခါးကိုညွတ် ခေါင်းကိုတိမ်း၊ အို ... တစ်မုဟုတ်ချင်း တစ်ပြိုင်ရှင်း သူ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ ဘာလုပ်လို့ ဘာလုပ်လိုက်မိမှန်း သူပင်သိပုံမလား မပြောတတ်။ ဒါပေမယ့် ကျော်သက်၏ခြေထောက်သည် သူ့ဘေးမှ ဝိုးခနဲ ပွတ်ထွက်သွားတာကို တော့ သိခဲ့၏။ ဒီတော့လည်း တစ်စက္ကန့်၏အသေးဆုံးသော အစိတ်အပိုင်းလေးမျှ သူမဆိုင်း။

ကျော်သက်၏မြောက်တက်သွားသော ခြေထောက်ပြန်မကျခင်၊ ထောက်လျက်သား ဘယ်ခြေကို သူ့ညာခြေဖြင့်ပင် ခတ်တင်ပစ်လိုက်သလို၊ ငှရင်းရှောင်ရင်း လွှတ်ခဲ့သည့် တစ်တောင်ဆစ်နှင့် ကျော်သက်နောက်ကျောကို ဆောင့်တွန်းထည့်လိုက်၏။ ဆက်တိုက်ပြီးဆက်တိုက် သည်လုပ်ရပ်၏ရလာဒ်ကား ... ယေသံ

ပါအောင် အော်သံကြီး အားခနဲ ... ။

ဒီနောက် ... ငါးထပ်တိုက် ခေါင်မိုး၊ ခြောက်ထပ် အမြင့်ပေါ်မှ ချာရပတ် ဓောက်ထိုးစိုင်း၊ ဆင်းသွားရှာသော သုံးဆယ် နှစ်ကောဌာသဖြင့်ပြီးသည့် လူ့ခန္ဓာကိုယ်ကြီးတစ်ခုနှင့် မဟာပထဝီ မြေအပြင်တို့၏ ဂဟောဆက်မိခြင်း အထိမ်းအမှတ်အသံကြီး အုန်း ခနဲ ... ။

[ ၃ ]

နောက်တစ်နေ့နံနက် ၁၀–နာရီ။

ဌာနချုပ်အကြီးကဲ၏ အခန်းထဲမှ ပြန်ရောက်လာ သော ဝဏ္ဏစိုး၏မျက်နှာသည် နွေလည်ခေါင် မိုးမှောင်ကျသည့် အလား၊ သူ့ကို အရိပ်အကဲ စောင့်ကြည့်နေသော စောယုလှိုင်နှင့် အောင်အောင်တို့ ရှိနေမှန်းပင် မသိတော့ဟန်ဖြင့် ဆုံလည်ကုလား ထိုင်ထက်၌ ကျကျနနမိကာ စားပွဲပေါ် ခြေနှစ်ချောင်းပစ်တင်ပြီး၊ သူ့ရုံးခန်းမျက်နှာကျက်မှ ပန်ကာတဝီဝီကို မော့ကြည့်ငေးငိုင်နေ ခြင်းဖြစ်သည်။

"ကို ... ကိုစိုး ... အိုဗာတင်သောက်မလားဟင် ... ၊ ညက အိပ်ရေးပျက်ပြီး၊ ပင်ပန်းခဲ့တာတွေ အားပြန်ပြေ့သွားအောင် ပေါ့ ... "

စောယုလှိုင်က ... အရဲ့စွန့် အနားကပ်သွားပြီ

တယုတယ မေးလိုက်၏။ ဝဏ္ဏစိုး ခေါင်းထောင်ကြည့်သည်။

"အိမ်ပြန်အိပ်ချင်လည်း ကျွန်တော် လိုက်ပို့ပေးမယ်လေ

ကိုစိုး ... "

သူ့လက်ထောက်ဖြစ်သူ အောင်အောင်က အား

တက်သရော ဝင်ပြောပြန်၏။ သည်တော့မှ ...

"ပြန်အိပ်လို့ ဘယ်ဖြစ်ပါ့မလဲ ကွာ ... ၊ အဘိုးကြီးကို (၄၈)

နာရီအတွင်း အမှုပေးရပါစေမယ်လို့ အာမခံလာတာ ... "

ဝဏ္ဏစိုးက ခပ်ညည်းညည်း တုံ့ပြန်ရင်း ကုတ်အကျ

ထဲမှ ဘင်းဆင့်အင်ဘက် (၅) စီးကရက်ဘူးကို ထုတ်လိုက်၏။ ထို

အခါ အောင်အောင်က သူ့ဂျာကင်ထဲမှ မီးခြစ်ကိုယူပြီး၊ သူ့ဆရာ

ပါးစပ်၌ စီးကရက်တပ်လိုက်လျှင်ပင် မီးညှိပေးလိုက်သည်။ စောယု

လှိုင်ဆီက ရှမ်းကြိုးကြာသံလေး ထွက်လာ၏။

"အဘိုးကြီးက ကိုစိုးကို ရေရေလည်လည် ဆူလိုက်မှာပဲ

နော် ... ၊ ဘယ်တတ်နိုင်မလဲ ကိုစိုးရယ် ... ကိုစိုး ဂရုစိုက်

တဲ့ကြားက ဖြစ်သွားတဲ့ဥစ္စာ ... ကိုစိုးညံ့တာ မဟုတ်ပါဘူး"

"ကိုစိုး မညံ့ပေမယ့် သူတို့က ပိုတော်တယ်လို့ ဝန်ခံရမှာ

ပဲ ယု ... ၊ နည်းနည်းမှ မထင်တာတွေ လျှောက်လုပ်သွား

တယ်မှတ်လား ... ၊ အဲဒီအထဲမှာ လူကို အသေမိပြီး ပစ္စည်း



ပြန်မရလိုက်တာ အခံရအခက်ဆုံးပေါ့ ... ၊ နောက်ပြီး ... "

ဝဏ္ဏစိုးစကားကို အောင်အောင်က အလုအယက်

ဝင်ဖြတ်ကာ ...

"ဪ ဒါနဲ့ ... သေတဲ့ကောင်က ကျော်သက်တဲ့ ... အမိ

ပတိ သူခိုးတစ်ယောက်ပဲ ... ဒါပေမယ့် ခြေရာဖျောက်ပြီး

ဓာတ်ဖြုပ်နေတာ အတော်ကြာပြီတဲ့ ... စောစောက ကိုစိုး

ပြောတဲ့အတိုင်း ရင်ခွဲရုံသွားကြည့်ရင်းနဲ့ ရဲဘက်ကပြောလိုက်

တယ် ... ဒီတော့ ... ဒီကောင့်အဆက်ကောက်ပြီး တစ်နည်း

တစ်လမ်းအနေနဲ့လိုက်ရင် သင့်မယ်ထင်တယ် ... "

"အရေးကြီးတာက လူမိဖို့ထက် ပစ္စည်းတွေပြန်ရဖို့ပါ အောင်

အောင် ... "

"ဟာ မမယုကလဲ ... လူကို အရင်တွေ့မှ ပစ္စည်းရှာလို့

ဖြစ်တော့မှာပေါ့ ... ဟုတ်ဘူးလား ကိုစိုးရာ ... ပြီးတော့...

ငါးသိန်းဖိုးနီးပါး ပစ္စည်းတွေကို ရုတ်တရက် ထုခွဲဖို့ဆိုတာ

လည်း လွယ်တာမှ မဟုတ်တော့ တစ်ယောက်ယောက်ကို

အရှင်မိတာ တစ်ဝိုက်းလုံးနဲ့ ပစ္စည်းတွေနဲ့ ကွိခနဲပဲ ... "

"တော်ကြစမ်းပါကွာ ... ၊ ဒီမှာ ဦးနှောက်ချောက်ရတဲ့အထဲ

မင်းတို့က တစ်ပြသံနာ ... ငါ့စကားကို နားထောင်ကြစမ်း၊

ခုဟာက မင်းတို့ပြောသလို လွယ်မှဖြင့် ငါ့ဒီလောက် အချိန်

ကုန်မခံတော့ဘူး ... ၊ ဒီကောင်တွေကို နယ်နယ်ရရ မမှတ်နဲ့ ... တွေ့လား ဒီမှာ ... ညက ပြခန်းထဲမှာ ကျော်သက်ချသွား ... "

စိတ်မရှည်တော့သော ဝဏ္ဏစိုးက အချိုအချဉ် ငြင်းခုန်နေကြသူ အောင်အောင်နှင့် စောယုလှိုင်တို့အား ဟောက်ပစ်လိုက်ကာ၊ အပေါ်အိတ်ထဲမှ လိပ်စာကတ်ပြားတစ်ခုကို စားပွဲပေါ်ပစ်တင်လိုက်၏။ စောယုလှိုင်က ကပျာကယာ ကောက်ယူခဲ့သလို၊ အောင်အောင်ကပါ အလုအယက် ဝင်ဖတ်သည်။ ကတ်ပြားထက်ဝယ် လက်နှိပ်စက်နှင့် ရိုက်ထားသောစာက နှစ်ကြောင်းထဲ ... ။

*ကျေးဇူးတင်ပါသည်*

*စောရဘုရင်*

"စောရဘုရင် ... ဆိုပါလား ... "

"တောက် ... လူပါးဝလိုက်တာဗျာ ... "

"အေး ... အဲဒါကိုထောက်ရင် သူတို့အင်အား ဘယ်လောက်နိုင်မာလို့ သူတို့ကိုယ်သူတို့ ဘယ်အထိ ယုံကြည်မှုရှိတယ်ဆိုတာ ထင်ရှားနေပြီ ... ပြစ်မှုကျူးလွန်တဲ့ နေရာတိုင်းမှာ ဒီစာကို ချသွားတတ်ပုံပဲ ... ၊ ဘာဖြစ်ဖြစ်ပေါ့ကွာ ... ရာဇဝတ်သားတွေရဲ့ ပန်းတိုင်ဟာ ဥပဒေတရားခွင်မှာ အဆုံး



သတ်ရမှာပါ ... သူတို့ကို ထိုက်ထိုက်တန်တန် ဆုံးမပြီး လက်ထိပ်ခတ်ပေးဖို့က တို့တာဝန်ပဲ ... ထားပါတော့လေ ဒါတွေ ... ၊ ဒီမယ် အောင်အောင် ... မင်းကို ငါတာဝန်ပေးမယ် ... "

"ဟုတ်ကဲ့ ... ကိုစိုး ... "

"ငါ တွေးမိတာက ဒီလိုကွ ... ၊ ပစ္စည်းတွေ ပျောက်မှုကို ထိပ်တန်းလျှို့ဝှက်အဖြစ်နဲ့ သတင်းပိတ်ထားသလို၊ ပြခန်းက စားပွဲတစ်လုံးစာပဲ သူတို့ရသွားတော့ ကျန်တာတွေကို ထပ်ယူဖို့ အားထုတ်စရာအကြောင်းရှိတဲ့အပြင်၊ ညကကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဣန္ဒြေမပျက်ဆက်ပြရတဲ့ပြပွဲကို သူတို့လူတစ်ယောက်တလေ အရိပ်အကဲ လာခတ်ဦးမှာ သေချာတယ် ... ၊ မိုက်ခရိုကတ်(စ်)တစ်စီးနဲ့ ဓာတ်ပုံဌာနချုပ်ပြန်၊ ချက်ချင်းဆေး၊ ချက်ချင်းကူး၊ ငါလာတာနဲ့ အသင့်ဖြစ်ပစေ၊ နားလည်လား ... "

"ခုတင် ခေါ်ပြောလိုက်ပါ့မယ် ကိုစိုး ... ဒါနဲ့ ကျွန်တော်ကကော ... "

"မင်းက ရေခဲတိုက်မှာ သွားစောင့် ... အဲဒီမှာ ကျော်သက်နဲ့ပတ်သက်တဲ့ တစ်စုံတစ်ယောက်ဟာ လာနိုင်တယ်မှတ်လား ... မင်းမသက်သာနဲ့ ဓာတ်ပုံရိုက်ထားလိုက် ...

အိုကွာ --- ပိုင်မယ်ဆိုရင် တစ်ချိုတည်း ဖမ်းဆွဲပစ်လိုက် --- ဟုတ်လား --- "

"စိတ်ချ ကိုစိုး --- "

"ငါက သတင်းတွေလိုက်စုမယ် --- ယု --- နင်လည်း မပြန်နဲ့ဦး --- ငါလာမှပြန်၊ ရောက်တဲ့နေရာတိုင်းက ငါရှိမယ့်နေရာကို ပြောမယ် --- အကြောင်းထူးရင် ငါ့ဆီ ဖုန်းဆက်နော်"

"ယုအတွက်မပူနဲ့ ကိုစိုး --- ၊ ကိုစိုးသာ အစစအရာရာ ဂရုစိုက်သွားပါ --- "

ဤသို့ဖြင့် ဝဏ္ဏစိုးသည် ပခုံးစလွယ်အိတ်ထဲမှာ ပို့ဝှင့်သာတီးအိတ်လူဂါကို စစ်ဆေးပြီးနောက် ဌာနချုပ်မှ ထွက်ခဲ့၏။ သူပိုင် ဖီးယက်ကားလေးကို အောင်အောင့်အား ပေးခဲ့ပြီး၊ အောင်အောင်၏ ဟွန်ဒါမော်တော်ဆိုင်ကယ်လေးနှင့် မြို့လယ်တစ်ပိုက်မြို့တွင်းအနှံ့ ခြေရှုပ်ပစ်လိုက်၏။ ရွှေဘုံသာလမ်းစိန်ဆိုင် ရွှေဆိုင်များမှ အစ၊ တရုတ်တန်း ပန်းတိမ်ဖိုများ၊ သတင်းပေးများရှိရာအရပ်၊ မြေအောက်လောကီသားတို့ ကျက်စားတတ်သော ဟိုတယ်၊ အရက်ဆိုင်၊ ဘီးလိယက်ခုံ များတွင် တစ်နေ့လုံးလိုလို ကူးလူး ယှက်သန်းအချိန်ဖြုန်းခဲ့ရ၏။ စောရဉာရင်ဂိုဏ်း (သို့မဟုတ်) ယမန်နေ့ညက ငါးသိန်းဖိုးရတနာ ပျောက်ဆုံးမှုကြီးနှင့်ပတ်သက်၍ လိုက်လံ တီးခေါက်စုံစမ်းခြင်း ဖြစ်၏။



လိုချင်တောင့်တအပ်သော အဖြေသည် ညနေ ၃–နာရီအထိ ဝဏ္ဏစိုးကို မျက်စ,လေးမှပင် ပစ်မလာ။ ရှင်းရှင်းဆိုရလျှင် ဝဏ္ဏစိုးမောရ၊ ပန်းရ၊ နုံးချွခြင်းသာ အဖတ်တင်ပါ၏။ စောယုလှိုင်ဆီကိုလည်း ရောက်လေရာမှ ဖုန်းဆက်မေး၏။ စောယုလှိုင်ကလည်း အခြေအကြောင်းမထူးပါတဲ့ --- ။

နောက်ဆုံး ၃–နာရီ ခွဲခါနီးတော့ ဌာနချုပ်ကို ဝဏ္ဏစိုး ပြန်ရောက်လာသည်။ ဓာတ်ပုံစုံထောက် ကိုတင်မောင်ဌွေးကို ရုပ်ရှင်ပြစက်ကလေးနှင့်အတူ သူတွေ့ရသည်။ စောယုလှိုင်အား အောင်အောင်ထံ ပြန်လာဖို့အကြောင်းကြားခိုင်း၏။ အကြီးအကဲဆီမှ အင်တာကွန်းလာသည်။ အခြေအနေကို မေးသည်။ ဝဏ္ဏစိုးက အခြားကို ခေါ်၍ သူ့အခန်းသို့ ကြွခဲ့ပါဟု တုံ့ပြန်ဖိတ်ခေါ်လိုက်သည်။

နာရီဝက်အတွင်း အကြီးအကဲ၊ အောင်အောင်နှင့် စောယုလှိုင်အားလုံးစုံညီစွာ စုမိသောအခါ ကိုတင်မောင်ဌွေးက နံရံကိုပိတ်ကားလုပ်၍ ရုပ်ရှင်ပြ၏။ ရုပ်ရှင်ကားကတော့ ပြည်သူအောကြောလန် ဆိုဗီယက်သတင်း ကားများထက်ပင် ပျင်းစရာကောင်းသေးသည်။ သူတို့အားလုံးကတော့ မျှော်လင့်တကြီး စိတ်ဝင်စားနေကြ၏။ ရုပ်ရှင်ပြကွက်မှာ ရွှေပန်းထိမ်လက်ရာပြခန်း အဝင်ပေါက်အောက်ထပ် လှေကားရင်းကို အသေချိန်၍ ရိုက်ပြထားခြင်းဖြစ်၏။ သို့နှင့် ၁၅–မိနစ်လောက် အကြာ၌ ---

"ဟိုး ... ဟိုး ... ရပ် ... ကိုတင်မောင်ရွှေ ... "

ဝဏ္ဏစိုး၏ အော်သံက ကျယ်ကျယ်လော်လော် ပေါ်လာ၏။ အော်သံနှင့်တစ်ဆက်တည်း ရုပ်ရှင်ပိတ်ကားပေါ်ရှိ ပြကွက်မှာ မရွေ့မလျားဖြစ်သွားရသည်။ ဒါပေမယ့် ပြတ်ပြတ်သား သားရှိလှသော အရုပ်သဏ္ဌာန်များက ဆက်လက်ပေါ်နေသည်။ အခန်းထဲဝင်နေဟန် နောက်လှည့်လျက်သား ဥရောပတိုက်သား ယောကျ်ားကြီးတစ်ယောက်၊ ၎င်းနှင့် ဘေးတိုက်ယှဉ်၍အတွက် ကင်မရာကို မျက်နှာပြုနေသည့် ဗမာအမျိုးသားနှင့် အမျိုးသမီးတစ် ယောက် စုစုပေါင်း လူသုံးယောက်ဖြစ်ပါချေ၏။

"ကိုတင်မောင်ရွှေ အကွက်နည်းနည်း ထပ်ရွှေ့ကြည့်စမ် ပါဦး ... သူတို့ကို အနီးကပ်ရလိုက်သလားလို့ ... "

ဝဏ္ဏစိုး၏ ဆန္ဒအတိုင်း ဖလင်တစ်ကွက်ပြီးတစ် ကွက် ရွှေ့ပေးလိုက်ရာ၊ ပိတ်ကားပေါ်တွင် ကိုယ်တစ်ပိုင်းအ အထားအထိ ပေါ်နေသေးကြောင်း တွေ့ရသည်။ အဓိပ္ပာယ် အမျိုးသားနှင့် အမျိုးသမီးသည် ထိုနေရာတွင် နှစ်မိနစ်ထက်မနည် ရပ်စကားပြောနေကြခြင်းကို ထင်ရှားစေပါ၏။

"ဒီယောကျ်ားနဲ့ မိန်းမကို ဘယ်သူများ သိကြပါသလဲ တစ်ချိန်က တစ်နေရာရာမှာကော တွေ့ဖူးခဲ့ကြသလား ကျေးဇူးပြုပြီး ချက်ကင် လုပ်ကြည့်ကြပါ ... "



တစ်ခန်းလုံး အပ်ကျသံမကြား တိတ်ဆိတ်သွား၏။ လှုပ်ရှားမှုတစ်ခုတော့ရှိခဲ့သည်။ အောင်အောင်သည် ဝဏ္ဏစိုးရှိရာ အသံကိုမှန်း၍ ကပ်လာခဲ့ခြင်းဖြစ်၏။ ပြီး ... စကားတချို့ကိုပြော ရင်း မီးခြစ်ကင်မရာလေးဖြင့် ရိုက်ကူးလာသော ဓာတ်ပုံလေးတစ်ပုံ ကို ပေးလိုက်သည်။ ဝဏ္ဏစိုးက အောင်မြင်သောအသံနှင့် အားတက် သရော ဆက်၍ ...

"ခုလို ကူညီ စဉ်းစားပေးကြတဲ့အတွက် ကျေးဇူးတင်ပါ တယ် ... ကျွန်တော်က ရတနာသူခိုးတွေဟာ ပြတိုက်နဲ့ သူတို့ဘက်သားအလောင်းရှိရာ ရင်ခွဲရုံနားမှာ ယောင်လည် လည် လာလုပ်မှာပဲဆိုတဲ့ အထင်နဲ့ ကံစမ်းထီးထိုးသလို ရုပ် ရှင်ရုပ်သေရိုက်ပြီး ပြသကြည့်ရှုဖို့ စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်၊ ဒီအထဲမှာ မျက်နှာသိ ဒုစရိုက်သမားတွေ ပါလာနိုးပေါ့လေ၊ ခုတော့ ကျွန်တော်တို့အထင်က မှန်ကန်ပြီလို့ တစ်ထစ်ချ မပြောနိုင်သေးတဲ့တိုင်အောင် နီးစပ်မှုရှိတာတော့ သေချာ ပါပြီ ... ၊ ခု မြင်တွေ့နေကြရတဲ့ မိန်းမနဲ့ ယောကျ်ားဟာ ပြတိုက်တင်မက ရင်ခွဲရုံကိုပါလာကြောင်း သိရပါတယ် ... ကျွန်တော့်လက်ထောက် မောင်အောင်အောင်ကလည်း သူတို့ဓာတ်ပုံကို ရိုက်ယူရရှိခဲ့လို့ပဲ ဖြစ်ပါတယ် ... ၊ ဒီနှစ် ယောက်အနက်မှာ အမျိုးသမီးကိုတော့ ကျွန်တော်ကောင်း

ကောင်း မှတ်မိပါတယ် … ၊ သူ့နာမည်က ဘောဘီအေး

ကျွန်တော် မောင်းမကန်သွားတုန်းက တွေ့ခဲ့တာပါပဲ

ဒီတော့ ပြတိုက်နဲ့ ရင်ခွဲရုံနှစ်နေရာစလုံးကို သူလာတာ

မောင်းမကန်မှာ အမှတ်မထင် ကြုံကြိုက်ခဲ့တဲ့ အဖြစ်အပျက်

တစ်ရပ်ကို ဆက်စပ်ကြည့်ခြင်းအားဖြင့် ရှေပန်းတိမ်ပြပွဲ

ရတနာတွေကို ခိုးသွားတဲ့ စောရဘုရင်ဂိုဏ်းနဲ့ ဘောဘီအေး

ဟာ ပတ်သက်နေပြီဆိုတာ ခိုင်လုံသထက်ခိုင်လုံသွား

တယ် … ၊ နောက်ပြီး … ဘောဘီအေးရဲ့ အဖော်ကို ကြည့်

မယ်ဆိုရင်လည်း … နာမည်ကြီး ရာဇဝင်လူဆိုးတ

ယောက်မဟုတ်ပေမယ့် လူမိုက်အင်္ဂါရပ်အပြည့် ရှိနေတ

သိသာလှပါတယ် … ”

ဝဏ္ဏစိုး၏ စကားကြောင့် အားလုံးသည် ပိတ်ကာ

ပေါ်သို့ အာရုံရောသွားကြ၏။ ဘောဘီအေးကို ရုပ်ရှင်မင်းသမီး

မတတ် ပြင်ပြင်သသ၊ ကြော့မော့လှပစွာ တွေ့နိုင်သလို သူ့အဖော်

ကိုလည်း ရှိုးကြီးမိုးကြီး တစ်ခွဲသားနှင့် မြင်ရ၏။ တက်ထရက်လို

ကုတ်အင်္ကျီနှင့် အင်းလေးလုံချည်ကိုဝတ်ထားသည်။ ခင်မြင့်မြ

ဆောင်းထားသော သက္ကလပ်ဦးထုပ်အောက်၌ နာခေါင်းပွကြီးနှ

အတူ မျက်နှာကြမ်းကြီးက ဖြူဖြူရော်ရော်ပေါ်လွင်နေ၏။ အရ

ရှည်ရှည် မပိန်မဝ ဖြစ်၏။



သည့်နောက်တော့ ရုပ်ရှင်ပြဇာတ်ကို ပိတ်၍ မီးများ ပြန်ဖွင့်စေသည်။ ဝဏ္ဏစိုးက မောင်းမကန်တွင် စက်သူဌေး ဦးစိန်ညွန့်၏ငွေနှစ်သောင်း ပညာသားပါပါအခိုးခံလိုက်ရပုံ၊ သက်သေသက္ခာရမရှိသော်လည်း ဘောဘီအေးနှင့် အပေါင်းပါတို့ လက်ချက်ပင်ဖြစ်နိုင်စရာရှိကြောင်း စောယုလှိုင်က စူးစမ်းသိရှိခဲ့ပုံများကို အကျယ်တဝင့် တင်ပြပြီးသောအခါ ပြန်သွားကြ၏။

အကြီးအကဲနှင့် ဝဏ္ဏစိုးတို့ ခေါင်းချင်းဆိုင် တိုင်ပင်ကျန်ရစ်ခဲ့သည်။

လျှပ်တစ်ပြက် ခိုးရိုက်ခဲ့ရသော အောင်အောင်၏ ဓာတ်ပုံထက် ရုပ်ရှင်ဓာတ်ပုံက ပိုကောင်းနေသဖြင့် ရုပ်ရှင်ပြကွက်ကို ဓာတ်ပုံထပ်ရိုက်၍ ပုံတူများကူးချဲ့ရန် ကိုတင်မောင်ဌေးအား ချက်ချင်းလက်ငင်း တာဝန်ပေးလိုက်၏။ ထိုဓာတ်ပုံများကို ရဲတပ်ဖွဲ့အသီးသီးသို့ အမြန်ဆုံးဖြန့်၍ ဓာတ်ပုံရှင်နှစ်ဦးကို ရှာဖွေစုံစမ်းပြီး၊ သတင်းပဲရရ လက်ရပင်မိမိ ဌာနချုပ်ကို အကြောင်းကြားဖို့စီစဉ်စေကာ အကြီးအကဲလည်း ပြန်သွားသည်။ ဝဏ္ဏစိုးလည်း ပြင်ပ လုပ်ရင်းဌာနချုပ်တွင် ဦးစီးရုံးထိုင်တာဝန် ယူလိုက်ရသည်။

ထို့မှနောက် ဝဏ္ဏစိုးက မောင်းမကန်တွင် စောယုလှိုင်၏ စပ်စုမှုကြောင့် ဘောဘီအေးနှင့် ဦးစိန်ညွန့်တို့ကို စိတ်ဝင်စားဖွယ် တွေ့ဆုံခဲ့ရခြင်းက ယခု ရတနာခိုးမှုကြီးတွင် ဘယ်လိုမှ မမျှော်

လင့်ဘဲ၊ အထောက်အကူကြီးစွာ ပြုနိုင်ခဲ့သည့်အတွက် စောယုလှိုင်
အား ကျေးဇူးတင်စကားဆိုပြီး၊ သူ့ဖီးယက်ကားနှင့် အောင်အော
ကို စောယုလှိုင်နေထိုင်ရာ အနောက်ရန်ကင်းသို့ ပြန်ပို့နိုင်းလိုက်၏
စောယုလှိုင်ထံမှ ရုံးချုပ်ကို ပြန်လာရန်လည်းမှာကာ အောင်အောင်
၏ မော်တော်ဆိုင်ကယ်ကို ယူ၍သတင်းနှံ့ခံဖို့ ထွက်သွားပြန်သည်။

— ။။ ။ ။ —

[ ၄ ]

တိတ်ဆိတ်ခြင်း၊ မှောင်နိုခြင်းတို့သည် ညသဘာဝ သရုပ်ကို ပေါ်လွင်နေစေ၏။ သားရဲတိရစ္ဆာန်တစ်ကောင်၏ မျက်လုံးအစုံကို ဝိုင်းဝိုင်းစက်စက် ဝင်းတောက်လျက်ရှိသော မီးလုံးကြီးနှစ်လုံးက ပြင်းထန်သောအဟုန်တစ်ခုကို ရှေ့ဆောင်ရှေ့ရွက်ပြု၍ လာနေသည်။ မဲမဲဖွေးဖွေးကတ္တရာလမ်းမကြီးသည် အင်ဂျင်စက်ညံသံနှင့်အတူ ကွေ့ကွေ့ကောက်ကောက် ပေါ်လာ၏။ အနီးကပ်မြင်ကွင်းက ဂျစ်ကားတစ်စီးဆိုပါတော့။

ကားပေါ်တွင် အသားဖြူဖြူအရပ်မြင့်မြင့်နှင့် တာတေထွန်းဦး တစ်ယောက်တည်းဖြစ်၏။ တစ်ယောက်တည်းဆိုပေမယ့် တခြားလူဆယ်ယောက်ကို အရေးမစိုက်သော မျက်နှာထားရှိ၏။ အရုပ်ဆိုးသလောက် အကျည်းတန်သော သည်မျက်နှာထား

က ကြောက်ရွံ့ခြင်းကို မပြစေကာမူ အရေးတကြီးရှိဟန်ကိုကား ဖုံးကွယ်မရ၊

သူ့ဘေးရှိ အလတ်စားသားရေသေတ္တာကို ရှိန်းဆော ယာဝိုမောက် ခြေထောက်ပေါက်၍ ပျောက်သွားမည့်အလား ကား ဓမောင်းရင်း အရိပ်တကြည့်ကြည့်လုပ်လာ၏။ တကယ်တော့လည်း ထွန်းဦး၏ တစ်သက်နှင့်တစ်ကိုယ် မကိုင်ဘူးသောငွေ၊ သချာပမာ ဏအားဖြင့် နှစ်သိန်းတစ်သောင်းတိတိရှိသောငွေ၊ အဖိုးတန်ပစ္စည်း တချို့ကို အရောင်းအဝယ်ဖြစ်၍ ရခဲ့သောငွေ။ ထိုငွေတွေ အနီ သေတ္တာထဲ၌ အကြပ်အမောက် ပါလာသည်မဟုတ်ပါလား။

ဒါပေမယ့် ... ဒီငွေတွေကို ကိုင်သာကိုင်ရသူက မဆိုင်၊ သူပိုင်မဟုတ်။ ပစ္စည်းရှင်တစ်ဦး၏ စေစားချက်ကြောင့် လျှို့ ဝှက်သည့်တစ်နေရာဝယ် လျှို့ဝှက်သောလူတစ်စုနှင့် တွေ့ဆုံဖလှယ် ရေးကို တာဝန်ယူလုပ်ကိုင်ခဲ့ရခြင်းမျှသာ ဖြစ်ပါ၏။ ပစ္စည်းရှင်က တော့ စောရဘုရင် (သို့မဟုတ်) သူတို့၏ ဂိုဏ်းချုပ်ဆရာကြီး ...။

သို့သော် ထွန်းဦးအဖို့ ဂိုဏ်းချုပ်ကြီးမှာ မည်သူမည် ဝါမှန်းမသိ။ ဂိုဏ်းချုပ်ကို သိသွားသူမှန်လျှင် ကျန်းမာရေးထိခိုက် မည်။ ရှင်းရှင်းဆိုလျှင် အသက်နှင့်ကိုယ်အိုးစားကွဲတတ်သည်ဟု နား လည်ထားသော ထွန်းဦးအနေနှင့်လည်း ဒါကိုမသိချင်။ သိအောင် လည်း မကြိုးစား။ သူလိုလူမိုက်တစ်ယောက်အတွက် သည်နေ့ခေတ်



ကြီးတွင် အကောင်းဆုံးအသက်မွေးမှုအဖြစ်နှင့်၊ လုံလောက်သော အခကြေးငွေကိုရ၍ မယားဖြစ်သူ မညူဆူတမ်း ထောက်ပံ့နိုင်သည် ဆိုလျှင်ပင် ကျေနပ်စရာကောင်းလှပြီမို့။

အဝယ်တော် ဒုစရိုက်သမားတစ်စုနှင့် သက်စွန့် ဆံဖျားရင်ဆိုင်လျက် ပြေလည်မှုရပြီးခဲ့သည့်နောက်၊ ဥပဒေဘက် သားများလက်မှ ရှောင်တိမ်းလွတ်မြောက်ဖို့ အရေးကြီးသေကြောင်း တထိတ်ထိတ်တွေးပူလာသော ထွန်းဦး၏ကားသည် မြို့ထဲမှထွက် မိသည်နှင့် မိုင်၅၀–နှုန်းဖြင့်မောင်းခဲ့တော့၏။ မကြာမီမိနစ်ပိုင်း အတွင်း တိရစ္ဆာန်ရုံ၊ ကန်တော်ကြီး၊ ရေခဲဆိုင်၊ စီဝိဒါနဆေးရုံတို့ကို တစ်မဟုတ်ချင်း ကျော်ဖြတ်ခဲ့ပြီးနောက် ...

ရှေ့တွင် မြင်လိုက်ရသောရှုခင်းက ထွန်းဦးကို ဘဝင်မကျအောင် ဖြစ်သွားစေသည်။ တစ်တောင်နီးပါး ရှိသော ချောင်းအနီကြီး တယမ်းယမ်းခတ်လှမ်းလှမ်းမှ အချက်ပြနေသော ကြောင့်ပင်ဖြစ်၏။ သူ့ဂျစ်ကားက တစ်စထက်တစ်စ နီးကပ်လာ သည်နှင့်အမျှ အနီရောင်မီးတောင်ကိုင် ယာဉ်ထိန်းရဲတစ်ယောက်၊ ရဲတပ်ကြပ်တစ်ယောက်နှင့် ရဲတပ်သားတစ်ယောက်၊ ပလက်ဖောင်း ဘေးမှ မော်တော်ဆိုင်ကယ်တစ်စင်း၊ ဝိုင်ယာလက်ကားတစ်စီးတို့ ၏ အဆင်းသဏ္ဌာန်များသည် သဲသဲကွဲကွဲပီပီပြင်ပြင်ဖြစ်လာသည်။

'ဟိုက်'ခနဲ စိတ်ထင့်၍ ... ဒိန်းခနဲ ရင်ထိတ်ခြင်းနှင့်

တစ်ပြိုင်တည်း ခေါင်းနပမ်း ကြီးထွက်သွားသည်။ ဘာကိစ္စရပ်ခိုင်းပါလိမ့်၊ ရုပ်ပေးလို့ဖြစ်ပါ့မလား၊ ရှောင်တခင်စစ်ဆေးတာဖြစ်လို့ ငါ့သေတ္တာကိုရှာရင် ဘယ့်နှယ်လုပ်ပါ့မလဲ။

အခြေအနေကပေးလာသော မေးခွန်းတွေမှာ စဉ်းစားချိန်မရအောင် များပြားလှ၏။ ခက်ခဲ၏။ ပြင်းထန်၏။ အလွယ်ဆုံး အမြန်ဆုံး အကောင်းဆုံးအဖြေကတော့ တစ်ခုတည်းရှိ၏။ ထိုအဖြေသည် ရဲရဲရင့်ရင့်ဆုံးဖြတ်ချက်တစ်ရပ်သာလျှင်တည်း။

ထွန်းဦးက သူဆုံးဖြတ်ချက်အတိုင်း လက်တွေ့လုပ်ဆောင်ခဲ့၏။ ကားဦးကို ရင်ဘောင်တန်းရပ်နေသောရဲများဆီ တန်းတန်းမတ်မတ် တည့်ပေးလိုက်ပြီး လီဗာကုန်နင်း၍ စက်ကုန်ဖွင့်မောင်းချလိုက်ခြင်းဖြစ်၏။ ရဲများမှာ ဝေါခနဲ ထိုးဝင်လာသောကားကို တားဆီးရန်ထက် အသက်ဘေးကို အသေအလဲ အလုအယက်ရှန်းရှောင်လိုက်ရသည်။ ရှဲခနဲနေအောင် တစ်ပြိုတကွဲ ကစဉ့်ကရဲဖြစ်သွားကြရ၏။ လဲသူလဲ၊ ယိုင်သူယိုင်၊ ပြေးသူပြေး။

ဂျစ်ကားကတော့ သူတို့ကို ပွတ်သီးလေးကျော်ထွက်သွားကာ၊ ပိတ်ထားသော သစ်သားတန်းအား ဖျောင်းခနဲကျိုးထွက်လွင့်စဉ်အောင် တိုက်ချမောင်းနှင်သွား၏။ ဝရုန်းသုန်းကား ဖြစ်ကျန်ခဲ့ရာမှ ဖုတ်ဖက်ခါ၍ လူးလဲထလာသော ရဲသုံးယောက်သည် မကျေနိုင်မချမ်းနိုင် ပြာလောင်ခတ်လျှက် ပြန်စုမိကြ၏။ သူတို့၏ တဖျစ်တောက်တောက်သံများ မဆုံးမီပင် တဒိုင်းဒိုင်းတကျိန်းကျိန်းနှင့် ဝုန်းခနဲအသံကြီးများ မြည်ဟီးထွက်ပေါ်လာတော့၏။



ထွန်းဦးသာလျှင် ပြန်ပြောနိုင်မည်ဖြစ်သော အဖြစ်အပျက်အသေးစိတ်ကတော့ ရဲများထံမှ ရှန်းကန်မောင်းထွက်လာသော ထွန်းဦးသည် သူ့ကားရှေ့၌ တစ်ခြမ်းပဲ့ လိုက်ပြိုနေသော လေမ်းမကြီးကို ဘွားခနဲ မြင်လိုက်ရခြင်းပင်ဖြစ်တော့သည်။ သို့တမင့် ဘယ်လိုမှ ကွေ့ရှောင်ရန် မတတ်နိုင်လိုက်သလို၊ ကားအရှိန်လျှော့ပေါ့ရပ်တောက်ပစ်လို့လည်း အချိန်မရတော့ပေ။ ဒါကြောင့်လည်း ကျွဲရိုင်းပမာ ထိန်းသိမ်းခြင်းငှာ မစွမ်းသာခဲ့သော ဘီးလေးဘီးခေါ်ဆောင်ရာ လမ်းဘေးချောက်ထဲသို့ အုံ့အားကြီးသင့်လျက်ပါသွားရ၏။ ထိုမှတစ်ဖန် သုံးလေးပတ် ဖျမ်းပြန်နေသော ကားထဲမှ လွင့်ကျခဲ့ရုံမျှမက ကားတစ်စီးလုံး ဖိနင်းသွားခြင်းလည်း ခံခဲ့ရပြန်၏။ ကားက ချောက်ကမ်းပါးအောက်ခြေသို့ ဒုတ်ဒုတ်ထိကျပြီး သိမ့်သိမ့်တုန် ပေါက်ကွဲသံကြီးနှင့်အတူ တဟုန်းဟုန်း မီးတောက်မီးလျှံများဖြင့် လောင်ကျွမ်းဇာတ်သိမ်းခဲ့ရသည်။

သက်ဆိုင်ရာ ဗဟန်းတပ်ဖွဲ့စခန်းမှ ထိုအမှုကို မှုမှုနွှေးနွှေး စစ်ဆေးအရေးယူ စုံစမ်းခဲ့ရသည်နှင့်အညီ၊ ထွန်းဦး၏အလောင်းကို ဆေးရုံပို့ခဲ့ရပြီး အထူးတာဝန်တစ်ခုကိုပါ ဆက်လက်

ဆောင်ရွက်လိုက်ခြင်းဖြင့် ဗျာများသွားတော့သည်။ အထူးတာဝ
ကတော့ ဌာနချုပ်သို့ ဤအမှုနှင့်ပတ်သက်၍ အမြန်ဆုံးအကြောင်း
ကြားခဲ့ခြင်းပင် ဖြစ်ပါ၏။

သို့ကလို စခန်းမှူး၏ဖုန်းခေါ်သံသည် ဘောဇီအေး
တို့ကို တစ်ညနေလုံး ခြေရာကောက်ရာမှ ဌာနချုပ်သို့ပြန်ရောက်ပြီး
ဖတ်ဖတ်မောနေသော ဝဏ္ဏစိုးအတွက်တော့ ရှင်လန်းအားရစရာ
မင်္ဂလာတစ်ပါးဖြစ်ခဲ့ရသည်။

"အမိန့်ရှိပါ ... တာဝန်ကျသူဝဏ္ဏစိုး စကားပြောနေပါ
တယ်... "

"ကျွန်တော်က ဗဟန်းစခန်းမှူး ဦးတင်ဆွေပါ ...အကြောင်း
က တခြားမဟုတ်ပါဘူး ဦးဝဏ္ဏစိုး ... လွန်ခဲ့တဲ့နာရီ
လောက်က ကျွန်တော်တို့ ဗဟန်းစခန်းအပိုင် ဟာမက်တစ်
လမ်းပေါ်မှာ ကားမှောက်မှုတစ်ခု ဖြစ်ခဲ့ပါတယ် ... မြေပြို
နေလို့ လမ်းလွှဲပေးရအောင် ကျွန်တော်တို့ရဲ့အဖွဲ့ဝင်တွေက
နှစ်ဖက်ပိတ်ညှပ်စောင့်နေတာကို ဖမ်းလိမ့်မယ်အထင်မှား
ပြီး ဂျစ်ကားက မီးလောင်ပျက်စီးသွားခဲ့ပါတယ် ... ကား
မောင်းသူလည်း ပွဲချင်းပြီးသေခဲ့ပါတယ် ... အလောင်းကို
စစ်ဆေးကြည့်တဲ့အခါ သေသူရုပ်ဟာ ခင်ဗျားတို့က အလို
ကြောင်းနဲ့ ပို့ထားတဲ့ဓာတ်ပုံထဲကလူ ဖြစ်နေတာသိရတော့



တာပါပဲ ... အဲ ... သူ့ အလောင်းအောက် ကိုက်၅၀အကွာ
မှာလည်း ငွေတွေ အပြည့်နဲ့ သားရေသေတ္တာတစ်လုံးကို
တွေ့ရပါတယ် ... "

"ကောင်းပြီလေ ... ကျွန်တော် အခု လာခဲ့ပါမယ် ... "

ထိုမှနောက် ဝဏ္ဏစိုးလည်း အောင်အောင့်ကို ဌာန
ချုပ်တွင် နေရစ်စေပြီး၊ ဆိုင်ကယ်စီး၍ ဗဟန်းရဲစခန်းသို့ ရောက်ခဲ့ရ
တော့၏။ စခန်းမှူးက ဆီးကြိုကာ သီးသန့်ရုံးခန်းထဲသို့ခေါ်ခဲ့ပြီး
အဖြစ်အပျက်အသေးစိတ်ကို ပြောပြသည်။ ပျက်စီးသွားသော ကား
အကြောင်းနှင့်ပတ်သက်၍ အပူတပြင်းစုံစမ်းနေဆဲဖြစ်သည်ဟု
လည်း ဝဏ္ဏစိုးသိရ၏။ သေသူနှင့်အတူပါလာသော ငွေသေတ္တာနှင့်
ဆေးရုံကြီးရင်ခွဲရုံမှ ချွတ်ယူသိမ်းဆည်းလာသော သွေးစွန်းလျက်
သား အဝတ်အစားများကို ထပ်မံစစ်ဆေးကြည့်ကြ၏။ ပစ္စည်းများ
မှာ ဘရိုင်ရှက်၊ ဂျာကင်အင်္ကျီ၊ ဘောင်းဘီ၊ ပါဝိုနာရီ၊ ရှူးဖိနပ်၊ ၄၅–
ဘို့ ခြောက်လုံးပြူးတစ်လက်၊ ကျည်ဆန်ငါးတောင့်၊ မျက်နှာဖုံး
အနက်တစ်ခုတို့ဖြစ်၍၊ ဂျာကင်အင်္ကျီအတွင်းအိတ်ထဲမှ နာမည်ကြီး
အပ်ချုပ်ဆိုင်တွင် ဘောင်းဘီအပ်ထားသည့် ... ထွန်းဦး၊ အမှတ်၈၂၊
သမိုင်းဘူတာရုံလမ်း ... လိပ်စာဖြင့် ဘောင်ချာစာရွက်ကို တွေ့ရ၏။
ထို့အတူ နှစ်ဆယ်တန် နှစ်ထောင်ထုပ် ၁၀၄ထုပ်၊ တန်ဖိုးအားလုံး
၂–သိန်း၁–သောင်းတိတိရှိသော ငွေများမှာလည်း အတူတွေ့ဖြစ်

ကြောင်း စိတ်ဝင်စားဖွယ် သိရှိခဲ့ရပြန်သည်။

ရော ... ခက်ကပြီ။ ယုန်ထောင်ကြောင်တွေ၊ ရတာနာမျောက်မှုလိုက်ကာမှ ငွေအတုနှင့် လာညားရသည့်သူအဖြစ် က သူ့အတွက် တပူပေါ်နှစ်ပူဆင့်ခဲ့ခြင်းသာမို့ ဝဏ္ဏစိုးစိတ်အိုက်သွား မိ၏။ စခန်းမှူးကတော့ ...

"ထွန်းဦးဆိုတာ သေသူပဲဖြစ်မှာ မလွဲပါဘူး ... ထွန်းဦးဟာ လူဆိုးတစ်ယောက် ဖြစ်တာလည်း သေချာပါတယ်လေ ... စဉ်[illegible]းစရာက ငွေစက္ကူအတုကိစ္စပဲ ... ငွေစက္ကူအတုတွေ ဆိုတော့ ဓားပြတိုက်ရလာတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင် ဘူး ... ဒီကောင်ဟာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး ... ဒီ ကောင်ဟာ ငွေတုဂိုဏ်းက ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် ဂိုဏ်း နှစ်ဂိုဏ်း အရောင်းအဝယ်တစ်ခုခု လုပ်ရာက ကလိန်ကျပြီး ငွေတုတွေ ပေးလိုက်တာပဲ ဖြစ်လိမ့်မယ် ... ဘယ့်နယ် သဘောရလဲ ဦးဝဏ္ဏစိုး ... "

ဟု ကောက်ချက်ချမှတ်ချက်ပေး၏။

"ဖြစ်နိုင်စရာအများကြီးရှိတာပေါ့ ဦးတင့်ဆွေ ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖို့ တာဝန်တစ်ခု ပိုလာတယ်ဆို ရင်တော့ အမှန်ဆုံးပဲ ... ကဲ ... ဒီလိုလုပ်ဗျာဦးတင့်ဆွေ... ခင်ဗျားတို့ ရဲဘက်အနေနဲ့ ကားကိစ္စကိုသာ စုံထောက်မှုနဲ့



ဆက်လိုက်ပါ ... ကားပိုင်ရှင် တစ်ယောက်ယောက်ပေါ် တယ်ဆိုရင်ပဲ အမှုအတွက် အခွင့်အလမ်းတစ်ပုံကြီး သာသွား ပြီမှတ်လား ... ကျွန်တော့်ဘက်က ထွန်းဦးအဆက်ကို လိုက်မယ် ... ပူးပေါင်းမှုရှိတဲ့အနေနဲ့ အကြောင်းထူးရင် တစ် ယောက်ကို တစ်ယောက် အသိပေးပေါ့ ... ဒီတော့ ကျွန်တော်ငွေထုပ်တစ်ထုပ်ကို လမ်းစဉ်အတိုင်း လက်မှတ် ထိုးပြီး ခနယူသွားမယ် ... တစ်ရက်နှစ်ရက်အတွင်း ပြန်အပ် ဖို့ တာဝန်ခံတယ်ဗျာ ... ဖြစ်မယ်ဟုတ်လား ... "

သို့ဖြင့် ငွေကိုယူ၍ ကျေးဇူးတင်စကားပြောပြီးသည့် အဆုံး၊ ဝဏ္ဏစိုးလည်း ရဲစခန်းဝင်းအတွင်းမှ ပြန်ထွက်ခဲ့၏။ သဲလွန်စ မှန်လျှင် ပူပူနွေးနွေးလိုက်နိုင်မှ အကျိုးရှိကြောင်း နားလည်ပြီးသော ဝဏ္ဏစိုးက သမိုင်းဘူတာရုံလမ်းသို့ အရောက် ဘီးနှစ်ဘီး မြေကြီးနှင့် မထိတထိ စီးလာခဲ့သည်။ လိပ်စာအတိုင်း အတော်ကြီးရှာရ၏။ တွေ့မှတွေ့တော့ စက်ရုံကြီးများကြား ချောင်တစ်နေရာရှိ ပျဉ် ထောင်အိမ်လေးတစ်လုံး ဖြစ်နေသည်။ ဘေဘီအေး၏ မျက်နှာကို ကွက်ကွက်ထင်ထင် မြင်ယောင်မှော်လင့်လျက်၊ လူသံပေးတံခါး ခေါက်လိုက်သည်။ ခုတစ်ခါတော့ ဝဏ္ဏစိုး၏စိတ်ကူးနှင့် လက်တွေ့ က တိတိကျကျလွဲချော်သွားချေပြီ။ ဘယ်သူလဲမေးရင်း ရောက်လာ သော အသက်၄၀နီးပါး မျက်နှာစိမ်းအမျိုးသမီးဝဝကြီးကို ရင်ဆိုင်

လိုက်ရသည့်နောက် ...

"ဦးထွန်းဦးနှင့် ခဏတွေ့ချင်လို့ပါ ... ကျွန်တော် ကိုထွန်းဦး
ရဲ့မိတ်ဆွေ ခင်စိုးပါ ... "

"ကိုထွန်းဦးမရှိဘူး ... ပြန်မလာတာ သုံးလေးရက်ရှိပြီ"

"ဒီလိုဆို အစ်မကြီးနဲ့ ပြောရင်ဖြစ်မလား မသိဘူး ... စိ
မရှိပါနဲ့ခင်ဗျား ... အစ်မကြီးနဲ့ ကိုထွန်းဦးတို့က ... "

"လင်မယားတော်တယ် ... လင်မယား ... ကဲ ဘာကိ
ပြောမလဲ မအားရတဲ့ကြားထဲ ရှုပ်ရှုပ်ယှက်ယှက် ... "

"စိတ်မဆိုးပါနဲ့ အစ်မကြီးရာ ... ကိုထွန်းဦးကို ကျွန်တေ
ပေးစရာရှိလို့ပါ ... "

"ဘာများပေးမှာမို့လဲ ... "

"ငွေနှစ်ထောင် ... "

စကားမဆုံးမီ တံခါးပွင့်သွားသည်။ ခနော်ခနဲ့ ပက်
လက်ကုလားထိုင် တစ်လုံးပေါ်တွင် ဝဏ္ဏစိုးဝင်ထိုင်ရသည်။ အနည်
ငယ်မျက်နှာချိုလာသော အမျိုးသမီးကြီးအား မြှောက်၍တစ်မျိုး
ထောက်၍တစ်ဖုံ အစ်၍တစ်သွယ် စကားလက်ဆုံကျလိုက်ပြီး ထွန်
ဦးနှင့်ပတ်သက်သမျှ လှည့်ပတ်စုံစမ်း၏။ ဒေါ်မြမြအမည်ရှိသေ
အမျိုးသမီးကြီး၏ အဖြေများက အားရှုယ်မရှိ။ တစ်နည်းဆိုလျှ
ထွန်းဦး၏ အပေါင်းအသင်း အလုပ်အကိုင်များကို တကယ်ပဲ မသိ



သလော၊ သိလျက်နှင့် ဖုံးကွယ်နေခြင်းလော ဝဏ္ဏစိုး မဝေခွဲနိုင်ခဲ့။ သို့သော် အနည်းဆုံး တစ်ခုလောက်ကိုတော့ လိမ်လည်နေကြောင်း ဝဏ္ဏစိုး ကောင်းကောင်းကြီး သိရှိလိုက်ရသည်။ ဝဏ္ဏစိုးက တော်တော်နှင့် ပိုက်ဆံမပေးဘဲ တွေ့ကရာရှစ်သောင်းတွေ အချိန်ဆွဲပြောပြီးမှ ရဲစခန်းကတည်းက သတင်းစာစက္ကူဖြင့်ပတ်၍ ကုတ်အင်္ကျီအိတ်ထဲ ထည့်ယူလာသောငွေထုပ်ကို ဖြေပြလိုက်၏။ ထောင်မလဲသဲကျော် နှစ်ဆယ်တန်တွေကို မြင်လိုက်လျှင်ပင် ... ဒေါ်မြမြတစ်ကိုယ်လုံး တုန်တက်သွားပြီး ...

"စကားကောင်းနေလိုက်ကြတာကွယ် ... မောင်ခင်စိုးကို
လက်ဖက်ရည်လေး ဘာလေး တိုက်ဖို့တောင် သတိမရ
တော့ဘူး ... မမြလည်း တစ်ယောက်တည်း ဖတ်သီဖတ်
သီနဲ့ ညှိသည်လာလို့လည်း ညှိဝတ်မကျေနိုင်တော့ဘူး
ပေါ့ကွာ ... ကဲ ... လက်ဖက်ရည် သွားဖျော်လိုက်ဦးမယ်
ခဏနော် ... "

ဝဏ္ဏစိုးက ဟန်လုပ်တောင်းပန်သည်ကိုပင် လက်မခံဘဲ အိမ်နောက်ဖေးသို့ စွတ်ဝင်သွား၏။ ဝဏ္ဏစိုးအကြိုက်ပင်။ ထိုင်နေရာမှထ၍ အနီးရှိ စာရေးစားပွဲခုံနှင့် ဆွဲအံကလေးများကို မွှေနှောက်ရှာဖွေနိုင်ခွင့်ရလိုက်ခြင်းကြောင့်ဖြစ်၏။ ဒီအလုပ်မျိုးတွင် သူ လျှင်မြန်ကျွမ်းကျင်ပြီးသား ဖြစ်သမို့ ဒေါ်မြမြ မလာခင်တွင် နှံ့နှံ့

စပ်စပ်ရှာနိုင်ခဲ့လင့်ကစား၊ လိပ်စာကတ်ပြားတစ်ထုတ်မှလွဲ၍ အ
တစ်ခုမျှ မတွေ့ခဲ့ရချေ။ လိပ်စာကတ်ပြားလေးများမှာ ဖြောင်ဖြ
သော်လည်း၊ စောရဘုရင်တံဆိပ် ရိုက်နှိပ်ထားသည့် ကတ်ပြားမျိ
နှင့် အရွယ်အစားချင်းပါ တူညီနေသဖြင့် တစ်ရွက်ယူ၍ အိတ်ထ
ထည့်လိုက်၏။ ထို့အပြင် စားပွဲခုံအောက်မှ နောက်ကျောတွ
တစ်စုံတစ်ခု ရေးမှတ်ထားသော ရုပ်ရှင်လက်မှတ် နှစ်စောင်ကိုပ
ရှာဖွေရရှိခဲ့၏။ လက်ဖက်ရည်ပန်းနှင့် ဒေါ်မြမြရောက်လာသောအခါ
စားပွဲအနီး၌ ဝဏ္ဏစိုးအား ငုတ်တုတ်လေး မိသွား၏။

"ကုလားထိုင်တွေက ကြမ်းပိုးထိုးလွန်းလို့ အောက်ဆင်း
ထိုင်နေပြီနဲ့တူတယ် … ဟဲ … ဟဲ … မမြအိမ်ကတော့
ကြမ်းပိုးတိုင်းပြည်ပဲ မောင်ခင်စိုးရေ့ … ကဲ … လက်ဖက်
ရည်လေးများသောက်လိုက်ပါဦး … "

"မသောက်တော့ဘူး မမြ … ကျွန်တော်ပြန်တော့မယ်"

ငွေနှစ်ထောင်ထုပ်ကို အိတ်ထဲပြန်ထည့်ရင်း မတ်
တတ်ရပ်ပြောလိုက်သော ဝဏ္ဏစိုး၏စကားကို ဒေါ်မြမြမှာ ဘယ်လို
မှ အဓိပ္ပာယ်မပေါက်နိုင်အောင် ဖြစ်သွားပုံဖြင့် …

"ဘာပြောတယ် မောင်ခင်စိုး … ပြန်တော့မယ် ဟုတ်လား"

"ဟုတ်တယ်မမြ … ပြန်ဆို ကျွန်တော်သိချင်တာလေး
တွေ သိခဲ့ရလို့ပဲဆိုပါတော့ … ဒီမယ်မမြ … ကျွန်တော်



ဟာ မမြယောကျ်ားကိုထွန်းဦးရဲ့ သူငယ်ချင်းဆိုတာ ညာ
တာဗျ … တကယ့်တကယ် ကိုထွန်းဦးကို သိဖို့နေနေသာ
သာ လူချင်းတောင် မမြင်ဘူးခဲ့ဘူး … ကျွန်တော့်နာမည်
ဟာလည်း မောင်ခင်စိုးမဟုတ်ဘူး … "

"ဟင် … ဒါဖြင့် … မင်း … မင်း … "

"ဝဏ္ဏစိုးတဲ့ … ငွေစက္ကူအတုတွေ့မှုနဲ့ ကိုထွန်းဦးကိုဖမ်းမိ
ထားလို့ လာစုံစမ်းတာပဲ … ခုနက ငွေနှစ်ထောင်ဟာ
လည်း သူ့ဆီက မိလာတဲ့အတုတွေထဲက လိုလိုမယ်မယ်ဆို
ပြီး ယူလာတာပေါ့ … ဒီထက်ပိုပြီး ပြည့်ပြည့်စုံစုံသိချင်ရင်
တော့ ဗဟန်းဂတ်ကို သွားမေးပေတော့…ကဲ … ကျွန်တော့်
ကို သွားခွင့်ပြုပါ … ကျေးဇူးတင်ပါတယ် မမြ … "

အသက်မရှူတမ်း ဒိုးဒိုးဒေါက်ဒေါက်ပြောချပြီး၊ အိမ်
ပေါ်မှ လှည့်ဆင်းသွားသောဝဏ္ဏစိုးအား မယုံနိုင်လောက်အောင်
အံ့အားကြီးသင့်လျက်ငေးရင်း အာစေးထည့်ထားသလို ပါးစပ်
အဟောင်းသားဖြစ်၍ ဒေါ်မြမြမှာ ကျန်ခဲ့ရ၏။ အိမ်ရှေ့မှ မော်
တော်ဆိုင်ကယ်ကို ခွတက်စက်နှိုးပြီး ထွက်ခဲ့သည်အထိပါပေတည်း။

— ။။ ။။ —

## [ ၅ ]

အချိန်ကညရ–နာရီ ၁၅မိနစ်ရှိချေပြီ။

ဝဏ္ဏစိုးသည် သူမော်တော်ဆိုင်ကယ်အား ရန်ကုန်မြို့လည်ဘက်သို့ ဦးတည်ရှေ့ရှု၍ ပြည်လမ်းမကြီးအတိုင်း ဒုန်းစိုင်းမောင်းချလာ၏။ ၈–နာရီခွဲလျှင်ပိတ်သော လသာလမ်းရှိ ယူနန်ဟိုတယ်ကို အချိန်မီရောက်ဖို့ အရေးကြီးသည် မဟုတ်ပါလား။ ယူနန်ဟိုတယ်သို့ ဆက်သွားရခြင်းအကြောင်းရင်းကိုပြောရလျှင် ဒေါ်မြမြလိမ်ခဲ့ခြင်းကိုလည်း ချန်လှပ်ထား၍မဖြစ်။ အမိက, ကတော့ယနေ့မနက် ၁၂–နာရီခွဲပွဲ ပပဝင်းရုပ်ရှင်ရုံ ၂–ကျပ်ခွဲတန် လက်မှတ်နှစ်စောင်ကြောင့်ပင်ဖြစ်၏။ တစ်နေ့တာဖြစ်ရပ်အားလုံးကို ပြန်လည်တွက်စစ်ကြည့်မည်ဆိုပါက ၁၀–နာရီကျော်ကျော်လောက်တွင် အောင်အောင်တို့အား ပြတိုက်ကို ရုပ်ရှင်သွားရိုက်ခိုင်းခဲ့၏။



သူတို့ ပြင်တာဆင်တာနှင့် ၁၁–နာရီအလွန်ဆုံး ပြတိုက်ရှေ့ကိုရောက်မှာတော့သေချာ၏။ သူတို့ရောက်၍ နာရီဝက်အကြာ၌ ထွန်းဦးနှင့်ဘောဘီအေးတို့ အကဲခတ်ရောက်လာပုံရ၏။ ထိုမှတစ်ဆင့်၁၂–နာရီခွဲပွဲ ရုပ်ရှင်ဝင်ကြည့်ကြမည်။ ရုပ်ရှင်က နိုင်ငံခြားကားဖြစ်သောကြောင့် ၃–နာရီမထိုးမီပြီး၍ ထွက်ခဲ့ကြရာမှ ရေခဲတိုက်ကိုလာကြည့်ကြမည်။ ဤတွင် ရေခဲတိုက်အနီးရောနေသော အောင်အောင်က မသက်ဘဖွယ်ထိုနှစ်ယောက်ကို ရစ်သီကာ ဓာတ်ပုံရိုက်ယူထားလိုက်၏။ ထွန်းဦးနှင့်ဘောဘီအေး တစ်နေရာသို့ ပြန်ခဲ့ပြီးမှ၊ လုပ်ငန်းအစီအစဉ်ဖြစ်၍ အချိန်းအဆက်လုပ်ရာနေရာကို ရုပ်ရှင်လက်မှတ်နောက်ကျောတွင် ရေးမှတ်ထားခဲ့ဟန်တူ၏။ ထွန်းဦးကဘောဘီအေးနှင့်ခွဲ၍ ဒေါ်မြမြအိမ်သို့ပြန်လာမည်။ ရေမိုးချိုး၍ခိုင်းစေချက်ကို ဆောင်ရွက်ရန်ပြန်ထွက်မည်။ အိမ်တွင် အဝတ်လဲရင်း ရုပ်ရှင်လက်မှတ်တွေကိုတော့ သတိလစ်၍ အမှတ်တမဲ့ စားပွဲအောက်သို့ လုံးချေပစ်ခဲ့သည်ထင်၏။ ရုပ်ရှင်လက်မှတ်နောက်ကျောတွင် ရေးမှတ်ထားသည်ကား 'ဦးဟုတ်လျှိုင်၊ လသာလမ်း ယူနန်ဟိုတယ် ညနေ၆–နာရီခွဲ' ဟုပင်။

ဒါကြောင့်လည်း ဒေါ်မြမြလိမ်ခဲ့ကြောင်း နားလည်ခဲ့ရသလို၊ ယူနန်ဟိုတယ်ပိုင်ရှင် ဦးဟုတ်လျှိုင်အကြောင်းသိထားသော ဝဏ္ဏစိုးက ယခုကဲ့သို့ ယူနန်ဟိုတယ်ကို မလာမဖြစ် ခရီးပြင်း

နှင့်လာခဲ့ခြင်း ဖြစ်ပါတော့သည်။

ဦးဟုတ်လှိုင်အကြောင်းသိထားသော ဝဏ္ဏစိုးက ယခုကဲ့သို့ ယူနန်ဟိုတယ်ကို မလာမဖြစ် ခရီးပြင်းနှင်လာခဲ့ခြင်းဖြစ်ပါတော့သည်။

ဦးဟုတ်လှိုင်ဆိုသည်မှာ လူကြီးလူကောင်းဟန်ဆောင် ကြောင်သူတော် ကလိန်ကြကြီးသာဖြစ်၏။ ဟိုတယ်ကိုပန်းပြ၍ လူမိုက်မွေး၊ မှောင်ခိုစသောဒုစရိုက်မှုများကို ကျူးလွန်နေ၏။ ရက်စက်ကောက်ကျစ်ရာ၌လည်း နာမည်ကြီး၏။ ဒါတွေကို ဆိုင်ရာနှင့်တကွ ဆိုင်ရာတွေကမသိမဟုတ်။ သိပေမယ့် လက်ဆုပ်လက်ကိုင် လက်ပူးလက်ကြပ်မတွေ့ရသေးသဖြင့်လည်းကောင်း၊ အရှိန်အဝါနှင့် အရှောင်အလှည့်ကောင်း၍လည်းကောင်း စိတ်ရှည်ရှည်ကြီးရှည်ရှည်လွှန်ထားခဲ့ရ၏။ ခုတော့ ဟုတ်လှိုင်ကို အပြွတ်ကိုင် အပိုင်ထုဖို့ အကွက်ပေါ်ချေပြီ။ အယုတ်ပြိုင်မယ်၊ နိုင်ပဲ့မလား၊ ပြေးမယ်တော့မကြံနဲ့ ဦးဟုတ်လှိုင်။

ဝဏ္ဏစိုးကကြိမ်းဝါးရင်း ဟိုတယ်ရှေ့၌ မော်တော်ဆိုင်ကယ်ထိုးရပ်လိုက်သည်။ ကံကောင်းထောက်မစွာပင် ဟိုတယ်တံခါးပိတ်နေခြင်းကို မိရုံလေးမြင်လိုက်သဖြင့် ကပျာကယာဆင်းခဲ့ရသည်။

"ဟိုတယ်ပိတ်ပြီဆရာ ... အရက်လည်း မရတော့ဘူး ..."



အသံရှင်က ဗလကောင်းကောင်းနှင့် ကရင်လိုလို စားပွဲထိုးတစ်ယောက်ဖြစ်ပြီး၊ ပိတ်နေဆဲ နောက်ဆုံးခေါက်တံခါးချပ်ကို ခြေထိုးခု၍ ဝင်မည်ပြုသည့် ဝဏ္ဏစိုးအား ဟန့်တားခဲ့ရာ ...

"အရက်သောက်ဖို့မဟုတ်ပါဘူး သူငယ်ချင်းရာ ... ဦးဟုတ်လှိုင်နဲ့တွေ့ချင်လို့ ..."

"ဦးဟုတ်လှိုင် ဒီမှာနေတာမှ မဟုတ်ဘဲဗျ ..."

"အေး ... ဒီမှာမနေပေမယ့် ဒီဟိုတယ်နောက်တည့်တည့်က ဟိုဘက်လမ်း ၂၀-မှာနေတာ ငါသိတယ် ... ဒီဟိုတယ်နဲ့သူ့အိမ်ကိုလမ်းကြားဖောက်ပြီးဆက်ထားတာလည်းငါသိတယ်"

"သိရင်လည်း မနက်ကျမှလာတော့ ... ဆရာကြီးက ခုည ဘယ်သူနဲ့မှ အတွေ့ခံမှာမဟုတ်ဘူး ..."

"ဝဏ္ဏစိုးက အရေးတကြီးတွေ့ချင်တယ်ဆိုရင် မင်းဆရာ ထွက်တွေ့မှာပါလေ ... ကဲ ... ဖယ်စမ်းကွာ ကြာတယ်"

"ခင်ဗျား လူစကားနားမလည်ဘူးလားဗျ ... ပြောရင်းဆိုရင်းကြားထဲက ..."

ဝဏ္ဏစိုးက အတင်းတိုးဝင်မည်ပြုသည်။ မောင်ဗလက တွန်းခံထားဆီးရင်း စိတ်မရှည်တော့သည့်အဆုံး တံခါးကို နောက်ပြန်ဆွဲ၍ လွှဲပိတ်ဖို့ကြံလိုက်၏။ ဒီအကြံက သူ့ခြေထောက်များကို ရိုက်ချိုးမှာကို ရိပ်မိသွားသော ဝဏ္ဏစိုးကလည်း ရပ်မနေဘဲ

အပြင်မှညာခြေထောက်ကိုသုံးလျက် ကျုံးကန်ပစ်လိုက်၏။ မောင်ဗလမှာ စိတ်အကြံမမြောက်သည့်အပြင် ဖင်ထိုင်လျက် ပက်လက်လန်သွားရသည်။ ဝဏ္ဏစိုးက ဟိုတယ်ထဲ တစ်ကိုယ်လုံးပစ်ခဲ့သည်။ စားပွဲတစ်လုံးမှ လက်ကျန်ရှင်းနေသူ ဖောက်သည်နှစ်ယောက်က အံလန့်တကြား လှည့်ကြည့်လာ၏။ မန်နေဂျာဖြစ်သူနှင့် အခြားစားပွဲထိုးတစ်ယောက်၊ တရုတ်နှင့် ကုလားဒိန်လူမိုက်နှစ်ယောက်ကိုတော့ မကျေမနပ်မြင်လိုက်ရသည်။

ကုလားဒိန်က အားလုံးရှေ့မှထွက်၍ လူစွမ်းကောင်းကြီး လုပ်၏။

"ဒါတော့ ကိုယ့်လူ သိပ်စော်ကားလွန်းပြီထင်တယ် ... ဝင်ခွင့်မပြုပါဘူးဆိုကာမှ ဇွတ်တိုးလာတာ ... ဘာလဲ ... သေနေ့မစေ့မှာစိုးလို့ အသက်ကို လာလှူတာပေါ့လေ ...ဟုတ်စ"

"ငါလေကုန်ခံပြီး မပြောချင်ဘူးသူငယ်ချင်း ... ချောက်လို့ရမယ်အထင်နဲ့ လာဟောက်မနေနဲ့ ... မင်းနာရုံပဲရှိမယ် ... ဝဏ္ဏစိုးပဲကွာ ... တော်ရုံသွေးနဲ့ ဒီမလာဘူးမှတ်၊ မင်းတို့ဦးဟုတ်လှိုင်ကိုသာ ငါ့ကို ထွက်ကြိုဖို့သွားပြောချည်"

ထိုစဉ် တရုတ်က ဘေးတိုက်အလစ်ချောင်းနေရာမှ ဖြ-လက်မဓားတစ်ချောင်း အုပ်ကိုင်ကိုင်လျက် ခုန်ခုန်အော်အော်ဝင်လာသည်။ ဝင်လဲဝင်ပင့်လဲထိုးမို့ ဝဏ္ဏစိုးသာ မလျက်ခဲ့လျှင် နံရိုး



ကြားထဲအစိုက်ခံရမည်မလွဲ။ ခုတော့ တစ်ခန်းလုံးကို မျက်ခြည်မပြတ်ဘဲ အသင့်ပြင်ထားသည်နှင့်အညီ၊ ဘယ်ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပြီး၊ ကိုယ်ကိုညွတ်တိမ်းလိုက်သောကြောင့် ဓားမှာ လေတွေကိုသာ အားရပါးရထိုးမိသည်။ တရုတ်ခမျာ လွဲချက်နာမှုအတွက် တက်ကလေးပင်မခေါက်လိုက်ရပါ။ ငိုက်စိုက်ထိုးဝပ်စင်းပေးမိလျက်သားသော ကုတ်ပိုးကို လက်ဝါးစောင်းဖြင့် နှံလိုက်ခြင်းခံလိုက်ရသည်။ မျက်စွက်နှင့် ကြမ်းပြင် တစ်ချိုတည်းဖူးစာဆုံပြီးလေးဘက်ပစ်မှေ့သွားသည်။

တံခါးဝမှ စားပွဲထိုးမောင်ဗလက စိတ်မကျေပွဲ စိန်ခေါ်ပြန်၏။ ဘက်ကဆွဲလာမှန်းမသိသော သံဒုတ်တစ်ချောင်းကိုယမ်းယမ်းဆဆလုပ်ရင်း ဝဏ္ဏစိုးအား မျက်နှာချင်းဆိုင်လာခြင်း ဖြစ်သည်။ ဝဏ္ဏစိုးကလည်း လက်နှစ်ဖက်နှင့် ခွေးခြေတစ်လုံးကိုဖျတ်ခနဲ ကောက်ကိုင်ကာဘာလုပ်၏။ မောင်ဗလက သံတုတ်ကိုဝါးခြမ်းပြားလေးသဖွယ် လှည့်ကစား၍ ဒလမန်းကြမ်းလိုက်ရိုက်တော့၏။

ဝဏ္ဏစိုးလည်း စားပွဲခုံများအကြား လှည့်ပတ်ရင်းနောက်ဆုတ်နှင့် ခွေးခြေနှင့်ခုခံသည်။ ငွေ့ပိုင်းမိုးခုတ်ဝင်လာသောရိုက်ချက်များသည် ဝိုးခနဲလည်း ပွတ်ချောင်သွားတတ်၏။ ခွေးခြေကို ထောင်လိုက်ဒေါင့်ဖြတ်စသည်ဖြင့် ဒုတ်ခနဲမြည်၍ ဖြောင်းခနဲ

ကျွိုးအောင်လည်း ထိတတ်၏။ တစ်ခါမှ မောင်ဗလ၏ရိုက်ချက်အား ပြင်းသွားသည်ကြောင့် ဝဏ္ဏစိုးလက်ထဲမှ ခွေးခြေလွတ်၍ လွင့်ထွက်သွားရုံမက၊ လူကိုယ်တိုင်အရှိန်နောက်ပါသွားကာ စားပွဲတစ်လုံးပေါ်သို့ ယိုင်လဲခဲ့ရ၏။ ထိုမှတစ်ဖန် သူ့ကိုယ်အလေးချိန် ပေါင် ၁၆၀-ဖိအားနှင့် လဲအားဒဏ်တို့ ပေါင်းဖိမိသဖြင့် စားပွဲခုံအရှည်မှာ မှောက်ပြိုခဲ့ရပြန်သည်။ ဝဏ္ဏစိုးလည်း စားပွဲပိုင်းချပ်ကြီးနှင့်တကွ ရေတ်ဆီပုလင်း၊ ငံပြာရည်ပုလင်း၊ တူဘူးများဖြင့် လုံးလားထွေးလား ကြမ်းပြင်ပေါ်သို့ ပက်လက်လန်ကျသွားတော့သည်တွင် ...

"လူပါးဝတဲ့ခွေးမသား ... ခု ဘာတတ်နိုင်သေးလဲ ... ဟား... ဟား ... ဟား ... "

စားပွဲထိုးကရင်ဗလမောင်က ပြေးတည့်လာပြီး ဝဏ္ဏစိုးကိုယ်ပေါ်ခွရပ်လိုက်ကာ သံတုတ်ကို စုံကိုင်လာရင်း စကားနာထိုးလိုက်၏။ လက်နှစ်ဖက်နောက်ပြန်ထောက်လျက်သား လဲကျနေခဲ့သော ဝဏ္ဏစိုးအဖို့ တမုဟုတ်ချင်း ချွေးပြန်လာရ၏။

သူ့ကျိုင်းစလွယ်အောက်ရှိ လက်သုံးတော်လူဂါကို ပထမဆုံးသတိရလိုက်သည်။ သို့သော် သူ့ညာဘက်လက်ကို ကြွမိလှုပ်ရှားပြီး ဘယ်ဘက်ကျိုင်းအား နှိုက်နိုင်ဖို့အခွင့်အလမ်းကတော့ ရာနှုန်းပြည့် နည်းပါးလှချေ၏။ ရိုက်လိုက်ပြီဆိုကလည်း ရှောင်ရန်မလွယ်။ ကံအားလျော်စွာပင် ညာဘက် သူ့လက်ဖျားကလေးများ



က တစ်စုံတစ်ခုကို နောက်ပြန်စမ်းမိလိုက်သည်။ အားတက်သွားလင့်ကစား ဣန္ဒြေမပျက်စေဘဲ ဗလမောင်ကြီး၏မျက်နှာကိုသာ စူးစူးစိုက်စိုက် မော့ကြည့်ထားလိုက်၏။

ဒါကြောင့်ပင်၊ သူ့ရန်သူတော်က ဂေါက်သီးရိုက်သည့်ပမာ သံတုတ်ကို အားရပါးရလွှဲ၍ ရိုက်ရန်ရွယ်လိုက်သည်နှင့်၊ စမ်းမိထားသော ပုလင်းခေါင်းကို ဖမ်းဆုပ်ပြီး တစ်ဆက်တည်း ဘယ်လက်ပေါ်တွင် တစ်ကိုယ်လုံးစောင်းငှဲအားပြုရင်း၊ ရန်သူထံသို့ ပင့်ဆွဲဆွဲ၍ ပစ်လိုက်မိ၏။ ဝဏ္ဏစိုးလက်မှန်းကောင်းလှသည်။ ပုလင်းက သံတုတ်ကြီး ရွယ်ရင်းတန်းလန်းအနေအထားမှ ရန်သူ့မျက်ခွက်ကို စွပ်စွပ်ရွတ်ရွတ်ကြီး တန်းထိသွားခဲ့သည်။ ရန်သူခမျာ ကံခေချင်တော့ ... ဝဏ္ဏစိုးဆွဲပစ်လိုက်သည့်ပုလင်းက ရေတ်ဆီပုလင်းဖြစ်နေပြီး၊ သူ့နှာသီးထိပ်ကို ဒေါင်လိုက်ကျကျထိခဲ့သည်။ ဖော့ဆို့လည်းပွင့်သွားသည်။

ရေတ်ရည်များက မျက်ခွက်တစ်ခုလုံး ချင်းချင်းနီပက်ဖြန်း၍၊ မျက်လုံးထဲ နှာခေါင်းထဲအရောက် ဝင်ခဲ့ရသည့်နောက်၊ ဗလမောင်ကြီးခမျာ မျောက်ရှူးခတ်လိုက်သလို မိုးမမြင်လေမမြင် ထွန့် ထွန့်လူးနေဆဲ၌၊ ဝဏ္ဏစိုးက ဒုတိယဆင့် ထိုးစစ်ဆင်၏။ မြှန်းဆိုတစ်ဟုန်ထိုးထပြီး ကိုးရိုးကားရားဖြစ်နေသော ကရင်ဗလကြီး၏ သံတုတ်ကိုက်လက်ကို အမိဖမ်းကိုင် လှန်ချိုးခဲ့ခြင်းဖြစ်သည်။ ကရင်

ဗလကြီးက ရှုံ့မဲ့ညည်းညူရင်း သံတုတ်ကို လွှတ်ချလိုက်ရ၏။ ထို… ကုလားဒိန်လူမိုက်သည် မရဲဘဲနှင့် ကျွဲစီးဆိုဘိလို အရက်ပုလင်းတ… လုံး၏ ဖင်ပိုင်းကို ခွမ်းခနဲရိုက်ခွဲပြီး ဝဏ္ဏစိုးအား ပြေးထိုးမည်ပြု… ဒါကို ဖမ်းမြင်လိုက်သော ဝဏ္ဏစိုးလည်း သူ့လက်တွင်းရှိ သားကော… ဗလမောင်၏ ခန္ဓာကိုယ်ကို လက်နက်အဖြစ် အသုံးချ၍ ဝင်လုဆဲ… ဟန်တဆိုင်းဆိုင်းဖြစ်နေသော ကုလားဒိန်ဆီသို့ ကျောပိုးပေါက်… နည်းဖြင့် ပစ်ပေါက်လိုက်၏။ ဝဏ္ဏစိုးလက်က သွက်သလော… ယဉ်ကျေးသည်။ စားပွဲထိုးဗလကြီးမှာ ခြေနှစ်ချောင်းမိုးပေါ်ဖြ… တစ်ကိုယ်လုံးလေထဲ ဝဲပျံတက်သွားရသလို၊ ကုလားဒိန်လူမိုက်ပေါ် သို့ အထိနာနာကျပြီး နှစ်ယောက်စလုံး ပုံလဲခဲ့ရတော့သည်။ သူတို့ နှစ်ယောက် ပြန်ထမလာနိုင်ခင်၊ ဝဏ္ဏစိုးက အနီးသို့ပြေးကပ်၍ ဆံပင်ဘုတ်စနှစ်ဖက်ကိုဆွဲကာ ကျွဲနှစ်ကောင်ဝေါ်သလို ခေါင်းနှစ် လုံးကိုတိုက်ပေးလိုက်ပြန်၏။ ခွပ်ခနဲ နဖူးကွဲသံနှင့်အတူ အန္တရာယ် ကောင်နှစ်ဦးလည်း လောကကြီးအပြင်ဘက် အလည်အပတ်ထွက် သွားကြတော့သည်။

ဝဏ္ဏစိုးက အတော်မောသွားဟန်ဖြင့် လေပူပြင်း… တစ်ချက်မှုတ်ထုတ်ရင်း ခါးဆန့်ရပ်လိုက်မိသည့် အချိန်တွင်မှ အခန်း… တစ်ခုလုံး ငြိမ်းချမ်းရေး ရနေခဲ့ချေပြီ။ တစ်စပြင်ကဲ့သို့ တိတ်ဆိတ် သွားသည်ဆိုလည်း မမှား။ ဖောက်သည် အရက်သမားနှစ်ယောက်



ာ ရန်ပွဲစကတည်းက ထွက်ပြေးခဲ့ပြီဖြစ်သည့်အတိုင်း၊ မန်နေဂျာ ဘရတ်နှင့် စားပွဲထိုးလူငယ်လေးတို့ကိုသာ တုန်တုန်ယင်ယင် ကြောက်ကြောက်လန့်လန့် တွေ့ခဲ့ရတော့သည်။

ထို့နောက်တော့ မန်နေဂျာဘရတ်၏ လမ်းပြခေါ် ဆောင်မှုဖြင့် ဟိုတယ်နောက်ရှိ လမ်းကြားကိုဖြတ်၍ ဦးဟုတ်လှိုင် ၏တိုက်ခန်းသို့ ရောက်ခဲ့ရလေ၏။ မန်နေဂျာဖြစ်သူက ကွဲကွဲကွကွ ပြောရင်း တံခါးလာဖွင့်ပေးသော ပစ္စတိုကျင်စိန်ဟု ဝဏ္ဏစိုးသိထား သူ မှုန်တေတေတရုတ်ကပြားထံ သူ့ကိုအပ်ပစ်ခဲ့ရာမှ လှပခမ်းနား သော ဧည့်ခန်းမကြီးအတွင်းရှိ ဆိုဖာရှည်ကြီးတစ်လုံးထက် ဝင်ထိုင် ခဲ့ရသည်။ ပစ္စတိုကျင်စိန်လည်း အမျိုးသမီးတစ်ယောက်၏ ငရစ် ဘက်ရှိသံလေးများ မတိုးမကျယ်ထွက်ပေါ်နေရာ အိပ်ခန်းဝသို့ သွား၍ ဦးဟုတ်လှိုင်ကို ခေါ်လိုက်သည့်အဆုံး မျက်ကွင်းချောင် ချောင်နှင့် ဦးဟုတ်လှိုင်က ပြူးပြူးပြာပြာ သူ့ရှေ့မှောက် ထွက်တွေ့ ခဲ့တော့သည်။

ဦးဟုတ်လှိုင်ကား နာမည်သာကြီးသည်။ လူက ပု ပျပ်ပျပ်ဝိန်ညှက်ညှက်ကလေးသာဖြစ်၏။ သည်ကြားထဲ ညဝတ် အင်္ကျီကြီး ဖိုးရိုးဖားရား၊ ဘဲပြီးဆံတောက်၊ ရွှေသွားအပြုံလိုက်တို့ဖြင့် အချိုးမကျသော ပုံပန်းပေါ်နေ၏။ သို့ပေမယ့် ဦးဟုတ်လှိုင်၏စကား သံကမူ ဝိပီသသထက်မြက်စူးရှလှပါသည်။

"ညကြီးအချိန်မတော် ဘာကိစ္စများ ဒီလောက်အရေးကြီး လာလို့လဲ ကိုဝဏ္ဏစိုးရဲ့ ... "

ဦးဟုတ်လှိုင်က ပန်းတင်ကျောက်စားပွဲလေးကြား ခြားသော ဆိုဖာတစ်လုံးတွင် ဝင်ထိုင်ရင်း စတ်ပြုံးပြုံးလေး ပြော လိုက်ခြင်းဖြစ်၏။ သည်အပြုံး၏ အနှစ်သာရကင်းမဲ့သော အဖြစ်ကို လည်းကောင်း၊ သည်အပြုံး၏နောက်ကွယ်မှ ရက်စက်ကောက်ကျစ် ခြင်းနှင့် အလိုမကျမှုများကိုလည်းကောင်း၊ ဝဏ္ဏစိုး ချင့်ပိုင်းနားလည် လိုက်မိရာမှ ...

"အနှောင့်အယှက်ပေးတယ်လို့တော့ မထင်ပါနဲ့ဦးဟုတ် လှိုင် ... ခင်ဗျားနဲ့ကျွန်တော် အရေးပေါ်ဆွေးနွေးစရာလေး တွေ ရှိလို့ပါ ... ဖြစ်နိုင်ရင် အနှောင့်အယှက်မရှိ လွတ်လွတ် လပ်လပ် နှစ်ယောက်ထဲပြောချင်တယ်ဆိုပါတော့ ... "

ဝဏ္ဏစိုးက ဦးဟုတ်လှိုင်ဘေးမှ လာရပ်နေသည့် ကျင်စိန်ထံ မျက်လုံးဝေ့ကြည့်ရင်း တုံ့ပြန်ချက်ပေးလိုက်၏။ ကျင်စိန် ကလည်း သူ့အား အစိမ်းလိုက်ဝါးစားတော့မည့်နှယ် ဂျစ်ကန်ကန် ရှုလိုက်သည်။ သူတို့နှစ်ယောက်သားကို အကဲခတ်လိုက်ပြီးနောက် ဦးဟုတ်လှိုင်ကပြော၏။

"မပူပါနဲ့လေ ကိုဝဏ္ဏစိုး ... ကျင်စိန်ဟာ ကျွန်တော့်ညာ လက်ရုံးသက်စောင့်ဆိုပေမယ့် ခင်ဗျားရဲ့ဆက်ဆံရေး



အခြေအနေပေါ် မူတည်ပြီး အလုပ်လုပ်မှာပါ ... ကျွန်တော့် အသားကို လက်ဖျားနဲ့ ခင်ဗျားမထိသရွေ့ သူကလည်း ဘယ်လိုမှ အနှောင့်အယှက်ပေးမှာမဟုတ်ပါဘူး၊ ကျွန်တော့် တပည့်တွေအားလုံး လူယဉ်ကျေးလေးတွေပါ ကိုဝဏ္ဏစိုး"

"လူယဉ်ကျေးလေးတွေမို့သာ စောစောက ဟိုတယ်ထဲမှာ ကျွန်တော့်ကို ဓားမြှောင်တွေသံတုတ်တွေနဲ့ ကြိုဆိုခဲ့ကြတာ ကိုး ... ကျွန်တော့်အဖို့ကတော့ သိတဲ့အတိုင်းပဲ ... အရေး မဟုတ်ပါဘူးလေ ... ခင်ဗျားတပည့်ကျော်သုံးယောက်သာ ဟိုတယ်ထဲမှာ အိပ်မက်မက်ကျန်ခဲ့ကြလေရဲ့ ... "

ဦးဟုတ်လှိုင် မျက်နှာပျက်သွား၏။

"တောက် ... ဒီကောင်တွေကို ညံ့ပါတယ် ... တကယ်ဆို ခင်ဗျားလိုလူမျိုးကို အသေလုပ်ပစ်မှရမယ်ဆိုတာ နား မလည်ဘဲ ပေါ့ပေါ့ဆဆမှတ်ခဲ့တာကိုး ... ဒီကောင်တွေကို နိုင်တယ်ဆိုပြီး ကျုပ်ကိုတော့ အထင်မသေးလိုက်နဲ့ ကိုဝဏ္ဏ စိုး ... တကယ့်တကယ် ကျုပ်ဆီမှာ ဒီကောင်တွေအပြင် ပထမတန်းစားတွေ တစ်ပုံကြီးရှိတယ်ဆိုတာကိုယုံ ... ဒီ တော့ ကျုပ်ရှေ့အရောက် ဝင်လာနိုင်သလို ပြန်လမ်းဖြောင့် ချင်ရင် အေးအေးဆေးဆေးအကြေအလည် ဆွေးနွေးပါ ... ရှတ်ရှတ်ရှတ်ရှတ် ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်လာတဲ့လူက

တော့ ကျုပ်လက်ထဲကလွတ်ဖို့ မလွယ်ဘူး ... ပြန်လမ်

မရှိဘူးကိုဝတ္ထုစိုး ... ကဲ ... ပြောစရာရှိတာပြော ... "

"ကောင်းပြီဦးဟုတ်လှိုင် ... ပြသမှုနဲ့ရမယ့်ဘဝနဲ့ ခင်ဗျာ

လက်ထဲမှာ ကျုပ်ရှိနေတယ်ဆိုတာကို ကျုပ်လက်ခံတယ်

ဒါနဲ့အမျှ ကျုပ်ထက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေလည်း ကျုပ်လို

ခင်ဗျားလက်ထဲမှာ ရှိနေတယ်လို့ ကျုပ်သိထားတယ်ဆို

ကော ဘာပြောဦးမလဲ ... "

"ခင်ဗျားစကားက ,ဝေ့လည်ကြောင်ပတ်နဲ့ ကျုပ်နားမရှ

ပါလားဟ ဝတ္ထုစိုး ... "

"မရှင်းလည်း ရှင်းအောင်ရှင်းရတာပေါ့ ဦးဟုတ်လှိုင်

ခင်ဗျားဆီမှာ တရားဝင်ကာလတန်ဖိုး ၅-သိန်းကျော်တ

မယ့် ရတနာပစ္စည်းတွေရှိနေတယ်လို့ ကျုပ်ဆိုချင်

သဘောပဲ ... အရှင်းဆုံး ပြောမယ်ဗျာ ... ရွှေပန်း

လက်ရာပြပွဲက ခိုးရာပါရတနာတွေ ခင်ဗျားဝယ်ထားတာ

လို့ ကျုပ်စွပ်စွဲတယ် ... "

"နေပါဦး ... ဘယ်ကဘယ်လို သတင်းရပြီး ခင်ဗျား

"စကားရှည်နေရင် အချိန်ကုန်လိမ့်မယ် ဦးဟုတ်လှိုင်

စောရဘုရင်ကိုဏ်းကခိုးလာတဲ့ ရတနာ၅-သိန်းဖိုးကို ခင်

က ၂-သိန်းနဲ့ ကနေဝယ်တယ် ... ခင်ဗျားဟာ မတန်



နဲ့ အချောင်ပိုင်းရှိတင်မကဘူး နှစ်ဆင့်ကလိန်းကျပြီး ငွေ

နှစ်သိန်းစလုံးအတုတွေပေးတယ် ... ကံဆိုးတာက ခင်ဗျား

တို့ဆီ အရောင်းအဝယ်လာလုပ်တဲ့ ထွန်းဦးဟာ ကားမှောက်

ပြီး ရဲလက်ထဲရောက်ခဲ့တာပဲ ... ကားမှောက်လိုက်လို့

စောရဘုရင်ဘက်က ခင်ဗျားတို့ ညစ်ပတ်တဲ့အကြောင်း သိ

မသွားတာကို ထောက်ပြန်ရင်လည်း ကံကောင်းတယ် ဆို

နိုင်သပေါ့လေ ... ဒါနဲ့ မသေခင်မှာ ထွန်းဦးက ဒီကိစ္စတွေ

အားလုံး ဖွင့်ပြောသွားတယ် ... ဒီတော့ လက်ရှိအခြေအနေ

ပြောရင် စောရဘုရင်ဟာ ထွန်းဦးကားမှောက်တဲ့ ကိစ္စကို

သိခဲ့တဲ့တိုင်အောင် ခင်ဗျားတို့ ငွေတုပေးခဲ့တဲ့ကိစ္စကို သိမှာ

မဟုတ်သေးဘူး ... ဒါပေမယ့် ကျုပ်တို့အနေနဲ့ကတော့

ငွေတုတွေခင်ဗျားတို့ဆီက ထွက်လာတာရော၊ ရတနာတွေ

ခင်ဗျားဆီ ရောက်နေတာကိုရော ... အတိအကျသိပြီးပြီ"

"ဒီတော့ ခင်ဗျားဘာလုပ်ချင်လဲ ကိုဝတ္ထုစိုး ... "

မငြင်းနိုင်တော့သည့်နှင့်အညီ ပြောင်ပြောင်တင်း

တင်းပင် ဦးဟုတ်လှိုင်ကမေးလိုက်သည်။

"ကျွန်တော်စဉ်းစားမိတာကတော့ ခင်ဗျားနဲ့ အပေးအယူ

လုပ်ဖို့ပဲ ဦးဟုတ်လှိုင် ... စုလောလောဆယ် ငွေတုအမှုနဲ့

ပတ်သက်ပြီး ခင်ဗျားတို့ကို လွှတ်ပေးလိုက်မယ်၊ ကျွန်တော်

တို့ အမှုမလုပ်ဘူး ... ဒီအတွက် အပြန်အလှန်ကျေးဇူးဖြ

အနေနဲ့ ကျွန်တော့်လက်ထဲ ရတနာတွေ ပြန်ပေးရမယ်ဆ

တော့...ခင်ဗျားနားလည်ထားဖို့က ငွေတုက်စွှပာ ဒီတ

ပဲရှောင်နိုင်မယ်နော် ... နောက်တစ်ခါတွေ့ရင်တော့ ညာ

မဟုတ်ဘူးလို့ ... ကဲ ... ဘယ်နဲ့လဲ"

စင်စစ်အားဖြင့် ဝဏ္ဏစိုးက ခန့်မှန်းချေနှင့် ဖျန်းသ

ခဲ့သလို၊ မလိမ့်တစ်ပတ်လှည့်စား၍ အယုံသွင်းခဲ့ခြင်းဖြစ်၏။ သူ

ချက်တွေသည် ဦးဟုတ်လှိုင်၏နှလုံးသားနှင့် ဦးနှောက်သို့ ပိုင်

နင်းနင်း ထိမှန်ခဲ့ပုံရ၏။ ဦးဟုတ်လှိုင်လကည်း လူပါးကြီး။

"ခင်ဗျားဟာက နည်းနည်းတော့ တစ်ဖက်သတ်ကျ

သလိုပဲ ကိုဝဏ္ဏစိုး ... ဒီလိုလုပ်ဗျာ ... ငွေတွေကို ခင်ဗျာ

သိမ်းလိုက်မယ့်အစား ကျွန်တော့်ကိုပြန်ပေးပါ...ကျွန်တေ

လည်း ရတနာတွေပြန်အပ်မယ် ... မကောင်းဘူးလား

"အင်း ... ဒါလည်းမဆိုးပါဘူးလေ ... တစ်ခုတော့ရှိတ

ဒီငွေတွေပြန်ထွက်လာရင်တော့ ခင်ဗျားတို့တာဝန်ပဲ

ဒါဖြင့် ကျွန်တော့်ကို ရတနာတွေပေးလိုက်လေ ... မ

ကျတော့ ငွေသေတ္တာလာပို့ပေးမယ် ... "

"ဒီလိုလဲဘယ်ရမလဲ ကိုဝဏ္ဏစိုး ... ရှေ့ပတ္တမြား ရှေ

စနစ်ကိုသုံးမှပေါ့ ... နက်ဖြန်မနက်၇-နာရီသာ ခင်



ဆက်ဆက်လာခဲ့ ... ကဲ ... ကဲ ... ခင်ဗျားကျေနပ်ပြီဆိုရင်

ကျွန်တော်တို့ ဆွေးနွေးပွဲအောင်မြင်တဲ့ အထိမ်းအမှတ်ညှိနိ

ပွဲလေးလုပ်ကြရအောင် ... ဘာကြိုက်လဲ ... ဝီစကီ ...

ဘရန်ဒီ ... ရမ် ... "

"ဘီယိုက်ဘရန်ဒီဝမ်းပက်လောက်ရရင်တော်ပါပြီ ဦးဟုတ်လှိုင်"

"ကဲ ... ဦးကျင်စိန် ... တို့များအထူးဧည့်သည်တော်ကြီး

အတွက် ဘရန်ဒီနဲ့ငါ့ဖို့ ရမ်သရီးပက်သွားယူကွာ ... "

ဦးဟုတ်လှိုင်၏စကားအဆုံး ပစ္စတိုကျင်စိန်က အခန်း

ထောင့်တစ်နေရာရှိ အရက်ထည့်မှန်ဗီရိုနှင့် ဘားကောင်တာဆီသို့

ထွက်သွား၏။ ဝဏ္ဏစိုးလည်း သူ့ကုတ်အင်္ကျီထဲမှ တွန့်ကြေနေသော

ဘင့်ဆင့်အင်(န်)ဟက်(ချ်) စီးကရက်ဘူးကို ထုတ်ယူမီးညှိသောက်

ခဲ့စဉ် ဦးဟုတ်လှိုင်ကတော့ စကားဆက်မပြတ်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုတော့ ကျုပ်ချီးကျူးရမှာပဲ ...

တော်ပါပေတယ် ကိုဝဏ္ဏစိုး ... ညတွင်းချင်း ကျုပ်ဆီကို

ခြေရာခံလိုက်နိုင်ပုံကဖြင့် ... "

"ဒါကတော့ ကျွမ်းကျင်ရာလိမ္မာ ဆိုသလိုပေါ့လေ ... ဒါနဲ့

ဦးဟုတ်လှိုင် ... စောစောတုန်းကဆိုတာ ဘယ်သူများပါလိမ့်ဗျာ"

"ကျွန်တော်လည်း ဘယ်သိပ့်ါမလဲ ... ကျွန်တော့်ဆီကို သူ့

တပည့်တွေလွှတ်ပြီး စာနဲ့သာ ဆက်သွယ်ခဲ့တာကိုး ...

စာဆိုတာကလည်း ဗစ်စတင်းကတ်ကလေးနဲ့ တစ်ကြောင်း
တည်း ရေးရေးလွှတ်လိုက်တဲ့စာ ... နေပါဦး ... ခုနတောင်
ဒီစားပွဲအောက်မှာ တစ်စောင်ရှိဦးမယ်ထင်ပါရဲ့ ... "

ပြောပြောဆိုဆို ဦးဟုတ်လှိုင်က စားပွဲအောက်သို့ ငုံ၍ ဟိုရှာဒီရှာလုပ်နေ၏။ ဝဏ္ဏစိုးကလည်း စီးကရက်အရသာခံရင်း ဦးဟုတ်လှိုင်ပေးလာမည့် ကတ်ပြားကိုမျှော်လျက်ရှိဆဲ။

"ကဲ ... ဝဏ္ဏစိုးရေ ... တို့တွေအကြောင်းသိမှတော့ ထုံးစံ
အတိုင်းသွားပေတော့ ... "

ဆိုသောအသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ခုန်းခနဲအသံကြီးက သူထိုင်နေရာအောက်မှ ပေါ်လာပြီး၊ ထိုင်ဖုံဆိုဖာကြီးမှာ အဲဖုံးသဖွယ် အောက်သို့ပြုတ်ကျသွားကာ ဂလိုက်ပေါက်ကြီးဖြစ်သွား၏။ ဝဏ္ဏစိုးကလည်း ရုတ်တရက်ပေမယ့် လက်သွက်သူပီပီ ဆိုဖာလက်ယမ်းကို ဖမ်းဆွဲထားနိုင်၍ အဖုံးနှင့် တစ်ပါတည်းပါမသွားဘဲ ခါးတစ်ဝက်မျှ ဆိုဖာပေါက်ကြီးထဲနစ်ဝင်လျက် ခြေနှစ်ချောင်းကားရားထောင်ပြီး ယက်ကန်ယက်ကန်ဖြစ်နေခဲ့ရ၏။ တကယ်ဆိုတော့ ဦးဟုတ်လှိုင်သည် အခွင့်သာပြီ တွက်လိုက်ပြီး သူ့အလစ်၌ စားပွဲအောက်ကြမ်းပြင်ရှိ ခလုတ်မောင်းကို ဆွဲလိုက်ခြင်းဖြင့် ဆိုဖာအဖုံးကို ဒေါက်ဖြုတ်စေခဲ့ခြင်းဖြစ်သည်။ ဤနည်းဖြင့် မြေကြီးအောက်ပေ ၂၀-အနက် ရေနှုတ်မြောင်းကြီးထဲသို့ ကျ



ရောက်အသက်ပျောက်ခဲ့ရသူပေါင်း လေးဦးမက ရှိခဲ့လေပြီ။

ဝဏ္ဏစိုးကတော့ ကံကောင်းထောက်မစွာ လူသတ်ဆိုဖာမရဏာခံတွင်းအဝတွင် တင်ကျန်ရစ်ခဲ့၏။ သို့ဖြင့် အခေါင်းထဲမှ အလုအယက်ရုန်းကန်တွယ်ထနေသည့် ဝဏ္ဏစိုးအဖြစ်ကို မြင်ခဲ့ရပြီးနောက်၊ ဦးဟုတ်လှိုင်လည်း တဟားဟား ရယ်မောရင်း ပြန်တွန်းချမည်ကြံစည်ခဲ့၏။ သူကြံစည်မှုက မဆိုစလောက်လေး နောက်ကျသွား၏။ ဝဏ္ဏစိုးက အချိန်မီအလွတ်ရုန်းထနိုင်ခဲ့သည်နှင့်အညီ ဦးဟုတ်လှိုင်အား သူ့ကိုယ်လုံးနှင့် တစ်ရှိန်ပြင်းပြေးဆောင့်ဝင်တိုက်ပစ်လိုက်၏။ ဦးဟုတ်လှိုင်၏ကိုယ်ထေးမှာ ဘေးသို့ ချာချာလည်လွင့်ထွက်သွားသည့်အခိုက်မှာပင်၊ အရက်ကောင်တာရှိ ကျင်စိန်က ဘာရက်တာပစ္စတိုဖြင့် ဝဏ္ဏစိုးအား အမိအရ ဟန့်တားလှမ်းပစ်လိုက်ခြင်းနှင့် တိုက်တိုက်ဆိုင်ဆိုင် အံကိုက်ဖြစ်သွားလေရာ၊ ကျည်ဆန်မီးခဲလေးက ဦးဟုတ်လှိုင့်ဝမ်းဗိုက်အတွင်း ဖောက်ထွင်းစံပယ်ခဲ့ရတော့၏။

ဒိုင်းခနဲသေနတ်သံနှင့် မရှေးမနှောင်းမှိ၌၊ ဝဏ္ဏစိုးက ကျောက်စားပွဲဝိုင်းကို ထောင်လှဲလိုက်ပြီးသားဖြစ်နေ၏။ ကျောက်စားပွဲက ဒေါင်ခနဲကျည်ဆံထိသံတစ်ချက်ဖြင့် သူ့နောက်တွင် ပုန်းခိုနေသော ဝဏ္ဏစိုးအား အကာအကွယ်ပြုနိုင်ကြောင်း အာမခံပေးလိုက်၏။ ဝဏ္ဏစိုးလည်း သူ့ချိုင်းကြားမှ လူဂါသာတီးအိတ်ကိုထုတ်၍

ကျင်စိန်ဆီသို့ နှစ်ချက်ဆင့်လွှတ်လိုက်၏။ ဝဏ္ဏစိုးလက်သည် မြန်သလောက်မည်မျှတည့်ခဲ့ပါသနည်း။

ဝမ်းလျားထိုးမှောက်ချလိုက်သော ကျင်စိန်၏လည်မျို နှင့် ငယ်ထိပ်ကိုကြည့်လျှင် သိပါလိမ့်မည်။

ကျင်စိန်ခမျာ အသံတစ်ချက်မထွက်လိုက်ရဘဲ သေခြင်းဆိုးသွားခဲ့ရသည်ပေါ့။ ဦးဟုတ်လှိုင်ကတော့ သွေးအိုင်ထဲတွင် ပျော်ပျော်ကြီးကူးလို့ကောင်းတုန်း။

သည်အတွင်း နဖူးတွင် ပတ်တီးစီးထားသူ လူမိုက်တရုတ်ခေါင်းဆောင်သည် လူတစ်စုက နောက်ဖေးတံခါးဝကို ရောက်လာ၏။ တစ်ပြိုင်တည်းလိုလို အိမ်ရှေ့တံခါးမှလည်း တဝုန်းဝုန်းထုရိုက်သံများ ကြားခဲ့ရ၏။ ပတ်ပတ်လည်အန္တရာယ်ဝိုင်းနေပြီဆိုသည့် အဓိပ္ပာယ်။ သူတို့နှယ်ထဲ ကျူးကျော်ဝင်နေမိသမို့ ထိုးဖောက်ပြေး၍ မလွယ်မှန်းရိပ်မိခဲ့သော ဝဏ္ဏစိုးက သေနတ်ပြောင်းကို လူအုပ်ဘက်လှည့်ကာ မောင်းဆက်တိုက်ညှစ်ချလိုက်၏။ စင်စစ်လူအုပ်ခေါင်းပေါ်ကို ကျော်ပစ်လိုက်ခြင်းဖြစ်သော်လည်း သတ္တိခဲကြီးတွေအားလုံး ကမူးရှူးထိုး နောက်လှည့်ပြေးကုန်ကြသည်။ ဝဏ္ဏဟစိုးလည်း တံခါးဝသို့ လျှပ်စစ်နှုန်းဖြင့်ပြေးကပ်၍ တံခါးပိတ်ဂျက်ထိုးလိုက်၏။ သို့နှယ် သူ့ကိုယ်သူထောင်ချထားလိုက်မှ စိတ်ချက်လက်ချလုံခြုံမှုရသွားသည်။



အရေးထဲ အရာပေါ်ပြန်၏။ အိပ်ခန်းထဲမှ ဦးဟုတ်လှိုင်၏ ပျော်တော်ဆက် ကြေးစားမလေးပင် ဖြစ်၏။ သူက တုန်လှုပ်ချောက်ချားစွာ အပြင်ထွက်လာပြီး တံခါးဖွင့်ပေးဖို့အရေးဆိုသည့် ဝဏ္ဏစိုးက ဖျောင်းဖျောင်းဖျဖျငြင်း၏။ သူက ငြူငြူစူစူလုပ်ကာ အတင်းအဓမ္မဖွင့်မည် တကဲကဲ။ ဝဏ္ဏစိုးလည်း သူ့ဆံပင်ကိုဆွဲ၍ နှုတ်ခမ်းနီမိတ်ကပ် အဖွေးသားနှင့် မျက်နှာကို ဘယ်ပြန်ညာပြန်ရိုက်ချလိုက်၏။ သည်တော့မှ "အမလေး ... " တ, ကျောကော့ကျပြီး ငြိမ်သွားသည်။

ရုပ်ချောသလောက် လူပုံပန်းခတ်နွဲ့နွဲ့နှင့် ကြမ်းကြုတ်ရက်စက်ရမည့်နေရာတွင် နှစ်ယောက်မရှိသော ဝဏ္ဏစိုးသည် မေ့မြောနေသောမယ်၏ ငါးရန့်ကိုယ်လေးအား ဒရွတ်တိုက်ဆွဲပြီး ဧည့်ခန်းအလယ်တွင် ထားလိုက်၏။ နောက် ... ဒေါင့်တစ်နေရာရှိ တယ်လီဖုန်းခွက်ဖြင့် လသာလမ်းရဲစခန်းကိုဆက်၍ သူ့ကို အမြန်ဆုံးလာကယ်ရန်မှာလိုက်၏။

ပြီးလျှင် ... အလူးအလဲဖြစ်နေသော ဦးဟုတ်လှိုင်၏ရှေ့တစ်ယောက်ထိုင်ဆိုဖာပေါ်တွင် တင်ဆင့်အ(န်)ဟက်(ချ်)ဘစ်လိပ်ကို အပမ်းဖြေ ဖိမ်ခံသောက်ရင်း ရဲများအလာကို စိတ်အေးလက်အေး ထိုင်စောင့်နေခဲ့မိတော့၏။

—၊၊၊၊၊—

# [ ၆ ]

ရဲများရောက်လာသောအခါ ရှေးဦးစွာ ဦးဟုတ်လို
ကို ဆေးရုံပို့စေသည်။ ပြီးမှ ... ဝဏ္ဏစိုးနှင့်သူတို့ တစ်အိမ်လုံး
စိပ်တိုက်ရှာကြ၏။ သို့ဖြင့် ရွှေကိန္နရီရုပ်အစ၊ ဘယစက်မ္မခရာလ
ဝတ်တန်ဆာအဆုံး၊ စိန်စီမြချယ် ပုလဲသွယ်လက်ရာ ရတနာငါးသိ
ဖိုးကို မီးဖိုချောင်တွင် ကြောင်အိမ်ကွယ်လျက် အုတ်နံရံကို ထွင်းလု
ထားသော မီးခံသေတ္တာကြီးထဲမှ ပြန်လည် ရယူနိုင်ခဲ့သည်။ တ
နည်းဆိုလျှင် ... ဆိုင်ရာအကြီးအကဲထံ ဝဏ္ဏစိုး အာမတန္တေခံလ
သည့် ၄၈–နာရီအထိပင် မကြာလိုက်ရဘဲ၊ ၁၉–နာရီအတွင်း ခိုး
ပါ ရတနာအားလုံး ရှာတွေ့နိုင်ခဲ့သည်။



ထိုမှမကာ ဦးဟုတ်လှိုင်၏အိပ်ခန်းထဲ၌ မြေအောက်ခန်းတစ်ခုရှိနေကြောင်း ဖော်ထုတ်နိုင်ခဲ့သည့် အတူ၊ ၁၀–သိန်းထက်မအောက်သော မှောင်ခိုပစ္စည်းမျိုးစုံအပြင် ငွေစက္ကူ တုလုပ်စက်များကိုလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖမ်းမိခဲ့သေး၏။

သို့သော် ... ဝမ်းနည်းစရာ ကောင်းတာနှစ်ခုတော့ရှိသည်။ ဟိုတယ်ရှေ့တွင် ရပ်ထားခဲ့သော နောက်ဆုံးပုံစံ ဟွန်ဒါလှလှလေးမှာ ဦးဟုတ်လှိုင်၏ တပည့်များလက်ချက်ဖြင့် ရစရာမရှိအောင် ဖျက်ဆီးခဲ့ရခြင်းနှင့် စောရဘုရင်အမည်ခံ လူစွမ်းကောင်းကြီးက လွတ်မြောက်နေခြင်းတို့ပင်ဖြစ်၏။

ထပ်ဆင့်၍ သို့သော် ... သောအားဖြင့် အဖျက်ဆီးခံအောင်အောင့် မော်တော်ဆိုင်ကယ် ဟွန်ဒါလေးနှင့် ပတ်သက်လျှင်မူ ရွှေပန်းတိမ်ပညာရှင်ကြီးများအသင်းတွင် အရော်ခံတောင်းပါကရလမ်းရှိသည်ဟု မြင်မိပြီ၊ စိတ်ဖြေနိုင်ခဲ့၏။ စောရဘုရင်ဂိုဏ်းကိုရှင်ဆိုင်ဖြိုခွင်းဖို့ ကျန်သေးသည့်အတွက်သာ ဘဝင်မကျ၊ ကြိတ်မနိုင်ခဲမနိုင်ဖြစ်နေမိ၏။ ဝဏ္ဏစိုးအဖို့ စောင့်ဆိုင်းရခြင်းလောက်မုန်းတာမရှိ။

သို့နှင့်ပင် ... ဌာနချုပ်ရှိ အောင်အောင့်ထံ သူ့ကိုလာခေါ်ရန် ဖုန်းဆက်အကြောင်းကြားခဲ့လေတော့သည်။

အမှုတစ်ခုလုံး ရဲလက်သို့ခေတ္တအပ်လွှဲအပ်ခဲ့ပြီး

နောက် အောင်အောင် မောင်းယူလာသော သူ့ဖီးယက်ကားလေး စီး၍ ကန်တော်ကြီးစောင်း တစ်နေရာရှိ 'ပန်းဟောဝန်' မြို့ကြီးနှင့် တိုက်ဆီသို့ ပြန်လာခဲ့၏။ ပန်းဟောဝန်ကား ဝဏ္ဏစိုး၏ဘိုးဘွားစဉ် ဆက်ပိုင် အမွေခံဖြစ်၍ လောလောဆယ်၌ သူနှင့်တပည့်ကျော် အောင်အောင်၊ အိမ်စောင့်ထမင်းချက်ကြီး ဦးရာမအပါအဝင် ယောကျ်ားသားသုံးယောက်ထဲ နေကြသည်။ ဝဏ္ဏစိုး၏မိခင်မှာ သူငယ်စဉ်ကပင် ကွယ်လွန်ခဲ့သည် အလျှောက်၊ ဖခင်ကြီးကလည်း အမြဲလိုလို စစ်ကိုင်းတွင် သွားရောက်တရားအားထုတ်နေလေ့ရှိ သဖြင့် သူတို့ချည်း နေရခြင်းဖြစ်၏။

အမှန်စင်စစ် သူ့ဖခင်ကြီးသည် ဟိုး … တစ်ချိန်က ဖက်ဆစ်တော်လှန်ရေးရဲဘော်ဟောင်းတစ်ဦးအဖြစ် ထင်ရှားခဲ့သော ဦးထွန်းအောင်။ သူ့မိခင်ဆိုလျှင်လည်း ရေနံချောင်းနွယ်ဘွား ဒေါ်ခင်မ ဒေါ်ကြည်ကြည်။ သို့ကလို အစဉ်အလာမြင့်မြတ်သော မိဘနှစ်ပါးမှ ဇီဇခံသန္ဓေယူဖွားခဲ့သူ ဝဏ္ဏစိုးအဖို့ မျိုးနွယ်ဗမာ၊ ပြည်သူသား ကောင်းရတနာတစ်ဦးဘဝ ရောက်ခဲ့ရသည်မှာ မဆန်းတော့ပါပြီ။ ဒါပေမယ့် သူ့ပင်ကိုယ် အရည်အသွေးကိုလည်း မေ့ချန်ရမည်မဟုတ်။ ၁၆နှစ်သားနှင့် ၁၀–တန်းအောင်သည်။ စစ်တက္ကသိုလ် ၄–နှစ်တက် သည်။ ဒု–ဗိုလ်အဖြစ် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် သူ့အစွမ်းအစထက်မြက်မှုအလျောက် တပ်မတော်မှတစ်ဆင့် တပ်



မတော်လက်အောက်ခံသို့ ကူးပြောင်းခဲ့ရ၏။ အမေရိကန်ပြည် နယူး ရော့ (ခ) မြို့ F.B.I. စုံထောက်ကျောင်းသို့ ပညာတော်သင်အဖြစ် သွားရောက်ခဲ့ဖူးသည်။

ဝဏ္ဏစိုး၏နောက်ကြောင်း ရာဇဝင်ကတော့ ယနေ့ လူငယ်များ အားကျအတုယူဖွယ်ကောင်းသလောက်၊ တာဝန်ပိုင်း ၏ လက်တွေ့ကဏ္ဍများလည်း သတ္တိဗျတ္တိ၊ ရဲသွေးရဲမာန် လျှမ်းလျှမ်း တောက်ခဲ့သည်။ မဟုတ်မခံ။ မမှန်တာမလုပ်။ တိုင်းပြည့်အန္တရာယ် ကို အပြတ်ရှင်း။ ပြည်တွင်းသစ္စာဖောက်ဆို အရှင်မထား။ သူကိုယ် တိုင် သေရမှာလည်းမကြောက်။ တရားသဖြင့် သတ်ရမှာလည်း မမှု။ ရွှန့်ရွှန့်စားစား ယောကျ်ားပီပီ ဂုဏ်ခြုံဝင့်ကြွားနိုင်သော ဝဏ္ဏစိုးပါတကား … ။

ဒါတွေကို ယခုရွှေပန်းတိမ်လက်ရာ ရတနာပြပွဲ ဖောက်ထွင်းမှုနှင့် ဂိုဏ်းရာဇာကြီး ဦးဟုတ်လှိုင်ကို အမြစ်လှန်ပွဲများ ကပင် လက်ငင်းအားဖြင့် သာဓကထင်ရှား သက်သေခံခဲ့ပြီ မဟုတ် ပါလား။

စုတော့ ပွဲဆက်တွေများခဲ့သလို၊ နာရီ၃၀–နီးပါး တစ်ရေးမမှေးတမ်းပင် ပင်ပန်းမောကျခဲ့ရသော ဝဏ္ဏစိုးခမျာ ပန်း ဟောဝန်သို့ ည၁၁–နာရီ ၅–မိနစ်တွင် ပြန်ရောက်သည်ဆိုကတည်း က ခြေပစ်လက်ပစ်အိပ်မောကျသွားလိုက်သည်မှာ …

နောက်တစ်နေ့ည မီးထွန်းချိန်အထိ။ ဟုတ်ပါသည်

မှန်ပါသည်။ ဝဏ္ဏစိုးအိပ်ရာကနိုးတော့ နောက်တစ်နေ့ည မီးထွန်း

ချိန်။

သူအံ့ဩသွားမိ၏။ သူသည် မည်မျှပင်အိပ်ရေးပျ

ပျက် ၈–နာရီထက်ပိုမအိပ်။ အအိပ်အနေနည်းသောသူအဖို့ တစ်

နှင့်တစ်နေ့ကုန်အောင် အိပ်ခဲ့သည်ဆိုခြင်းမှာ ဘယ်နည်းနဲ့မှ ဖြစ်

စရာမရှိသောကြောင့်။

ဝဏ္ဏစိုး တကယ့်ကိုအံ့ဩသွားရသည်။ သူသည် မ

ဟောဝန်၏ နှစ်ထပ်တိုက် အပေါ်ထပ်အိမ်ဦးခန်းတွင်ရှိ မွေ့ရာ

ထက်တွင် ညက ကျောချအိပ်စက်ခဲ့လင့်ကစား ... တိုက်ခံ

ထောင်ကြီးတစ်လုံး၏အောက်ထပ် အလယ်ခန်းဒေါင့်တစ်ဒေါ

ကွပ်ပျစ်တစ်လုံးပေါ်တွင် လာနိုးနေခြင်းအတွက်။

အံ့ဩခြင်းကြီးစွာ အံ့ဩသည်ထက် အံ့ဩလို့မဆုံ

သူ့ပတ်ဝန်းကျင်မှာ တန်းစီဝန်းရံထားသော ဘောင်းဘီနက်၊ အ

နက်၊ မျက်နှာဖုံးအနက်ဝတ်လူနက်ကြီးငါးယောက်အား လ

မောင်းပြင်ဝယ် စပ်ဖျင်းဖျင်းဝေဒနာတစ်ရပ် ခံစားရင်း မြင်တွေ

သဖြင့် ... ။

အဖြစ်ကား ... အနည်းဆုံးအနေနဲ့မှ မအံ့ဩလို

ဘူးဆိုလျှင် ရူးရဖို့သာ ရှိတော့သည်။ အိပ်မက်များမက်နေမ



သလားဟု ဝဏ္ဏစိုး စဉ်းစားမိပြန်သေး၏။

"စောရဘုရင်ဂိုဏ်းဟာ သူမတူအစွမ်းထက်တယ်ဆိုတာ လက်တွေ့ပြလိုက်တာပဲ ကိုဝဏ္ဏစိုး ... မယုံတော့မရှိနဲ့ ... ခင်ဗျားဟာ နေ့ခင်း ၁၁–နာရီလောက်ကတည်းက ဒီကို ရောက်ခဲ့ရတယ်ဆိုပါတော့ ... ခင်ဗျားကို ခေါ်လာပုံခေါ် လာနည်းလေးကိုကော သိချင်သေးလား ... ဇာတ်ကြောင်း ပြန်ရရင် ဒီလိုကိုးဗျ ... ခင်ဗျားတပည့်အောင်အောင် ရုံး တက်ဖို့ထွက်သွားပြီးတဲ့နောက်၊ ကျုပ်တို့လည်း ကားနဲ့ခြံထဲ ဝင် တိုက်တံခါးခေါက်တယ် ... လာဖွင့်ပေးတဲ့ ထမင်းချက် ကြီးကို ညာတာပါတေးနဲ့ အလဲရိုက်ပြီး အပေါ်ထပ်တက် အိပ်ပျော်နေတဲ့ ခင်ဗျားနှာခေါင်းဝကို မေ့ဆေးတွေ တိုက် ပေါ်ကမွေ့ချ၊ ကားပေါ်တင် ဒီရောက်လာတာပေါ့ ... ဟော ... မိုးချုပ်လို့ ခုမှဖြေဆေး ထိုးနိုးလိုက်တာပဲ ... ခင်ဗျားကိုခေါ်ခဲ့တုန်းအချိန်ကလည်း နေ့လယ်ကြောင် တောင်ကြီး၊ ပန်းဟောဝန်ကလည်း လူမနီးသူမနီးဆိုတော့ ကျုပ်တို့အဖို့ အေးအေးသက်သာ လွယ်လင့်တကူ လုပ်နိုင်ခဲ့ တယ်ဆိုရမယ်လေ ... "

ငါးယောက်အလည်မှထွက်လာသော စကားသံက သူ့အထင်သူ့အတွေးကို လုံးဝ ချေဖျက်ပစ်လိုက်သည်။ လက်စသတ်

တော့ သူအင်မတန်မျှော်လင့်နေခဲ့သော စောရဘုရင်ဂိုဏ်း၏လက်တွင်း အကျဉ်းသားဘဝနှင့် ကျနေတာပါလား။ ရေရေလည် ဆင်ခြင်တုံတရား ရခဲ့သည်နှင့်အမျှ ဖျက်ပြောနေသောအသံကိုလည်း ဝဏ္ဏစိုးက ကျက်မိလိုက်၏။

"အကြောင်းမဟုတ်ပါဘူးလေ ... မင်းတို့ကို လိုက်ရှာနေတုန်း မြန်မြန်ထက်ထက်တွေ့ရအောင် ခုလိုခေါ်လာရတဲ့အတွက် ကျေးဇူးတောင်တင်လိုက်ရဦးမယ် ... ဒါနဲ့ နေပါဦး မင်းအသံကို ငါကြားဖူးပါတယ် ... မင်း ... ဘောဘီအေးမှတ်လား ... "

"ဟုတ်ပါသော်ကောဗျာ ... "

"ဟုတ်ရင်တော့ စောရဘုရင်ဟာဘောဘီအေးဖြစ်မှာပဲလို့ ငါထင်တာ မလွဲဘူးဘဲ ... "

"လွှတ်လပ်ရေးရတာ ၂၃–နှစ်ကျော်ပြီဖြစ်တဲ့ ဒီနေ့ဗမာပြည်ကြီးမှာ ထင်ချင်သလိုထင်နိုင်ခွင့်တစ်ခုကတော့ မချုပ်မချယ် ကျန်ပါသေးတယ်ဝဏ္ဏစိုး ... ဘောဘီဘယ်သူဆိုတာ အရေးမဟုတ်ပါဘူး ... ဘောဘီတို့လုပ်ငန်းမှာ ဝင်ခလုတ်ရှုပ်တဲ့ရှင့်ကို ကလဲ့စားချေဖို့သာ အရေးကြီးတာပါ ... ကဲ ... ဟိုမှာကြည့်လိုက်စမ်း ... "

ကိုယ်ကို အနည်းငယ်တိမ်းပေး၍ ဘောဘီအေး လက်



ညွှန်ပြရာသို့ ဝဏ္ဏစိုးကြည့်မိသည်တွင် မျက်စေ့ကို မယုံနိုင်အောင် ဖြစ်သွားရပြီး၊ ဒေါသလည်း တထောင်းထောင်းထွက်လာရ၏။ ကုလားထိုင်တစ်လုံးပေါ်တွင် နောက်မှီနှင့်ပူးလျက် ကြိုးတုပ်ထားရသူ တစ်ဦးပင်ဖြစ်၍ ...

"စော ... စောယုလှိုင် ... "

"အစစ်ပေါ့ ... ကိုဝဏ္ဏစိုးရယ် ... "

"မင်းတို့ ဘာလုပ်ဖို့ သူ့ကိုဖမ်းထားရသလဲ ... သူ့မှာ ဘာအပြစ်ရှိလို့ ဒုက္ခပေးခဲ့ရတာလဲ ... ဟင် ဘောဘီ ... "

"အပြစ်ကတော့ မသေးပါဘူး ကိုဝဏ္ဏစိုး ... ခုမနက် ၉နာရီခွဲလောက်ကပေါ့ ... သူပါလာတဲ့ နံပါတ် ၁၇–ဟီနိုးကားပေါ်ကို ဘောဘီက လမ်းတစ်ဝက်က တက်ခဲ့မိလေတော့ သူက နောက်ယောင်ခံလိုက်လာတယ်လေ ... သူ့ကိုမှတ်မိသလို၊ သူဘယ်သူဘယ်ဝါဆိုတာနဲ့ ဘာကြောင့် ခုလိုလိုက်ခဲ့တယ်ဆိုတာတွေ သိပြီးခဲ့တဲ့ ဘောဘီလည်း ဟိုပတ်ဒီပတ်နဲ့ ဟော့ဒီကုက္ကိုင်းခြံကြီးထဲအထိ သူ့ကို မြှားခေါ်လာရာက မြင်တဲ့အတိုင်း ဖမ်းချုပ်ထားနိုင်လိုက်တာပါပဲ ... သူ့ကို မိလိုက်တာနဲ့အမျှ ဝဏ္ဏစိုးအပေါ် ကလဲ့စားချေဖို့ကြံနေတဲ့ စောရဘုရင်ဂိုဏ်းအတွက် အများကြီး အဆင်ပြေသွားတယ်ဆိုပါတော့ ... "

"ဒီမယ်ဘေဘီ ... မင်းငါ့ကို ကလှဲစားချေရအောင် ငါမင်းတို့ကို ဘာများအနှောင့်အယှက်ပေးရသေးလို့လဲ ... ခြေရာရှာမရလို့တောင် စိတ်ညစ်နေရတဲ့အထဲ ... "

"ဦးဟုတ်လှိုင်အိမ်ကို ဝင်ရှာပြီး ရတနာတွေ သိမ်းသွားတာဟာ စောရဘုရင်ကို ထိခိုက်စေတယ် ဝဏ္ဏစိုး ... "

"ဦးဟုတ်လှိုင်က မတရားဈေးနှိမ်ပြီး ငွေတုတွေပေးခဲ့တာဘေဘီတို့မသိသေးလို့သာ ဒီစကားပြောတာ ဖြစ်မှာပါ ..."

"ရှင်တို့ ကျွန်မနဲ့ထွန်းဦးကို ခတ်ပုံရိုက်ယူတာကအစ၊ ကိုထွန်းဦးကားမှောက်လို့ ရဲလက်ထဲရောက်တာ ... ဒေါ်မြဆီ ရှင်သွားစုံစမ်းတာတွေအဆုံး၊ အားလုံး ညကပဲ သိခဲ့ပြီးပါပြီ ကိုဝဏ္ဏစိုး ... ဒီလောကမှာ ရှင်ကြီးပဲတော်တယ်မအောင်းမေ့ပါနဲ့ စုံထောက်ကြီးရဲ့ ... ဘေဘီတို့လည်း ဒါတွေသိသိချင်း ဦးဟုတ်လှိုင်ဆီ လိုက်ခဲ့တဲ့အချိန်မှာ ရှင်နဲ့ရဲတွေ ရောက်နှင့်နေတာတွေ့ရတော့ ပြန်ခေါက်ခဲ့ရတယ်ဆိုပါတော့ ... ဘာပဲဖြစ်ဖြစ် ဒီကိစ္စမှာ ရှင်ဝင်ပြိုပ်မွှေလို့သာ ရတနာတွေ အလဟဿ လက်လွှတ်ဆုံးရှုံးခဲ့ရတာလို့ယူဆတယ် ... နောက်မို့ဆို ဦးဟုတ်လှိုင်ကို ကိုယ်နည်းနဲ့ကိုယ် ဆုံးမအကြောင်းပြပြီး တန်ရာတန်ဖိုး တောင်းယူရင်ရမယ်မှတ်လား၊ နောက်တစ်ကြောင်း ရှင့်အပေါ် အခဲမကျေ



စရာက ရတနာပြပွဲအပေါ်ခေါင်မိုးမှာ ကိုကျော်သက်ကိုသတ်ပစ်ခဲ့တဲ့အတွက်ပဲ ... ကိုကျော်သက်ဟာ ဘေဘီရဲ့ယောကျ်ားပါ ကိုဝဏ္ဏစိုး ... "

"ဒါဖြင့် မောင်းမကန်မှာတုန်းက ဦးစိန်ညွန့်ငွေနှစ်သောင်းကို ခိုးခဲ့တာလည်း ကျော်သက်ပဲပေါ့ ... ကျော်သက်ကဘေဘီတို့ဘေးခန်းမှာ ငှားနေခဲ့တာမှတ်လား ...၊ ခိုးပုံခိုးနည်းကတော့ ပညာသားအတော်ပါသားပဲကွ ... ငါတောင်တော်တော်နဲ့ စဉ်းစားမရဘူးဘေဘီ ... "

ဤတွင် ငွေရောင်ခြောက်လုံးပြူးသေးသေးလေးကိုင်ထားသော ဘေဘီအေးက ငွေဆည်းလည်းသံလေးဖြင့် ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။ အင်္ဂလိပ်စတင်းဂန်းကိုင်လူတစ်ယောက်အပါအဝင် ကျွန်လူမည်းကြီးများကတော့ ကျောက်ရုပ်လိုလှုပ်မယှက်။

"ဘာဆန်းတာလိုက်လို့လဲ ကိုဝဏ္ဏစိုးရယ် ... ဦးစိန်ညွန့်ကိုကျွန်မခန္ဓာကိုယ်ပေါ်မှာပဲ အာရုံစိုက်နေအောင် တွဲကထားတဲ့အချိန်မှာ ကိုကျော်သက်က ဟိုဘက်ခန်းကနေ ဒီဘက်ပြတင်းပေါက်ကူးပြီး ခိုးတာပေါ့ ... တစ်ဟိုတယ်လုံး ရေဆိပ်ဆင်းနေကြတော့ သူမြင်တာလိုက်လို့ ... အေးအေးဆေးဆေးပဲ ပြတင်းပေါက်နဲ့ ဆယ်ပေအကွာ ကုလားထိုင်

ပေါ်က ကုတ်အင်္ကျီကို စက်တံချူနဲ့ချိတ်ပြီး သူ့နားကို
လိုက်တော့ … ချောနေတဲ့ကြမ်းပြင်မှာ ကုလားထိုင်လည်
အသံမမြည်ဘာမမြည် ရွေ့ပါလာတာပေါ့ … ဒီ့ပြင်ကော့
ပိုက်ဆံကိုနှိုက်ယူပြီး ကုလားထိုင်ကို စက်တံချူနဲ့ ထော
ပြီး နဂိုနေရာကို ပြန်တွန်းပို့ခဲ့တာပဲ … စက်တံချူဆိုတာ
ကျွန်မတို့တင်သုံးနိုင်တာကလား … တစ်ထွာနီးပါးလော
ပဲရှိပြီး ဒန်ချောင်းလေးတွေနဲ့ လုပ်ထားတဲ့ကိရိယာပဲ …
သူ့အရင်းက မလုတ်တစ်ခုကို နှိပ်လိုက်ရင် ကင်မရာတေ
ခေါက် တံခါးတွေမှာပါသလို သံဘာဂျာဟာ ရှိသမျှဒစ်တေ
အလိုလိုပြုတ်ပြီး လိုချင်သလောက် အရှည်ကြီးဆန့်ထွက
သွားနိုင်တာပေါ့ … ထိပ်ဖျားမှာလည်း သံစူးချိတ်အရှ
ကလေးတစ်ခု ပါသေးတယ်လေ … ဒါဟာ ကိုကျော်သက
တွင်ခဲ့တဲ့ ကိရိယာပါပဲ … ဦးစိန်ညွန့်တောင် ဒီအကြောင
သိသွားတဲ့နောက် တော်တော်သဘောကျသွားရှာတယ် …
သူကလည်း ကျွန်မနဲ့ တစ်ဝအိပ်လိုက်ရတော့ ငွေနဲ
သောင်းဆုံးပေမယ့် အရှုံးမှမရှိတာ ပြန်လည်း မတောင
တော့ဘူး … ကျွန်မနဲ့ ကိုကျော်သက်ဟာ ဒီလိုပဲ အမဲဖမ
ပြီး အသက်မွေးခဲ့ကြတာကြာပြီ … ခုတော့ ရှင့်ကြော
ဘေဘီရဲ့လုပ်ဖော်ကိုင်ဘက် အသက်လောက်အားကိုးရ



ကိုကျော်သက်နဲ့ သေခွဲခွဲခဲ့ရပြီ … ”

“ကာမပိုင်ယောကျ်ားကြီး ဟန်းလန်းရှိရက်နဲ့တောင် တစ်စိမ်းယောကျ်ားလေးနဲ့ တွဲအိပ်ခဲ့သေးတာပဲ ဘေဘီရယ် … မင်းအဖို့ လွမ်းစရာလိုက်လို့ … ”

“ကိုကျော်သက်လိုလူတစ်ယောက်ကို ဘေဘီနမြောတာတော့ တကယ်ပါပဲ … ဒါပေမယ့် ခုထိ သူကြီးစားတီထွင်ချက်တွေအပေါ်မှာ စောရဘုရင်ဂိုဏ်းဟာ အမှီသဟဲပြုပြီး လှုပ်ရှားအသက်ဝင်ခဲ့ရတာမှတ်လား … နောက်ဆို ဒီ့ထက်ဒီ တိုးတက်ကြီးပွားလာဖို့ အများကြီးရှိသေးတယ် ကိုဝဏ္ဏစိုး။ ဘေဘီတို့ဂိုဏ်းကြီးဟာ မကြာဘူးအောင် ရာဇဝင်တွင်သွားရစေမယ်ရှင် … ဘဏ်တိုက်ဖောက်မှုကြီးတွေ၊ ငွေတိုက်စီးမှုကြီးတွေ၊ လေယာဉ်ပျံမြေတိုက်မှုတွေ၊ တစ်မြို့လုံး အိပ်ငွေချိုးမှုတွေ … စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ကျူးလွန်ဖို့အစီအစဉ် ဆွဲထားပြီးသား၊ ကုန်ကုန်ပြောရရင် ဟောဒီ ဗမာပြည်မှာ စောရဘုရင်အစိုးရတက်နေပြီလို့ ကြွေးကြော်ရမယ့်အထိ အကြီးဆုံးဒုစရိုက်ဂိုဏ်းကြီးဖြစ်အောင် တည်ထောင်ပစ်လိုက်မယ် … ”

ဘေဘီအေး ရူးများရူးသွားလေပလား။ အတော်ကြောက်ဖို့ကောင်းတဲ့ မိန်းမလှလေးပါပဲ။ သူ့အကြံကလည်း

ကြက်သီးထစရာ ရောနှောကြီး။ ပြောသလိုလုပ်မည့်ပုံရှိ မယုံလို့လည်း
မဖြစ်။ မဖြစ်နိုင်ဘူးမဆိုသာ။ မိန်းမဖျက်ပြည်ပျက်တဲ့။ ဝဏ္ဏစိုးအ
ကမြင့် သူကြီးမ်းဝါးချက်ကို အကောင်ခြပ်မပေါ်ခင် အမြန်အထ
ဟန့်တားဖြိုခွင်းနိုင်ဖို့ ကြိုးစားရန်လိုသည်ဟု တွေးလိုက်မိရင်း ...

"ဘာပဲပြောပြော ကိုကျော်သက်ကို ကိုယ်မသတ်ခဲ့ပါဘူး
ဘေဘီ ... သူဟာသူ မတော်တဆကျသေခဲ့တာပါ ... အမှ
မှာလည်း ကိုယ်လိုက်ခဲ့ရတဲ့ အမှုတွေထဲမှာ ဒီအမှုဟာ
မတော်တဆတိုက်ဆိုင်မှုတွေ အများဆုံးပဲလေ ... မော
မကန်မှာ မင်းတို့နဲ့ မတော်တဆ တွေ့ခဲ့ရတယ် ... ရတန
ပြပွဲကိုစောင့်ကြပ်ဖို့ ကိုယ်တာဝန်ကျကာမှ အမှတ်မထ
တိုက်တိုက်ဆိုင်ဆိုင် ၅သိန်းဖိုးအစိုးခံရပြီး၊ ကျော်သက်ေ
ခဲ့ရတယ် ... ဒီတင်ထွန်းဦးဟာ ကားမှောက်ရာက ငွေတ
တွေနဲ့အတူ အမိခံခဲ့ရတယ် ... သူ့ဆီကတစ်ဆင့် ဒေါ်မြ
အိမ်ရောက်ပြီး ဦးဟုတ်လှိုင်နဲ့ထွန်းဦး ညနေပိုင်းက အချိန်
အဆက်ရှိခဲ့ကြောင်း မတော်တဆပဲ သဲလွန်စရခဲ့တယ် ...
ဦးဟုတ်လှိုင်ဆီ ဆက်လိုက်ပြန်တော့ ရတတာတွေသ
မကာ၊ ငွေတုတွေ မှောင်ခိုပစ္စည်းတွေကိုပါ ရှာတွေ့ခဲ့တယ်
အဲဒီလိုမတော်တဆရဲ့ ကွင်းဆက်ကလေးတွေ ပေါင်းလိုက်
တဲ့အခါကျတော့ ..."



"ရှင့်အတွက် ကြိုးကွင်းဖြစ်လာတာပေါ့ ကိုဝဏ္ဏစိုး ... ကဲ
လေ ... ခုလိုအဖမ်းခံခဲ့ရတာကိုရော မတော်တဆလို့ ပြော
ချင်သေးသလား ..."

ဝဏ္ဏစိုးက လက်ကောက်ဝတ်နှစ်ဖက်ကို ပူးပြီး ကြိုး
ချည်ခံထားရလျက် လဲလျောင်းနေရာမှ ခက်ခက်ခဲခဲ လက်ယောက်
သလိုက်ရင်း အားကျမခံပင် ...

"လက်ငင်းမပြောနိုင်သေးတဲ့တိုင်အောင် မတော်တဆ တစ်
ခုခုကိုတော့ မျှော်လင့်ထားတာ အမှန်ပဲဘေဘီ ..."

"ရှင်တို့အတွက် မျှော်လင့်ချက်ဆိုတာ မရှိတော့ပါဘူး ကို
ဝဏ္ဏစိုး ... လက်နက်မဲ့ပြီး အကူအညီကင်းနေတဲ့ ရှင့်အဖို့
လွတ်လမ်းရှိပါဦးမလား ... အဲ ... ရှိခြင်းရှိရင် ကျွန်မတို့က
ပေးပါမှပဲ မဟုတ်လား ... ကျွန်မတို့ဘက်ကတော့ ၅-သိန်း
ဖိုးရတနာတွေ ပြန်ရရင်ရ မရရင် တို့နှစ်ယောက်လုံး အသတ်
ပဲ ..."

"ပန်းထိမ်လက်ရာပြပွဲက ထပ်ခိုးပါလား ... ရတနာတွေရဖို့
ကတော့ ဒီတစ်နည်းပဲရှိမယ် ..."

"မငေါ့ပါနဲ့ ကိုဝဏ္ဏစိုး ... စောရဘုရင်ဘက်က ပိုင်မှလုပ်
တယ်ဆိုတာလည်း သတိထားဦးမှပေါ့ ... ဘာပဲဖြစ်ဖြစ်
ဘေဘီတို့အတွက် ရတနာတွေကို ပြန်မရတဲ့တိုင်အောင်

ရသင့်ရထိုက်တယ်ထင်တဲ့ ငွေနှစ်သိန်းလည်းရ ... ရှင်တို့
လည်း အသက်ချမ်းသာ၊ တိုတိုပြောရရင်တော့ ... ရှင့်တို့
ပြန်လွှတ်မယ် ... ငွေနှစ်သိန်းနဲ့ စောယုလှိုင်ကိုပြန်ရွေးနိုင်
ကြိုးစားပါ ... "

"ခြောက် ... ဒါငါ့ကို လက်စားချေဒဏ်ခတ်တဲ့အနေနဲ့ ...
အတွင်းရေးမှူးမလေးကို ပြန်ပေးဆွဲတယ်ဆိုပါတော့ ...
ကဲ... တကယ်လို့ ငါက ပြန်သွားပြီး အစိုးရတပ်တွေနဲ့ လာ
ဝိုင်းရင်ကော ... "

"မပူပါနဲ့ ကိုဝဏ္ဏစိုး ... ဘောဘီတို့တွက်ပြီးသားပါ ... ရှင့်ကို
ရှင်ကိုယ်တိုင်မသိလိုက်တဲ့နည်းနဲ့ အိမ်ပြန်ပို့မှာပေါ့ ...
ရတနာတွေပဲ ပြန်ယူလို့ရရ၊ ငွေပဲရရ သတ်မှတ်ထားတဲ့
နေရာမှာ လာစောင့်နေမယ့် ဘောဘီတို့လက်ထဲ လာပေးရုံ
ပဲ ... ပြီးတော့ ဘောဘီတို့လူက ဒီပြန်လာအကြောင်းကြားမှ
စောယုလှိုင်ကို ပြန်လွှတ်မယ် ... ရှင်ထွက်သွားတာကအစ
ကျွန်မတို့လူ ပြန်ရောက်လာချိန်အပါအဝင် ရှင့်အတွက်
၁နာရီအချိန်ပေးမယ် ... ဒီအတွင်း ဖြောင့်ဖြောင့်ဖြူးဖြူး
မလုပ်ခဲ့ဘူးဆိုရင်တော့ ရှင့်အသက်ဘူးရှမ်းမလေးဟာ ဖြူ
ဖြူလှလှဘဝက မဲမဲတူးတူး ငါးကျီးခြောက်ဘဝကို မရှိး
မဆန့်ရောက်သွားလိမ့်မယ် ... ၊ ဒီနောက်ပိုင်း ရှင်ကျွန်မတို့



ကို ထပ်ရှာရအောင် နေရာကို သိခဲ့တာမှ မဟုတ်ဘဲ၊ ကျွန်မ
ကလွဲလို့ မျက်နှာဖုံးစွပ်ထားတဲ့ ကျန်တဲ့လူတွေကိုလည်း
မှတ်မိစရာမရှိတော့ တော်တော်နဲ့ ခြေရာခံမိမှာ မဟုတ်
ဘူး... ကျွန်မကလည်း ကိုယ်ဖျောက်နေမယ်ဆိုရင် ရှင် ဘာ
တတ်နိုင်ဦးမလဲ ... စောယုလှိုင်သေရတာလည်း အဖတ်တင်
မှာပေါ့ ... ကဲ ... ဘယ်လိုအသေဆိုးသေမယ်ဆိုတာ ရှင်သိ
ထားရအောင် လေ့လာသွားဦး ... လာ"

ဘောဘီအေးဦးဆောင်ရာနောက်သို့ ဝဏ္ဏစိုးထလိုက်ခဲ့ရပြီး၊ စောယုလှိုင်နှင့်တွေ့ရ၏။ စောယုလှိုင် ထိုင်နေရသည်မှာ လျှပ်စစ်ကုလားထိုင်ကြီးဖြစ်နေကြောင်း အနီးကပ်မှသိခဲ့ရသလို ...

"ဒီလျှပ်စစ်ကုလားထိုင်ရယ် ... ဆွစ်(ချ်)ဘုတ်ကခလုတ်
ရယ် ... ဟောဟိုစားပွဲတင်နာရီရယ် ဆက်ထားပြီး ...
အချိန်ကိုက်သော့ပေးလိုက်ရုံပါပဲ ကိုဝဏ္ဏစိုး ... အချိန်စေ့
တာနဲ့ သော့ကလည်ပြီး မီးခလုတ်ကိုဆွဲဖြုတ်လိုက်မှာဆို
တော့ ... လျှပ်စစ်ကုလားထိုင်ပေါ်က စောယုလေးခမျာ
ဘယ်လိုခံစားသွားရမယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါ
ဘူး ... ကဲ ... ရှင် ကျွန်မတို့ဆန္ဒကို လိုက်လျောဖို့ သဘော
တူကောင်းမတူကောင်း ဆုံးဖြတ်ပေတော့ ကိုဝဏ္ဏစိုး ...
စဉ်းစားချိန် ၅-မိနစ်ပေးမယ် ... "

"ဘာပဲဖြစ်ဖြစ် သဘောမတူနဲ့ ကိုစိုး ... ယုအသေခံမယ် ယုအတွက်နဲ့ သူတို့ကို လက်ဖြောက်အရှုံးမပေးစေချင် ယုသေပလေ့စေ ... "

စောယုလှိုင်က ... ဘောဘီအေး၏စကားအဆုံး ကုလေးကြိတ်၍ ရဲရဲတောက်ဝင်ပြောသည်။

"အံမာ ... ညည်းက ဘယ်အကြောတစ်ချောင်းထနိုင် ပြောနေတာလဲ ... ငြိမ်ငြိမ်နေလိုက်စမ်း ... "

ဝဏ္ဏစိုးက လှုပ်ရှားမည့်ဟန်ပြင်ခဲ့သည်။ စတ ကိုင်လူဆိုးက သူ့ဗိုက်ကို ပြောင်းဝနှင့် လှမ်းထောက်ထားလို သည်။

"သတ္တိရှိရင် ညည်းငါ့ကို ခုလွှတ်ကြည့်ပါလား ဘောဘီအေး မိန်းမချင်းအကြောင်းပြလိုက်လို့ အရိုးတခြားအသားတခြ စုစုညက်ညက်ကြေသွားမယ် ... "

"ဟော့ကောင်မ အပိုတွေ အာမနေစမ်းပါနဲ့ဟယ် ... နင် ထက်ငါသာလို့ နင့်ကိုပဲ ဖမ်းချုပ်ခဲ့ပြီ မဟုတ်လား ... နင့်ကို အဖတ်လုပ်သတ်ရလို့လည်း ပျော်မှာမှမဟုတ်တာ ... "

"အေးပေါ့ ... ညည်းလိုမိန်းမစားက ယောကျ်ားတွေနဲ့ အရသာတွေ့မှာကိုး ... "

"ဟင်း ... ဒီကသနားလို့ အသာကြည့်နေတာ လူပါးဝလို့



ဘောဘီအေးက နောက်တစ်ချက်ထပ်ရိုက်မည်အပြု ဝဏ္ဏစိုးက အသံကုန်ဟစ်၍ ...

"ဟေ့ ... ဘောဘီ ... နိုင်တိုင်း ညှဉ်းဆဲချင်တာ မကောင်းပါဘူး ... ယုကလည်း ဘယ်အခြေအနေရောက်နေတယ် ဆိုတာ ကြည့်ပြီး စကားပြောဆင်ခြင်မှပေါ့ ... မင်းကရှူရှူ ပူပူလုပ်လေ ပိုဆိုးလေမှတ် ... "

ဝဏ္ဏစိုးက စောယုလှိုင်၏မျက်နှာလေးကို အဓိပ္ပာယ် ပါပါ စေ့စေ့ကြည့်ရင်း လမ်းခင်းစကားပစ်လိုက်၏။ ဘောဘီအေးက ဝင်ဟန့်သည်။

"တော်ပါ ရှင်ကလဲ ... ရှင့်နေရာမြန်ပြီး ရှင့်ပြဿနာသာ သွားစဉ်းစားပေတော့ ... ငါးမိနစ်စေ့လို့မှ အဖြေမပေးရင် နှစ်လောင်းပြိုင်ဓာတ်သိမ်းပဲ ... ဟော့ကောင်တွေ သူ့ကိုခေါ် သွား ... "

စတင်းကိုင်နှင့် အခြားတစ်ယောက်ကို လှမ်းအမိန့် ပေးလိုက်သည့်အဆုံး၊ ဝဏ္ဏစိုးလည်း ကွပ်ပျစ်ကလေးပေါ် ပြန် ရောက်ခဲ့ရသည်။ သူ့အဖို့ ဘောဘီအေးပြောသလို စဉ်းစားစရာပင် မလို။ အဖြေက ပေါ်ပြီးသားပေတည်း။ ဘယ်နည်းနဲ့မှ မဖြစ်ဟူ၍။

တစ်ကိုယ်ကောင်းစိတ်ထားနှင့် တာဝန်သွေဖည် ရေး၊ တိုင်းပြည်သစ္စာဖောက်ရေး၊ ရန်သူကို လက်နက်ချရေးတို့ကို

ပြောလာလျှင် ဆဲသည် ရိုက်သည်ထက်နာတတ်သော ဝဏ္ဏစိုးအ... သူတွင်မက မျိုးရိုးစဉ်ဆက် ဂုဏ်အသရေအပျက်ခံ၍ လူဆိုးမ... တောင်းဆိုချက်ကို လိုက်လျှောလို့ ဖြစ်ပါ့မလား။ သို့ကြောင့်လည်... သူနှင့်တကွ စောယုလှိုင်လွတ်မြောက်ရေး၊ စောရဘုရင်ဂိုဏ်း ကျ... ရေးကိုသာ ဦးစားပေးအလေးတမူစဉ်းစား၏။

စဉ်းစားရလင့်ကစား အားကတော့ သိပ်မရှိ။ အဓိက... အားဖြင့် လက်သုံးတော် လူဂါသာတီးအိတ်ကလေးက သူ့ဗီရိုထဲတွင်... တကွဲတပြားဖြစ်၍ ကျန်ခဲ့သောကြောင့်ဖြစ်သည်။ အောင်အောင်နှ... တကွသော ဘက်တော်သားအပေါင်းမှာလည်း သူနှင့်ဘောဘီအေ... ရန်သူ့လက်ကျနေခြင်းကို သိသည်ပဲထား၊ နေရာဒေသကိုမသိတော့... လည်း ဘာကြံ၍ဘာလုပ်ပြီး ဘယ်လို လိုက်ကယ်နိုင်ပါ့မည်နည်း... အတ္တာပဟိ အတ္တနောနောထောဆိုသည့် အမိန့်အဆိုတစ်ခုကိုသာ သူ... လိုက်နာဖို့ ရှိတော့ပါကလား။

ထိုအခါ ခြောက်ယောက် ခုနစ်ယောက်ထက် ပိုမည်... မဟုတ်သော ရန်သူ့အနေအထားကို ခန့်မှန်းရသည်။ အိမ်အနေ... အထားပတ်ဝန်းကျင်အရလည်း အိုမင်းဟောင်းမြွေနေလျက်၊ လေ... ကားကို အိမ်အပြင်ဘက်၏ အရှေ့၊ (သို့မဟုတ်) ဘေး၌ထားခြင်း... အောက်ခန်း၌ ဝင်ပေါက်ထွက်ပေါက်ဆို၍ ဥပစာတွင် တစ်ခုတည်းရှိ... ခြင်းတို့ကို အကျွမ်းတဝင် သတိထားမိ၏။ သူ့ကိုယ်သူလည်း ပြန်...



သုံးသပ်မိရာ အနည်းငယ်ဆာလောင်ရုံမှအပ ကျန်းမာရေးကောင်းသည်။ တိုက်အားရှိသည်။ ဒီတော့ ... သူ့လက်ကြီးတွေ ပြေဖို့သာ အစီအစဉ်နံပါတ်တစ်အဖြစ် သတ်မှတ်ထားလိုက်တော့သည်။

သို့နှင့် ခါးမှာ ဥလက်မ ခါးပတ်ပြားကြီးကို တန်းတန်းမတ်မတ် သတိရခဲ့မိလေ၏။ ခါးပတ်ခေါင်းမှာ သံမဏိရောင်ပြောင်ဖွေးနေသည်နှင့်အမျှ ထိပ်ဖက်တွင် မြနေအောင် သူသွေးထားခဲ့ခြင်းကြောင့် မေးသွားပမာ ထက်နေခဲ့သည် မဟုတ်ပါလား။ အကယ်၍သာ ... ကွပ်ပျစ်ပေါ်တွင် ခြေချထိုင်လျက် ခေါင်းငိုက်စိုက်ချပြီး တွေမှိုင်နေဟန်ပြရင်း သူ့လက်အံစုံကို ပေါင်ကြားထဲ အမှတ်တမဲ့ လျှိုသွင်းထားသလိုလိုနှင့် ခါးပတ်ခေါင်းဖြင့် လက်ကျဉ်းကြိုးအား ကြိတ်ဖြတ်နိုင်ခဲ့လျှင်တော့ ... ။

သို့ကလို ဝဏ္ဏစိုးအတွေးပေါက်ခဲ့သည့်နောက်၊ အစောင့်နှစ်ယောက်ကို အရိပ်အကဲခတ်ရင်း လက်တွေ့လုပ်ဆောင်ရန် ကြံနေစဉ်အတွင်းမှာပင် ... ကံအားလျော်စွာ စောယုလှိုင်လေးဆီမှ ပူပူညံညံဖြစ်လာသည်။

အကြောင်းကတော့ တစ်ဖက်လှည့်နှင့် တိုက်တွန်းပြောခဲ့သော ဝဏ္ဏစိုး၏ နောက်ဆုံးစကားပိုဒ်ကို အရိပ်ပြအကောင်ထင်၊ တစ်စိတ်ကတစ်တောင်မြင်ခဲ့သူ စောယုလှိုင်က ... ဘောဘီအေး မခံချင်အောင် အမျိုးမျိုးသွေးဆူလျက် တဖွဖွမန်းပြီး တကြွ

ကြွလုပ်ခဲ့သည့်အဆုံး၊ ခွန်းကြီးခွန်းငယ် ပါးစပ်စစ်ထိုးပွဲကြီးဖြစ်ရ

ပေါက်ကွဲခဲ့ရခြင်းဖြစ်၏။ ဘေဘီအေးက စောယုလှိုင်ကို ငါးဖယ်

ထေသည်။ စောယုလှိုင်ကလည်း ငါးဖယ်မာမာ၏။ အသားအ

စ်၍ ပြောလောက်လေ။ ရိုက်လေ ရုန်းလေ။ ဖိလေ ကြွလေ။

သည့်နှယ် ရိုက်နှယ် ကြိမ်းမောင်းသံများ လျှံထွ

လာရာ ပဋိပက္ခမြင်ကွင်းက ဝဏ္ဏစိုး၏ အစောင့်များကို ဖမ်းယူ

ထား ပေးအားကောင်းစေသဖြင့် ဝဏ္ဏစိုးအဖို့ ၅၀–ရာခိုင်နှုန်းခန့် လ

လျှော့ခြင်းခံလိုက်ရ၏။ ဝဏ္ဏစိုးသည် ညာလက်ဖနောင့်ဖြင့် ခါးပ

ခေါင်းတစ်ဖက်ဖျားကိုဖိရင်း၊ ခပ်ထောင်ထောင်ဖြစ်လာသော

သဖွယ် ခါးပတ်ခေါင်းထိပ်နှင့် သူ့လက်ထိပ်ကြီးများကို လှီးဖြတ်

ရခဲ့စေ၏။ အောက်ဘက်မှဖြတ်ခဲ့ခြင်းဖြစ်၍လည်း ဂရုတစို

မကြည့်မိချင်း ပြတ်လို့ပြတ်မှန်း သိမည်မဟုတ်။

၄။ နှောင်ကြိုးတွေ ပြတ်သွားပြီဆိုသည့်နောက်တော

ုက်ပွဲခေါ်ဖို့ပဲကျန်တော့၏။ ခုလောလောဆယ်တွင် အစောင့်

ယောက်ကို ပုန်ကန်လိုက်လျှင်ပင် ဖြစ်နိုင်နေပါပြီ။ သို့သော်

ဘေဘီအေးတို့လူသိုက်ကို စောင့်နေမိသည်။ စောယုလှိုင်ဆီတွ

ဘေးဘီအေးတို့ရှိနေခြင်းဖြင့် သူ့အတွက် တိုက်ကွက်မသာ။ စော

လှိုင်ကို ခုတုံးလုပ်ကာ တန်ပြန်နိုင်၏။ သူက ရန်ငါမျဉ်းပြတ်ချင်

ဒါကြောင့်ပင် နောက်လိုက်အခြွေအရံနှစ်ယောက်နှင့်အတူ ဘေ



အေးရောက်လာသောအခါ …

"ရှင့်ကောင်မ မိစွာယုကို အစွဲချွတ်နေရတာနဲ့ ၅–မိနစ် ကျော်လို့ ၂–မိနစ်တောင်စွန်းသွားပြီ ကိုဝဏ္ဏစိုး … ဒီတော့ ရှင်စဉ်းစားချိန် လုံလုံလောက်လောက်ရခဲ့ပြီထင်တယ် … ဘယ်နှသဘောရသလဲဆိုတာသာ ပြောပေတော့ … "

"သဘောတူပါတယ်ဘေဘီ … ဒီအခြေရောက်မှ ကိုယ်ဘာ ငြင်းနိုင်ဦးမှာမို့လဲ … "

ဝဏ္ဏစိုး၏ ပရိယာယ်တွေကို နားမလည်မရိပ်စားမိ သည့် ဘေဘီအေးကတော့ အပိုင်အနိုင်စိတ်အေးသွားပုံဖြင့် ခေါင်း ခွပ်မျက်နှာဖုံးကြီးကိုပင် ချွတ်၍ လှလှပပလေး ပြုံးပြခဲ့ပြီး …

"ဒီလိုလိမ္မာမှပေါ့ ကိုစိုးရယ် … ကိုစိုး ဒီလိုသိတတ်မှုရှိမယ် ဆိုရင် ဘေဘီကလည်း မရိုင်းပါဘူး … ကဲ … ကဲ … ကိုစိုး ကိုပြန်ဝို့ရအောင် ဘေဘီကိုယ်တိုင် မေ့ဆေးပေးမယ်နော်"

ဘေဘီအေးက သူ့ ကရိုဗီယံ ခြောက်လုံးပြူးလေး ကို ခါးကြားထဲ ထိုးထည့်လိုက်သော ဘေးလူတစ်ယောက် မေ့ဆေး ဆွတ်ပေးလိုက်သော လက်ကိုင်ပဝါကိုယူ၍ ဝဏ္ဏစိုးထံ လက်လှမ်း လိုက်သည်။

သည်မှာပင် ဝဏ္ဏစိုးက လက်နှစ်ဖက်ကို သုံးလျက် ဖြန်းခနဲ ရုန်းဖယ်တွန်းကန်ထလိုက်၏။ ဘေဘီအေးနှင့် အပေါင်းပါ

များသည် မမျှော်လင့်သော တော်လှန်မှုကြောင့် ဖြန်းသဲ့ခြင်း ယိမ်းထိုးလွင့်စဉ်သွားကြရ၏။ သို့နှင့် အချင်းချင်း ဝင်တိုက်သူတို့ အလန့်တကြား ခုန်ရှောင်သူရှောင်ဖြင့် ဖရိုဖရဲဖြစ်သွားစဉ်၊ စောကတည်းက သူမျက်စောင်းထိုးထားသော အိပ်ရာခေါင်း ကွပ်ပျစ်ဒေါင့်ရှိ စတင်းကိုင်လူကို လျှားခနဲခုန်အုပ်လိုက်၏။ တ ဆက်တည်း၌ ကြောင်နေသော စတင်းသမား၏လက်ထဲမှ သေန ကို ဖတ်ခနဲ အပါဆွဲယူနိုင်ခဲ့ရာမှ ရန်သူများဘက်လှည့်၍ ချိန်သ နှင့်အမျှ မောင်းတင်လိုက်ကာ ...

"တစ်ယောက်မှ မလှုပ်နဲ့နော် ... ၊ အလောင်းချင်း ထ သွားမယ် ..."

ဟန့်တားသတိပေးလိုက်သည့်ကြားက နောက်ဆ မှလူတစ်ယောက်သည် မိုက်မိုက်ကန်းကန်းလုပ်ဖြစ်အောင် လုပ် သေး၏။ အသင့်ထုတ်ပြီးသား ၄၅–ဘို့ပစ္စတိုကြီးဖြင့် သူ့ ရုတ်တရက် လှမ်းပစ်လိုက်ခြင်းတည်း။ ဘုရားသိကြားမ,သဖြင့် ကျည်ဆံပိတုန်းက ပန်းကန်တောင်ပံခတ်၍ ဘေးသို့ တိုးဝပ်ချလိုက် သော သူ့ပခုံးစွန်းကို ရှပ်တပ်တပ် ပွတ်ထွက်သွားသည်။

သူက မြေကြီးပေါ် ကျသည်နှင့် သုံးလေးငါးပတ်လိမ့် ပစ်လိုက်ကာ၊ ရန်သူများကို မျက်နှာမူ၍ ဒူးထောက်လျက်သာ အလိုက်သင့် ပြန်ထ,မိလျှင် ထ,မိချင်း၊ နှစ်ချက်ဆင့် မောင်းဖြုတ်



ချလိုက်၏။ တစ်တောင့်ချင်း တစ်တောင့်ချင်း ထွက်သွားသည်။ တစ်တောင့်က ခြောက်လုံးပြူးကိုင် ရှေ့ဆုံးလူတစ်ယောက်၏ ဘုံ့အားတသင့် ပွင့်ဟနေသော ပါးစပ်ထဲ နောက်တစ်တောင့်က အိမ်ဘေးနံရံအမြင့်ပိုင်းကို ဖောက်ထွက်၍ ... ။

ဘေဘီအေးနှင့် ကျန်လူလေးဦးကတော့ ဝဏ္ဏစိုး ပြောင်းလှည့်လိုက်ပြီး ဆိုကတည်းက ပြားပြားဝပ်မှောက်ချလိုက် သည့်အတွက် အန္တရာယ်မှလွတ်သွားသည်။ သူတို့ ခေါင်းထောင် ကြည့်လိုက်ကြသောအခါမှ ဝဏ္ဏစိုးက ရှေ့ဘက်ဘေးနံရံမှ ဓါရိုကြီး တစ်လုံးဘေးတွင် ပျောက်ကွယ်လျက်ရှိခဲ့လေပြီ။ ခါပေမယ့် ပြောင်းဝလေးက ပြူလာပြီး ခေါင်းထောင်လိုက်သော သူတို့ထံ ကျည်ဆံတစ်တောင့် လွှတ်လိုက်၏။ ဝဏ္ဏစိုး မချိန်တမ်းယမ်းပစ်ခဲ့ ဟန်တူသည်။ ရွှီခနဲအသံဖြင့် ညည်းညူရင်း သူတို့နောက်ဘက်က ကြမ်းပြင်ကို ချော်တော့ငေါ့ပြီး သွားစိုက်၏။

"တော်ပါသေးရဲ့ ..."

ဘေဘီအေးက သည့်နှယ် စဉ်းစား၏။ ဝဏ္ဏစိုးတစ် တောင့်ချင်း ပစ်နေပုံကို ထောက်ချင့်ခြင်း အားဖြင့် ကျည်ဆံချွေ တာနေကြောင်း သိသာသည်။ တစ်ခေါက်ကန်းဝီပီ ထွက်၍ အော် ကိုမက်တစ်နှင့် ဆွဲလျှင် အကာအကွယ်မဲ့ ကြမ်းပြင်ထက်မှ သူတို့ အဖို့ လိမ့်ခံရမည်မလွဲ။ ဒီတော့ ... ကျည်ဆံအားသာသော သူတို့

အနေနှင့် တစ်ဖက်က ခေါင်းမဖော်နိုင်အောင် ဒလကြမ်း ဆက်တိုက် ပစ်ရင်း ရှေ့တက်စီးဖို့သာရှိတော့သည်ဟု တွက်ချက်ခဲ့သည်နှင့်အညီ မိနစ်မဆိုင်း ပြန်၍ပိုင်းပစ်စေသည်။

သူတို့ကျည်ဆံများက မျက်ကွယ်နေရာမှ ဝဏ္ဏစိုး ကွန်ရှာသကဲ့သို့ မလှုပ်သာအောင် ချုပ်ကိုင်ထားနိုင်ခဲ့၏။ မရဏာ လာပေါက်ပေါက်ပန်းလေးတွေက ဗီရိုနှင့်နံရံများကို တဖြောင်း ဖြောင်းလာမှန်နေသည့်အဆုံး ဝဏ္ဏစိုးကလည်း သူတို့အကြံကို ရိပ် လိုက်၏။

ဒါ့ကြောင့်လည်း သူက အော်တိုမက်တစ်လှေတ်နှ ပြီးနောက် … အားစနဲ့ အသံကုန်ဟစ်၍ ကျုံးအော်ပစ်လိုက်သည် ဘေဘီအေးတို့ဘက်က ချက်ကောင်းတော့ မှန်ပြီဟူသော အတွေ ဖြင့် အပစ်အခတ်ရပ်လိုက်သည်။ အခြေအနေအကဲခတ်နေသည် ဒါကိုပင် နံ့စံ့မင်မင် အကွက်ဆင်ခဲ့သူ ဝဏ္ဏစိုးလည်း ဒက် … ဒက် ဒက် … သုံးတောင့်တွဲဖြင့် ဖြန်းခနဲစ,ပစ်ရင်း ဗီရိုကွယ်မှထွက် သည်။ ထွက်မိသည်နှင့် နောက်ထပ် သုံးတောင့်တွဲနှစ်ကြိမ်ဆက လျက် စိတ်တိုင်းကျမွှေ့ယမ်းလိုက်တော့သည်။

ဘယ်ဘ၀က အထုံပါခဲ့သလဲတော့ မသိ။ ဘေဘ အေးတို့ ကံဆိုးလိုက်ပုံများ ဝဏ္ဏစိုးကိုယ်တိုင်ပင် ဩချရအော ဖြစ်၏။ အဖြစ်က ကြောက်စရာလည်း ကောင်းပါဘိခြင်း။ ဝဏ္ဏ



ပစ်လိုက်သောကျည်ဆန်များက ဖြန့်ထားသည့် လေးယောက်သား အနက်မှ နှစ်ယောက်ကို တိုက်ရိုက်ထိခဲ့သလို၊ လွဲချော်ခဲ့သော နှစ် တောင့်တွဲတစ်တွဲက ကွပ်ပျစ်ခြေရင်းမျက်စောင်းရှိ ဗီပါကြီးတစ်လုံး ကို သွားမှန်ခဲ့သည့်အတွက် ရေနံဆီအပြည့်နှင့် ဗီပါကြီးမှာ မီးကူးပြီး ဝုန်းခနဲပေါက်ကွဲခဲ့ရခြင်း ဖြစ်တော့သည်။ ယင်းဒဏ်ချက်ကြောင့် အိမ်ကြီးတစ်ခုလုံး သိမ့်သိမ့်ခါသွားပြီး ဘေးနံရံတစ်ဖက် ပွင့်ထွက် သွားသည်။ ပတ်ဝန်းကျင်တွင် မီးခွဲလျက်သား သံတိုသံစ အပိုင်းပိုင်း အပြတ်ပြတ်နှင့် ရေနံဆီများ ပက်ကျဲပျံ့လွင့်ပြီးတော့လည်း နေရာ အနှံ့အပြား မီးဟုန်းဟုန်း ထ,တောက်ရပြန်၏။ ဘေဘီအေးအပါ အဝင် ရန်သူတော်ငါးယောက်မျှလည်း လောင်မီးနယ်မြေအတွင်း ကျခဲ့သည်နှင့်အမျှ သေပြီးသောလူသုံးယောက်အဖို့ သဂြိုဟ်စရိတ် ငြိမ်းသွားကြပေမယ့် ဘေဘီအေးနှင့် ကျန်နှစ်ယောက်မှာတော့ ပူလှ ချည့်ရဲ့ လောင်လှချည့်ရဲ့၊ ကယ်ပါယူပါ တစာစာမြည်ကြွေး၍ လူးလိမ့်နေရသည့် ဘဝသို့ရောက်ခဲ့ရလေပြီ။ တကယ်စင်စစ် ဝဏ္ဏ စိုးပင် ကံကောင်းထောက်မ,လို့ မီးစမီးလျှံများဘေးမှ လွတ်ရုံရှိခဲ့ရ သည်။

ဝဏ္ဏစိုးက ဘေဘီအေးတို့ အသက်ကိုကယ်ရန် ကြိ သော်လည်း … အကြောင်းထူးတော့မည်မဟုတ်ဟု သူနည်းလည် ခဲ့မိသည့်အတူ၊ မီးရှိန်ကလည်း တဖြည်းဖြည်း တိုးပွားပြင်းထန်လာ

ငြိ ဖြစ်၍ လိပ်ပြာလွင့်မတတ် ချောက်ချားနေသော စောယု

ကိုသာ ကမူးရှူးထိုး ပြေးကပ်ခဲ့တော့၏။

ခါးပတ်ခေါင်းအသွားကိုသုံးလျက် စောယုလှိုင်

အနှောင်အဖွဲ့များကို ဖြတ်ဖြည်ပေးလိုက်သည့်အချိန်တွင်မူ၊

တစ်ခြမ်းလုံး မီးစွယ်ကြီးများ ဝါးမျိုသွားလေပြီ။ မီးကြားထဲမှ

ရုံလေးထွက်နိုင်ခဲ့ရာမှ အိမ်ရှေ့တွင် သော့တန်းလန်းနှင့် ရပ်

သော ဟမ်းဘားကားနက်ကြီးထဲ နှစ်ယောက်တူယှဉ် ပြေးဝင်

ပြီးနောက်၊ မီးဘေးမှကင်းဝေးအောင် မြေနီလမ်းလေးတစ်လျှော

စွတ်မိစွတ်ရာ မောင်းချလာရတော့၏။

များမကြာမီ ပေတစ်ရာ လမ်းမကြီးပေါ် ရောက်

ရကား ...

"ခုမှပဲ ရဲရဲအသက်ရှူဝံ့တော့တယ် ... တစ်နေ့လုံး ငရဲပြ

ရောက်နေသလား မှတ်ရတယ် ... "

"ဒါပေမယ့် တကယ့်တကယ်ငရဲပြည်ရောက်သွားကြတာ

စောရာဘုရင် တစ်ဖွဲ့လုံးပါ ယုရဲ့ ... ၊ နေပါဦး ... မြို့

ရောက်အောင် ဘယ်ဘက်ကွေ့ရမှန်းတောင် မသိတော့

သူ့နံဘေးမှ နွမ်းပြုံးလေးပြုံးရင်း စကားဆိုလာသော

စောယုလှိုင်ကို တုံ့ပြန်ပြောရင်း ကားနက်ကြီးကို ပေတစ်ရာလ

ထက် မေးတင်ရပ်လျက် ဟိုဟိုဒီဒီ ပတ်ဝန်းကျင်ကို သုံးသပ်ကြ



နေမိစဉ် ...

"စဉ်းစားနေတာ ကြာပါတယ်ကွာ ... ၊ ညာဘက်ကိုသာကွေ့

လိုက် ဝမ္မစိုး ... ၊ အသက်ရှည်ချင်ရင် ငါ့စကားကို နားး

ထောင် ... "

အသံတစ်သံက ကားနောက်ခန်း သူ့ကျောဆီမှ ခက်

ဆန်ထန် ထွက်လာသည်လို၊ သူလည်းကုပ်ဆီမှာလည်း မာကျောအေး

စက်သော အတွေ့အထိတစ်မျိုး ခံစားလိုက်ရ၏။ သည်တော့မှ ရင်

ထိတ်သွားရခြင်းနှင့်အတူ ကားနောက်ကြည့်မှန်ထဲသို့ ငုံ့ကြည့်မိ

သည်။ မျက်နှာဖုံးနက်ဝတ်လူမဲကြီး တစ်ယောက်ပါတကား။

"ခင်ဗျား ဘယ်သူလဲ ဘယ်ကလဲ ... "

"ဘယ်သူရမလဲကွ ... ၊ မင်းရဲ့အချစ်တော်စောရာဘုရင်း

ပေါ့... ၊ စုံထောက်မင်းသားကြီးရ ... "

"အို ... စောရာဘုရင်ဆိုတာ မီးသွေးခဲဖြစ်သွားပြီ ... သူ့

နာမည်က ဘောဘီအေးတဲ့ ... "

"ဒါက မင်းထင်ခဲ့တာကိုးကွ ... ၊ တကယ့်စောရာဘုရင်ဟာ

ငါပဲ ... ဘောဘီအေးက ငါ့လက်ထောက်၊ ငါ့မယား ... "

"ဒါဖြင့် ခင်ဗျား ဘယ်သူလဲ ... "

"ငါ့ကို မင်းသိပါတယ်ကွာ ... ၊ ခေါင်းအေးအေးထားပြီး

စဉ်းစားကြည့်ပါဦး ... "

"နင်းကန်ပြီး ကိုယ်ရည်သွေးမနေစမ်းပါနဲ့လေ ... ၊ မြေ
မယ့်ဟာပြောစမ်းပါ ... "

"ဒီလိုဆိုလည်း မှန်ထဲကနေကြည့် ... ဟောဒီမှာ ... "

လူမဲကြီးက မျက်နှာဖုံးကို ဖြုန်းဆို လှန်ချလိုက်
သည်။ ဓာယုလှိုင်းကလည်း မှန်ထဲကြည့်လိုက်သည်နှင့်အညီ မြင်
လိုက်ရသော မြင်ကွင်းကြောင့် ...

"ဟင် ... "

ခနဲ အာမေဋိတ်သံပေါ်လာ၏။ ဝဏ္ဏစိုး၏နှုတ်မှ
ကလည်း တစ်ဆက်တည်းပင် ...

"ဦးစိန်ညွန့် ... "

"ဟုတ်တယ်လေ ငါစိန်ညွန့် ... တစ်ချိန်က မောင်းမကန်
မှာတွေ့ခဲ့တဲ့ မင်းရဲ့ မိတ်ဆွေဟောင်းကြီးတစ်ယောက်ပဲ...
အိမ်ပေါ်မှာ အိပ်နေတုန်း သေနတ်သံတွေကြားလို့နိုးတော့
မီးလောင်နေတာတွေ့တာနဲ့ ... ကပျာကယာ ဆင်းလာ
တာပဲ ... မင်းတို့လည်း တိုက်ထဲက ထွက်မယ့်ဆဲဆဲ ...
ကားထဲဝင်ပုန်းနေတယ်ဆိုပါတော့ ... "

"မဟုတ်သေးပါဘူး ... ခင်ဗျားက ဘယ့်နှယ်ဓာရာဘုရင်
ဖြစ်ရတာယ်လို့ ... "

"ဒီလိုလေကွာ ... ဘောဘီအေးနဲ့ ကျော်သက်တို့ ငါ့ငွေနှစ်



သောင်း ခိုးခဲ့ပုံလေးကို သိလိုက်တဲ့နောက် ... သူတို့စုံတွဲ
ကို ငါသဘောကျသွားတယ် ... စီးပွားရေးအခြေအနေ
မကောင်းတော့တဲ့ ငါကလည်း သူတို့လိုအပ်တဲ့ ပစ္စည်းကိရိ
ယာတွေဝယ်ဖို့ ငွေအရင်းအနှီးတချို့ စိုက်ထုတ်ပေးခဲ့သလို၊
သူတို့ကို လက်သပ်မွေးပူးပေါင်းပြီး ဓာရာဘုရင်ဂိုဏ်းကို
ထောင်ခဲ့တာပဲ ... ကျော်သက်သေတော့ ... ဘောဘီအေး
နဲ့ ဆက်ပေါင်းပေါ့ ... ၊ ရှင်းပလား ... "

"လက်စသတ်တော့ ... ခင်ဗျားက အိုကြီးအိုမနဲ့ ထ,သောင်း
ကျန်းခဲ့တာကိုး ... ၊ ဒီအသက် ဒီအရွယ်ရောက်မှ လောဘ
ဇောတိုက်တဲ့ အလုပ်တွေ မလုပ်သင့်တော့ပါဘူးလေ ... မ
ကဲ ... လောလောဆယ်ကော ကျုပ်တို့ကို ဘယ်အကြံနဲ့"

"ဘာ အကြံရမလဲ ... ငါ့ လုပ်ငန်းစဉ်တွေကို ဖျက်လိုဖျက်
ဆီးလုပ်၊ ငါ့မိန်းမနဲ့ အပေါင်းပါတွေကို သေတွင်းပို့ ... ငါ့
စည်းစိမ်ဥစ္စာတွေကို ဖြုန်းတီးပစ်တဲ့ မင်းတို့ကို ငါကြေနိုင်
ရိုးလား ဝဏ္ဏစိုးရာ ... ၊ ဒါပေမယ့် မင်းတို့မသေခင် ငါသွား
ချင်တဲ့ ခရီးကို လွတ်လွတ်ကျွတ်ကျွတ်ရောက်အောင် ပို့နိုင်း
လိုက်ဦးမယ် ... ပြီးတော့မှ ... ငါ့သဘောရှိ ဆက်စီစဉ်ရ
တာပေါ့ ... ကဲ ... မောင်းလေကွာ ... "

သို့နှင့် ဝဏ္ဏစိုးလည်း စတင်းဂန်းကိုဖွန့်ပစ်သည့်

အတွက် နောင်တရမိရင်း၊ ဦးစိန်ညွန့်၏ ပစ္စတိုကြီးတန်ခိုးဖြင့်
ကို နှာခံခဲ့ရတော့သည်။ သူတို့ကား သည်မိနစ်ပိုင်းအတွင်း
ရန်ကုန်ကားလမ်းမကြီးပေါ် ရောက်ခဲ့ရသည့်နောက်တော့
က် လွတ်မြောက်ခွင့် ဖန်တီးသောအားဖြင့် ကားစက်ရှိန်ကို
ဖြည်းချင်း မသိမသာတိုးမြှင့်လာခဲ့၏။ ဦးစိန်ညွန့်က မျက်လုံး
မျက်ဆံပြူး တားဆီးခဲ့သောအခါတွင်မူ အမှောင်ထုအတွင်း
ဟုန်ထိုးပို့ခေါ်၍ဖြတ်ခဲ့သော ကားကြီးသည် မိုင် ၆၀–နှုန်းမကတော့
ချေပြီ။

"ဟေ့ကောင် ... ဝဏ္ဏစိုး ... ၊ မင်း ဘာလုပ်လည်လုပ်တာ
လဲ ... ခု ကားရပ် ... ရပ်ဆိုရပ် ... အရှိန်မလျှော့တာ
ပစ်ထည့်လိုက်မယ် ... "

"ပစ်လိုက်လေ ဓားရဘုရင်ကြီးရဲ့ ... ကျုပ်သေနတ်မှန်
သေတော့ကော ခင်ဗျားရော ရှင်မတဲ့လာ ... "

"ဟုတ်သားပဲ ကိုစိုးရာ ... ကိုစိုးလုပ်ပုံနဲ့ အားလုံးသေကုန်
တော့မှာပဲ ... "

"ခုမသေရင် နောက်သေမှာပဲယု ... သူသတ်လို့ ကိုယ်သေ
ပြီးတဲ့နောက် မင်းကိုယုတ်မာပြီးမှ ထပ်သတ်ဖို့ သူကြံထား
တာကွ ... မင်း ဘာနားလည်လဲ ... ဒီမယ်ဦးစိန်ညွန့် ...
မစိုးရိမ်ပါနဲ့ဗျာ ... ၊ တပြုံးပြုံးပျော်ပျော်ပါးပါး သေကြတာ



ပေါ့ ဟုတ်လား ... ဟဲ ... ဟဲ ... လောလေရော ဖြစ်နိုင်"

ဝဏ္ဏစိုးက အရယ်မပျက် ဒလကြမ်းဆက်မောင်းလာသည်။ လမ်းပေါ်တွင် တွေ့သမျှကားများကို ကျော်တက်ခဲ့သည်။ အပြတ်အသတ် နောက်ချန်ခဲ့သည်။ ကားပေါ်မှ ဘေးပတ်ဝန်းကျင်ကိုပင် မမြင်နိုင်လောက်အောင် အရှိန်က ပြင်းလွန်းသည်။ ဆန့်ကျင်လေ အဟုန်က သူတို့၏နားတွေ ကွဲမတတ် တဝူးဝူးဖြစ်သွားသည်။ စောယုလှိုင်မှာ မျက်နှာတွင် သွေးမရှိတော့သလို၊ ဦးစိန်ညွန့်လည်း အကြောက်ကြီးကြောက်လျက် အမျိုးစုံဆဲဆိုရင်း ကားထဲတွင် နတ်ပူးသလို အလူးအလဲ ယိမ်းထိုးပါလာကြ၏။ ဝဏ္ဏစိုးကတော့ မျက်လုံးကို ရှေ့တူရူသို့ အရမ်းကုန်ဖွင့်လျက် သူရဲမရဲစီးသလို မျက်နှာနီကြီးနှင့် အံတင်းကြိတ်ကာ လက်ကိုင်ဘီးကို ကျစ်ကျစ်ပါဆုပ်၊ ကိုယ်ကိုကပ်ကပ်ရပ်ပ်ဝပ်ပြီး အစွမ်းကုန်ကျင်ကျင်လည်လည် မောင်းလာခဲ့သည်။

သည်ကြားထဲမှ ရှေ့တွင်ပေါ်လာသော စစ်သုံးဝီလီဂျစ်တစ်စီးကို အပြိုင်ယှဉ်၍ အနိုင်ဖြတ်ကျော်တက်ခဲ့မိပြန်၏။ စစ်ကားထဲမှ တပ်ထိန်းများကိုလည်း တရားလွန်လုပ်သွားသော သူတို့ကားကို မကျေမနပ်လှမ်းအော်လိုက်ကြရင်း၊ သူတို့ကားကို ဟန့်တားဖမ်းဆီးရန် နောက်မှ အမှီလိုက်ခဲ့လေတော့သည်။ ဝဏ္ဏစိုးကလည်း ချက်ကောင်းကိုစောင့်ခဲ့သူပီပီ ... ၊ ရှေ့မှ အရှိန်ကုန်စက်

ကုန်မောင်းပြေးခဲ့၏။ စစ်ကားက ပိုမိုဒေါသဖြစ်၍ အမိအရလိုက်ပြ ဖမ်းမိသည်ဆိုလျှင် သူတို့လည်း ဦးစိန်ညွန့်လက်တွင်းမှ လွတ်ပြ မဟုတ်ပါလား။

ကားနှစ်စင်းသည် ကုန်းဆင်းကုန်းတက် ကွေ့လိုက် ကောက်လိုက် ဖြောင့်လိုက်ဖြင့်ရှိသော လမ်းမကြီးပေါ်ဝယ် စိမ်ပြေ တမ်းပြိုင်နေလိုက်သည်မှာ ဘီးတွေက မီးထတောက်၍ တိမ် မှောက်တော့မတတ်။ ကားအသီးသီးရှိ လူအားလုံးလည်း အသက် ပင်မရှူနိုင်အောင် တထိတ်ထိတ်တဖိုဖို အသည်းတလှပ်လှပ် ရင်တ မမကြားထဲက၊ မျက်လုံးတွေကိုယ်စီ ပြာလဲ့ကြရသည်အထိ ...

သို့သော် ပဲခူးရောက်ရန်သုံးပုံ ၁-ပုံအလိုတွင် ဝဏ္ဏစိုး၏ကားက အလိုလိုအရှိန်လျော့ပြီး ဖွတ်ချက်ဖွတ်ချက်မြည်၍ ထိုးရပ်ခဲ့ရတော့၏။ မာတ်ဆီကုန်သောကြောင့်ပင်ဖြစ်၏။ မရှေး မနှောင်းမီ စစ်သုံးဝီလီက သူတို့ကားဦးကိုပိတ်ဆို့တက်ရပ်ခဲ့သည် နှင့်အညီ၊ တပ်ထိန်းများက ဆဲဆိုကြိမ်းမောင်းရင်း ဆင်းလာသည် ထိုအခါမှ ဝဏ္ဏစိုးက ခပ်ပြုံးပြုံးနှင့် သူ့ဝင်ကတ် ကိုပြရင်း ...

"ကျွန်တော်တို့ကို ဟိုဟာဒီနောက်က လူဆိုးက ဖမ်းလာ တာကြောင့် ...၊ ရဲဘော်တို့ကားကို မြင်တာနဲ့ မလိုက်လိုက် အောင် မောင်းပြေးခဲ့ရတာပါဗျာ ... စိတ်မရှိပါနဲ့ ... "

"ဘာဗျ ... လူဆိုး ... ဟုတ်လား ... ဘယ်မလဲ ခင်ဗျား



လူဆိုးက ... "

ဝဏ္ဏစိုးနှင့်စောယုလှိုင်က နောက်လှည့်ကြည့်လိုက် ၏။ ဦးစိန်ညွန့်ကို ထိုင်လျက်မတွေ့ရ၊

"ဘယ်ရောက်သွားပါလိမ့်ဗျ ... ကျွန်တော်တို့ကို သေနတ်နဲ့ ထောက်ပြီး ပါလာတာပဲဥစ္စာ ... သေသေချာချာ ကြည့် စမ်းပါဦး ... "

သေသေချာချာကြည့်တော့မှ ဝတ်ရုံအနက်ကြီးခြုံ ရက်သား၊ ခြေနင်းနှင့် ဆိုဖာကြားတွင် မှောက်ခုံကြီး အသက်ပျောက် နေသော ဦးစိန်ညွန့်ကို တွေ့ရ၏။ သေနတ်ကလည်း လက်ထဲမှ လွင့်ကျလျက်။

"ခင်ဗျားလူ သိပ်အကြောက်လွန်ရာက နှလုံးသွေးရပ်ပြီး သေသွားတာပဲ မိတ်ဆွေ ... အဆင်ကြည့်ရတာ နဂိုထဲက နှလုံးရောဂါခံရှိပုံရတယ် ... "

တပ်ထိန်းတစ်ယောက်က အလောင်းကို စမ်းသပ် ကြည့်ပြီး ပြောလိုက်သည့်အဆုံး ... စောယုလှိုင်နှင့် ဝဏ္ဏစိုးကိုလည်း ဦးစိန်ညွန့် မောင်းမကန်သို့ မကြာမကြာ အနှားယူသွားခဲ့သည်အဖြစ် ကို လှမ်းသတိရလိုက်မိတော့၏။

နောက်ဆုံးတော့ ဦးစိန်ညွန့်အလောင်းကြီးကို ပဲခူး ဆေးရုံသို့ပို့ပြီး၊ သူတို့နှစ်ယောက်သား ဟမ်းဘားကားကြီးနှင့်ပင်

ရန်ကုန်သို့ပြန်လာတော့သည်။ ဝဏ္ဏစိုးက သူ့ညော်ကလေးဘော
အေးနှင့် စောယုလှိုင်က သူ့ဒက်ဒီကြီး စောရာဘုရင် ဦးစိန်ညွှန့်ကို
ကောင်းရာသုဂတိလားပါစေဟု ကိုယ်စီကိုယ်ငှ မေတ္တာပို့ရင်းဖြ
သာ — ။

ညိုညို

—:::—

မြဝတီ

# ငရုပ်သီးစားသူများ



## အမှတ်(၂)
## ရေတ်သီးစားသူများ

လောက၌ လူတကာထက် ရသာတဏှာကြီးသူများ၊ အရသာအပေါ်၌ အကြိုက်ဆန်းသူများ ရှိတတ်ကြသည်။ သူတို့က လူတိုင်း ကြိုက်နှစ်သက်ကြသော ချို၊ ဆိမ့်၊ ချဉ်၊ ဖန်စသော အရသာတို့ထက် လူအချို့သာ ကြိုက်နှစ်သက်ကြသော အစပ်အခါး အရသာတို့ကို ပို၍ နှစ်သက်တတ်သည်။ ထိုလူနည်းစုသာ ကြိုက်တတ်သော အစပ်အခါး အရသာတို့ကိုပင် လွန်မင်းစွာ အံ့ညလောက်အောင် နှစ်သက်တတ်ကြသည်။

အစပ်ကြိုက်သော လူတစ်ဦးကို တွေ့ရဖူးသည်။ သူသည် ထမင်းစားတိုင်း အစပ်မပါလျှင် မစားတတ်၊ ရေတ်နို၊ ရေတ်ခြောက်၊ ရေတ်သီးစိမ်းတို့ကို ဟင်းတစ်မယ်ဖြစ်အောင် မီးဖုတ်၊

ကြော်လှော်၊ ထောင်း၊ သုတ်လျက် ငါးပိရည်၊ ငံပြာရည်ဖျော်
စားတတ်သည်။ အထူးသဖြင့် ငါးရှတ်သီးစိမ်းများကို ကြိုက်တတ်
သည်။ ညာလက်ဖြင့် ထမင်းကိုစားရင်း ဘယ်လက်မှ ငရုတ်သီးစိမ်း
တောင့်ကိုကိုင်ကာ ထမင်းတစ်လုတ်၊ ငရုတ်သီးစိမ်းတစ်ကိုက်နှုန်း
ဖြင့် စားတတ်သည်။

ကြာသော် သူ့၌ ရောဂါဝေဒနာ စွဲကပ်၍လာသည်
ဆရာဝန်နှင့်သွားပြသည်။ ဆရာဝန်က ငရုတ်သီးလုံးဝမစားရန် တာ
မြစ်သည်။ ထိုအခါ သူက ...

"ငရုတ်သီးတွေ ဝမ်းထဲရောက်တာများလွန်းလို့ ဒီရော
ဖြစ်ရတာပေါ့နော် ... "

ဟု ဆရာဝန်ကို ပြန်မေးသည်။

"အင်းပေါ့ဗျာ ... ငရုတ်သီးတွေ စားလွန်းလို့ ဖြစ်ရတဲ့အ
ရောဂါတစ်မျိုးပေါ့ ... "

"ဒါဖြင့် ငရုတ်သီးမစားရင်း တစ်မျိုးပြောရရင် ငရုတ်သီးတွေ
ဝမ်းထဲ ရောက်မသွားရင် ဒီရောဂါမဖြစ်ဘူးပေါ့နော် ... "

"ဒါပေါ့ ... "

ဆရာဝန်က ထိုသို့ ပြောလိုက်ချိန်မှစ၍ ထိုသူသည်
ထမင်းစားချိန်၌ ရေတစ်ခွက်ဖြင့် ပြည့်ပြည့်ခပ်ကာ ငရုတ်သီးပန်း
ကန်နှင့်အတူ စားပွဲပေါ်သို့ အတူတင်ထားသည်။ ထို့နောက် ပန်း



ကန်ထဲမှ ငရုတ်သီးစိမ်းတစ်တောင့်ကို ယူကာ ထက်ပိုင်းချိုးလိုက်
သည်။ ကျိုးသွားသော ငရုတ်သီးစိမ်းအကျိုးနှစ်ခုကို လက်ဖြင့် ယူ
ကိုင်လိုက်သည်။ သူ့လျှာကို ထုတ်လိုက်သည်။ ပြီးလျှင်၊ ငရုပ်သီး
စိမ်းအကျိုးနှစ်တောင့်ဖြင့် သူ့လျှာကို အလျားလိုက်ပွတ်သည်။ ကြိမ်
ဖန်များစွာ ပွတ်လိုက်သည်။ တစ်တောင့်ကုန်လျှင် နောက်တစ်
တောင့်။

ဤသို့လုပ်ပြီးသောအခါမှ စားပွဲပေါ်မှ ရေခွက်ကို
ယူကာ ပလုတ်ကျင်းသည်။ ထို့နောက် ထမင်းစားသည်။ စားရင်း
ပင် ငရုတ်သီးစိမ်းတောင့်ကို ယူ၍ချိုးကာ လျှာပေါ်သို့ပွတ်ပြန်
သည်။ တစ်မျက်နှာလုံး ချွေးတွေပြန်ကာ အစပ်အရသာကို လွန်မင်း
စွာ ခံစားရသောအခါမှ ထိုသူက ကျေနပ်သည်။

ဤငရုပ်သီးပုံပြင်ကို ဘယ်က ကြားလာသည်မသိ။
မမျိုးက သူ့ယောကျ်ားအောင်မင်းသူနှင့်အတူ ထမင်းစားရင်း ပြော
ပြသည်။ အောင်မင်းသူက ဘယ်လက်မှ ငရုတ်သီးစိမ်းတစ်တောင့်
ကို ကိုင်၍ နားထောင်ရင်း ...

"နောက်တော့ အဲဒီလူ ဘာဖြစ်သွားလဲ ... "

"သေသွားတယ် ... "

အမှန်တော့ ထိုပုံပြင်ကို ငရုတ်သီးအစားလျှော့ရန်
သတိပေးသည့်အနေဖြင့် မမျိုးက အောင်မင်းသူကိုပြောပြခြင်းဖြစ်

သည်။ အောင်မင်းသူ ဧရာတ်သီးစားချက်ကလည်း မမျိုးပြောသော
ထိုလူထက်မသာတောင် မလျော့၊ ဧရာတ်သီးစားလွန်းသဖြင့် မကြေ
ခဏ.အပူဝမ်းတွေသွားသည်။ လေထိုးလေအောင့်ဖြစ်သည်။ တစ်
တစ်ရံ ချောင်းဆိုးလျှင် သလိပ်များ လည်ချောင်းထဲမှ ထွက်လာ
တတ်သည်။

"အဲဒီတော့ ကိုသူ ဧရာတ်သီးစားလျော့ဖို့ကောင်းပြီ ... မမျိုး
ပြောတဲ့လူလို သေသွားမှာကြောက်လို့ ... "

"အေးပါကွာ ... "

အောင်မင်းသူက ပေါ့ပေါ့တန်တန်ပြောသည်။ မမျိုး
က မကျေမနပ်ဖြင့် အောင်မင်းသူကို မျက်စောင်းထိုးသည်။

"အေးပါ လုပ်မနေနဲ့ ... ရှင့်အပေါင်းအသင်းတွေ အားလုံး
ကလည်း ဧရာတ်သီးသိပ်စားတဲ့လူတွေချည်းပဲ ... ရှင်အစက
ဒီလိုမဟုတ်ပါဘူး ... ခုတော့ ... အတူမြင် အတတ်သင်
သလို မဟုတ်တာဆို အတုခိုးတာ အရမ်းမြန်တာပဲ ...
တော့ ဒီနေ့ကစပြီး ကိုသူ ဧရာတ်သီးလုံးဝ မစားပါနဲ့ ...
လုံးဝမစားဘဲ မနေနိုင်ရင်တောင် လျော့စား၊ ဒါပဲ ... "

မမျိုး၏ ပြင်းထန်သော တစ်ချက်လွှတ်အမိန့်။

—+++—

ညောင်ပင်သာ တာစုံကားဂိတ်နှင့် ညောင်ပင်သာ
ဈေးက သိပ်မဝေးလှ။ တစ်ခေါ်လောက်သာ ဝေးသည်။ ထို့ကြောင့်
ဘခြားမြို့ရွာမှ ဈေးတွေထက် ပို၍စည်းကားသည်။ ပုံမှန်ဈေးလာ
ဝယ်တတ်သော မြို့နေလူထုအပြင် တာစုံကားဂိတ်သို့ ရောက်လာ
တတ်သောခရီးသည်များပါ ကားတစ်ထောက်နားနေခိုက် ဈေးဝယ်
ရောက်လာတတ်ကြသောကြောင့် ဖြစ်သည်။ ထိုဈေးထဲ၌ သင်းနုက
ကုန်စိမ်းရောင်းသည်။

ပြည်–မကွေးကားလမ်းမကြီးသည် မြေပြင်အနိမ့်
အမြင့်မညီသော ညောင်ပင်သာမြို့ကို မြို့လယ်မှ ဖြတ်ဖောက်သွား
သည်။ မြို့၏ ဘယ်ဘက်ခြမ်းမှာ မြေနိမ့်ပိုင်းဖြစ်သည်။ မြို့ဝင်၊ ကျွဲ
လူးအိုင်၊ သံဖြူတန်းရပ်ကွက်ဝင်းရှိသည်။ ညာဘက်ခြမ်းမှာ ကုန်း
မြင့်ပိုင်းဖြစ်၍ သာယာကုန်း၊ နတ်ခင်ကုန်းနှင့် ဗိန္ဓဲကုန်းရပ်ကွက်တို့

ရှိသည်။ သင်းနုတို့က ပိန္နဲကုန်းဈေးနေသည်။

ညောင်ပင်သာဈေးနှင့် ပိန္နဲကုန်းရပ်ကွက်တို့သည်
အခြားရပ်ကွက်တို့နှင့်စာလျှင် အတန်ငယ်ဝေးသည်။ မြို့ခွန်ရပ်ကွက်
ဟုခေါ်နိုင်သည်။ ထိုရပ်ကွက်မှ သင်းနုသည် နံနက်လေးနာရီထ
ကာ အောင်လံဘက်မှလာသော ကုန်စိမ်းကားတို့ကို ကြိုရသည်။
ကုန်စိမ်းများရလာလျှင် ညောင်ပင်သာဈေးသို့ ကတိုက်ကရိုက်လာ
အရောက်လာကာ ဈေးရောင်းရသည်။ ဤသည်မှာ သင်းနု၏ နေ့စဉ်
အလုပ်။

သို့သော် မတတ်နိုင်၊ သူတို့အိမ်ထောင်စုတွင် အမေ
မရှိတော့။ မနှစ်က အမေဆုံးသည်။ အဖေသည် အမေရှိစဉ်ကတည်
က အရက်သောက်လိုက်၊ ဖဲရိုက်လိုက်နှင့် နေခဲ့သူဖြစ်သည်။ သင်း
၏ အစ်ကိုကြီးနှစ်ယောက်ကလည်း ဘာမှ မယ်မယ်ရရ အားမကိုး
ရပ်ကွက်ထဲ၌ ပျံကျအလုပ်ကြမ်းတို့ကိုလုပ်သည်။ တစ်ခါတစ်
အောင်လံသို့သွားကာ ပန်းရံလုပ်သည်။ အုတ်ကား၊ သဲကားလိုက်
သည်။ သို့သော် သူတို့က အလုပ်လုပ်သောအချိန်ထက် အဖေ
အရက်သောက်၊ ဖဲရိုက်နေသည့်အချိန်က များနေသည်။ ထို့ကြော
အိမ်ထောင်စုတာဝန်မှာ သင်းနု၏ခေါင်းပေါ်သို့ ရောက်နေသည်

ပြီးတော့ အစ်ကိုနှစ်ယောက်စလုံး၏ ဇီဇစရိုက်
ကလည်း တာတေလန်အောင်ဆိုးသည်။ တစ်ခန်းရှိ ရိုက်ဟယ်နှ
ဟယ်လုပ်တတ်သည်။



"အယ် ... "

သင်းနုသည် ကန်စွန်းရွက်စည်းများကို ပြင်၍စည်း
ရင်း ပါးစပ်အပေါင်းသားဖြစ်သွားသည်။ စန်းမောင်သည် သင်းနုကို
မျက်လုံးတစ်ချက်သာ ဖျတ်ခနဲကြည့်ကာ သင်းနု၏ ကုန်စိမ်းဆိုင်
ပေါ်မှ တစ်ပုံစီပုံချထားသော ဂေါ်သီးစိမ်းနှစ်ပုံကို လက်ဖြင့်ဆုပ်
ယူကာ သူ့ခါးပိုက်တောင်ထဲသို့ ထည့်သည်။ အင်္ကျီအိတ်ထဲမှ
ငါးကျပ်တန်တစ်ရွက်ကို ဆိုင်ပေါ်သို့ချပေးလိုက်သည်။ သင်းနုက
'နေပါစေ' ဟူသောသဘောဖြင့် ခေါင်းယမ်းပြသည်။ စန်းမောင်က
ငါးကျပ်တန်ကို ပြန်မယူ၊ သူတို့နှစ်ဦးသာ နားလည်သောအကြည့်ဖြင့်
သင်းနုကိုလှမ်းကြည့်သည်။

"ဈေးပေါင်ကြို့ခါနီးလောက်က သူတို့ဈေးထဲမှာ မုန့်ဟင်းခါး
လာစားပြီး ပြန်သွားကြပြီ ... ဒါပေမယ့် သူတို့က ခြေ
ထောက်ဇွေပေါက်နေတဲ့သူတွေ ... တော်တော်ကြာတစ်
ခေါက်ပေါက်ချင် ပေါက်ချလာကြမှာ ... "

"ဟုတ်တယ် ... "

စန်းမောင်က ခေါင်းညိတ်သည်။ ပြီးလျှင် ပတ်ဝန်း
ကျင်ဘေးဘီကို ကျီးကန်းတောင်းမှောက်ကြည့်သည်။ အားလုံး
စိတ်ချရမှ စန်းမောင်သည် အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကလေးကို
အလျှင်အမြန်ထုတ်ကာ သင်းနုရှေ့သို့ ပစ်ပေးလိုက်သည်။ သင်း
ဖျတ်ခနဲ ကောက်ယူလိုက်သည်။ စန်းမောင် ဆိုင်ရှေ့မှ ဖယ်မသိ
ပါသို့

မည်လုပ်ခိုက် ...

"အစ်ကိုမောင် ... ငရုတ်သီးတွေလည်း သိပ်စားမနေနဲ့ဦး"

"အို ... အေးပါ ... ဒါက အရေးမကြီးပါဘူး ... အရေးကြီး တာက ... "

ဟု စန်းမောင်ကဆိုကာ သူပေးလိုက်သော သင်းနု လက်ထဲမှ အရွက်ခေါက်ကို လက်ညှိုးထိုးပြသည်။ သင်းနုခေါင်း တဆတ်ဆတ်ညိတ်ရင်း ကျန်ခဲ့သည်။ ပြောရလျှင် အစ်ကိုမောင်နှင့် သူရည်းစားဖြစ်ကတည်းက တစ်ချက်ကလေးမှ စိတ်မချမ်းသာရ၊ စိတ်မချမ်းသာဖြစ်ရသည်မှာ အစ်ကိုမောင်ကြောင့် မဟုတ်၊ အစ်ကို မောင့်အပြစ်မဟုတ်။

သင်းနုက အစ်ကိုမောင်ဟုခေါ်သော စန်းမောင် သည် ညောင်ပင်သာတာစုံကားဂိတ်၌ ဆိုက်ကားနင်းသည်။ သူတို့ အိမ်ထောင်စုတွင် အဖေမရှိတော့၊ အမေအိုကြီးနှင့် သူ့အောက် မိန်းကလေးတစ်ယောက်သာရှိသည်။ မိသားစုဝမ်းရေးအတွက် သူ သည် ရိုးသားသောအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေခြင်း ဖြစ်သည်။

ပြီးတော့ သင်းနုကိုလည်း သစ္စာရှိစွာချစ်သည်။ သို့ သော် စန်းမောင်၌ ညည်ဆိုးတော့ရှိသည်။ ထိုညည်ဆိုးမှာ တစ်ခါတစ်ရံ ကျကျ ကိတ်တတ်ခြင်းဖြစ်သည်။ တစ်နေ့ အသုဘဖဲဝိုင်းတစ်ခုတွင် စန်း ကာလ ဝင်ရိုက်သည်။ ဖဲရိုက်ရင်း တစ်ဝိုင်းတည်းကစားနေသော ဟာပ



သင်းနုအစ်ကိုနှစ်ယောက်စလုံးနှင့် စကားများသည်။ တုတ်တစ် ပြတ်စားတစ်ပြတ် ဖြစ်ကြသဖြင့် အားလုံးက ဝိုင်း၍တားကြရသည်။

သည်ကတည်းက သင်းနု၏ အစ်ကိုနှစ်ယောက် စလုံးက စန်းမောင်ကို မကြည်တော့၊ အညိုးအတေးထားကြသည်။ ပို၍ဆိုးသည်မှာ သင်းနုနှင့်စန်းမောင်အကြောင်းကို တစ်ယောက် စကား တစ်ယောက်နားဆိုသလို သူတို့သိသွားကြသည်။ အစ်ကိုကြီး စံအောင်က သင်းနုကို သေကောင်ပေါင်းလဲ ရိုက်သည်။ စန်းမောင် နှင့် အဆက်မဖြတ်လျှင် သတ်ပစ်မည်ဟု ကြိမ်းသည်။ မဆင်မခြင် လုပ်တတ်သော စံအောင်၏အကျင့်ကြောင့် သင်းနု အကြီးအကျယ် ကြောက်လန့်သွားကာ အဆက်ဖြတ်ပါမည်ဟု ဝန်ခံကတိပေးခဲ့ သည်။ သို့သော် တကယ်တမ်းကျတော့ သင်းနု အစ်ကိုမောင့်ကို အဆက်မဖြတ်နိုင်၊ အစ်ကိုတွေကို ဒူးတုန်အောင်ကြောက်သည့်ကြား မှ အချစ်စိတ်ကြောင့် ပြတ်ပြတ်ခဲခဲမလုပ်ရက်၊ သည်အခြေအနေကို လည်း အစ်ကိုနှစ်ယောက်စလုံးက ရိုးတိုးရိပ်တိပ်သိသည်။ အစ်ကို လေးစံတင်က သင်းနုကို မျက်စောင်းတစ်ခဲခဲလုပ်နေသည်။

ယခုတော့ စန်းမောင် သင်းနုတို့ဆိုင်လာရသည်က ပင် နောက်ကျောမလုံ၊ သူတို့တစ်တွေ မုန့်ဟင်းခါးစားပြီး ပြန်သွား ကြပါပြီဟု သင်းနုက ပြောမှ အစ်ကိုမောင် သက်ပြင်းချနိုင်သည်။ သနားစရာ၊ ခုလည်း ဘာအကြောင်းထူးလို့ စာပေးတာလဲမသိ၊ သင်းနုသည် ဆိုင်ခုံပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း သူ့ပေါင်ပေါ်သို့

စာရွက်ခေါက်ကို ဖြန့်ချလိုက်သည်။

*သင်းနု ...*

*မင်းအစ်ကိုတွေက အစ်ကိုမောင်ကို သတ်*

*တကဲကဲလုပ်နေတယ် ... ဟိုတစ်နေ့သနေ့ တာစုံမှာတွေ့တော့*

*အရက်တွေမူးပြီး အစ်ကိုမောင်ကို ဝေးကြိမ်းကြိမ်းသွားကြတယ်*

*ကြောက်လို့မဟုတ်ပေမယ့် အစ်ကိုမောင် မင်းအစ်ကိုတွေနဲ့ ရင်မ*

*ချင်ဘူး ... ဒါကြောင့် ပြည်မှာ ဆိုက်ကားတစ်စီးရလို့ အဲဒီမှာ*

*ကားသွားနင်းလိုက်ဦးမယ် ... ဘယ်လောက်ကြာမယ် မပြောနိုင်*

*မယ့် အစကိုမောင်မင်းနဲ့ အဆက်အသွယ် မဖြတ်ပါဘူး ... အစ်ကို*

*သွယ်ချင်း ရန်ဝင်းက တစ်ဆင့် မင်းနဲ့ အဆက်အသွယ်လုပ်ပါ*

*အချစ်မျာ*

*အစ်ကိုမော*

ဟင်းခနဲ ရင်လေးစွာ သက်ပြင်းချလိုက်ပြန်သ

သင်းနုသည် စာရွက်ခေါက်ကလေးကို ပြန်ခေါက်ကာ ချွေးခံ

အိတ်ထဲသို့ ထည့်လိုက်သည်။ ပတ်ဝန်းကျင်ကို ငေးကြည့်

တော့ ခြစ်ခြစ်တောက်ပူနေသော အညာနေကို စိတ်မောစွာ

သည်။ သင်းနုသည် မှဲ့ပြုံးကလေးတစ်ချက် ပြုံးလိုက်သည်။ သူ

၌လည်း အညာနေထက်ကဲ၍ ပူလောင်လျက် ... ။

— ::|::|❀|❀|::|:: —

"ငါ အရက်မသောက်တတ်ဘူး"

ဟု အောင်မင်းသူ က ပြောသည်။

"ဟုတ်ပါတယ် ...မသောက်တတ်ရင်လည်း မသောက်ပါနဲ့...

အမြည်းတော့စားပေါ့ ... "

ဟု ဇော်ဇော်က ပြန်ပြောရင်း ရန်ဝင်းကိုလှမ်းကြည့်

သည်။ 'ရန်ဝင်းကကော ... ' ဟူသည့်သဘော၊ ရန်ဝင်းသည် ခေါင်း

တစ်ချက်ညိတ်ပြလိုက်ရင်း "အင်း ငါကတော့ နည်းနည်းပါးပါးပါ...

ဘီယာဆိုရင်ပိုရှယ်မယ် ... " ဟု ဆိုလိုက်လျှင် ရန်ဝင်းစကား

ကြောင့် သုံးယောက်သား သဘောကျရယ်မောကြသည်။ 'ဘီယာ

တစ်လုံး ယူခဲ့ပါဟေ့ ... ' ဟု ဇော်ဇော်က ကောင်တာဘက်သို့

လှမ်း၍အော်ပြောသည်။

ထိုခဏ၌ ဘီယာနှင့် အရက်များရောက်လာသည်။ အမြည်းက ကြက်သားတောက်တောက်ကြော်တစ်ပွဲ၊ အောင်မင်းသူက ...

"နေပါဦးဇော်ဇော် မင်းအရင်က အရက်မသောက်တတ်ပါဘူး ... "

"ဟုတ်ပါတယ် ... ခုလည်း မသောက်တတ်ပါဘူး ... ပျော်လို့သောက်ကြည့်တာပါ ကိုအောင်မင်းသူရဲ့ ... "

"ပျော်လို့ဟုတ်လား ... မင်းမှာ ဘာပျော်စရာတွေ တွေ့နေလို့လဲ ... "

ဟု ရန်ဝင်းက ကြားဝင်မေးသည်။ ဇော်ဇော်သည် ပြုံးတုံ့တုံ့မျက်နှာဖြင့် အားလုံးကို ကြည့်သည်။

"ကျွန်တော် ဘွဲ့ရပြီးအလုပ်မရှိဘဲ အိမ်မှာထိုင်နေတာ နှစ်ပေါင်းများစွာရှိပြီဆိုတာ ခင်ဗျားတို့လည်းအသိပဲ ... ခုတော့ အလုပ်ရပြီလေ ... ပြည်မြို့မှာရှိတဲ့ အဝေးပြေးကားလိုင်းတစ်ခုမှာ အလုပ်ရတယ် ... လခက တစ်လတစ်သောင်းခွဲရမယ်ဗျ ... ပြီးတော့လေ ... ဒီအကြောင်းကို ကျွန်တော့်ချစ်ချစ် ဌေးဌေးသိတော့လည်း ထခုန်မတတ်ဝမ်းသာသွားတယ် ... သူနဲ့ နီးရဖို့လေ နီးရဖို့ ... ဟဲ ... ဟဲ ... "

ဟု ဝမ်းသာအားရ ရှင်းပြသည်။



"ခု ခင်ဗျားတို့ကိုခေါ်တာ အရက်တိုက်ရုံတင်မဟုတ်ဘူး ... အိမ်မှာလည်း ထမင်းကျွေးဖို့ အဆင်သင့်လုပ်ထားတယ် ... ခု ထမင်းစားကောင်းအောင် အရက်နည်းနည်းသောက်ပြီးရင် ကျွန်တော့်အိမ်ကို သွားကြမယ်လေဟုတ်လား ... ဟေ့ကောင်ရန်ဝင်း ... ဘီယာချည်း နင်းသောက်မနေနဲ့ ... အမြည်းလည်း စားဦးလေကွာ ... "

"မင်းအမြည်းမှာ တစ်ခုလိုနေတယ်ကွ ဘာလဲသိလား ... "

ဟု ရန်ဝင်းက ကောက်ခါငင်ကာ ဇော်ဇော်ကိုမေးလိုက်သည်။ ဇော်ဇော်ရော အောင်မင်းသူပါ တောက်တောက်ကြော်ပန်းကန်ဆီသို့ ခဏလှမ်းကြည့်လိုက်သည်။ ချက်ချင်းလိုအပ်ချက်ကို သူတို့သိလိုက်ကြသည်။ ဇော်ဇော်နှင့် အောင်မင်းသူတို့နှုတ်မှ 'ငရုတ်သီး' ဟု ပြိုင်တူအော်လိုက်ကြသည်။

ရန်ဝင်းက သဘောတကျ ခေါင်းညိတ်သည်။ ရန်ဝင်းကပင် "ဒီစားပွဲကို ငရုတ်သီးစိမ်းတစ်ပွဲချပါဟေ့ ... " ဟု လှမ်းအော်လိုက်ရာ အားလုံးပွဲကျသွားကာ ဝါးခနဲရယ်မောလိုက်ကြသည်။

ထုံးစံအတိုင်း နည်းနည်းဆိုပေမယ့် အရက်သောက်သူတို့ထုံးစံအတိုင်း နည်းနည်းလေးများသွားကြသည်။ သို့သော် သူတို့သည် နောက်ထပ်တစ်နာရီခန့်အကြာတွင် တာစုံရှိ အရက်ဆိုင်မှ ဇော်ဇော်အိမ်ရှိရာ သာယာကုန်းရပ်ကွက်သို့ ခြေကျင်လျှောက်၍

ပြန်ကြသည်။ အရက်မသောက်သူ အောင်မင်းသူက လက်မှနာရီကို
မြှောက်ကြည့်တော့ ညခုနစ်နာရီခွဲပြီးပြီ။

သူတို့သည် ဇော်ဇော်တို့အိမ်သို့ရောက်လျှင် ဇော်
ဇော့် အဖေအမေနှင့် အစ်မပါ ထမင်းပွဲအဆင့်သင့်ပြင်ကာ စောင့်
ကြသည်။ ခဏအကြာတွင် သုံးယောက်သား ထမင်းဝိုင်းသို့ ထိုင်
လိုက်ကြသည်။ ဟင်းတွေမှာ စုံလှသည်။ ကြက်သား၊ ဝက်သား
ဟင်းသီးဟင်းရွက်အကြော်အလှော်၊ ငံပြာရည်၊ တို့စရာအစုံအလ
ဖြစ်သည်။ သို့သော် ဇော်ဇော်က ထမင်းစားပွဲကို မျက်မှောင်ကြု
၍ ကြည့်သည်။ အတန်ကြာ စူးစူးစိုက်စိုက်ကြည့်နေသည်။ ပြီ
မကျေနပ်ဟန်မျက်နှာဖြင့် ...

"မမ ရေတ်သီးလည်း မပါပါလား ... "

"အေးဟယ် ... ဈေးဝယ်သွားတုန်းက မင်းကြိုက်တတ်
ရေတ်သီးစိမ်းမေ့လာတယ် ... ဒါပေမယ့် ငံပြာရည်ထဲမှ
လည်း ရေတ်သီးလှော်တောင့် ထည့်ထားပါတယ် ... "

"ဟာ ... ဘယ်ဖြစ်မလဲဗျ ... မမတို့က တော်တော်
တာပဲ ... ရေတ်သီးကို ကျွန်တော်တင်ကြိုက်တာမဟု
ဘူး ... ကျွန်တော်သူငယ်ချင်းတွေပါ အသေအလဲကြိုက်
မဖြစ်သေးပါဘူး ... "

ထမင်းဝိုင်းမှ ဇော်ဇော်ဝုန်းခနဲထသည်။



"ဒီအချိန်ကြီးကျမှ ဘယ်သွားဘာလုပ်ဦးမလို့လဲ ... "

ဟု ဇော်ဇော်အမေက လှမ်းမေးသည်။ "ရေတ်သီး
စိမ်းသွားဝယ်မလို့ မေမေ ... " ဟု ပြောပြောဆိုဆို အပြင်သို့ထွက်
သွားသည်။ အိမ်ပြင်ရောက်တော့ နည်းနည်းလည်းမှူးနေသဖြင့်
ရေတ်သီးစိမ်းသွားဝယ်ရမည့်နေရာကို ဇော်ဇော်သည် ရုတ်တရက်
စဉ်းစား၍မရ၊ သည်ညောင်ပင်သာမြို့၌ ကုန်စိမ်းရောင်းသည့်အိမ်
ဘယ်ရပ်ကွက်မှာရှိသည်ကို အရင်စုံစမ်းဖို့လိုသည်ဟု လမ်းလျှောက်
ရင်းတွေးလာသည်။ သာယာကုန်းမှ နတ်စင်ကုန်းရပ်ကွက်ထဲသို့
ဇော်ဇော်ရောက်လာသည်။ အမှတ်မထင် လမ်း၌ မိန်းမကြီးတစ်
ယောက်ကိုတွေ့ရသည်။ ဇော်ဇော်က အကျိုးအကြောင်း မေးမြန်း
ကြည့်သည်။ အလွယ်တကူပင် ထိုမိန်းမကြီးက ပိန္နဲကုန်းထဲမှ ကုန်
စိမ်းရောင်းသည့်အိမ်တစ်အိမ်ကို လမ်းညွှန်လိုက်သည်။

ပိန္နဲကုန်းဆိုတော့ မြို့စွန်ရပ်ကွက်၊ အတော်လမ်း
လျှောက်ရဦးမည်။ သို့သော် ရေတ်သီးစားချင်သော အာသီသနှင့်
အတူ လာမိမှတော့ မထူးပြီဟူသော စိတ်ဖြင့် ဇော်ဇော်သည် ခြေ
လှမ်းသွက်သွက်ဖြင့် ဆက်၍လျှောက်လာသည်။ အတန်ကြာသော
အခါ ထိုကုန်စိမ်းရောင်းသောအိမ်ကို တွေ့ရသည်။ အိမ်ကလေးမှာ
သက်ကယ်မိုးထရံကာ သုံးပင်အိမ်ကလေး၊ အိမ်ရှေ့ခန်း၌ ဝပ်အား
နည်းသော မီးလုံးတစ်လုံးကို ထွန်းထားသည်။ ဇော်ဇော်က "အိမ်

ရှင်တို့ ... အိမ်ရှင်တို့ ... "ဟု မတိုးမကျယ်ခေါ်ကာ အိမ်ရှေ့မှ ... ဆင့် အိမ်ထဲသို့ဝင်လာသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... "

"ရှင် ... ဘယ်သူလဲ ... "

လူသံကြောင့် သင်းနုသည် အိမ်ခန်းထဲ၌ သနပ်... လိမ်းနေရင်းမှ ထဘီရင်လျားနှင့် အပြင်သို့ထွက်လာသည်။ မျက်... စိမ်းတစ်ယောက်ကို တွေ့ရသောကြောင့် ခဏ အံ့အားသင့်သွား... သည်။ ထိုစဉ် မီးက ဖျတ်ခနဲပြတ်သွားသည်။ မှောင်နင့်မည်းမည်း ဖြစ်သွားစဉ် ...

"ဟောကောင် စန်းမောင် မပြေးနဲ့ ... သေပေတော့ ... "

ဟူသော ယောကျ်ားတစ်ယောက်၏ဒေါသတကြီး အော်ဟစ်သံနှင့်အတူ ဖော်ဖော်ခေါင်းမှာ ပူခနဲဖြစ်သွားသည်။ "သေပေတော့ ... ခွေးမသား ... " ဟု ခနောက်တစ်ယောက်က အော်ဟစ်ဆဲဆိုရင်း ဖော်ဖော်တစ်ကိုယ်လုံးကို တုတ်ဖြင့် လေးငါး ချက်ဆက်၍ ရိုက်လိုက်သည်။

"အမလေး သေပါပြီဗျ ... "

"အစ်ကိုကြီး ... အစ်ကိုကြီးတို့မှားမယ် ... ဒါ ကိုစန်းမောင် မဟုတ်ဘူး ... "

"ဘာမဟုတ်ရမှာလဲ ... နင်ပါ သေချင်လို့လား ... "



စံအောင်၏ မာန်မဲလိုက်သံ၊ ထိုစဉ် မီးလုံးက ဖျတ် ...နေပြန်လင်းလာသည်။ ကြမ်းပြင်ပေါ်တွင် ခွေလဲကျနေသော ဖော် ...ဖော်ကိုကြည့်ရင်း စံအောင်နှုတ်မှ ဟာခနဲဖြစ်သွားသည်။ "ကျွန် ...တော်တို့ လူမှားသွားပြီ အစ်ကိုကြီး ... " ဟု စံတင်က ပြောသည်။ ...ထိုစဉ် စံအောင်စိတ်ထဲ၌ ချက်ချင်းအတွေးတစ်မျိုး၊ အကြံတစ်မျိုး ...လိုက်သည်။

"မမှားဘူး ... မင်းဘာမှမပြောနဲ့ ... ငါ မီးစင်ကြည့်က မယ် ... "

ထိုစဉ် အိမ်နီးပါးချင်းများသည် သင်းနုတို့အိမ်သို့ စုပြုံ ...ရောက်လာကြသည်။ တစ်ယောက်တစ်ပေါက်ပြောဆိုကြရင်း ...ဖော်ဖော်လဲကျနေသည်ကို ဝိုင်းကြည့်ကြသည်။ "ဘာဖြစ်တာလဲ ...ဗျ ... " ဟု အားလုံးက ဝိုင်းမေးသည်။ စံအောင်က ...

"ဘာဖြစ်ရမလဲဗျာ ... အိမ်ကို သူခိုးဝင်တယ်ထင်လို့ ဝိုင်း ရိုက်လိုက်ကြတာ ... ခုတော့ ... "

ထိုအခါ တစ်ယောက်က ...

"ခုတော့ ဘာဖြစ်လဲ ကိုစံအောင် ... "

"ခုတော့ ... ကျုပ်နှမရဲ့ရည်းစားဖြစ်နေတယ်လေ ... ဟား... ဟား ... ကဲ ... တုတ်နဲ့ရိုက်မိတာဆိုတော့ ဒီ လောက်အနာတရ မဖြစ်ပါဘူး ... ဟောကောင်စံတင် ...

သူ့ကို ပွေ့ချီပြီး ဆိုက်ကားနဲ့ ဆေးခန်းတစ်ခုခုကို ခေါ်
စမ်း ... နောက်မှ သူ့မိဘတွေကို ငါ ကျေနပ်အော
တောင်းပန်လိုက်မယ် ... ”

သင်းနုသည် မတ်တတ်ရပ်လျက်က မိုက်ခနဲ
သွားသည်။ ဘာစကားမှ မပြောနိုင်လောက်အောင် အံ့သြတ
ဖြစ်နေသည်။ ထိုစဉ် စံတင်နှင့်လူတစ်ယောက်သည် သတိမေ
ကြသော ဖော်ဖော်ကို ပွေ့ချီလိုက်ကြသည်။

“ဟဲ့ သင်းနု ... ရင်လျားကြီးနဲ့ မတော်ပါဘူး ... အိမ်ထဲ
စမ်း ... အဲဒါသာကြည့်တော့ဗျို့ ... ထဘီရင်လျားကြ
မျက်နိုင်မကြောက်နိုင်သူ့ရည်းစားအဖြစ်ကိုကြည့်နေလိုက်တ

ဖော်ဖော်ကို ပွေ့ချီသွားကြစဉ် ကျန်လူများသ
အိမ်ထဲမှ ပြန်ထွက်သွားကြသည်။ ထိုအခါမှ စံအောင်သည် သင
၏ လက်မောင်းတစ်ဖက်ကိုဆုပ်ကိုင်ကာ အိမ်နောက်ဖက်သို့
ကြမ်းကြမ်းဆွဲခေါ်လာသည်။ မီးဖိုခန်းတွင်းသို့ရောက်လျှင် ...

“ဒီမှာ သင်းနု ... ငါ့မျက်နှာကို သေသေချာချာကြည့်
ငါပြောတာကို နားထောင်စမ်း ... ဒီကိစ္စကို ရဲကမေး
ကျွန်မရည်းစားနဲ့ ကျွန်မအိမ်ထဲမှာ ချိန်းတွေ့နေတု
အစ်ကိုတွေက ဝိုင်းရိုက်တာပါလို့ပြော ... အဲဒီကောင်
နာမည်က ဖော်ဖော်တဲ့... သာယာကုန်းထဲက ဦးခင်



လား၊ ပညာတတ်လူရည် မွန်ကလေး ... ဟိုကလေကချေ
စန်းမောင်ထက် အများကြီးသာတယ် ... ”

ဟု ခက်ထန်လှသောအသံဖြင့် ပြောလိုက်သည်။
တစ်ဆက်တည်း ...

“အဲ ... ငါ နောက်တစ်ခုပြောဦးမယ် ... ငါ့စကားမလိုက်နာ
ရင် ... ငါပြောခိုင်းသလို မပြောရင် နင့်ကို ငါသတ်ပစ်မယ်
သိလား သင်းနု ... ”

“ဟုတ် ... ဟုတ်ကဲ့ ... ”

သင်းနုသည် တုန်လှုပ်ချောက်ချားစွာ ခေါင်းညိတ်
ရင်း စံအောင့်အပါးမှ အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ စံအောင်၏
မျက်နှာပေါ်တွင် ကျေနပ်ပြုံးများ ဖြစ်ပေါ်၍လာသည်။

— ❋ —

"အဲဒီအချိန်မှာ ညည်းအဖေက ဘယ်သွားနေသလဲ ..."

"အဲ ... အဲ ... ဟို ထုံးစံအတိုင်း ဖဲဝိုင်းသွားနေတယ်ထ ထင်ပါတယ် ..."

"ဆက်ပြောပါဦး ..."

"အစက ကျွန်မတို့နှစ်ယောက် အိပ်ခန်းထဲမှာပါ ... ရုတ်တရက် မီးပြတ်သွားချိန်မှာ အိမ်ပေါ်ကို တဝုန်းဝုန်း တက်လာတဲ့ခြေသံတွေ ကြားရပါတယ် ... ကျွန်မတို့လည်း ထိတ်လန့်ပြီး အိပ်ခန်းထဲက ပြေးထွက်လာချိန် အိမ်ရှေ့ခန်း မှာ ကိုဇော်ကို အရိုက်ခံရတာယ်လို့ထင်ပါတယ် ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... သူပြောတာတွေ လုံးဝ မဟုတ်ဘူး ..."



ဇော်ဇော်က ထအော်သည်။ အမှုစစ်ဒုရဲအုပ်က ဇော်ဇော်ကို လှမ်းကြည့်သည်။

"ဒါ ရဲစခန်းဇော်ဇော် ... အော်ကြီးဟစ်ကျယ်မလုပ်ရဘူး"

"သိပါတယ်ခင်ဗျာ ... ဒါပေမယ့် သူမဟုတ်တာတွေ ပြော နေလို့ပါ ..."

"ဘာပဲဖြစ်ဖြစ် မင်းပြောချင်တာတွေကို မင်းကိုမေးတဲ့ အလှည့်ကျမှ ပြောရမယ် ... နားလည်လား ..."

ဇော်ဇော်သည် ခေါင်းညိတ်သည်။ သင်းနုက သူနှင့် ဇော်ဇော် သမီးရည်းစားဖြစ်ခဲ့သည်မှာ သုံးလေလနီးပါးရှိပြီဟု ဆက်၍ပြောပြသည်။ စံအောင်တို့ညီအစ်ကိုနှစ်ယောက်ကလည်း အချင်းဖြစ်ညက သူတို့အိမ်နှင့် မျက်စောင်းထိုးအိမ်တွင် တောက်ခုံ တောက်နေကြကြောင်း၊ ညရှစ်နာရီသာသာခန့်တွင် သူတို့အိမ်ထဲသို့ လူတစ်ယောက်ဝင်သွားသည်ကို ရိပ်ခနဲ လှမ်းမြင်လိုက်ရကြောင်း၊ ခဏတစ်လော၌ ထိုသို့ပင် အိမ်၌ အိမ်ရှင်တို့တွေမရှိခိုက် သူခိုးဝင်ခိုး သွားသော သတင်းများဖြစ်နေကြောင်း၊ ထို့ကြောင့် သူတို့ညီအစ်ကို နှစ်ယောက်သည် လမ်းပေါ်၌တွေ့ရသော တုတ်များကိုကိုင်ကာ အိမ်ထဲသို့ဝင်လာခဲ့ကြောင်း ပြောပြသည်။

သင်းနု၏ ထွက်ဆိုချက်နှင့် ဆက်စပ်ကြည့်လျှင် စံအောင်တို့ပြောပြသော ဖြစ်စဉ်သည် သဘာဝကျနေသည်ဟု ဒု-

ရဲအုပ်က ကောက်ချက်ချသည်။ ဇော်ဇော်အလှည့်ရောက်လာ

"ကျွန်တော် ... ကျွန်တော် ရေတ်သီးစားချင်လို့ ...

"ဘာ ... ဘာပြောတယ် ... ဇော်ဇော် ... "

"ကျွန်တော့်အိမ်မှာ ချည့်သည်တွေကို ထမင်းကျွေးမယ်

တုန်း ထမင်းဝိုင်းမှာ ရေတ်သီးလိုနေတာနဲ့ ... "

"ဟာ မဟုတ်တာကွာ ... ထမင်းစားခါနီး ရေတ်သီး

လိုလို့ သာယာကုန်းကနေ ပိန္နဲကုန်းရောက်အောင်

လာရတယ်လို့ ... မဖြစ်နိုင်တာ သဘာဝကျကျ ပြော

ပါကွာ ... "

"ဟုတ်ပါတယ် ... အဲဒီအချိန်က ကျွန်တော်နည်းနည်း

လို့ အဲဒီလောက်ခရီးကို ရောက်အောင်လာတာပါ ...

"အဲဒီတုန်းက မင်းနည်းနည်းမူးနေတယ် ... ဟုတ်လား

"ဟုတ်ပါတယ် ... "

ဇော်ဇော်က အရင်ခေါင်းညိတ်သည်။ နော

အမှုစစ်ဒု-ရဲအုပ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူတို့နှစ်

ခေါင်းညိတ်ပုံချင်းကမတူ၊ ဇော်ဇော်က သူ အရက်မူးနေသဖြင့်

ဝေးလံသောခရီးကို မဆင်မခြင် အရောက်လာခဲ့ပါသည်ဟု

ကာ ... ဒု-ရဲအုပ်ကမူ ဇော်ဇော်သည် အရက်မူးပြီး ပေါက်ပေါက်

ရည်းစားသင်းနု၏အိမ်ကို ရောက်လာခြင်းဖြစ်သည်ဟု နား



သည်ဟု နားလည်သည်။ ကျန်ဇော်ဇော်၏သက်သေ အောင်မင်းသူ

နှင့် ရန်ဝင်းတို့အပြင် ဇော်ဇော်၏မိဘနှစ်ပါးကို ဆက်စပ်ရာ ထိုည

က ဇော်ဇော်သည် မူးမူးနှင့်အိမ်ပြန်ရောက်ပြီး ရေတ်သီးစိမ်းသွား

ယ်ကြောင်းကို ဟုတ်တိုင်းမှန်ရာအစစ်ခံသည်။ ဇော်ဇော်က သင်းနု

သည် သူနှင့်ဘာမှ မပတ်သက်၊ သူရည်းစားလည်းမဟုတ်ကြောင်း

ပြောပြသည်။

ထို့ကြောင့် တရားလိုတရားခံ ထွက်ဆိုချက်တို့သည်

ဆန့်ကျင်ကွဲပြားလျက်ရှိသည်။ ဒု-ရဲအုပ်သည် စားပွဲရှေ့ထိုင်ခုံပေါ်၌

ခေါင်းကလေးငုံ့ကာထိုင်နေသော သင်းနုကို တစ်ချက်အကဲခတ်ရင်း

ကျန်လူများကိုလည်း မျက်လုံးဝေ့၍ကြည့်သည်။ ဤအမှုတွင် တစ်

ဖက်ဖက်မှ လိမ်လည်ထွက်ဆိုနေသည်ဟု ဒု-ရဲအုပ်ရိပ်စားမိသည်။

သို့ကြောင့် အမှုမှန်ပေါ်ပေါက်ရန် လူခွဲ၍စစ်ရမည်ဟု ဆုံးဖြတ်မိ

သည်။ ယခု လောလောဆယ်တွင်မူ ရိုက်မှု(၃၂၅)ပုဒ်မနှင့် အရေး

ယူထားသော စံအောင်နှင့် စံတင်တို့ကို ရဲအာမခံပေးရဦးမည်။

နောက်နေ့နောက်ရက်များတိုင် ဇော်ဇော့်စိတ်ထဲ

တွင် အတော်ပင်ခံပြင်း ဒေါသထွက်လျက်ရှိသည်။ သင်းနုကို တစ်မြို့

တည်းအတူနေကြသဖြင့် မြင်ဖူးရုံတော့ရှိပါသည်။ သို့သော် သူနှင့်

မည်သို့မျှ အဆက်အစပ် အဆက်အသွယ်မရှိ၊ ဘာကြောင့် ဤသို့

ဖြစ်ရသနည်း။ အရှည်တွေးနေစရာမလို ရိုးရိုးပြောရလျှင် သူ၌

ရှိသော ပြဿနာတစ်ခုကြောင့် သင်းနေသည် သူ့ကို လင်ကော ဖော်လိုက်ခြင်းဖြစ်သည်ဟု ဖော်ဖော်နားလည်မိသည်။ သို့ဖြစ်လျှ သူ့ဘာလုပ်ရမည်နည်း။

ယခုအခါ သူတို့ကိစ္စ သူတို့အကြောင်းသည် ညော ပင်သာမြို့ငယ်ကလေး၌ တောမီးလောင်သလို ပြန့်နှံ့သွားပြီး၊ သို့ လျှင် သူချစ်သူ ဋ္ဌေးဋ္ဌေး၏နားသို့လည်း ပေါက်သွားလောက်ပြီ၊ ကိစ္စမှာ ဖော်ဖော့်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးသေ ကိစ္စဖြစ်သည်။ ဋ္ဌေးဋ္ဌေးသည် သူ့အပေါ် အချစ်ကြီးသလော အမျက်ဒေါသကြီးတတ်သည်။

စိန်မှန်ကင်းဘုရား ပရဝုဏ်ဘေးမှ သူနှင့်မျက် ချင်းဆိုင် လျှောက်လာသည့် ဋ္ဌေးဋ္ဌေးကို ဖော်ဖော်သည် မလှ မကမ်းမှ လှမ်းမြင်ရသည်။ လှမ်းခေါ်လိုက်ဖို့ ဝေးသေးသဖြင့် မ ဘဲ မျက်ခြည်မပြတ်ကြည့်နေသည်။ ဋ္ဌေးဋ္ဌေးသည် ဖော်ဖော်က လှမ်းမြင်သွားသည်။ ချက်ချင်း စကားဝါလမ်းထဲသို့ ချိုးကွေ့ရန်ဟ ပြင်လိုက်သဖြင့် ဖော်ဖော်သည် ဋ္ဌေးဋ္ဌေးအနားရောက်အောင် ပြေ လာသည်။ ဋ္ဌေးဋ္ဌေးက သုန်မှုန်သောမျက်နှာထားဖြင့် ဖော်ဖော်က တစ်ချက်ကြည့်လိုက်သည်။

"ကို ... ကို ... ရှင်းပြပါရစေဦးဋ္ဌေး ... ရှင်းပြီးမှ ဟို ဟိုလေ ... "



"အို ... ဘာမှ ရှင်းပြနေစရာမလိုပါဘူး ... တစ်မြို့လုံးသိနေ တဲ့ကိစ္စပဲ ... ခုလို စောစောစီးစီးသိရတာကိုပဲ ရှင့်ကို ကျေး ဇူးတင်ရဦးမယ် ... တော်ပါပြီ ... "

ရှေ့သို့ ခပ်သွက်သွက်လျှောက်သွားသည်။ ဋ္ဌေးဟု ခေါ်လိုက်မည်ကြံလိုက်သေးသည်။ သို့သော် ဋ္ဌေးဋ္ဌေး၏ ဟာဟုန်း ဟုန်းတောက်နေသော ဒေါသမီးကို ဖော်ဖော်ခန့်မှန်းမိသည်။ ယခု အချိန်၌ မည်သို့သော နည်းနှင့်မျှ ငြိမ်းသက်ဖို့မလွယ်၊ အချိန်ယူကာ ဋ္ဌေးဋ္ဌေးနားလည်လက်ခံလာအောင် ရှင်းပြရမည်။

ချစ်သူဌေးဌေး သူ့အပေါ်ယုံလောက်သည့် သစ်
သေအထောက်အထား၊ ယုံလောက်သည့်အကြောင်းပြချက်တို့ကို
ဖော်ဖော်တစ်ညလုံး စဉ်းစားသည်။ တော်တော်နှင့် အကြံမပေါ်၊
အဖြေမပေါ်၊ လွန်ခဲ့သည့်သုံးလေးရက်က အောင်မင်းသူသည်
ဌေးဌေးဆယ်တန်းကျူရှင်အပြန်၌ တွေ့ဆုံကာ အဖြစ်အပျက်အမှန်
ကို ရှင်းပြခဲ့သေးသည်။

"အို ... ဘာမှ ရှည်ရှည်ဝေးဝေးရှင်းပြမနေပါနဲ့ ... ရှင်တို့
တစ်တွေ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းဆိုတာ ကျွန်မ
သိပါတယ် ... "

ဟု မောက်မောက်မာမာ ပြောလွှတ်သည်။ အောင်
မင်းသူလက်လျှော့ကာ ပြန်ခဲ့ရသည်။ ထို့ကြောင့် သည်အဖြစ်ကို
ဌေးဌေးယုံကြည်လက်ခံလာအောင် ရှင်းပြဖို့မလွယ်။



ဌေးဌေးမိဘတွေကို အဖြစ်မှန်အတိုင်း ပြောပြရှင်းပြ
ရင်ကော၊ ဖော်ဖော်သည် ထိုသို့တစ်မျိုး လှည့်၍စဉ်းစားကြည့်မိ
သည်။

"ကိုက ဘွဲ့ရပြီးပြီ ... ရိုးသားတယ် ... ပြီးတော့ မျိုးရိုးလည်း
သန့်တယ်လို့ ဌေးဖေဖေနဲ့မေမေက ပြောတယ် ... အဲဒါ
ကြောင့် ဌေးဆယ်တန်းအောင်ရင် ဌေးနဲ့ကိုကို ပေးစားမယ်
တဲ့ရှင် ... "

ဟု တစ်ခါက ဌေးဌေး ဖော်ဖော့်ကိုပြောပြဖူးသော
စကား၊ ထိုစကားအရဆိုလျှင် ဌေးဌေး၏ မိဘနှစ်ပါးသည် တစ်ချိန်
က ဖော်ဖော့်အပေါ် လိုးလားခဲ့ကြောင်း ထင်ရှားပေါ်လွင်နေသည်။
ထို့ကြောင့် ယခုကိစ္စအား ဌေးဌေးမိဘနှစ်ပါးကို ရှင်းပြလျှင် လက်ခံ
နိုင်ကောင်းပါရဲ့ ... ။

ထိုအကြံပေါ်သည်နှင့် ဖော်ဖော်သည် အချိန်မဆိုင်း
တော့ဘဲ ဌေးဌေးတို့အိမ်ရှိရာသို့ ထွက်လာမိသည်။ သစ်တောလမ်း
ထဲမှ ဌေးဌေးတို့အိမ်ရှေ့သို့ရောက်လျှင် လုံးဝ တုံ့ဆိုင်းစဉ်းစားမနေ
တော့ဘဲ အိမ်ဝင်းထဲမှတစ်ဆင့် အိမ်ရှေ့ဧည့်ခန်းထဲသို့ ဝင်လာသည်။
အချိန်က နံနက်ကိုးနာရီခန့်၊ သို့သော် မိုးအုံ့နေသောကြောင့် ဧည့်ခန်း
ထဲ၌ မီးချောင်းတစ်ချောင်းထွန်းထားသည်။

ဖော်ဖော်သည် ဧည့်ခန်းအခြေအနေကို အလျင်

အမြန်အကဲခတ်ကြည့်လိုက်သည်။ သူ့နှုတ်မှ ဟင်ခနဲ အာမေဋိတ်သံ ထွက်သွားသည်။ ညှော်ခန်းတွင်းရှိ နှစ်ယောက်ထိုင်ထိုင်ခုံတစ်ခုပေါ်တွင် အသက်ကြီးကြီး အဘွားကြီးတစ်ယောက်ထိုင်နေသည်။ ကိုယ်ရေပြားရောဂါသည်ကြီးဖြစ်သည်။ မျက်နှာတစ်ခုလုံး အဖုအပိမ့်များထွက်ကာ ပွယောင်းစို့ရွဲနေသည်။ လက်များခြေများ ကုပ်ကွေးနေသည်။ ဇော်ဇော်သည် ဖိန်းခနဲကြက်သီးထသွားသည်။

"ဩော် ... ရှင်ပါလား ... "

ဒွေးဒွေးက ခုမှ နောက်ခန်းထဲမှ ထွက်လာသည်။ အသံကြားသောကြောင့် ဇော်ဇော်သည် ဖျတ်ခနဲ ဒွေးဒွေးကိုလှမ်းကြည့်သည်။ သို့သော် ချက်ချင်းပင် ကိုယ်ရေပြားရောဂါသည်အဘွားကြီးကို အလိုအလျောက် ပြန်ကြည့်မိသည်။

"အဲဒါ ကျွန်မတို့ဘွားအေ ... ရှင်ဘာကိစ္စနဲ့ ကျွန်မတို့အိမ်ရောက်လာတာလဲ ... ပြောစမ်းပါဦး ... "

ဇော်ဇော်သည် ဒွေးဒွေးအမေးကို ပြန်မဖြေနိုင်သေး။ "ဒါ ကျွန်မတို့ဘွားအေ ... " ဆိုသော ဒွေးဒွေး၏စကားသံကသာ နားထဲ၌ ပဲတင့်ထပ်နေသည်။ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများထသွားပြန်သည်။ ရွံ့ရှာစိတ်နှင့် ရောထွေးနေသော ကြောက်စိတ်တို့သည် ဇော်ဇော်တစ်ကိုယ်လုံးကို ချက်ချင်း ပြန့်နှံ့သွားသည်။



"ပြောလေ ... ရှင်ဘာလို့ ... ကျွန်မတို့အိမ်ကိုလာတာလဲ... "

"မ ... မဟုတ်ပါဘူး ... လမ်းကြုံလို့ ဝင်လာတာပါ ... ခု ပြန် ... ပြန်လိုက်ပါဦးမယ် ... "

ဇော်ဇော့်နှုတ်မှ ထိုစကားတို့ကို အလောတကြီးပြောကာ အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။ လမ်းမပေါ်ရောက်သည့်အထိ ရောဂါသည်အဘွားကြီးကို မြင်ရ၍ ဖြစ်ပေါ်ရကာ ဝေဒနာအချို့သည် ဇော်ဇော်ထံမှ မပျောက်နိုင်သေး၊ ဒွေးဒွေးအပေါ်ထားသော ချစ်စိတ်တို့ ချက်ချင်းပျောက်သွားသည်။ ကြောက်စိတ်တို့ တဖျဉ်းဖျဉ်းပေါ်လာသည်။ အဘွားကြီးကိုလည်း ကြောက်သည်။ ဒွေးဒွေးကိုလည်း ကြောက်သည်။ ဒွေးဒွေးကို ချစ်ရမှာလည်း တုန်လှုပ်စွာ ကြောက်ရွံ့လာသည်။

စိတ်ချောက်ချားစွာ လမ်းလျှောက်ရင်းက ပတ်ဝန်းကျင်ကို သတိထားမိသောအခါ ဇော်ဇော်သည် သင်းနု၏ ကုန်စိမ်းဆိုင်ရှေ့သို့ ထူးထူးဆန်းဆန်း ရောက်နေသည်။ သင်းနုက ဇော်ဇော်ကို တွေ့ရသဖြင့် အံ့သြမသွား ညှိုးငယ်သောမျက်နှာဖြင့်သာ ဇော်ဇော်ကိုလှမ်းကြည့်သည်။ ထိုစဉ် ဇော်ဇော်က သင်းနုဆိုင်ရှေ့မှ ထွက်သွားမည်ဟန်ပြင်လိုက်သည်။

"ကိုဇော်ဇော် ခဏ ... "

ခေါသံကြောင့် ဇော်ဇော်သည် သင်းနုကို ပြန်ကြည့်သည်။

"ကျွန်မ ... ကျွန်မမှာ ကြောက်ရမယ့်သူတွေရှိနေလို့ ဒီလို ပြောရတာပါ ... "

ဇော်ဇော်က ဘာမှပြန်မပြော။

"ဗြီးတော့လေ ... ကျွန်မ အပျိုပါ ... ဘာမှမဖြစ်ပါဘူး"

"ဟင် ... "

"ကျွန်မစကားပြောတာ ရှိင်းသွားရင် တောင်းပန်ပါတယ်"

ပြည့်စုံသော စကားလုံးအသုံးအနှုန်းများ မဟုတ်သော်လည်း သင်းနု၏စကားကို ဇော်ဇော်ကောင်းစွာ နားလည်လိုက်သည်။ ကြောက်ရမည့်သူတွေရှိနေသဖြင့် သင်းနုသည် ရဲစခန်း၌ လိမ်လည်ထွက်ဆိုရမည်ဆိုလျှင် ထိုကြောက်ရမည့်သူတွေမှာ သူ့အစ်ကိုတွေ၊ ရပ်ကျော်ရွာကျော် လူမိုက်တွေသာဖြစ်မည်။ သည်လိုဆိုတော့လည်း သင်းနုအဖြစ်က သနားစရာဟု ဇော်ဇော် အတွေးကျွံသွားမိသည်။ စိတ်ထဲတွင် ခုနက ခံစားခဲ့ရသော ဒွေးဒွေးနှင့်ပတ်သက်သည့် ဝေဒနာတို့ ကြက်ပျောက် ပျောက်သွားသည်။ သင်းနု၏မျက်နှာ ဝိုင်းဝိုင်းကလေးက ဇော်ဇော်မျက်လုံးထဲ၌ ပေါ်လာသည်။

လူတစ်ယောက်၏ စိတ်ဓာတ်အပြောင်းအလဲသည်



တိုင်ပင်ကြသည်။

"နေပါဦးရန်ဝင်း ... ငါနဲ့သင်းနု ညည်းစားဖြစ်နေတဲ့အကြောင်း မင်းက ဇော်ဇော်ကို ပြောမပြဘူးလား ... "

"ပြောမပြမိဘူး ... "

"ရဲကိုကော ... "

"ဒီလိုကွာ ... ရဲမှာ အမှုစစ်တုန်းက ဇော်ဇော်နဲ့ရည်းစားဖြစ်နေပါတယ်လို့ သင်းနုက ပြောတာကို ဇော်ဇော်က လုံးဝငြင်းတယ် ... အဲဒီမှာ ဇော်ဇော်ဟာ သင်းနုရည်းစားဟုတ်မဟုတ် ... ရဲက မဲစစ်နေတာနဲ့ မင်းနဲ့ရည်းစားဖြစ်နေတဲ့အကြောင်းကို မပြောလိုက်မိဘူး ... ဇော်ဇော်ကိုလည်း အဲဒီအကြောင်းပြောဖို့ မေ့နေတယ် ... "

နောက်မှ သည်အမှုကိစ္စ ရှင်းလင်းသွားရန် ပြည်မှ စန်းမောင်ကို အကြောင်းကြားခေါ်ယူရန် သတိရသည်ဟု ရန်ဝင်းက ရှင်းပြသည်။ ဤသို့ဖြင့် သူတို့အားလုံးကို ရဲစခန်းမှ ခေါ်ယူသည့်နေ့သို့ ရောက်လာသည်။ နံနက်ဆယ်နာရီအရောက် လာကြရန်ဖြစ်သည်။ သို့သော် ရန်ဝင်းနှင့် စန်းမောင်က နံနက်ကိုးနာရီကပင် ရောက်နေသည်။ ဆယ်နာရီထိုးလုလု အချိန်၌ ဦးဇော်ဝင်း၊ ဇော်ဇော်နှင့် အောင်မင်းသူတို့ရောက်လာသည်။ ဇော်ဇော်သည် ရန်ဝင်းနှင့်အတူ ထိုင်နေသော သူမသိသော စန်းမောင်၏ မျက်လုံးတစ်

ချက်ငေ့ကြည့်သည်။ မကြာမီ ဒု–ရဲအုပ်လည်း အခန်းတွင်းသို့ ဝင်လာသည်။ ထိုအချိန်ထိ သင်းနုတို့ မောင်နှမတစ်တွေ မရောက်လာသေး။

သို့သော် နောက်ထပ် မိနစ်အနည်းငယ်အကြာတွင် သင်းနုသည် အစ်ကိုနှစ်ယောက်နှင့်အတူ ရောက်လာသည်။ ပထမ သင်းနုသည် ဇော်ဇော်ထိုင်နေရာသို့ လှမ်းကြည့်ကာ ယဲ့ယဲ့ပြုံး၍ နှုတ်ဆက်သည်။ နောက်မှ ရန်ဝင်းနှင့် အတူထိုင်နေသော စန်းမောင်ကို မြင်သွားသည်။ ရုတ်တရက် သင်းနုမျက်လုံးပြူးသွားသည်။ စံမောင်းလည်း အခန်းတွင်းအနှံ့ လျှောက်ကြည့်ရင်း စန်းမောင်ကို မြင်သွားသည်။ မသိမသာ အံကြိတ်လိုက်သည်။ အံကြိတ်ရင်း သင်းနု မျက်နှာကို ခက်ထန်သော မျက်နှာဖြင့် ကြည့်သည်။ ခေါင်းငုံ့လျက် စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသော ဒု–ရဲအုပ်က သတိမထားမိ၊ အတန်ကြာမှ အမှုစစ် ဒု–ရဲအုပ်သည် ခေါင်းမော့ကာ အားလုံးကို ကြည့်လိုက်သည်။

"ဟိုတစ်ယောက်က ... "

ဒု–ရဲအုပ်က နောက်ဖက်ကျကျထိုင်ခုံ၌ ထိုင်နေသော စန်းမောင်ကို လက်ညှိုးထိုး၍ မေးလိုက်သည်။ စန်းမောင်သည် ထိုင်ရာမှ သွက်လက်စွာထလိုက်သည်။

"ကျွန်တော်က ဒီအမှုနဲ့ပတ်သက်ပြီး ပြောစရာရှိလို့ပါ ... "



"ကောင်းပြီ ... ထိုင် ... မေးတဲ့အခါ ပြောစရာရှိတာတွေ အကုန်ပြော ... ဟုတ်လား ... "

စန်းမောင် သူ့နေရာသူ ပြန်ထိုင်သည်။ ထိုစဉ် ရဲအမှုထမ်းသုံးယောက် အခန်းတွင်းသို့ဝင်လာသည်။ အမှုအတွက် လိုအပ်သော ရဲသက်သေများဖြစ်သည်။ ဒု–ရဲအုပ်က အားလုံးကို တစ်ခါ ပြန်၍ ကြည့်သည်။ ပြီးမှ သင်းနုကို စူးစူးစိုက်စိုက်ကြည့်သည်။

"ဒီအမှုကို ဒီနေ့ ရဲစစ်ချက် နောက်ဆုံးယူပြီးရင် ရုံးကိုတင်ရမယ် ... ဒီတော့ မသင်းနု စိတ်ငြိမ်ငြိမ်ထားပြီး မှန်ကန်တဲ့ စစ်ချက်တွေကို ပေးပါ ... အရင်တစ်ခေါက်က မှားယွင်းစွာ ထွက်ဆိုမိရင်လည်း ခုပြန်ပြင်ပြီး ပြောနိုင်တယ် ... ဟုတ်လား မသင်းနု ... အဲဒီတော့ ကျွန်တော် တစ်ခုမေးမယ်... တစ် ... ဇော်ဇော်နဲ့မသင်းနု ရည်းစားဖြစ်နေတယ်ဆိုတာ ဟုတ်သလား ... "

သင်းနုသည် စံအောင်ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်ကို ဒုရဲ–အုပ်က တွေးလိုက်ရသည်။ သို့သော် သင်းနုသည် စံအောင်ထံမှ အကြည့်ကို ချက်ချင်းပြန်ရုပ်သိမ်းလိုက်ပြီး ဒု–ရဲအုပ်ကို မော့ကြည့်သည်။

"ဟုတ်ပါတယ် ... "

"ဒါဖြင့် ... နှစ် ... အဲဒီအခင်းဖြစ်တဲ့ညက ဇော်ဇော်နဲ့ အိပ်

ခန်းထဲမှာ ချိန်းတွေ့နေကြတယ်ဆိုတာကော ... ဟုတ်သလား ... "

"ဟုတ် ... ဟုတ်ပါတယ် ... "

"ဟုတ်တယ်နော် ... "

ဒုရဲအုပ်၏ ထပ်ဆင့်အမေးကို သင်းနုသည် တုန်ယင်စွာခေါင်းညိတ်ဖြေသည်။

"ကဲ ... ကောင်းပြီ ... မသင်းနုရဲ့ ထွက်ဆိုချက်တွေကို မှတ်တမ်းတင်ထားပါ"

ဟု ဒု-ရဲအုပ်က ရဲအမှုထမ်းတို့အား လှမ်းပြောလိုက်သည်။ ပြီးမှ ဇော်ဇော်ဆီသို့ အကြည့်ကိုပို့လိုက်သည်။

"ဇော်ဇော် ... "

"ဟုတ်ကဲ့ ... "

"ပြောခဲ့သလို ဒီတစ်ခါ ရဲစစ်ချက်ယူပြီး မင်းတို့အမှုကို မှတ်တင်ရမှာဆိုတော့ စစ်ချက်တွေကို မှန်မှန်ကန်ကန်ပေးစေချင်ပါတယ် ... ပထမအကြိမ်က မဟုတ်မမှန် ထွက်ဆိုခဲ့ရင်လဲ ... "

"ကျွန်တော် နားလည်ပါတယ်ခင်ဗျာ ... "

"နားလည်ရင် မင်းကိုမေးမယ် ... မသင်းနုနဲ့ မင်းဟာ သူတို့ စွပ်စွဲပြောဆိုသလို သမီးရည်းစားဆိုတာ တကယ်မဟုတ်ဘူး



လား ... မသင်းနုအိမ်ကို ရေတံသီးစိမ်းဝယ်ဖို့လာတာ သက်သက်ဆိုတာ အမှန်ပဲလား ... "

"ကျွန်တော် ... ကျွန်တော် ... "

"မှန်တာကို ရဲရဲတင်းတင်းပြောပါ ဇော်ဇော် ... "

ဇော်ဇော်သည် တံတွေးတစ်ချက် မြိုချလိုက်ရင်း သင်းနုကိုလှမ်းကြည့်သည်။ သင်းနုက တစ်ဖန် ဇော်ဇော်ကို ပြန်ကြည့်မိလိုက်သော်လည်း ဇော်ဇော့်အကြည့်ကို သင်းနုသည် ဧဝေဇဝါဖြစ်သွားသည်။ ထို့အတူ ဇော်ဇော်ရင်ထဲ၌လည်း ခံစားချက်တို့ ပလုံးပထွေး ရှုပ်ထွေးနေသည်။ သို့သော် ဇော်ဇော်သည် သူ့စိတ်ထဲ၌ လိပ်ခဲတင်းတင်းဖြစ်နေသော အရာတစ်ခုကို အတင်းဆွဲထုတ်နေသည်။ သူ့မျက်လုံးထဲ၌ ဘာကြောင့်မှန်းမသိ၊ ဒွေးဒွေးဘွားအေကြီး၏မျက်နှာမှာ တဖျတ်ဖျတ်ပေါ်နေသည်။

"ပြောလေ ဇော်ဇော် ... "

"ဟုတ်ကဲ့ ပြောပါ့မယ် ... ဧည့်သည်တွေအတွက် ရေတံသီးစိမ်းဝယ်ဖို့ အိမ်ကထွက်လာတာတော့ မှန်ပါတယ် ... ဒါပေမယ့် အရက်မူးနေတော့ ရေတံသီးစိမ်းဝယ်ရင်း မသင်းနုနဲ့ တွေ့ချင်လို့လည်း သူ့အိမ်ကိုရောက်လာတာပါ ... "

"မသင်းနုနဲ့ ဘာကြောင့် ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"သူနဲ့ကျွန်တော် ရည်စားမို့လို့ပါ ... "

ဟာခနဲ အာမေဋိတ်သံအချို့ အခန်းထဲမှထွက်လာသည်။ သင်းနုသည် အထိတ်တလန့်ဖြစ်သွားသော မျက်နှာဖြင့် ဇော်ဇော်ကိုလှမ်းကြည့်သည်။ ဦးဇော်ဝင်းအပါအဝင် အောင်မင်းသူနှင့် ရန်ဝင်းတို့အားလုံးကလည်း ဇော်ဇော်ကို နားမလည်နိုင်သော အကြည့်ဖြင့် ဝိုင်းကြည့်နေကြသည်။

ဒု–ရဲအုပ်က ...

"ဒီလိုဆို သင်းနုကို ရည်းစားဘဝနဲ့ အိပ်ခန်းထဲမှာလည်း တွေ့ခဲ့ကြတာပေါ့ ... "

"ဟုတ်ပါတယ် ... "

"ဒါဖြင့် ပထမစစ်ချက်ယူတုန်းက မင်းဘာ့ကြောင့် လိမ်လည်ထွက်ဆိုရတာလဲ ... "

"ဟို ... ဟို ... မိန်းမ မယူချင်သေးလို့ပါ ... အဲ ... အဲ ... ဒါပေမယ့် ခုတော့ မသင်းနုကိုသနားပြီး ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... သူပြောတာတွေ တစ်ခုမှ မဟုတ်ဘူး ... "

စန်းမောင်က စိတ်မထိန်းနိုင်ဘဲ ထိုင်ရာမှထအော်သည်။ ဒု–ရဲအုပ်သည် စူးလွှတ်သောအကြည့်ဖြင့် စန်းမောင်ကို လှမ်းကြည့်ရင်း ...

"သူ ဘာမဟုတ်တာတွေ ပြောနေလဲဆိုတာ မင်းပြောပြပါ"



"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် စန်းမောင်ပါ ... ညောင်ပင်သာတာစုံမှာ ဆိုက်ကားနင်းပါတယ် ... သင်းနုနဲ့ကျွန်တော် ရည်းစားဖြစ်နေတာ တစ်နှစ်ကျော်ပါပြီ ... ခုလည်း ရည်းစားဘဝမှာပဲ ရှိကြပါတယ် ... "

စန်းမောင်သည် အဖြစ်အပျက်အစုံအလင်ကို ရှည်လျားစွာပြန်ပြောပြနေသည်။ စံအောင်နှင့် စံတင်တို့က ရန်ရှာသဖြင့် ပြည်မြို့သို့ ဆိုက်ကားသွားနင်းရသည့်အကြောင်းလည်း ပါသည်။ သင်းနုနားထဲ၌ စန်းမောင်၏စကားတို့ကို မကြားတစ်ချက် ကြားတစ်ချက်သာဖြစ်နေသည်။ သူ့ရင်ထဲသို့ လှိုင်းထအောင်ခံစားချက်များ ဖြစ်ပေါ်စေသည်က ဇော်ဇော်၏ ယခု ထွက်ဆိုချက်များ ...။

သူဘာကြောင့် သည်ကို ပြောင်းပြန်လှန်ပြီး ထွက်ဆိုရပါလိမ့်၊ သူ ငါ့ကိုများ ... အင်း ဒါမှမဟုတ် သူပြောသလို ငါ့အပေါ် သနားလို့လား။ အစ်ကိုကြီးတို့က ခြိမ်းခြောက်လို့တော့ မဖြစ်နိုင်၊ သည့်လိုဆို ... ငါကကော၊ အို မပြောတတ်ပါဘူးလေ... ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူသည် မူလထွက်ဆိုခဲ့သည့်အတိုင်း ဆက်၍ ထွက်ဆိုရမည်ဟုတော့ သင်းနုနားလည်မိသည်။

တွေးရင်း သင်းနုသည် စန်းမောင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ သည်အခါ ခံစားချက်တို့က ယောက်ယက်ခတ်သွားပြန်သည်။ စန်းမောင်အပေါ်၌ သနားစိတ်တို့ကမူ ထင်းထင်း

ရှားရှားဖြစ်ပေါ်လာသည်။

"မသင်းနုမေးနေတာ ဖြေလေ ... စန်းမောင်ပြောတာတွေ ဟုတ်လား ... "

ဒု–ရဲအုပ်အသံကြားမှ သင်းနု အတွေးတို့ပြတ်သွားသည်။

"မဟုတ်ပါဘူး ... အို ဟုတ်ပါတယ် ... သူနဲ့ရည်းစားဖြစ်ခဲ့တာ တစ်နှစ်ကျော်သွားပါပြီ ... ဒါပေမယ့် သူ့ကို မကြိုက်တော့လို့ ကိုဇော်နဲ့ ရည်းစားဖြစ်နေတာလည်း အဲ ... အဲ... သုံးလေးလလောက်ရှိပါပြီ ... "

ထိုစကားတို့ကို သင်းနုနှုတ်မှ အတားအဆီးမဲ့စွာ ထွက်သွားသည်။ ဘယ်သို့သောခံစားချက်၊ စေ့ဆော်ချက်ကြောင့်မှန်း သင်းနုကိုယ်တိုင်မသိ၊ သို့သော် ထိုထွက်ဆိုချက်တစ်ခုတည်းနှင့်ပင် ဇော်ဇော်၊ စန်းမောင်နှင့် သင်းနုတို့၏ ဇာတ်လမ်းက နိဂုံးချုပ်သွားသည်။ ဒု–ရဲအုပ်က သက်ပြင်းဆွဲချသည်။

"မင်းတို့က ရည်းစားဘဝသာရှိကြသေးတော့ သင်းနုရည်းစားထားတာကို ဥပဒေအရ အရေးယူလို့မရဘူး စန်းမောင်—သင်းနုဟာ မင်းနဲ့ တရားဝင်လက်ထပ်ထားတဲ့ မိန်းမဆိုရင်တော့ တစ်မျိုးပေါ့လေ ... "

ဒုရဲအုပ် စကားမဆုံးမီပင် စန်းမောင်သည် ထိုင်ရာမှ



ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ ပြီးနောက် ဒု–ရဲအုပ်မျက်နှာကိုကြည့်ကာ ...

"ကျွန်တော် နားလည်ပါပြီခင်ဗျာ ... ကျွန်တော့်ကို ခွင့်ပြုပါဦး ... "

ဟု ဆိုကာ အနားမှ ရန်ဝင်းကိုပင် နှုတ်မဆက်ဘဲ အခန်းထဲမှ ထွက်သွားသည်။ နောက်မှ ရန်ဝင်းက စန်းမောင်နောက်သို့ ပြေးလိုက်သွားရသည်။

— ॥॥✿॥॥ —

အစ်ကိုတွေက ခြိမ်းခြောက်သဖြင့် သင်းနုသည် စခန်း၌ လုပ်ဇာတ်ခင်းနေရသည်ဟု ရန်ဝင်းပြောသလို စန်းမော ကြိုးစားယုံကြည်ခဲ့ပါသည်။ သို့သော် ဇော်ဇော်ကိုယ်တိုင်က သင် နှင့် သူ ရည်းစားဖြစ်နေပါသည်ဟု ထွက်ဆိုလာသောအခါ သင်းနု သစ္စာမဲ့မှု၊ ဖောက်ပြားမှုတို့မှာ ဘူးပေါ်သလိုပေါ်လာသည်ဟု န လည်မိသည်။ ထို့ကြောင့် စန်းမောင် သင်းနုအပေါ် နာကျည်းသွ သည်။ မုန်းတီးသွားသည်။ ထို့ထက်ပို၍ဆိုရလျှင် များစွာစက်ဆ သွားမိသည်။

သို့သော် လောက၌ အမှန်တရားဆိုသည်ကား ရှိ သည်။ ယခု သင်းနုတို့အဖြစ်၌ အမှန်တရားမှာ စန်းမောင်သည သင်းနုချစ်သော ရည်းစားဖြစ်ခြင်းပင်။ အစ်ကိုတွေက မည်မျှ အချိန်ကြာမြင့်စွာ သင်းနုအား ခြိမ်းခြောက်လျက်၊ ထိတ်လန့်အော



ပြုလျက်၊ ရဲစခန်း၌ လိမ်လည်ထွက်ဆိုခိုင်းစေကာမူ ... သင်းနုသည် ချစ်သူမောင်၏မျက်နှာကို မြင်ရသောအခါ ရင်မှ အချစ်ခံစားချက် တို့က အစ်ကိုတွေအပေါ် ကြောက်လန့်ရသောစိတ်ကို ဖြတ်သန်း ကျော်လွှားကာ ပွင့်အန်အနိုင်ယူသွားရသည်။ ပေါက်ကွဲသွားရမည်။

"ဟုတ်ပါတယ် ... အစ်ကိုမောင်ဟာ ကျွန်မတကယ် ချစ်သူ ရည်းစားပါ ... ရဲစခန်းမှာ ကျွန်မထွက်ဆိုချက်တွေဟာ အစ်ကိုတွေက ခြိမ်းခြောက်လို့ လိမ်လည်းထွက်ဆိုရတာ တွေပါ ... "

ဟု သင်းနုသည် ရှိုက်ကြီးတငင်ငိုကြွေးကာ အသည်း ပေါက်မျှ ခံစားချက်ဖြင့် ရင်ဖွင့်လိုက်ရသည်။

သို့သော် ဤသို့မဖြစ်ခဲ့၊ ဇော်ဇော်နှင့်သင်းနု၊ ပြီး တော့ သက်သေအားလုံးသည် ရဲစခန်းတွင်းမှ ဆိတ်ငြိမ်စွာ ထွက် လာကြသည်။ စံအောင်နှင့်စံတင်တို့က ရှေ့မှခပ်သုတ်သုတ်လျှောက် သွားကာ ရဲစခန်းရှေ့မှ လမ်းမဘက်သို့ ကူးသွားရင်း ပျောက်ကွယ် သွားကြသည်။ ထို့နောက် ဦးဇော်ဝင်းနှင့် အောင်မင်း သူတို့ကလည်း မည်သူတစ်ဦးတစ်ယောက်နှင့်မှ စကားမပြောကြဘဲ ခပ်မှန်မှန် လျှောက်လာကာ လမ်းတစ်ဖက်သို့ကူးသွားကြပြန်သည်။

နောက်ဆုံးမှ ဖြည်းလေးစွာ လျှောက်လာသူများမှာ ဇော်ဇော်နှင့်သင်းနု၊ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မည်

သည့်စကားမှ မပြောကြသေး၊ ပြီးတော့ တစ်ယောက်ကိုတ
ယောက်လည်း စိုးစဉ်မျှ အပြန်အလှန် မကြည့်ကြ၊ ဤသို့ဖြင့် လ
တစ်ဖက်သို့ရောက်လာကြသည်။ သူတို့ လမ်းတစ်ဖက်သို့ရော
လျှင် ရုတ်တရက် မိုးအုံ့လာသည်။ ခဏအကြာ မိုးဖွဲကလေးမျာ
ကျလာသည်။

"မသင်းနု ထီးပါသလား ... "

"မပါဘူး ... "

ဟု သင်းနုက ခေါင်းငုံ့လျက် လမ်းလျှောက်ရင်း ပြ
ဖြေသည်။

"ရော့ ... ဒီလက်ကိုင်ပဝါကလေးနဲ့ ခေါင်းအုပ်ထားလိုက်

ဇော်ဇော်က သူ့အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်
ဖြန့်ကာ သင်းနုအားပေးသည်။ သင်းနုလှမ်းယူကာ ဇော်ဇော်ပြ
သလို ခေါင်းပေါ်သို့ အုပ်ထားလိုက်သည်။ မိုးက ဖွဲဖွဲသာဆက်
ရွာနေဆဲ၊ သူတို့သည် တိတ်ဆိတ်စွာ ဆက်၍ လမ်းလျှောက်
ကြသည်။ ထိုသို့ဖြင့် ညောင်ပင်သာ ရဲစခန်းရှေ့ရှိ လမ်းမကြီးမှ
ထွက်လျက်ရှိသော လမ်းနှစ်သွယ်ဆုံရာသို့ ရောက်လာကြသည
တစ်လမ်းသည် ဇော်ဇော်တို့အိမ်သို့ သွားရာလမ်း၊ အခြားလမ်းတ
လမ်းသည် သင်းနုတို့ အိမ်ရှိရာသို့ ဦးတည်သည့်လမ်း၊ ထိုအခါ

"ကိုဇော် ... ပြန်တော့မလို့လား ... "



ဟု သင်းနုက တိုးတိုးမေးသည်။

"ဟင့်အင်း ... "

ထို့ကြောင့် သင်းနုက အရင်လမ်းလျှောက်ရပ်ပစ်လိုက်သည်။ ဇော်ဇော်ကလည်း သင်းနုနှင့် ကပ်လျက်ရပ်နေလိုက်သည်။ သူတို့ဆီသို့ လေပြည်တစ်သုတ် ပြေးဝင်လာခိုက်၊ မိုးဖွဲကလေးများ အရှာရပ်သွားသည်။ ဇော်ဇော်သည် ယခုမှ သင်းနုမျက်နှာကို ခပ်ငေးငေးကြည့်လိုက်မိသည်။ သို့သော် ချက်ချင်းပင် ဇော်ဇော်က ခေါင်းငုံ့ပစ်လိုက်ရင်း ...

"မသင်းနုရော အိမ်ပြန်တော့မလို့လား ... "

"ဟင့်အင့် ကိုဇော် ... "

သင်းနုက ခေါင်းခါပြရင်း ခဏကြာအထိ တိတ်ဆိတ်သွားကြပြန်သည်။ ထို့နောက် မိုးချုန်းသံအချို့ကို ကြားလိုက်ရသည်။ ကောင်းကင်ပြင်၌ လျှပ်စီးလက်လိုက်သည်ကို လှမ်းမြင်ရသည်။

"ဟို ... ဟိုလေ ... မိုးတွေရွာတော့မယ် ... ကျွန်မတို့ ဘယ်သွားကြမှာလဲ ကိုဇော် ... "

ခုမှ ဇော်ဇော်သည် သင်းနုမျက်နှာကို နောက်တစ်ခါပြန်ကြည့်သည်။ ပြီးတော့ ဇော်ဇော်သည် မပြောမဆိုနှင့် သင်းနုလက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ သင်းနုတစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားသည်။ ဇော်ဇော်က ခြေလှမ်းပြင်လိုက်သည်။

"ဘယ် ... ဘယ်ကိုလဲ ကိုဇော် ... "

"တို့နှစ်ယောက်အကြောင်းကို ဘယ်သူမှ မသိနိုင်တဲ့နေရာကို ... "

ထိုနေရာတွင် အချစ်နှင့် အမှန်တရားသည် ဖြောင့်ဖြောင့်ကြီးလမ်းခွဲသွားကြသည်။ တစ်ခုပြောနိုင်သည်မှာ အချစ်ဆိုသောအရာသည် အစဉ်အမြဲ တုပ်နှောင်ချည်တုံးထား၍ မရပါသော အမှန်တရားပင်ဖြစ်သည်။

မြရတီ

မောင်မောင် (မြန်မာပြည်)

# ကြင်နာသူမဲ့ ဘဝဇာတ်လမ်း



## အမှတ်(၃)

# ကြင်နာသူမဲ့ ဘဝဇာတ်လမ်း

**ရှင်သန်ခြင်း၏ အဓိပ္ပာယ်**

လူတို့သည် မွေးဖွားလာသည်နှင့် ရှင်သန်ခြင်းအတွက် ရုန်းကန်လှုပ်ရှားကြရကုန်တော့၏။ မလှုပ်ရှား၍မရ လှုပ်ရ၏။ မရှာ၍မရ ရှာကြဖွေကြရစမြဲ။ လူတို့တွင် မရှိမဖြစ်လိုအပ်နေသည်ကား စားဝတ်နေရေးပင်တည်း ...။ ပိုင်ဆိုင်ထားကြရသော ဘဝအတွက် လှုပ်ရှားရုန်းကန်ကြရ၏။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းမှတ်တိုင်ကြားကာလအတွင်း ရှင်သန်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုကြရတော့သည်။

လူချမ်းသာ လူဆင်းရဲဘဝများ ပိုင်ဆိုင်ကြရ၏။ မပိုင်ဆိုင်ချင်လို့တော့မရ အတိတ်ကံအကြောင်းကြောင့် ယခုဘဝ

အကျိုးဖြစ်လာ၏။ ယနေ့ကမ္ဘာတွင် လူမျိုးနိုင်ငံတိုင်းပြည်ဟူ၍ မားမားမတ်မတ်ရပ်တည်ခေါ်ဝေါ်နေကြ၏။ ကျွန်ုပ်တို့သည်လည်း မြန်မာပြည်မှာမွေးဖွားလာ၍ မြန်မာလူမျိုးဟု အမည်တွင်၏။ ထိုအ ခါ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး ပတ်ဝန်းကျင်တွင် ဘဝကိုရှင်သန် လွှန်မြောက်ကြရတော့သည်။

မြန်မာပြည်မှာမွေးဖွားလာကြကုန်သော မြန်မာ ပြည်သားတို့လည်း တစ်ခြားနိုင်ငံသားတော့ မဖြစ်လာနိုင်ပေ။ မြန်မာလူမျိုးသည် မြန်မာနိုင်ငံသားတွင် အဓွာဆန်လာသည်။ အဓွာ မရှိ၍မဖြစ် အဓွာရှိမှ ပရေဟိတရှိမည်ဖြစ်၏။ အဓွာတွင်လည်း ကွဲပြား ပါလေ၏။

ကိုယ့်မိသားစု ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးများအတွက် အဓွာဆန်သင့်သည်။ အဓွာဆန်ရပေမည်။ ရပ်တည်မှုအတွက် လူသား တိုင်းအလုပ်လုပ်ကြရကုန်၏။ အလုပ်လုပ်သည်ဆိုရာ၌ သာမာအ ဓိဝအလုပ် မသာမာဖြင့် စီးပွားရှာခြင်းကွဲပြားပြန်၏။ တစ်ခုတော့ ရှိသည်။ မိမိတို့နေထိုင်ကြကုန်သော နိုင်ငံတော်၏ တည်ဆဲဥပဒေ ကိုတော့ နိုင်ငံသားတိုင်းလေးစားလိုက်နာကြရမည်။ မလိုက်နာသူ တွေ ဥပဒေမဲ့ကျူးလွှန်ဖောက်ဖျက်သူတွေကို အရေးယူပြစ်ဒဏ်ချ မှတ်ရတော့၏။

နိုင်ငံခြားတိုင်းတစ်ပါးသို့ ကုန်းပေါ်အလုပ်(SHORE'S



JOB) ဖြင့် အချို့မြန်မာများ ထွက်ခွာနေကြ၏။ တရားဝင်ထွက်ခွာ သွားကြသူတွေလည်းရှိ၏။ တရားမဝင်သောနည်းလမ်းများဖြင့် သွားလာကြသူတွေလည်းရှိနေ၏။ ရှိနေဆဲပါပေ။ ထိုသို့သွားရောက် နိုင်ရန်အတွက် ငွေကြေးအကုန်အကျခံရ၏။ မခံနိုင်ပါက ပဲခူးမြို့သို့ ပင် ရန်ကုန်မြို့မှ မသွားရောက်နိုင်ပေ။

ငွေအကုန်ခံနိုင်မှ ရှိုးကျောအလုပ်လုပ်နိုင်သည်။ ရနိုင် ၏။ အချို့တစ်တွေမှာ သွားလာနိုင်ရန်အတွက် မိမိတို့၏ ပိုင်ဆိုင် သောရွှေတိုရွှေစများ အိမ်ပိုင်များအား ရောင်းပေါင်သဘောမျိုးဖြင့် ပေးခဲ့ကြရ၏။ မည်သူမဆို မမြင်ရသေးသည့်နေ့ရက်များအား သေချာမသိနိုင် မပိုင်ဆိုင်ပေ။ ဗေဒင်လက္ခဏာများ တွက်ချက် ကြည့်လည်း မသိပါချေ။

ကျွန်ုပ်သည်လည်း စာပေမြတ်နိုးသူ စာပေချစ်သူ တစ်ယောက်ဖြစ်၏။ ကျွန်ုပ်ဝါသနာပါသော ပိုးဝင်ခဲ့သော စာရေး ဆရာအဖြစ် စာပေနယ်မှာ ဝင်ဆန့်လှုပ်ရှား နာမည်တစ်လုံးပိုင်ဆိုင် လာခဲ့၏။ ကျွန်ုပ်၏အဓိကအလုပ်မှာ နိုင်ငံတကာသင်္ဘောသား အလုပ်ပင်တည်း။

**[illegible]**

ကျွန်ုပ်တွင် နိုင်ငံတကာခရီးသွားအတွေ့အကြုံ
အဖြစ်အပျက်များလည်း ကျွန်ုပ်၏ ကုန်ကြမ်းဝတ္ထုဇာတ်လမ်းမျ
တည်း။ သဘာ၀သားလုပ်ရင်း ကျွန်ုပ်မြတ်နိုးရာစာပေများ
သားနေခဲ၏။ စာဖတ်သူများပါမက စာချစ်သူများကပါ ကျွန်ုပ်
ဘ၀သစ်နံ့စာပေများကို အားပေးခဲ့ကြ၏။

တစ်ဘက်တစ်လမ်းမှ နိုင်ငံအကျိုးပြုစာပေများ
သားဖော်ပြနိုင်ခဲ့ခြင်းကြောင့် ၀မ်းသာပီတိဂုဏ်ယူမိပါသည်
တကယ်တော့ ဝေးမြေရပ်ခြားတိုင်းတစ်ပါးသည် ကျွန်ုပ်အားရဲတွင်း၀ပ
တည်း။ ကျွန်ုပ်သတ္တ၀ါတို့မည်သည် ကျွန်ုပ်အတိုင်းသား ကျင့်ကြ
သည်။ သူတို့မှာ သနားခြင်း၊ ကြင်နာခြင်း၊ စာနာထောက်ထားခြင်း



ရှိကြပေ။ အထူးသဖြင့် မြန်မာအမျိုးသမီးများ တိုင်းတစ်ပါးသို့
ထွက်သင့်ပေ။

မြန်မာအမျိုးသမီးများသည် နိုင်ငံ့သားကောင်း
သမီးပျိုလေးများ မွေးထုတ်ပေးရန် တာ၀န်ကြီးတစ်ရပ်ရှိပေသည်။
အမျိုးသားရေးစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အလေးပြုသင့်၏။
ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းဖြင့် ရပ်တည်
ခဲ့သည်မှာ အထင်အရှားပင်တည်း။ မမေ့သင့်ပေ။ နိုင်ငံတော်လွတ်
လပ်ရေးအတွက် ပြည်ထောင်စုသွေးစည်းညီညွတ်စွာ တိုင်းရင်းသား
မြန်မာလူမျိုးအပေါင်းတို့သည် သူ့ကျွန်မခံလိုသောစိတ်ဓာတ်ဖြင့်
နယ်ချဲ့တို့အား တိုက်ခိုက်တွန်းလှန်ကြခဲ့၏။ မြန်မာ့တပ်မတော်၏
အခန်းကဏ္ဍသည် အရေးပါလှလေတော့သည်။

ယနေ့မြန်မာနိုင်ငံသည် နိုင်ငံတကာအဆင့်မီ နိုင်ငံ
တော်ကြီးဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်နေ
ပေသည်။ နိုင်ငံတော်အကြီးအကဲ အစိုးရကြီး ဦးဆောင်လမ်းညွှန်မှု
ဖြင့် တိုးတက်မြင့်မားလာခဲ့သည်မှာ တိုင်းရင်းသားပြည်သူအပေါင်း
မျက်မြင်တွေ့မြင်ကြပြီဖြစ်၏။ ကိုယ့်တိုင်းပြည်အတွက် တိုင်းရင်း
သားတိုင်း၏ တာ၀န်ကိုယ်စီရှိကြသည်။ နိုင်ငံတော်တိုးတက်အဆင့်မီ
ပေါ်ပေါက်ရန် အားလုံး ၀ိုင်း၀န်းဆောင်ရွက်ကြရမည်သာတည်း။

တစ်နေ့ကျွန်ုပ်တို့ကိုယ့်တိုင်းကိုယ့်ပြည် ပြန်ရောက်

သည်နှင့် ကျွန်ုပ်၏ လက်ဦးဆရာ နီလေးမောင်(ဖြစ်ရပ်မှန်ဇွ
ထံရောက်မြဲတည်း။ ကျွန်ုပ်တွင် သဘော်သားနိုင်ငံတကာ
အကြုံများစွာ ရှိခဲ့သည်။ ထိုသည်ကို ဆရာက စာပေထ
ပေါ်ထွက်စေအောင် အလင်းရောင်တင်ပေးခဲ့၏။ လူတိုင်း
တတ်ကြသည်။ သို့သော် စာရေးတက်တိုင်း စာရေးဆရာမဖြ
မဖြစ်နိုင်ချေ။ စာဖတ်သူတွေလက်ခံအောင် ခံစားစေအောင်
လွင်အောင်ရေးသားဖို့က လွယ်သည်မဟုတ် ခက်သည်
မဟုတ်ပါချေ။

မင်းရေးချင်တဲ့အကြောင်းရေးကွာဟု ဆရာ
ပေးခဲ့သည်။ စာမချောမွေ့ အကြောင်းအရာတွေက ဟိုရောက်
ရောက်၊ ကပေါက်တည်းကဘောက်သွားဖြစ်နေခဲ့၏။ ဆရာ
မောင်က ထိုသည်ကိုပင် အပင်ပမ်းခံကာ စာချောအောင် ပ
လက်ခံနိုင်အောင် အဲဒီတစ်လုပ်တည်း ဖြတ်လုပ်ပေးခဲ့သည်။
များစွာသည် ကျွန်ုပ်၏ စာပေခရီးကြမ်းတိုးတက်စေဖို့ လေ့
များတည်း။ လမ်းလျှောက်တတ်စ ကလေးငယ်တစ်ယော
စာပေလမ်းမှာ သင်ဆရာ မြင်ဆရာတို့၏ ထိန်းသိမ်းသင်
ကြောင့် နာမည်ရကလောင်တစ်ချောင်း ဖြစ်လာခဲ့၏။
တရားအား လူတိုင်းမမေ့သင့်ပေ။ အမြဲကျေးဇူးရှင်များအပေါ်
တရားထားရသည်။ ကျွန်ုပ်သည် ကိုယ့်မြန်မာလူမျိုးများမှ



ကတွေ့သိပြီး အမှန်တွေးဆအတုယူပြုပြင်နိုင်အောင် သတိပေးခြင်း
သာဖြစ်၏။

ဝေးမြေရပ်ခြားတွင် ဒုက္ခမရောက်စေချင် တိုင်းတစ်
ပါးသားများအား အထင်ကြီးစရာမလို ကိုယ့်တိုင်းပြည်အတွက်
အကျိုးရှိစေမည့် အတတ်ပညာများယူသင့်သည်။ ကိုယ့်တိုင်းပြည်
ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးစိတ်ရှိ၏။ မြန်မာပြည်မှာမွေးဖွားလာ
ကြပြီး မြန်မာလူမျိုးများမှန်က မြန်မာကိုတန်ဘိုးထားချစ်ခင်ကွယ်
ကာရမည်ဖြစ်၏။ ဆရာက သူ၏မဂ္ဂဇင်းတိုက်ရောက်တိုင်း ကျွန်ုပ်
အားဆုံးမသွန်သင်ပေးမြဲပေတည်း။ ကျေးဇူးကြီးလှပေစွပါတကား။

မှတ်မှတ်ရရ ထိုနေ့ ၂၀၀၃ ခုနှစ် အောက်တိုဘာလ
၂၀ ရက်နေ့တွင် ကျွန်ုပ်ဖြစ်ရပ်မှန်မဂ္ဂဇင်းတိုက်ရောက်တော့ ဆရာ
ကကျွန်ုပ်အတွက် စာတစ်စောင်ရောက်နေကြောင်း ပြောကာပေး
ခဲ့သည်။ ထိုစာသည် မြန်မာပြည်က စာတစ်စောင်မဟုတ်ပေ။
ကျွန်ုပ်ထံ မလေးရှားနိုင်ငံမှပေးပို့လိုက်သော စာတစ်စောင်ပင်
တည်း။ ထိုစာထဲတွင် ကျွန်ုပ်အား ရင်ဖွင့်ဟချင်သည့် အကြောင်း
အရာစာတ်လမ်းသူမတွင် ရှိ၏။ ကျွန်ုပ်မလေးရှားသို့ရောက်သော
အခါ ဝင်ခဲ့ပေးပါရန် လာခဲ့ပေးပါရန် သူမက ခွင့်တောင်းသည့်
စာဖြစ်နေသည်။

ခက်တော့နေပြီ စိတ်ဝင်စားဖွယ်ဖြစ်ရပ်မှန်ဇာတ်

လမ်းတစ်ပုဒ်ဖြစ်မည်တော့ သေချာလှ၏။ မောင်မောင်တို့သ
သားဆိုတာက ရေမျှောကမ်းတင် ဗေဒါဒိုက်များလိုပင် မလေ
ရောက်သည့် သင်္ဘောများပေါ်အမှုထမ်းပါမှ မလေးသို့ ရောက်
မည်။ မြို့တော်ကွာလာလမ်ပူသို့ ဆိပ်ကမ်းမြို့ ပိုကီလ
(KELANG)သာအနီးဆုံး နေ့ချင်းညချင်း ပြန်နိုင်၏။ တခြားဆိပ်က
များသို့ ဆိုက်ကပ်ပါက သွားရန်မလွယ်ကူပေ။ သူမတို့နေထို
လိပ်စာကိုတော့ ရေးမှတ်ထားမိပါသည်။ ကြုံကြိုက်ပါက ရော
အောင်ဝင်လာခဲ့ပါမည်ဟု ကိုယ့်စာဖတ် ပရိသတ်အား အကြော
ပြန်လိုက်ရ၏။

သင်္ဘောသားဆိုသည်မှာ ကိုယ်ရောက်ချင်သည့်
ရာဒေသနိုင်ငံများသို့ ရောက်ချင်တိုင်းသွားချင်တိုင်း မဖြစ်
မရောက်နိုင်ချေ။ ပြောသပြော ရေးသာရေးလိုက်ရသည် ရောက်
ဖို့မလွယ်ပါချေ။ ကျွန်ုပ်သိပါသည်။ သူမတို့၏ဘဝလမ်းပေါ်
ကြေကွဲဖွယ်ရာဇာတ်လမ်းများ ရှိနေမည်ဖြစ်၏။ ရောက်သည့်အ
ဝင်ဖြစ်အောင်သွားမည်ဟု ကျွန်ုပ်မမေ့နိုင်အောင် မှတ်တမ်းထဲသ
တို့နှင့်ဆက်သွယ်ရမည့်လိပ်စာကို ရေးမှတ်ထားမိပါတော့သည်

ကျွန်ုပ်၏ သင်္ဘောသည် ဥရောပ၊ အာဖရိက နိုင်
များသို့ သွားသည့်သင်္ဘောမို့ သူမတို့ထံ မရောက်ဖြစ်ခဲ့ပေ။ မေ့
လောက်ပင်ရှိတော့၏။ သင်္ဘောပေါ်တွင် နေ့စဉ်တာဝန်ချိန်မျ



ထမ်းဆောင်နေရသည်မို့ စာတစ်ပုဒ် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပင် ဖြောင့်အောင်မရေးနိုင်ပါချေ။ ရေးချင်ပေမည့်အကြောင်းအရာများက မှိုရောက်သည်ရောက် အလုပ်အတွက်လာခေါ်ပြန်သဖြင့် တစ်ပိုင်းတစ်စသာများခဲ့၏။

သူမတို့ထံရောက်နိုင်ဖို့အကြောင်းဖန်လာခဲ့၏။ ကျွန်ုပ်သင်္ဘောပေါ်တွင် စာချုပ်တစ်နှစ်ပြည့်ကျော်ကာ တာဝန်ထမ်းဆောင်ပြီး အိမ်ပြန်ရန် စာတင်ခဲ့၏။ ကျွန်ုပ်၏နေရာအမှုထမ်းရန် လူစားလာမှ ပြန်ရမည်ဖြစ်၏။ မြန်မာပြည်နှင့် အနီးစပ်ဆုံး နိုင်ငံ အာရှဘက်ရောက်မှ ပြန်ရပေမည်။ သင်္ဘောကုမ္ပဏီက ကျွန်ုပ်အား မပြန်စေချင်၍ဖြစ်၏။ တစ်နည်းအားဖြင့် သင်္ဘောသားသစ် မခေါ်ချင်တာလည်းဟုတ်၏။ လေယာဉ်လက်မှတ်ခလည်း ချွေတာခြင်းပါပေ။

ကျွန်ုပ်၏ သင်္ဘောအာရှတိုက်ဖိလစ်ပိုင်နိုင်ငံသို့ ကုန်တင်ရန်သွားရမည်ဖြစ်ပြီး ကုန်တင်ပြီးပါက ဆူးအက်တူးမြောင်းဖြတ်ကာ ဥရောပဘက်သို့ ပြန်သွားမည်ဖြစ်၏။ စင်္ကာပူနိုင်ငံသည် ဆိပ်ကမ်းပင်တည်း။ ထိုမြို့တွင် သင်္ဘောများခရီးစဉ်အတွက် ဆီဖြည့်ရေဖြည့်ရိက္ခာဖြည့် ကျောက်ချပြီးလုပ်တတ်လေသည်။ မြန်မာသင်္ဘောသားများ လူစားအတတ်အဆင်းအများဆုံးလုပ်ရာမြို့လည်းမည်၏။

သင်္ဘောကုမ္ပဏီက ကျွန်ုပ်အား စင်္ကာပူနိုင်ငံသို့ ဆိုက် ရောက်သည့်အခါမှ သင်္ဘောပေါ်ကဆင်းရမည်ဆို၏။ သင်္ဘော များပို၍ အကြိုက်တွေ့ပါသည်။ စင်္ကာပူနိုင်ငံသည် အကောက်အ မဲ့ဆိပ်ကမ်းမြို့ (FREE PORT) ဖြစ်၍ဈေးရင်းအတိုင်း ပစ္စည်းများ ယူနိုင်၏။ ကုန်ပစ္စည်းပေါ်အခွန်မပေးရ၍ ဈေးချိုပါသည်ဟု ဆို ၏။

ကျွန်ုပ်၏သင်္ဘော စင်္ကာပူအရောက်တွင် ဆိပ်ကမ် ကပ်ပါချေ။ (ANCHORAGE) ရာနေရာတွင် ရပ်နားပြီး ကျွန်ုပ် လူစားနှင့်လဲလှယ်ကာ သင်္ဘောပေါ်မှ ဆင်းခွင့်ရခဲ့၏။ လာကြိုသေ သင်္ဘောကုမ္ပဏီက ကိုယ်စားလှယ်က မော်တော်ဘုတ်ဖြင့် မြို့ သို့ ခေါ်ဆောင်ပါသည်။ ကျွန်ုပ်အား ကြက်တူရွေးဟိုတယ်တွ တည်းခိုရန် ပို့ခဲ့၏။ သင်္ဘောကုမ္ပဏီ၏ စရိတ်ဖြင့် တည်းခိုခွင့်စီ ပေးပါသည်။

ကျွန်ုပ်မြန်မာပြည်သို့ ပြန်ရန်အတွက် ၃ ရက် စင်္ကာပူနိုင်ငံတွင် နားပြီးမှပြန်ရမည်ဖြစ်၏။ မြန်မာပြည်သို့ တိုက်ရို ပျံသန်းသည့် ဆင့်အဲယားဝေး(SILK AIRWAYS) ဖြင့် စီစဉ်ပေး ကျွန်ုပ်အတွက်သင်္ဘောကုမ္ပဏီက ဈေးဝယ်နိုင်ရန်(SHOPPING) နှ အနားယူစေချင်ရန်ဖြစ်၏။ ထိုအခွင့်အရေးမျိုး ကြုံချင်တိုင်းလည် ကြုံချင်မှကြုံပေမည်။



ဟိုတယ်ခန်းထဲသို့ ရောက်သည့်အခါ ကျွန်ုပ် ပစ္စည်း များနေရာတကျထားပြီး ရေမိုးချိုး၏။ အခန်းထဲမှာပင်ရေချိုး ခန်းအိမ်သာကအစရှိ၍ အစဉ်ပြေလှ၏။ ရေချိုးလိုက်မှ လန်းဆန်း သွားတော့၏။ ရောက်တုန်းရောက်ခိုက် ကျွန်ုပ်မြို့ထဲထွက်လည်ရန် ပြင်ဆင်အဝတ်လဲမိပါသည်။ ကျွန်ုပ်၏ လိပ်စာမှတ်တမ်း ဖုန်းနံပါတ် များပါ မှတ်ထားသော စာအုပ်ကိုဖွင့်လိုက်ပါတော့သည်။

ကျွန်ုပ်မှတ်တမ်းတွင် သူမတို့ထံမလေးရှားရောက် သည့်အခါဝင်ရန် မှဉ်းနီတားကာရေးမှတ်ထားသည်ကိုတွေ့ရတော့ ၏။ ထိုအခါမှ ကျွန်ုပ်သတိရမိ၏။ အချိန်အခါသင့်ပြီ။ သွားသင့်သည်။ ကျွန်ုပ်သွားရောက်တွေ့ဆုံလိုစိတ်ပြင်းပြမိပါတော့သည်။ သူမတို့၏ အစက်အခဲများကို ကူညီဖြေရှင်းနိုင်ပါကလည်း ဖြေရှင်းပေးချင် သည်။ ဝေးမြေရပ်ခြားရောက်နေကြသော ကိုယ့်တိုင်းကိုယ့်ပြည်က မြန်မာတိုင်းရင်းသားများ ဒုက္ခမရောက်စေချင်ပေ။

မောင်မောင်တို့ မြန်မာသင်္ဘောသားများကစည်းလုံး ညီညွတ်ကြပေသည်။ မည်သည့်နိုင်ငံရောက်ရောက် ကိုယ့်တိုင်းရင်း သားသွေးချင်းများ သင်္ဘောများပေါ်တွင် အမှုထမ်းနေသည်သိသည် နှင့်သွားရောက်တွေ့ဆုံကြသည်။ မြန်မာလူမျိုးမို့ မြန်မာစာ မြန်မာ တိုင်းဓလေ့စရိုက်ကို ချစ်မြတ်နိုးကြပေသည်။ သင်္ဘောချင်းဆုံတွေ့ သည့်အခါ ဝတ္ထုစာအုပ်မဂ္ဂဇင်း၊ ဂျာနယ်များ လဲလှယ်ကြ၏။ မြန်မာ

သီချင်းခွေ၊ ဗွီဒီယို မြန်မာဇာတ်ကားခွေများလည်း လဲလှယ်ကြ၏။

မြန်မာတို့၏။ နေ့ထူးနေ့မြတ်များအား သဘော်ပေါ် တွင် ကျင်း မြဲဖြစ်၏။ ထိုအချိန်ဆိုပါက ကိုယ့်တိုင်းကိုယ့်ပြည်ကို သတိရလွမ်းရမြဲဖြစ်၏။ စင်္ကာပူနိုင်ငံတွင် မြန်မာဘုန်ကြီးကျောင်းရှိ၏။ ယခင်က မြန်မာဘုန်းကြီးကျောင်းလေးမှာ နေရာလိုင်ခင်းမပြည့်စုံပေ။ မောင်မောင်တို့ မြန်မာဘုန်တော်ကြီးအား မြန်မာသဘော်သားများက အလှူငွေများထည့်ဝင်ကာ မတည်ခဲ့ကြသည်။

စင်္ကာပူရောက် မြန်မာသူဌေးကြီး ကျားဘမ်းပရုတ်ဆီ ဆွေမျိုးများက မြေကွက်ဝယ်လှူခဲ့၏။ ယခုအခါတွင် မြန်မာဘုန်းတော်ကြီးနှစ်ပါး သီတင်းသုံးနေနိုင်ပြီဖြစ်၏။ ကျောင်းဝင်းထဲတွင်ပင် စေတီတစ်ဆူပင် တည်ထားကိုးကွယ်ပူဇော်ထား၏။ မြန်မာတို့၏ နှစ်သစ်ကူးအခါသာမယ နေ့ထူးချိန်ခါမဟာသကြိန်ဆိုပါက မြန်မာသံရုံးအမှုထမ်းဝန်ထမ်းများက ဦးဆောင်ကာ ကျင်းပခဲ့၏။ ထိုအချိန်ဆိုပါက မြန်မာရိုးရာအစားအစာများ၊ စတုဒိသာကျွေးမွေးကြ၏။ ယဉ်ကျေးမှုကို ထိန်းသိမ်းသောအားဖြင့် သပြေခက်နှင့် အမွှေးနံ့သာရည်ဖြင့် ဖြန်းပက်ကြပါသည်။

မြန်မာပြည်က ရုပ်ရှင်ဂီတအဆိုတော်များပင် လာရောက်ဖျော်ဖြေတင်ဆက်ပါသည်။ ယခုအခါ မော်ဒန်သရုပ်ဆောင်များပင် မြန်မာတို့၏ ရိုးရာဝတ်စုံများဝတ်ဆင်ကာ ကမ္ဘာမှာ မြန်မာ



ဟု သိစေခဲ့တော့သည်။ ကိုယ့်မြန်မာလူမျိုးဆိုသည်ကိုတော့ မမေ့သင့်ပေ။ မမေ့ကြပါချေ။ တချို့ကတော့ အတွဲဆန်လွန်းကြ၏။မေ့ကြ၏။ မေ့ရန်ကြိုးစားကုန်၏။ ကိုယ့်မြန်မာလူမျိုးနှင့် ဆုံရင်သော်မှ မတူမတန်သလို တိုင်းတစ်ပါးကိုမှ အထင်ကြီးအားကိုးကြသူတွေ ရှိသေး၏။ သို့သော် နည်းပါ၏။ လူနည်းစုပင်တည်း။

ဝေးမြေရပ်ခြား နိုင်ငံကြီးများအား အထင်ကြီးစရာ မလိုပါချေ။ အားကိုဖို့မလိုပေ။ ကိုယ့်တိုင်းကိုယ့်မြန်မာတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်စွာ စည်းလုံးလက်တွဲကြဖို့အချိန်အခါတည်း။ ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအကြီးအကဲများ၏ လမ်းညွှန်ဦးဆောင်မှုဖြင့် ခေတ်မှီနိုင်ငံတော်ကြီးဖြစ်ပေါ်စေရန် တည်ဆောက်အကောင်အထည်ဖော်နေရှိန်တည်း။ အားလုံးဝိုင်းဝန်းပါဝင်ဖော်ဆောင်ကြဖို့ လိုအပ်လှပေတော့၏။

တကယ်တော့ ဝေးမြေရပ်ခြားသည် မြန်မာတို့အတွက် ပျော်ရွှင်ချမ်းမြေ့စရာနေရာ မဟုတ်ပေ။ ငွေကုန်ကြေးကျကုန်မှ ပျော်ရွှင်စရာအတုများသာ တွေ့ထိခံစားနိုင်ပါသည်။ ထိုသည်မှာလည်း ခဏတာသာဖြစ်၏။ ပိုးဖလံမီးကိုတိုးသလိုပါပေ ... ။ သောက်ရေတစ်ခွက်ပင် အလကားမရပါချေ။ ဝယ်သောက်ရ၏။ ငွေမရှိက မလွယ်ပေ အရာရာတိုင်းအား ငွေဖြင့်သာတိုင်းတာဆက်ဆံကြ၏။

❦

တချို့တစ်တွေက နိုင်ငံရပ်ခြား တိုင်းတစ်ပါ
များကို အထင်ကြီးကြ၏၊ လူလူချင်းပဲဖြစ်၏။ အထင်ကြီး
မလိုပေ။ သည်မြေမှာမွေး သည်မြေသြဇာအသီးအပွင့်စားသ
လူဖြစ်လာ ပြီးမှ ခြေစုံကန်သွားလို့တော့ မဖိုက်မဲသင့်ပေ။ နိုင်င
သွားရောက်နိုင်ပါက အလုပ်လုပ်ပါက ဂုဏ်ရှိသည်ထင်ကြ
ကယ်သူ့ဝေး၍ ဒုက္ခသုက္ခရောက်နိုင်သည်ကိုတော့ မစဉ်းစားကြ

ယခုလည်းသူမတို့က ရင်ဖွင့်ချင်သည်။ ပြောပြ
သည်။ ဝေးမြေရပ်ခြားကအတွေ့အကြုံခါးသည်းသော အဖြစ်အ
များစွာ မည်သို့ဆိုပါစေ၊ နိုင်ငံသား၏သားကောင်းသမီးပျိုလေး
အား လမ်းမှားမရောက်အောင် ဆင်ခြင်နိုင်အောင် ကိုယ်တွေ့အ
အပျက်များအား စာရေးသူရေးသားဖေါ်ပြချင်ပါသည်။ ရှောင်
သည်ကိုရှောင်နိုင်အောင် ဝေးမြေရပ်ခြားဆိုတာ သည်လိုပါက
သိကြရအောင် ရေးသားလျှက်ရှိပါသည်။

မောင်မောင်သူမတို့ထံသွားရောက်ရန် ပြင်ဆ
တော့သည်။ မသွားခင်သေချာစေရန် တယ်လီဖုန်းအရင်ဆက်သွ
ခေါ်ရ၏။ ခေါ်သည့်အခါသေချာတွေ့နိုင်ရန်အလုပ်အားချိန်ည
ကျမှ ဖုန်းဆက်ခဲ့သည်။ သူမတို့နှစ်ဦးထဲက တစ်ယောက်နှင့်စက
ပြောဖြစ်၏။ စာရေးသူကိုယ်တိုင်စကားပြောခွင့်ကြုံ၍ သူမအံ့သြ
သာသွားခဲ့သည်။



ငိုရှိုက်သံလေးဖြင့် လာဖြစ်အောင် ဝင်ဖြစ်အောင် လာခဲ့ပါဟု မှာပါသည်။ မနက်ဖြန်အရောက်လာခဲ့ပါမည်ဟု ပြောကာ ဖုန်းချလိုက်၏။ နောက်တစ်ယောက်ကိုမေးသော်လည်း သူမကမရှိဟုသာဖြေ၏။ သူမ၏အသံများ တုန်ယင်နေသည်။ စာရေးသူစိတ်ထဲထင့်သွား၏။ တယ်လီဖုန်းထဲပြောမကောင်း၍သာ စကားဖြတ်ပြီး လာဖြစ်အောင်လာနိုင်းသည်ထင်၏။ သူမထံဖုန်းဆက်သွယ်သည်ပင် စကားဖြောင့်အောင်မပြောရပါပေ။ အကြောင်းတစ်ခုခုတော့ ရှိနေပြီထင်မိပါတော့သည်။

သူမတို့ထံပို၍သွားချင်လာသည်။ ပိုသိချင်လာမိ၏။ ယခုချက်ချင်းပင်သွားချင်တော့သည်။ မနက်ဖြန်ချိန်းဆိုထားပြီးသော်လည်း သိချင်သည့်စိတ်တွေက သို့လောသို့လောအတွေးများစွာရှိတော့၏။ ည(၉)နာရီခန့်ပင်ရှိပြီဖြစ်၏။ အိပ်မပျော်သည်နှင့် အပြင်သို့ထွက်လာခဲ့မိ၏။ ဂျပန်နိုင်ငံသည် အီကွေတာရာသီဥတုရှိ၏။ ခြောက်သွေ့ပူပြင်းလွန်းလှ၏။ အပြင်ထွက်သည်နှင့် လေပူတွေက ဆီးကြိုကြတော့၏။ ပူအိုက်လှောင်လှလေသည်။ အချိန်အခါမဟုတ် မိုးရွာချင်လည်းရွာတတ်၏။ ညဘက်ဆို ခြင်ကာဇကာများအိမ်မှာမတတ်ထားပါက ခြင်များကိုက်၍ အိပ်မဖြစ်ရသည်။

လေအေးစက်တပ်ထားသော တိုက်ခန်းများတွင် နေထိုင်နိုင်ပါမှ သင့်တော်ပါတော့သည်။ ဂျပန်နိုင်ငံသည် ယခင်က

မလေးရှားစင်္ကာပူနိုင်ငံဟု ခေါ်သည်။ (၁၉၇၀) ခုနှစ်နောက်ပိုင်း လောက်တွင် မလေးရှာနိုင်ငံလက်အောက်မှ သီးခြားနိုင်ငံအဖြစ် ထွက်တည်ထောင်ခဲ့၏။ စင်္ကာပူသည် ကျွန်းနိုင်ငံလေးဖြစ်ပြီး ကမ္ဘာ ပေါ်တွင် မြို့လည်းမြို့ နိုင်ငံလည်းနိုင်ငံဖြစ်သောကျွန်းနိုင်ငံလေး တည်း။

အဓိကလုပ်ငန်းမှာ စင်္ကာပူနိုင်ငံပိုင် ရေနက်ပိုင်းတွင် ရှိ စင်္ကာပူရေလက်ကြားမှ သင်္ဘောကြီးငယ်များ ဖြတ်သန်းသွား ကောက်ယူခြင်းဖြစ်၏။ ရေပတ်လည်ဝိုင်းရံနေသည်မို့ သင်္ဘောဆိပ် ကမ်းမြို့လည်းဖြစ်၏။ သင်္ဘောအစင်း(၄၀၀)ကျော်တစ်ပြိုင်နက် ဆိုက်ကပ်ရပ်နားနိုင်အောင် ဆိပ်ကမ်းများ ပြုလုပ်ထားခဲ့၏။ အရှေ့ အနောက်ကူးလူးဖြတ်သန်းဆုံရာ နေရာဖြစ်၍ ကုန်ပစ္စည်းများ ဖလှယ်ရာမြို့လည်းဖြစ်၏။ ပင်လယ်ကူးနိုင်ငံတကာသွားသင်္ဘော ကြီးများသည် ဈေးနှုန်းသက်သာစွာဖြင့် စုတ်မောင်းစက်သုံးဆီ သောက်သုံးဆီများ၊ စားနပ်ရိက္ခာများ ဖြည့်တင်းဝယ်ယူရာ ဒေသ နိုင်ငံလည်းဖြစ်၏။

နိုင်ငံမြို့သစ် ကွက်သစ်ချဲ့ထွင်နေထိုင်ရန်အတွက် ပင်လယ်ပြင်ထဲသို့ ကြီးမားသော ကျောက်တုံးကြီးများအား တာတ မံတူးကာ ချခဲ့ရ၏။ ကျောက်တုံးကြီး ကျောက်တုံးငယ်များစွာ ပို့ကြရ၏။ ထို့နောက်မှ မြေကြီးများဝယ်ယူဖို့ကာ မြို့ကွက်သစ်တည်



ဆောက်ရသည်။ တိုးတက်များပြားလာသော လူဦးရေကြောင့်ပါ ပေ။

စိုက်ပျိုးနိုင်သော မြေကွက်မရှိပေ။ မလေးရှားနိုင်ငံမှ ပင်သောက်သုံးရေကအစ ဝယ်ယူတင်သွင်းသုံးစွဲနေရပေသည်။ သုံး ရေအချို့ ရှေ့တာသောအားဖြင့် ပင်လယ်ရေငန်အား ရေချိုချက်လုပ် သောစက်ရုံများ တည်ဆောက်အသုံးပြုကြ၏။ လူဦးရေထူထပ်များ ပြားတိုးတက်လာသောကြောင့် မိုးမျှော်တိုက်တာအဆောက်အဦး ကြီးများ တည်ဆောက်ကာ နေထိုင်လျှက်ရှိလာကြတော့၏။

စင်္ကာပူနိုင်ငံသည် နိုင်ငံပေါင်းဆုံရာမှ ပစ္စည်းများ ဝယ်ယူရနိုင်ပြီး ကမ္ဘာလှည့်ခရီးသည်များ နိုင်ငံတကာ သင်္ဘောသား များ ဝင်ထွက်ရာ ဆိပ်ကမ်းမြို့ကြီးလည်း ဖြစ်လေသည်။ စာရေးသူ တရုတ်တန်းဘက်(CHINA TOWN) သို့ လျှောက်လှမ်းလာခဲ့၏။ စင်္ကာပူနိုင်ငံ၏ ရုံးသုံးကျောင်းသုံးဘာသာစကား ၄ မျိုးထားရှိပေ သည်။ တရုတ်ဘာသာစကား (မင်ဒရင်း)၊ မလေးဘာသာစကား၊ အိန္ဒိယဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြစ်၏။ နိုင်ငံ ၏ လူမျိုးစုကြီးမှာလည်း တရုတ်၊ မလေး၊ အိန္ဒိယနှင့်စင်္ကာပူနိုင်ငံ သားတို့ ဖြစ်၏။

နိုင်ငံတကာပင်လယ်ကူးသင်္ဘောကြီးများ လမ်းဆုံ မြို့ကြီးဖြစ်သဖြင့် နီယွန်မီးရောင်စုံအောက်တွင် စင်္ကာပူ၏ ညအလှ

သည် ထယ်ဝါတင့်တယ်လှပနေတော့ပေသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍပွင့်လင်းစွာ ကုန်စည်ကူးသန်းခွင့်ပေးမှုဖြင့် စင်္ကာပူနိုင်ငံတွင် မြန်မာပြည်မှ လာရောက်ဖွင့်လှစ်ရောင်းချသော ပစ္စည်း စတိုးဆိုင်များ၊ စားသောက်ဆိုင်များ စိန့်ရွှေရတနာဆိုင်များပင် ရှိနေပြီဖြစ်၏။ မြန်မာမဂ္ဂဇင်းစာအုပ်များ ပါမက သီချင်းခွေ၊ တိတ်ခွေ၊ ဗီဒီယို၊ ဗီစီဒီအခွေများပင် ဝယ်ယူရနိုင်ပါသည်။

မြန်မာလူမျိုးဗို့ ကိုယ်မြန်မာများဖွင့်သောဆိုင်တွင် မြန်မာဟင်းထမင်း မြိန်ယှက်စွာ မှာယူစားသောက်မိပါတော့သည်။ မြန်မာတို့၏ မြန်မာဘိယာသည်လည်း ပူလောင်မှုများ ပပျောက်စေ၏။ ရင်ကိုအေးမြသွားပေတော့သတည်း။ လွမ်းတပါသည်။ ကိုယ့်တိုင်းကိုယ့်ပြည်၏ ပျော်ရွှင်စွာနေထိုင်ခဲ့သော နေ့ရက်များစွာကို တမ်းတမ်းတတ အမှတ်ရရမိရပါတော့သည်။ မည်သူမဆို မိမိတို့၏ မွေးရပ်မြေကိုတော့ မမေ့နိုင်စကောင်းပင်တည်း။

— ။။ —

သွားရောက်တွေ့ဆုံခြင်း။

မောင်မောင် နောက်တစ်နေ့နံနက်စောစော နယ်ခြားဂိတ်အဖွင့်အမှီ အဲဝေးပြေးကားဖြင့် ထွက်ခွာလာခဲ့၏။ ဂျိုဟို (JOHO) မြို့သို့ တံတားထိုးထား၏။ စင်္ကာပူမှ မလေးရှားနိုင်ငံသို့ အလုပ်သွား ရုံးတက်ကြသူတွေပင်ရှိ၏။ ကားသည် တံတားဖြတ်ပြီးသည်နှင့် ဂိတ်ဝတွင် ကားဂိတ်ဆုံးတော့သည် စင်္ကာပူနိုင်ငံဘက်တွင်တော့ ရှုခင်းလှန်း(WOOD LAND) အိမ်ရာများရှိ၏။

မလေးရှားဂိတ်မှ စစ်ဆေးပါသေး၏။ မှန်လေသည်။ မြို့ဝင်မြို့ထွက်တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းမှုအတွက် စစ်ဆေးရပေမည်။ အာစီယံနိုင်ငံများ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကြပါ၏။ ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နေခဲ့သည်။ ဂိတ်ဝစစ်ဆေးရေးအရာရှိက တုံးတမ်းစဉ်လာအရ မြန်မာဆိုပါက အလုပ်လာလုပ်သည်ဟု ထင်သည်။

သဘော်သားစာအုပ်ပါပြရင်း စက်ဘူနိုင်ငံသို့
မည့်ခဏ အလည်လာရောက်ခြင်းဖြစ်ကြောင်း ရှင်းပြရန်
မနေပင်မည့် နေထိုင်ခွင့်ဗီဇာအား ၂၉ ရက်ပေးပါသည်။ ကျွဲ
ရူးများတစ်ဆင့် သူမတို့နေထိုင်ရာ ကွာလာလမ်ပူ(K.L) မြို့တော်
ထပ်မံအဝေးပြေးကား စီးနင်လိုက်ပါရပြန်သည်။ ကားမှာ ၂
ကျော်သာ မောင်းနှင်ပြီးရောက်ရှိပေတော့၏။ သူမတို့ရှိရာ တိုက်
များသို့ အငှားကားစီးကာ လာခဲ့ရသည်။

အလုပ်ပိတ်ရက် တနင်္ဂနွေနေ့မို့ သူမတို့ စော
မည်မှန်း သေချာလှတော့၏။ တံခါးခေါက်လိုက်၏။ အိမ်ခန်းအ
သေချာကြည့်ရှုစစ်ဆေးပြီးခေါက်ရသည်။ ကိုယ့်ကြောင့် သူတ
အနားယူအပန်းဖြေချိန်အား အနှောင့်အယှက်ပြုက မကြိုက်
တံခါးပွင့်သွားခဲ့၏။ တံခါးဟတတ ကိုယ်လုံးနှင့်ကွယ်ကာ မိန်း
တစ်ဦးတွေ့လိုက်ရ၏။ သူမ ထမိန်ဝတ်ထားပေသည်။

ထဘီဝတ်ဆင်ထားတိုင်း မြန်မာအမျိုးသမီးတ
ဟု မှတ်ယူ၍မရနိုင် မလေးရှား၊ အင်ဒိုနီးရှားနှင့်ထိုင်းအမျိုးသမီး
လည်း ဝတ်ဆင်တတ်ကြ၏။ မလေးနှင့်အင်ဒိုနီးရှားတို့ ဝတ်ဆ
ခြင်းတူ၏။ အင်ဒိုနီးရှားထမိန်အား အထက်ဆင်မပါ ကွင်းမျ
ရင်မှစ၍ တစ်ကိုယ်လုံးပတ်ကာ ဝတ်ဆင်တတ်ကြလေ့ရှိ၏။ အ
ကမြန်မာမင်းသမီးများလို ရှင်ဒိုင်းအင်္ကျီအပေါ်ဝတ်ဆင်ပေသ



ထိုသည်မှာ ရိုးရာဓလေ့ဝင်တည်း။

ယောကျ်ားလေးများလည်း ပုဆိုးဝတ်ကြပါသည်။ သူတို့ပုဆိုးဝတ်ဆင်သည်မှာ မြန်မာရဟန်းသံဃာများ သင်ပိုင်းအား အခေါက်ခေါက်ကာ လိပ်ပြီး ဝတ်သလိုဖြစ်၏။ အပေါ်အင်္ကျီဖုံးကာ ဝတ်ဆင်ပါသည်။ ယခုတံခါးဝက အမျိုးသမီးသည်ကား အထက်စင်ပါသောထမိန်ဝတ်ဆင်ထားသဖြင့် မြန်မာအမျိုးသမီးမှန်း သေချာလှတော့၏။

စာရေးသူက မြန်မာလိုပင် သူမနာမည်တပ်မေးလိုက်၏။ (အမည်နာမများ မဖော်ပြတော့ပါ) သူမက ကျွန်ုပ်အားမြင်တွေ့လိုက်ရသည့်အခါအားတက်သလို အမှုအရာတွေ့ရသော်လည်း ခဏပါပေ။ မျက်နှာလေးက ပြန်ညှိုးရော်သွားတော့၏။ အထဲဝင်ရန်ဖိတ်ခေါ်ခဲ့၏။ အခန်းကျဉ်းလေးဖြစ်၏။ မြန်မာအမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးကိုယ်ပါတွေ့ရ၏။ ကျွန်ုပ်ထံစာရေးသားဖိတ်ခေါ်ခဲ့သော သူမအား မေးမိ၏။

ထိုအခါမှ သူမ၏မျက်ဝန်းမှ မျက်ရည်စက်များ စီးကျကာလာတော့၏။ စကားပင်ပြန်မပြောနိုင်ပဲ အခန်းထဲဝင်သွားပါတော့သည်။

—။။၀၀။၀။။—

တအောင့်မျှကြာ၏။ ကျွန်ုပ်မှာမေးမိကာမှ အ

အနေပြောင်းလဲမှုအပေါ် နားမလည်နိုင်တော့ချေ။ သူမအခန်းထဲ

ပြန်ထွက်လာသောအခါ လက်ထဲတွင် စာအုပ်တစ်အုပ်ပါခဲ့

ကျွန်ုပ်အားပေးကာ သူမသည် အလုပ်ရုံမတော်တဆပေါက်ကွဲ

လောင်မှုကြောင့် သေဆုံးသွားခဲ့ပြီ ဖြစ်၏။ သူမတို့အလုပ်ရုံ

လက်သည်းဆိုးဆေး အလုပ်ရုံဖြစ်၏။ ဓာတုဗေဒပစ္စည်းများဖြ

လုပ်ရပေသည်။

ကျန်ရစ်သောသူမ ငိုကြွေးခြင်းမှာ အကြောင်းရှိ

သည်။ သူမ၏ အသက်ကိုသေဆုံးသူ အေးမ (နာမည်လွဲပြောင်း

သားသည်) က သူမအသက်နှင့်လဲ၍ ကယ်တင်လိုက်ခြင်းကြေ

တည်း။ အခန်းထဲတွင်ပိတ်မိနေခဲ့၏။ အေးမက သူမတစ်ကိုယ်

မီးအလောင်အဟပ်ခံကာ သူမအတွက် လွတ်ကင်းရာသို့ ရှေ့မှ



ကွယ်ပို့ပေးခဲ့ပါသည်။

သူမသည် ကလေးတစ်ယောက်မိခင်ဖြစ်နေသဖြင့် အေးမက ကယ်တင်ခဲ့ခြင်းပါပေ။ သူမအသက်သေဆုံးပါက သမီးဖြစ်သူ၏ဘဝမှာ တွေးဝံ့စရာမရှိတော့ချေ။ နိုင်ငံရပ်ခြားမှာ ဒုက္ခရောက်သွားမည်မှာ သေချာလှတော့၏။ အေးမသူမအသက်အာ သမီးဘဝအတွက်ငဲ့ကွက်ကာ ကယ်တင်လိုက်ခြင်းပါပေ။ ကံကြမ္မာက ဆိုးဝါးလွန်းလှ၏။ အေးမအပေါ်အမိုးထုတ်တန်းကြီးက ပြိုကျကာထိခိုက်ခြင်းကြောင့် သေဆုံးခဲ့ရှာ၏။

စာရေးသူက အသက်သေဆုံးရမှုအတွက် ကိုယ့်မြန်မာအမျိုးသမီးတစ်ဦးအတွက် နစ်နာလှသဖြင့် ကူညီကာ အလုပ်ရုံပိုင်ရှင်နှင့်တွေ့ဆုံပြီး ညှိနှိုင်းတောင်းဆိုခဲ့ပါသည်။ မြန်မာသံရုံးအမှုထမ်းများကလည်း ပါဝင်ကာ လိုအပ်သည့်ကိစ္စအဝဝအား ကူညီပေးခဲ့သည်။ ပံ့ပိုးကူညီမှုကြောင့် အေးမ၏ မိဘများထံ ခံစားရပိုင်ခွင့်များ ပေးနိုင်ခဲ့၏။

အေးမ၏ ရုပ်အလောင်းအား အဝေးရောက် မလေးရှားရှိ မြန်မာသံရုံးဝန်ထမ်းအချို့နှင့် လုပ်ဖော်ကိုင်ဖက် မြန်မာအချို့လိုက် ဆောင်ခဲ့၏။ စာရေးသူမှာကြားလိုပါသည်။ မြန်မာသံရုံးသို့ မိမိတို့ ၏အခက်အခဲအပြစ်တို့ကို ဝန်ခံကာ အကူအညီတောင်းစေလိုပါ သည်။ မိမိတို့ဘဝများကို တိုင်းတစ်ပါးမှာ အပျက်အဆီးအနာ..အရှုံး

မခံကြစေလိုပေ။ မိမိတို့ကျူးလွန်သည့် ပြစ်ဒဏ်တော့ ခံယူရမည်ဖြစ်၏။ လအပိုင်းခြားသာဖြစ်၍ ဘဝတစ်ခုလုံး မဆုံးရှုံးနိုင် မျှသာ အစဉ် ပြင်ခကာသာဖြစ်၏။ အသက်မသေသရွေ့ ပိုင်ဆိုင်ခွင့်ရသော ဘဝအား လက်လွှတ်မခံစေချင်။

မသိမလိမ္မာခဲ့ကြသဖြင့် ရွှေသမင်အလိုက်များ ဖြစ်ခဲ့ သည်။ နိုင်ငံတော်က သားဆိုးသမီးဆိုးများအား ချွေးထွေးစွာ ဆိုလျှက်ရှိပါသည်။ လူ့ဘဝသည် ရခဲလှ၏။ မြန်မာနိုင်ငံအတွက် နိုင်ငံ့ တကာအဆင့်မှီ နိုင်ငံတော်ကြီးတည်ဆောက်နေချိန်တွင် နိုင်ငံ့ ခြားအတွေ့အကြုံ ပညာရပ်များက အထောက်အကူပြုပါသည်။ ကိုယ့်တိုင်းကိုယ့်ပြည်ကို ချစ်မြတ်နိုးသည့်စိတ်ထား ရှိကြစေလို သည်။

—ဃ၊၊ဃ၊ —

**သူမ၏ဘဝအကြောင်း**

သူမသည် မြန်မာပြည်တွင် မြန်မာအမျိုးသားတစ်ဦးနှင့် မိဘများပေးစားလက်ဆက်သဖြင့် ယူခဲ့ရသည်။ အသွင်မတူ အိမ်သူမဖြစ်ဆိုခြင်းသည် မှန်လှ၏။ သူမလက်ထပ်ခဲ့သော လင်ယောကျ်ားအပေါ် မယားဝတ္တရားကျေပွန်ခဲ့၏။ သို့သော် အချစ်မပါ၍ အဆင်မပြေဖြစ်ရ၏။ သူမ၏ မိဘများအလိုကျနှင့် လင်ယောကျ်ားကြားတွင် များများရတက်မွေ့ရပါတော့သည်။

အိမ်ထောင်ရေးအဆင်မပြေဖြစ်ရ၏။ သမီးလေးတစ်ယောက်ရပြီးသောအခါ အိမ်ထောင်ပြိုကွဲသွားတော့သည်။ သူမ၏ သမီးလေးနောင်ရေးရှိ၏။ သူမတာဝန်ဖြစ်နေပါတော့၏။ လင်ယောကျ်ားဆိုသူက ဘာမျှအထောက်အပံ့မပေးနိုင်။ သူ၏ဘဝကို အရက်ကျွန်အဖြစ်အဆုံးသတ်သွား၏။ လူကုန်ကူးသူတို့၏မြူဆွယ်

ဖြားယောင်းသွေးဆောင်မှုကြောင့် သမီးကိုမိဘများလက်ထဲ အ
ကာ မလေးရှားနိုင်ငံသို့ ရှိုးကျော့ခေါ် ကုန်းပေါ်အလုပ်လုပ်ရန် ထွက်
ခွာလာခဲ့၏။

တကယ်တမ်းတော့ အလုပ်မရပါချေ။ ခန့်စာအ
ကြီးဖြစ်နေပါတော့သည်။ ဝေးမြေရပ်ခြားတိုင်းတစ်ပါးတွင် ကျည
သူတဝေးခဲ့ရသည်။ ဒုက္ခများခါးစည်းခံရတော့၏။ တည်းခိုရာ
တွင် နေထိုင်စားသောက်ခမပေးနိုင်၍ အိမ်စေကူဖော်အဖြ
ရပ်တည်နေထိုင်ခဲ့ရ၏။ ထိုနေ့ရက်များကား သူမ၏မျက်ရည်
ကျသောရက်များစွာပင်တည်း။

သမီးလေးဘဝအတွက် ရှေ့ရေးမှို့ သူမဒုက္ခများ
ဆိုင်ခံခဲ့ပါသည်။ အိမ်ပြန်ပါက ထွက်ခွာလာသော ချေးငွေမျ
ပေးဆပ်ရမည်မို့ မပြန်ရဲပါချေ။ ပြန်ချင်သည်။ ပြန်၍မဖြစ်သည့်ဘ
မို့ မျက်ရည်သာအဖော်ပြုခဲ့ရ၏။

နှုရာဝဲစွဲပြန်သည်။ ဝေးမြေရပ်ခြားတွင် ဒုက္ခရော
နေသူ မြန်မာအမျိုးသမီးတစ်ဦးအား ကူညီဖို့စိတ်ကူးမဘဲ လူက
သည်အပေါင်းအပါနောက်လိုက်က အလုပ်ရှာပေးမည်ဆိုကာ ပေါ
သင်းဆက်ဆံခြင်းခံရပြန်သည်။ သူမအဖို့ ပေါက်သည့်နဖူးမထူးတေ
ချေ။ ပြသမျှနရင်လုပ်သမျှခံရ၏။ ယောယုဝငရဲသို့ အရှင်လတ်လ
ကျရောက်နေသလို ဖြစ်နေတော့သည်။



အိမ်ပြန်လို့လည်းမဖြစ်ပေ။ သမီးလေး၏ ဘဝရှိသေး
၏။ စားရမဲ့သောက်ရမဲ့ဘဝ သမီးလေးရောက်မှာကို စိုးရိမ်မိ၏။
ပူပန်ရ၏။ ချစ်သမီးငယ်၏ အပြစ်ကင်းစင်သည့် မျက်နှာလေးကို
မြင်ယောင်ကာ အားတင်းဖြေသိမ့်နေရပါသည်။ ကံကြမ္မာကသည်
အတိုင်းမံနေပေ။ သူမဘုရားရှင်တော်အား ဆုတောင်းနေမိ၏။
လူသုံးကုန်လက်သဲနီဆိုးဆေးစထုတ်လုပ်သော စက်ရုံတွင်အလုပ်ရခဲ့
၏။ လူတို့သည် မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသည်ဆိုသည်။

သူမသည်လည်း သမီးလေး၏ ချစ်မျက်နှာသည်သာ
သူ၏ဘဝဟု သတ်မှတ်ထားပါသည်။ အလုပ်ကြီးကြပ်သောသူမှာ
မလေးရှားလူမျိုးဖြစ်၏။ သူမအပေါ်သနားကြင်နာစွာ ဆက်ဆံသူ
ပေ။ သူမအား လက်ထပ်ပေါင်းသင်းလိုသည်ဟုခွင့်တောင်းခဲ့၏။
သူမ၏မကောင်းခဲ့ဘဝအကြောင်းသမီးလေးတစ်ယောက်ရှိကြောင်း
သူမ မလိမ်မဝှက် ရှင်းပြသော်လည်းလက်ထပ်ပေါင်းသင်းနိုင်သည်
ခွင့်လွှတ်နိုင်သည်ဟု ဆို၏။

ကျွန်မ၏မထူးတော့ အခြေအနေမို့ သမီးလေးရှေ့
ရေးအတွက်လက်ခံလိုက်မိပါတော့သည်။ တစ်ကမ္ဘာလုံးရှိ လူသား
အားလုံးချစ်ခင်ငြိမ်းချမ်းစွာ လက်တွဲပါက မည်မျှကောင်းပါမည်
နည်း။ လူသားအချင်းချင်း စာနာသနားကြစေချင်တော့သည်။
ကျွန်မလိုအဖြစ်ဆိုးမတွေ့စေရန် ဆုတောင်းမေတ္တာပို့သမိပါသည်။

ထိုသည်မှာ သူမ၏ ခံစားနေရသော ဘဝအကြောင်းတည်း။

အေးမင်းဘဝအကြောင်းကားရိုးသည် ရှင်း၏။ သူမသည် လူကုန်ကူးသူတို့ဖြားယောင်းသွေးဆောင်မက်လုံးပေးသဖြင့် နားယောင်ကာ နိုင်ငံရပ်ခြားသို့ အလုပ်ထွက်လုပ်ရန် ရောက်ခဲ့၏။ သူမတို့တည်းခိုရာအခန်းသို့ အေးမ ရောက်လာခဲ့သဖြင့် ကံကောင်းသွားခဲ့၏။ သူမလိုမဖြစ်ရန် အေးမအား ညီမရင်းသဖွယ်စောင့်ရှောက်ခဲ့၏။ အေးမအလုပ်ရှိအောင်ပင် သူမအားတစ်ဘက်လှည့်ချစ်ကြိုက်နေသူ မလေးရှားလူမျိုး အလုပ်ကြပ်အား ချော့မော့ကာ ခန့်နိုင်ခဲ့ရပါသည်။

အေးမသည် မိခင်မုဆိုးမအိုအား လုပ်ကိုင်ရှာဖွေကျွေးမွေး ကျေးဇူးဆပ်နေသူပင်တည်း။ သူတော်ကောင်းမလေးကို မှသေမင်းက အရင်ခေါ်ရက်၏။ ဝေးမြေရပ်ခြားတိုင်းတစ်ပါးတွင် သေဆုံးခဲ့သော်လည်း အမျိုးသားရေးစိတ်ဓာတ်ပြည့်စွာ မြန်မာသံရုံးမှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ စာရေးသူတို့ သင်္ဘောသားများသည်လည်း ဘယ်နိုင်ငံရောက်ရောက် ကိုယ့်မြန်မာသင်္ဘောသားများနှင့် ဆုံတွေ့ဖြစ်အောင် လိုက်လံရှာဖွေကာ အရောက်ဆုံတွေ့မြဲပါပေ။

မျိုးချစ်စိတ်သည် ရေမြေခြားသော်လည်း စီးဆင်းနေဆဲရှင်သန်ထက်မြက်နေဆဲတည်း။

ဝေးမြေရပ်ခြားသို့ မသိနားမလည်စွာ ထွက်ခွာ



အလုပ်လုပ်နေသူတွေရှိဆဲ ရှိမြဲပါပေ။ တချို့လူကုန်သည်များက မြန်မာပြည်မှ အထွက်ရလွယ်ကူစေရန် အကြောင်းပြပြီး နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားဖြင့် ပေါင်းသင်းလက်ထပ်စေခဲ့၏။ နှမသားချင်းကိုယ်ချင်းမစာနာဘဲ အတ္တဆန်စွာ ပြုမူရက်ကြ၏။ ထိုသို့ လက်ထပ်စေပြီး မိခိုနိုင်ငံကူးလက်မှတ် လျှောက်စေခဲ့၏။

ဟင်းရွက်ကစွန်းလိုအဖြစ်မျိုး ကြုံရတော့သည်။ နိုင်ငံရပ်ခြားတွင် လူနေမှုစရိတ်ကြီးမြင့်ပါသည်။ လူပိုလူလျှံအလုပ်မရှိပါက ရပ်တည်နေထိုင်ရန် မလွယ်လှချေ။ သူတို့လူမျိုးအချင်းချင်းပင်လျှင် လက်ထပ်စရိတ်ကြီးမြင့်သဖြင့် လက်ထပ်မပေါင်းသင်းနိုင်ဘဲ လစ်ဗင်းတူဂဲသားတွေများ၏။ မြန်မာအမျိုးသမီးလေးများအား သူတို့လက်ထပ်ခဲ့ခြင်းအတွက် အရှုံးမရှိပေ။ ငွေကြေးပါမက လူပါရသေး၏။ သူတို့နိုင်ငံရောက်တော့လည်း အလုပ်သွင်းပေးကာနိုင်းစေလိုက်သေး၏။

နိုင်ငံရပ်ခြားတိုင်းတစ်ပါးကို အထင်မကြီးသင့်ပါချေ။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်မြတ်နိုးစိတ် အမျိုးသားစိတ်ဓာတ်ရှင်သန်ထက်မြက်ဖို့ လိုအပ်လှ၏။ နိုင်ငံသားကောင်းသမီးပျိုလေးများအား ဒုက္ခတွင်းထဲဖွတ်သွင်းနေသော လူကုန်ကူးသူများပပျောက်စေချင်သည်။ လူကုန်ကူးမှုပပျောက်စေရေးသည်။ အမျိုးသားလုံး၏ တာဝန်ပေတည်။ ဝေးမြေရပ်ခြားမှ ငိုရှိုက်သံများသည်

ပျံလွှင့်နေဆဲပါတကား။ အေးမတာစ်ယောက် ကောင်းရာသုဂတိဘုံ ရောက်ပါစေဟု ဆုတောင်းဆန္ဒပြုလျှက်။

မောင်မောင် (မြန်မာပြည်)

—⁂—



တက္ကသိုလ်လွှမ်းမြင့်ဝေ

ကတိတ်ခိမ်းလူသတ်သမား

## အမှတ်(၄)
## အတိတ်စိမ်းလူသတ်သမား

အလုပ်စားပွဲဆီသို့ အကြည့်ရောက်သွားသည်။ မျက်နှာက်ဝန်းအစုံသည် စာပွဲပေါ်မှ မနည်းမနောသော စာအိတ်တွေနှင့် ဓိတ်ဖွဲ့မိသွားသည်။

'ဟူး' ကနဲလေပူတစ်လုံးကိုမှုတ်ထုတ် လိုက်မိလေ၏။

ကြာတော့လည်း ဒီအလုပ်ကိုငြီးငွေ့မိသလိုရှိလာသည်။ ကြည့်လေ ... စာအိတ်တွေက တပုံတပင် အရွယ်အစားကအစုံစုံ သည်စာတွေကို ကုန်စင်အောင်ဖတ်ဖို့က သူ့အလုပ်မဟုတ်လား။

ဝါသနာဆိုတော့လည်းအစက်သား။

တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့ပြီး သည်အလုပ်ကို ခုံခုံမင်မင် ဝင်ရောက်လုပ်ကိုင်နေခဲ့သည်။ မဟာဝိဇ္ဇာကိုပင်ဆက်မတက်ပါလေခဲ့။

စားပွဲနောက်က ကုလားထိုင်မှာ ဝင်ထိုင်သည်။ စာအိတ်တွေကို တစ်စောင်ပြီးတစ်စောင် ကောက်ကြည့်လိုက် သည်။ စာအိတ်ရှည်အားလုံးလိုလိုသည် 'အယ်ဒီတာ' ထံလိပ်မူထားသော စာတွေပဲဖြစ်သည်။ လက်ရေးစာမူတွေပဲဖြစ်သည်။ စာအိတ်ငယ်များကမူ 'ဖြန့်ချိရေးမှူး' ထံလိပ်မူထားကြသည်။ ဒါတွေကနယ်ကိုယ်စားလှယ်တွေ၏ စာအုပ်အမှာစာတွေရယ်လေ။

သို့နှယ်ဖြင့် စာအစောင်နှစ်ဆယ်ကျော်လောက်ကို အမျိုး အစားခွဲခြားမိသွားပြီဖြစ်သည်။ သည်မှာပင် ဆင်စွယ်ရောင်စာအိတ်ငယ်တစ်လုံးကို သတိပြုလိုက်မိသည်။ စင်စစ် အန္တရာယ်၏ နိဒါန်းပဲ ဖြစ်သည်။ ချောက်ချားတုန်လှုပ်ဖွယ်ရာဖြစ်ရပ်တွေ၏ အစပဲ ဖြစ်သည်။

လိပ်တပ်ထားသည်ကိုက သာမန်တပ်ရိုးတပ်စဉ်မျိုး မဟုတ်ပါလေခဲ့။

ကြည့် ...

"ဒေါ်ခင်မေဦး ... ,

တာဝန်ခံ အယ်ဒီတာ ... ,



ဖူးငုံမဂ္ဂဇင်းလေးကဏ္ဍ ... ,

'ပန်းမဂ္ဂ' မဂ္ဂဇင်း ... ,

(.........)၊ လမ်း ၃၀ ... ,

ရန်ကုန်မြို့ ... ။

သူမထံ တိုက်ရိုက်ပေးပို့သော ပုဂ္ဂိုလ်ရေးစာပဲ ဖြစ်သည်။ သို့တစေ ... ခင်မေဦး ဝမ်းမြောက် ... ,ဝမ်းသာမဖြစ်မိပါ။ တကယ်ဆို သူမ၏အမည်ရင်းကိုသိသူနည်းလှသည်။ အများအားဖြင့် ကလောင်အမည် 'နွယ်နီ' ကိုသာသိစေသည်။ သူ့အမည်ရင်းကို သိုသိုသိပ်သိပ် ထားတတ်သည်က သူ့အကျင့်။

ရှိစေတော့ ...

ခင်မေဦးသည် စာအိတ်ကို ဖောက်လိုက်သည်။ တစ်ရွက်တည်းသော စာရွက်ခေါက်ကလေးကို ဆွဲထုတ်၊ဖြန့်ဖတ်လိုက်သည်။

သည်မှာပင် ...

ထူးခြားချက်တစ်ခုကိုသတိပြုလိုက်မိ ခြင်းဖြစ်သည်။ ထိပ်စည်းခေါင်းစဉ်၏ ထူးခြားမှုပဲဖြစ်သည်။

*"ချစ်စွာသော ... မနှင်းမြူ ... တဲ့ ... ။*

*ကျူပ်ပေးလိုက်တဲ့ လက်ဆောင်ကို ကျေနပ်, သဘောကျ*

*လိမ့်မယ်လို့ ထင်ပါတယ် … ကျူပ်ရည်ရွယ်ချက်က မှောင်*
*မြူစိတ်အနှောင့်အယှက် ဖြစ်ရုံသက်သက်ပါ … ဒါပေမယ့်*
*ရည်ရွယ်တာထက်ပိုဝေးရောက်သွားရင်လည်း အဆင်ပြေ*
*တာပေါ့လေ … ဒီလိုမှ မဟုတ်လာရင်လည်း နောက်တစ် ကြိမ်*
*နောက်တစ်ကျော့ပေါ့ …*

*သစ္စာတည်လျက် …*

*ကျော်မှု*

ခင်မေဦး၏ မျက်လုံးအစုံသည် စားပွဲပေါ်မှ ပါဆယ်ထုပ်များဆီ ရောက်သွားသည်။ စာအိတ်ပေါ်မှ တပ်ထားသည့် လိပ်စာနှင့် လက်ရေးပါသော စာအထုပ်ကို ရှာကြည့်လိုက်သည်။

အလွယ်တကူတွေ့ရပါသည်။ အထုပ်သည် တစ်ပေ ပတ်လည်ခန့်ရှိပါလိမ့်မည်။ အထုပ်၏မျက်နှာလေးဘက်တွင် 'ဖန်ထည်ပစ္စည်း' 'ကွဲတတ်သည်' ဆိုသော စာတမ်းများကို တွေ့ရသည်။

သည်စဉ်မိုက် … သူမအနီးသို့ လူတစ်ယောက်ရောက်လာသည်။ မော့ကြည့်လိုက်သည်။ 'ပန်းချီဆရာ ဝေဖြိုးမောင်' ပဲဖြစ်သည်။ သူ့လက်ထဲမှာ ဆေးစပ်တုတ်ပြားတွေကို စီထပ်ပြီး ကိုင်ထားသည်။



ဝေဖြိုးမောင်သည်အထုပ်ကိုကြည့်ပြီးလေချွန်လိုက်သည်။

"အတော်အဖိုးတန်တဲ့ ပစ္စည်းဖြစ်လိမ့်မယ် မေဦး … "

"မေဦးတော့ သိပ်မထင်ပါဘူး … "

ခင်မေဦးက ခြောက်ကပ်ကပ်အသံဖြင့် ပြောလိုက်သည်။ အထုပ်ကို မ,ယူပြီး စားပွဲအလယ်တွင်ချထားလိုက်သည်။ ဘေးမှစာအိတ်တွေကို တစ်နေရာတွင်စုပုံထားလိုက်သည်။ ထင်းရှူးသားသေတ္တာတစ်လုံးကို ဘီလပ်မြေစက္ကူများဖြင့် အထပ်ထပ်ပတ်ထားခြင်းပဲဖြစ်သည်။ စက္ကူစတွေကို တစ်လွှာချင်းခွာချလိုက်သည်။ လေးထောင့်စပ်စပ် သေတ္တာတစ်လုံး ပေါ်လာသည်။

ခင်မေဦး၏ ဖြူသွယ်သော ညာလက်ချောင်းတွေက သေတ္တာအဖုံးကို ဖွင့်လိုက်သည်။

တွေ့လိုက်သည်က …

မယုံနိုင်စရာကောင်းလွန်းလှပါသည်။ ထိတ်လန့်ဖွယ်ရာကောင်းလွန်းလှပါသည်။

'ရှူး' ခနဲ နှာမှုတ်သံကြီးထွက်လာသည်။ အသံနှင့်အတူ ခေါင်းတစ်လုံးက ဆတ်ခနဲ ထောင်မတ်လာသည်။

'မြွေဟောက်တစ်ကောင်ပါးပျဉ်းထောင်ထလာခြင်း' ပင်ဖြစ်ပါလေ၏။

"အမယ်လေး … "

အော်သံနှင့်တစ်ဆက်တည်း ခင်မေဦးသည် နောက် သို့ စုန်ဆုတ်လိုက်မိသည်။ လူသည် ယိုင်လဲ၊ ပြိုဆင်းသွားမည်သည် သည်။ နှလုံးသွေးလည်ပတ်မှုသည် ရပ်တန့်သွားမည်သာ — ဖြစ် သည်။

ကြောက်လွန်းသဖြင့် မျက်လုံးတွေသည် မြွေ ဟောက်၏ ယိမ်းထိုးနေသော ပါးပျဉ်းဆီမှ မခွာနိုင်ပဲ ရှိသည်။ ပြူတစ်၊ပြူတစ်လုပ်နေသော လျှာနှစ်ခွက အသည်းယားစရာ ကောင်းလှသည်။ ရှည်လျား၊ချွန်မြသော အစွယ်ဖွေးဖွေးတွေက သွေးပျက်၊ချောက်ချားဖို့ ကောင်းလွန်းလှသည်။နှလုံးသွေးပျက် ချောက်ချားဖို့ကောင်းလွန်းလှသည်။နဂိုကမှ တွားသွားသတ္တဝါ တွေကို ကြောက်တတ်လွန်းသော ခင်မေဦး၏ချောက်ချားမှုသည် ဆိုဖွယ်ရာမရှိပါလေတော့။

ဝေဖြိုးမောင်က လျှင်လှချေသည်ပဲ။ လက်ထဲမှဆေး စပ်ဘုတ်ပြားအထပ်လိုက်ဖြင့် မြွေဟောက်၏ ဦးခေါင်းကို ရိုက်ချပစ် လိုက်သည်။ 'ဖုန်း' ခနဲ၊ 'ဒိုင်း' ခနဲ အသံတွေအောက်မှာ မြွေ၏ ဦးခေါင်းသည် ပြားချပ်၊ ကြေမွသွားသည်။ တွန့်လိမ်နေသေးသော မြွေဟောက်ကို ဝေဖြိုးမောင်က ကောက်ယူလိုက်သည်။

အသွင်သဏ္ဍာန်အရ ကြောက်မက်ဖွယ်ကောင်းနေ ပြား ...



အနီမြွေဟောက်တွင် လူ့အသက်ကို အန္တရာယ်ပေး နိုင်စွမ်းသော 'အဆိပ်' ဟူ၍ တစ်စိုးတစ်စိမှ မပါရှိပါလေခဲ့။ အစွယ် ဖွေးဖွေးတွေ၏ နောက်ဘက်ရှိ အဆိပ်အိတ်ထဲမှ သေမင်းတမန် အဆိပ်တွေကို အကုန်အစင် ညှစ်ထုတ်ထားခဲ့ပြီး ဖြစ်သည်။

— ॥॥॥ —

[ ၂ ]

'ဒီဝက ဆေးတိုက်' သည် အနော်ရထာလမ်းမကြီ ပေါ်မှာရှိသည်။ ခင်မေဦး၏အိမ်အပြန်လမ်းနှင့်လည်း ကြုံသည် မကြာခဏဆိုသလို သည်ဆိုင်သို့ ခင်မေဦး ရောက်လာလေ့ရှိပါ တ၏စတိုးဆိုင်ကလေးပါ တွဲဖွင့်ထားသည်မို့ သွားတိုက်ဆေးဘူ ဆပ်ပြာ၊ ပေါင်ဒါဘူးလေးက စ ဝင်ဝယ်တတ်၏။ အထူးသဖြ သည်ဆိုင်မှ မြန်မာသမားတော် ကြီးကိုယ်တိုင် ဖော်စပ်ရောင်း သော မျက်စဉ်းသည် သူမနှင့်အကျိုး ပေးလေသည်ပဲထင့်။ နေ့ နာရီပေါင်းများစွာ စာဖတ်ရခြင်းက အသက်အစိတ်ကျော်ရုံသာ သေးသော သူမမျက်ကြည်လွှာကို ဒုက္ခပေးတတ်လာပြီ ဖြစ်သည်

ယခုလည်း မျက်စဉ်းဝယ်ရန် ဆိုင်ထဲသို့ဝင်လ သည်။



တက်ထရက်ရှုန်တိုက်ပုံအဖြူ၊ မီးခိုးရောင်ရှဲဦးစင်း ၁တစ်ကော်လာ လက်ရှည်နှင့် ရနိုင်လုံချည် ရွှေဖလားရောင်ကို ချပ်ချပ်ယပ်ယပ်ဝတ်ထားသော လူငယ်တစ်ယောက်သည် အရောင်းကောင်တာနောက်မှာရှိနေသည်။

ဝတ်စားဆင်ယင်ပုံနှင့် လိုက်ဖက်သော ရုပ်ရည်ရှိသူပဲ။ အသက်သည် နှစ်ဆယ်ကိုသီသီစွန်းစ, ပဲရှိဦးမည်။ ဖြူသွယ်ပြီး အနည်းငယ်နွဲ့သယောင်ရှိသည်။ မိန်းမသားများ ကျလောက်သော ရုပ်ရည်နှင့်ခန္ဓာခြပ်သည်ကို ပိုင်ဆိုင်ထားပါ၏။

ဤလူငယ် ဤဆိုင်သို့ရောက်လာသည်မှာ မကြာသေး။ တစ်လကျော်ခန့်ပဲရှိပါလိမ့်ဦးမည်။ ခင်မေဦးနှင့်မူ မျက်ဝန်းတန်းမိနေခဲ့ပြီ။

"မျက်စဉ်းက ကုန်နေသေးတယ် ... အစ်မ ... နက်ဖြန်ညလောက်ဆိုရင်တော့ ရမှာပါ ... "

"အေးကွယ် ... ဒါဆိုလည်း မနက်ဖြန်ညနေတစ်ခေါက် အစ်မ ထပ်လာခဲ့ပါ့မယ် ... "

"ကျေးဇူးတင်ပါတယ် ... အစ်မ ... တခြားဘာများ အလိုရှိပါသေးသလဲ ... "

"ဒါပါပဲကွယ် ... "

ပြောပြီး ကောင်တာရှေ့မှာ ခေတ္တရပ်နားမိသေး

သည်။ ခင်မေဦးသည် မိန်းမသားတစ်ယောက်ပဲ ဖြစ်သည်။ မိန်း
တွေကျလောက်သော ရုပ်ရည်ရှိသူ ဤသူငယ်လေးအား သူ
ဓောကျမိသလိုရှိသည်။ သူ့အပြောအဆိုကလည်း ရည်မွန်သည်
ဈေးသည်တစ်ယောက်မို့ အပြောအဆိုရည်မွန်သည်ပဲဆိုစေ ...
ခင်မေဦး၏ စိတ်ကိုသက်သာရာရစေသည်ကတော့ အမှန်ပဲဖြ
သည်။ အထူးသဖြင့် ယနေ့နေ့ခင်းလို အသည်းထိတ်စရာဖြစ်ရပ်
နှင့်ကြုံခဲ့ရချိန်တွင် ပိုပြီး စိတ်သက်သာစေသည်ပဲ မဟုတ်လား

သည်အတွက် ရင်မှာတုန်လှုပ်ချောက်ချားခဲ့ရသည်
သို့တစေ ... သည်ကိစ္စနှင့်ပတ်သက်၍ လုပ်ဖော်ကိုင်ဘက်တွေသည်
ပုံကြီးချဲ့လွန်းသည်ဟု ထင်မိသည်။ ရေးကြီးခွန်းကျယ်လုပ်လွန်
သည်ဟု ယူဆမိသည်။ သူတို့ကြောင့်ပင် စိတ်မှာအနှောင့်အယှက်
ဖြစ်ရပါလေသည်။

အဆိုးဆုံးက ဝေဖြိုးမောင်ပဲ ဖြစ်သည်။ သူ့ရဲ့
အပြောအဆိုနှင့် သူ့မျက်လုံးအမိပ္ပာယ်တွေက တခြားစီဖြစ်သည်
လူနောက်လူပြောင်တွေအကြောင်းကို အာပေါင်အာရင်းသန်သ
ပြောနေသည်။ သူတို့လုပ်လေ့လုပ်ထရှိသည့် ပုံစံအမျိုးမျိုးကို ခင်
ခဲ့သည်။ သို့ရာတွင် သူ့မျက်လုံးတွေကမူ ခင်မေဦးအတွက် စိုးရိမ်ပူ
မှုတွေက မဖုံးသာ,မကွယ်သာ။

ရုံးဆင်းချိန် အိပ်ပြန်သည်အထိ တစ်ဖွဲ့သားလုံးသ



'မနှင်းဖြူနှင့်မြွေဟောက်ကြီးအကြောင်း' ကို ပြောမဆုံးကြပါလေ
တော့။

သူတို့တစ်တွေ သည်မျှဂရုတစိုက်ရှိခြင်းကို ခင်မေဦး
မုန်းမိသည်။ 'သူမစိတ်သက်သာရာရစေရန်' ဟူသော အကြောင်းပြ
ချက်ဖြင့် အဖြစ်မှန်ကို ဖုံးကွယ်ဖို့ မကြိုးစားသင့်ဟု သူမထင်သည်။

စင်စစ် ခင်မေဦးသည် သူမ၏ဘဝကို သူမစိတ်ကြိုက်
ပုံသွင်း,ဖန်တီးလာခဲ့သူဖြစ်သည်။ သူမ၏ အဝန်းအဝိုင်းကလေးကို
သူမကိုယ်တိုင် တည်ဆောက်လာခဲ့ခြင်း ဖြစ်သည်။

ဖေဖေနှင့်မေမေသည် ခင်မေဦးငယ်စဉ်ကပင် တိမ်း
ပါး,ကွယ်လွန်ခဲ့ကြသည်။ ဖေဖေ့မ၏ စောင့်ရှောက်မှုဖြင့် ခင်မေဦး
ဘွဲ့ရလာခဲ့သည်။ တူအရီးနှစ်ယောက် (၂၃) လမ်းထဲရှိ တိုက်ခန်းမှာ
နေကြသည်။ ဒေါ်လေးကွယ်လွန်ခဲ့သည်ပင် နှစ်နှစ်တင်းတင်းပြည့်
ခဲ့ပြီ။ တိုက်ခန်းမှာ ခင်မေဦးတစ်ယောက်တည်း။

ကိုကော်တောမှာ 'မောင်' နှင့်မေတ္တာမျှခဲ့ကြသည်။
ဘာမျှမဆန်းသော ဇာတ်လမ်းပဲဖြစ်သည်။ တွေ့,ကြို့,ဆုံ,ကွဲ ဇာတ်
လမ်းပဲဖြစ်သည်။ ဖြစ်စကတော့ စိတ်ထိခိုက်မိသလို အရှိသား။
နောက်တော့လည်း ဖြစ်ရိုးဖြစ်စဉ်ဟု သဘောထားလိုက်သည်။
မေ့မေ့ပျောက်ပျောက်နေလိုက်သည်။

'ပန်းမဉ္ဇူ မဂ္ဂဇင်း' မှာ ဝင်လုပ်သည်။ ဝါသနာပါ

သော စာပေကို ရေးသားသည်။ သူမ၏ အသက်သည် နှစ်ဆယ့်ငါး နှစ်တင်းတင်းပြည့်ခဲ့ပြီ။ အရွယ်ကစကားပြောခဲ့ပြီပဲဆိုရချိန်မှာညီး ဆယ်ကျော်သက်အရွယ်တုန်းကလို နုလုံးသားသည် အလွယ်တကူ မလှုပ်၊မခက်ပါလေတော့။

— ॥॥ ॥ —

# [ ၃ ]

ဆေးဆိုင်မှ ပြန်ထွက်လာရင်း ခင်မေဦးသည် နေ့ ခင်းက အဖြစ်ကိုပြန်စဉ်းစားမိလာသည်။ စိုးရွံ့စိတ်သည် ပိုမိုဖိစီးလာ ဘိသကဲ့သို့ ရှိသည်။ အတွေးသည် သူမခြေလှမ်းတွေကို ပိုသွက်လာ စေသည်။ စင်စစ် အဆိပ်ထုတ်ထားသော မြွေဟောက်သည် သူမ အား ကြောက်လန့်သွားစေရုံမျှသာ ခြောက်လှန့်ခံရခြင်းကြောင့် မဟုတ်ပါ။

ခြောက်လှန့်သူ 'ကျော်စွာ' အမည်ခံ လူပုဂ္ဂိုလ်နှင့် ပတ်သက်၍ပင်ဖြစ်ပါ၏။

အနှီကျော်စွာသည် မိမိအား ခါးခါးသီးသီး မုန်းတီး နေသူပဲ။ ဒါကတော့ သေချာသည် မိမိအား စိတ်ရောကိုယ်ပါ ထိနိုက် နစ်နာစေလိုသော ဆန္ဒရှိသူပဲ ဖြစ်သည်။

သို့မဟုတ်ပါက …

ယင်းကျော်စွာသည် လူတစ်ဖက်သားအား သူ့ပယောဂဖြင့် ထိတ်လန့်ချောက်ချားအောင် ဖန်တီးတတ်သူ ထိုသို့ဖန်တီးရာမှ ဖြစ်ပေါ်လာသော ရလဒ်အပေါ်ကျေနပ်၊ နှစ်သိမ့်နေတတ်သူပဲ ဖြစ်ရမည်။

သို့ဆိုလျှင် ကျော်စွာ၏ စိတ်အစာကျွေးမှုအတွက် မိမိသည် သားကောင်သက်သက်ဖြစ်နေပြီကော။ တိုက်ခန်းတည်ရာ (၂၃) လမ်းထဲသို့ ရောက်လာသည်။ သူ့အခန်းက ဒုတိယထပ်မှာ ရှိသည်။ လှေကားထစ်တွေအတိုင်း အပေါ်သို့ လှမ်းတက်လာသည်။ အခန်းတံခါးကိုသော့ဖွင့်လိုက်သည်နှင့် ကြမ်းပေါ်မှ စာအိတ်ကလေးက သူ့မျက်ဝန်းရှေ့ယာထဲ ခုန်ဝင်လာသည်။ တံခါးအောက်မှထိုးသွင်းထားခြင်းပဲ ဖြစ်ပါလေ၏။

စာအိတ်ပေါ်မှ လက်ရေးကိုမြင်လိုက်သည်နှင့် နှလုံးသည်လည်ချောင်းဝသို့ ခုန်တက်လာဘိသကဲ့သို့ ရှိသည်။

မဂ္ဂဇင်းတိုက်သို့ ပို့လိုက်သော လက်ရေးနှင့်အတူတူပင်ဖြစ်သည်။ မဂ္ဂဇင်းတိုက်လိပ်စာနှင့် တိုက်ခန်းလိပ်စာပဲကွာသည်။

စာအိတ်ကို ဖောက်ဖတ်လိုက်သည်။ ပထမစာနှင့် မျိုးတူစာရွက်ခေါက်ကလေးထွက်ကျလာသည်။ စာရွက်နှင့် လိပ်စာပဲကွာသည်။



*"ချစ်စွာသော … မိမိ … "*

*ပထမလက်ဆောင်ကို သဘောကျပါရဲ့လား … မကြာခင် ဒုတိယရှိလာပါလိမ့်ဦးမယ် …*

*သစ္စာတည်လျက် …*

*ကျော်စွာ*

*(သို့မဟုတ်) လူပိန်လေး တော်မီ … "*

မိမိအား အခေါ်ပြောင်းသွားသည်ကို သတိထားလိုက်မိသည်။

ဒါတင်မက 'ကျော်စွာ (သို့မဟုတ်) လူပိန်လေး တော်မီ' ဟူသော ထူးခြားချက်ကို အသိအာရုံမှာ ထားမှတ်ထားလိုက်သည်။

ရှတ် … တ … ရက် … "

" Ding - Domg - Bell,

Puss in the mell.

Who pushed her in,

Little Tommy thin.

who pulle her out

Little Johnny stout." ...

ဟုတ်ပြီ ... ကျော်စွာသည် မိမိအားသဲလွန်စ
ထားခြင်းပင်ဖြစ်သည်။ သူ့အကြံကို အရိပ်အမြွက်ဖော်ပြထားခြင်း
ဖြစ်သည်။

ပထမ ... မိမိအား 'မနှင်းဖြူ' ဟုခေါ်သည်
မြေပဟောက်နှင့်ခြောက်လှန့်သည်။

ယခု Pussy Cat ကဗျာလေးကို သတိရလိုက်မှ 'မနှင်း
ဖြူနှင့်လူပုလေး ခုနစ်ယောက်' ပုံပြင်ကို အမှတ်ရလာသည်။

'စန္ဒီးဝှိုက်ခေါ် မနှင်းဖြူပုံပြင်' မှာ လူသိများသော
နတ်သမီးပုံပြင်တစ်ပုဒ်ပဲ ဖြစ်သည်။ သိပ်လှလွန်းသော မနှင်းဖြူ
မိထွေးဖြစ်သူ မိဖုရားကြီးက မနာလိုဖြစ်နေသည်။ အမျိုးမျိုး
ကြောင်းကြံသည်။ ကံအားလျော်စွာ မနှင်းဖြူမသေပါလေ
တော်ထဲသို့ ရောက်သွားသည်။ လူပုလေးခုနစ်ယောက်က
ရှောက်ထားသည်။ မိဖုရားကြီးက စုန်းအတတ်ကို တတ်သည်။ သူ
မကြီးဟန်ဆောင်၍ အဆိပ်ပန်းသီးကို ဥပါယ်တံမျဉ်ဖြင့် မနှင်း
အားကျွေးသည်။ တစ်နည်းအားဖြင့် စုန်းမကြီးသည် မနှင်းဖြူ
အဆိပ်ဖြင့် လုပ်ကြံခဲ့ခြင်းဖြစ်သည်။

မြေပဟောက်ဆိုသည်ကလည်း အဆိပ်ပြင်းသော
သတ္တဝါပဲ မဟုတ်လား ...



ကောင်းပြီလေ ကျော်စွာဆိုသူ၏ အံထာကို ခင်မေ
ဦး သဘောပေါက်မိသလို ရှိလာသည်။ သူ့ထောင်ချောက်များနှင့်
ပတ်သက်၍ 'အတိတ်စိမ်းကလေးတွေ' ပေးထားလေ့ရှိသည်။

ယခု ဒုတိယစာကို စဉ်းစားကြည့်ရမည်။ 'အတိတ်
စိမ်း' ကို အဖြေရှာမည်။

မိမိအား 'ပူစီ' ဟု ခေါ်သည်။

သူ့ကိုယ်သူ 'လူပိန်လေးတော်မီ' ဟု သတ်မှတ်
သည်။ သို့ဆိုလျှင် ...

'ပူစီ' ဟူသည် ရေတွင်းထဲသို့ တွန်းချခံရသူ။

"လူပိန်လေး တော်မီ' ကပူစီအား ရေတွင်းထဲသို့
တွန်းချသူ။

'ရေတွင်း' ဆိုသော ဝေါဟာရက တွေးရကျပ်နေ
သည်။ ယင်းဝေါဟာရကို ဖယ်လိုက်လျှင် 'တွန်းချ' ဆိုသော စကား
လုံးသည် နောက်ဆုံးရလဒ်ပဲ ဖြစ်သည်။

နောက်တစ်ကြိမ်တွင် ကျော်စွာသည် မိမိအား
အမြင့်မှ တွန်းချမည်ဟုဆိုလိုလေသလား။

ခင်မေဦးသည် နောက်တချိတွင် လူကိုယ်တိုင်ထွက်
ရပ်လာမည်လာ ... မိမိအား ပြောင်ပြောင်တင်းတင်း ရန်ပြုလာမည်
လော ...

တိကျသော အဖြေကို ခင်မေဦး မရပါလေခဲ့။

ကြာတော့ ခေါင်းသည် နောက်ကျိ၊ ရှုပ်ထွေးလာသည်။ ခန္ဓာကိုယ်သည် နွမ်းယိ၊ ပန်းလျလာသည်။ တစ်ကိုယ်လုံး ချွေးစေးတွေ စိမ့်ထွက်လာသည်။ စိုထိုင်း၊ စေးကပ်လာသည်။

လန်းလန်းဆန်းဆန်းရှိဖို့ လိုအပ်လာသည်။

ခါးဝတ်ထည်တွေကို ချွတ်ခွာလိုက်လေသည်။ တစ်ပတ်နွမ်း ထဘီတစ်ထည်ကို ရင်လျားသည်။ ပြီး ရေချိုးခန်း ဘက်သို့ ခြေဦးလှည့်ခဲ့ပါလေ၏။

ရေချိုးခန်းသည် ရေအိမ်နှင့် တံတောင်ဆစ်ချိုးရှိနေသည်။ သည်နေရာတွင် အမှောင်ထုက ဓာတ်စီးစွာ စိုးမိုးစ၊ ပြုနေပြီ။ ရေချိုးခန်း၏ လက်ျာဘက်မှာက ဝရန်တာနိမ့်နိမ့်ကလေးနှင့်လူ သွားလမ်းကျဉ်းကျဉ်းကလေး ရှိသည်။ သည်လမ်းကိုတစ်ဆစ်ချိုး ကွေ့ပြီးမှ ရေချိုးခန်းသို့ ရောက်ချိမ့်မည်။

စင်စစ် လူသွားလမ်းကလေးသည် သေးသည်။ ကျဉ်းသည်။ ထို့ပြင် ရှည်လျားလှသည်လည်း မဟုတ်။ လမ်း၏ယာ ဘက်စွန်းသည် အောက်ထပ်နောက်ဖေးဘက်သို့ ဆင်းသော လှေကား၏ထိပ်ပဲ ဖြစ်သည်။

မဆိုစလောက် မှောင်နေသည်က သတိကိုစေ့ဆော် သည်။



ထိုရောအခါ ...

ခင်မေဦးသည် ကြမ်းပြင်နှင့်မြေကြီးကိုမခွာပါလေ တော့။ ပွတ်တိုက်ဆွဲယူပြီး ခက်ဖြည်းဖြည်းပင် လျှောက်လာသည်။

အခါတိုင်းလိုသာ ခြေလှမ်းကိုသွက်သွက်လှမ်းခဲ့မိ မည် ဆိုပါစို့။

ခင်မေဦး မလွယ်ကြောဆိုက်ရပေလိမ့်မည်။

သတိတရားက ခင်မေဦးအား ကယ်မလိုက်ခြင်းပဲ ဖြစ်ပါလေ၏။

သူမ၏ ဝဲဖက်ခြေကျင်းဝတ်သည် တစ်စုံတစ်ခုနှင့် ပွတ်တိုက်၊ ထိရှမိသွားသည်။ အေးစက်၊ စူးရှသော တင်းမာသည့် အထိအတွေ့ပဲ ဖြစ်သည်။

ခြေထောက်ကို ဆတ်ခနဲပြန်ရုပ်သည်။ စေ့ခနဲ ထိုင်ချလိုက်သည်။

'သေးမျှင်သော ဝါယာကြိုးတစ်ချောင်း' ပဲ ဖြစ်သည်။ ညိုညစ်ညစ် အရောင်ရှိသည်။ အမှောင်ထဲမှာ မမြင်နိုင်သော အရောင် မျိုး။

တစ်ဖက်ဝရန်တာ၏ အောက်တန်းနှင့် နံရံထောင့် ချိုးမှ သံငုတ်တစ်ခုကို လှမ်းဆက်သွယ်တန်းထားသည်ပဲ။ ဝါယာ ကြိုးတန်းရှည် တစ်ပေကွာထိ ချဉ်းကပ်မိသည့်တိုင် မြင်နိုင်လိမ့်မည်

မဟုတ်ပါချေ။

ကြောက်ခမန်းလိလိထောင်ချောက်တစ်ခုပဲ ဖြစ်ပါလေ၏။

အောက်သို့ဆင်းသော လှေကားသည် ကြိုးတန်းရှည်တစ်ပေခန့်ပင် မကျွာပါလေတော့။'ခလုတ်တိုက်လိုက်ပြီ' ဆိုပါမူ ရှေ့သို့ဟပ်ထိုးလဲသွားမည်။ ထိုမှတစ်ဖန် လှေကားအတိုင်း ဒလိမ့်ကောက်ကွေးထိုးကျသွားမည် မလွဲ။ အင်မတန်ကြီးလေပါမှ သေတွင်းကလွတ်ချိမ့်မည်။ သို့စဉ်တိုင် အကျိုးအပဲ့တွေဗရပွဖြင့် လူတောတိုးနိုင်တော့မည် မဟုတ်သည်က သေချာသည်။

ပြီးလေမှ ခင်မေဦး ထိုင်ရာမှ ထ,ရပ်သည်။ အခန်းထဲသို့ ပြန်ဝင်သည်။ စားပွဲပေါ်မှာ အသင့်တွေ့ရသော လက်ကိုင်ပဝါဖြူတစ်ထည်ကို ဆွဲယူလာခဲ့သည်။

နောက်ထပ် ရေချိုးခန်းဆီသို့ ရောက်လာမည့်သူတွေကို အန္တရာယ်မဖြစ်စေချင်ပါ။ သည်တော့ လက်ကိုင်ပဝါကို ဝါယာကြိုးဗျာန်ပေါ်မှာ ကန့်လန့်ဖြတ်ချည်ထားလိုက်သည်။

အခန်းဘက်သို့ ပြန်လှည့်လာခဲ့သည်။ သတိကြီးစွာထား၍ အရာရာကိုစစ်ဆေးကြည့်လိုက်သည်။ ဗီရို၊ အိပ်ခန်းနှင့်မီးဆောင်မကျန်စေရသည်။ အကဲခတ်သည်။ အဆောက်အဦး၏အဝေးဧည့်ခန်းမဘက်သို့ ပြန်လျှောက်လာခဲ့သည်။သည်မှာက ...



တယ်လီဖုန်းရှိသည် မဟုတ်လား ...

သည်တယ်လီဖုန်းဖြင့် ရဲကိုအကြောင်းကြား အကူအညီတောင်းခံနိုင်သည်ပဲ မဟုတ်လား။

— ॥॥ ✤ ॥॥ —

## [ ၄ ]

တစ်ညတာသည် ကုန်ဆုံးလွန်မြောက်လာခဲ့ပြီ။

ခင်မေဦးသည် မဂ္ဂဇင်းတိုက်သို့ ခပ်စောစောထ ထွက်လာခဲ့သည်။

'ပန်းမန္တူ' တွင် ရောက်နေကျလူတွေ မရောက် လာ ကြသေး။

သူက မရွေးချယ်, ပယ်ထားသော စာမူဖိုင်တွဲတ ထပ်ကြီးကို မ,ယူလာခဲ့သည်။ စားပွဲပေါ် မှာတင်လိုက်သည်။ သည ဖိုင်တွဲတွေသည်။ အများအားဖြင့် 'ကဗျာဖိုင်တွဲများ' သာဖြစ်သည သို့တစေ ... ဝတ္ထု, ဆောင်းပါးတချို့လည်းပါရှိသည်။ တံဆိပ်ခေါ အပိုထည့်မပေးလိုက်သဖြင့် စာမူရှင့်ထံပြန်မပို့ရသေးသော ဝတ္ထ ဆောင်းပါးများ ဖြစ်သည်။ ကဗျာကိုမူ ပြန်ပို့ရိုးထုံးစံ မရှိပါလေ



ခင်မေဦးသည် ဖိုင်တွဲအားလုံးကို လူရှင်းသောအခါ အစည်းအဝေးခန်းထဲသို့ ယူလာခဲ့လေသည်။ တံခါးကိုပြန်ပိတ်ထား လိုက်သည်။

'ရဲတပ်ဖွဲ့၏ အယူအဆ' သာမှန်ခဲ့မည်ဆိုပါစို့။

မိမိဟာ အန္တရာယ်ပြုလာသော ကျော်စွာဆိုသူသည် စာပေဝါသနာရှင် တစ်ဦးဖြစ်ဖို့များသည်။ သူ့စာမူများကို မရွေးချယ် ပယ်ခဲ့သဖြင့် မိမိအား ရန်ငြိုးဖွဲ့လာခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ရဲက သည်ကဲ့သို့ ယူဆသည်။ ဖြစ်နိုင်ခြေလည်း ရှိပါ၏။ မိမိအား စာပေကိစ္စမှအပ အခြားပုဂ္ဂိုလ်ရေး ရန်ငြိုးဖွဲ့စရာအကြောင်း မရှိပါ လေခဲ့။ ဒါကို သူအသိဆုံးဖြစ်သည်။

ရဲ၏ သည်အယူအဆကို အခြေခံလျက် မိမိထံ ရောက်လာသော စာများမှ လက်ရေးနှင့်စာမူပါလက်ရေးတို့ကို တိုက်ဆိုင်, စစ်ဆေးကြည့်မိသည်။ ကျော်စွာ၏လက်ရေးသည် သိသာ,ထင်ရှားလွန်းလှသော လက်ရေးမျိုးပဲ ဖြစ်သည်။ အပင့်, အရစ်နှင့်အသက်တို့သည် ပန်းချီလက်ရေးဆန်သည်။ 'က' 'အ' တို့ ကဲ့သို့သော ဗျည်းစာလုံးများတွင် အောက်ခြေ၌ ဗူးရစ်နှယ်ကဲ့သို့ အကွေး, အရစ်ကလေးတစ်ခုအမြဲပါသည်။

'ပထမအဆင့်' 'ကျော်စွာ' အမည်နှင့် စာမူကိုရှာ သည်။ တွေ့သည်။ လူငယ်ပညာပေးဆောင်းပါးများတိုလေးတစ်ပုဒ်

ဖြစ်သည်။ သို့တစေ ... လက်ရေးသည် မိမိ၏ ကျော်စွာနှင့် ဖြင်ဖြင်
ကွာခြားလွန်းလှပါချေသည်။ နောက်ပြီး ဤစာမှုကိုပို့ခဲ့သည်မှာ
လည်း နှစ်နှစ်ကျော်ခဲ့ပြီ။ သုံးနှစ်ပြည့်လုနီးပြီ။ ဤမျှကာလကြာမြင့်
ပြီးလေမှ မိမိအား ရန်သတ္တစုပြုရန် ကြိုးပမ်းလာခြင်းမှာ မဖြစ်နိုင်ဟု
ခင်မေဦး ကောက်ချက်ချမိသည်။ ရဲအရာရှိ 'အေးမြင့်ထွန်း' ၏
ထပ်ဆင့် ပြောပြချက်တစ်ရပ်ကို သတိရလာသည်။

'ကျော်စွာ' ဆိုသော အမည်သည် အမည်ရင်း ဟုတ်
ကောင်းမှဟုတ်မည်။ မဟုတ်နိုင်သည့်ဘက်က ချိန်ခွင်လျှာသည်
လက်ရေးကိုဖျက်ရေးဖို့ မကြိုးစားသည့်တိုင် အမည်ကိုတော့ ပြောင်း
ထားလိမ့်မည်။ သူ့အပေါ်နိုင်လုံသော အထောက်အထားဖြစ်စေမည့်
အမည်ရင်းကိုတော့ ဖော်မည်မဟုတ်ဟု ယူဆရသည်။

ကောင်းပြီ ... မေဦး ညည်းစိတ်ရှည်ဖို့လိုသည်။
ခွဲခြားဖို့လိုသည်။

အမည်တူ ကျော်စွာကို ခေါ်ထားလိုက်တော့ ...
'လက်ရေးတူ' ရှာဖို့သည်အဓိကဖြစ်သည်။ ဖိုင်ကို အစမှ ပြန်ကောက်
သည်။ စာမူတစ်ပုဒ်ချင်း, တစ်မျက်နှာချင်းကို အသေးစိတ်စစ်သည်
သို့ဖြင့် ဖိုင်နှစ်ဖိုင်ကိုစစ်ဆေးပြီးသွားသည်။ တတိယဖိုင်ဆီသို့ လက်
လှမ်းလိုက်သည်။ သည်စဉ်ခိုက် အခန်းတံခါးပွင့်လာသည်။ တံခါး
နောက်ကွယ်မှ ဝေဖြိုးမောင်၏ ခေါ့ခြုပ်ထည်က သူ့အမြင်အာရုံထဲ



ဝင်လာသည်။

"ဘယ့်နဲ့လဲ ... မေဦး ... "

သူမခေါင်းယမ်းပြလိုက်သည်။ သူရောက်လာခြင်း
ကို မနှစ်မြို့မိပါ။ သို့ရာတွင် မျက်လုံးအိမ်မှာ မထင်ဟပ်မိအောင်
ထိန်းထားလိုက်နိုင်သည်။ မျက်နှာပြင်မှာ မပေါ်လွင်စေရန် ဟန်
ဆောင်လိုက်နိုင်သည်။

"မေဦး ... စောစောစီးစီး ဒီထဲမှာဘာလုပ်နေပါလိမ့်လို့
အားလုံးက တွေးနေကြတာ ... ကိုယ်တို့အားလုံးမှာ မေဦး
ကိုဝိုင်းကူချင်တဲ့ ဆန္ဒကိုယ်စီရှိနေကြလေရဲ့ ... မေဦး"

ခင်မေဦးက အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်
လိုက်သည်။

"မေဦးဆန္ဒကတော့ သူတို့တစ်တွေ ဒီကိစ္စကို မေ့မေ့ပျောက်
ပျောက်ထားလိုက်စေချင်တာ ... ဒီဖြစ်ရပ်တွေဟာ စိတ်မနံ့
တဲ့လူတစ်ယောက်က နောက်လိုက်တာဖြစ်မှာပါ ... "

သူမသည် အနည်းငယ် မာကြောခတ်ထန်သွားဟန်
သို့ရှိသည်။ သည်အတွက်တော့ စိတ်မကောင်းဖြစ်မိရိုးအမှန်ပင်ဖြစ်
သည်။ သူတို့စေတနာကို သည်မျှထိတော့ မပစ်ပယ်စကောင်းဟု
သူမ သတိရလိုက်သည်။

သို့စဉ်တိုင် စိတ်ရှည်, သည်းခံနိုင်စွမ်းသော ဝေဖြိုး မောင်သည် သူမစကားကိုလစ်လျူရှုလိုက်သည်။

"မေဦး ဘယ်လိုဖြစ်နေတာလဲ ... မေဦးအတွက်အားလုံးကို သွေးအေးအေးနဲ့ အသေသတ်ဖို့ကြံနေတဲ့ ရာဇဝတ်မှုပါ"

စကားအဆုံးတွင် နှစ်ဦးသားတစ်ဦးကိုတစ်ဦး စိုက် ကြည့်နေလိုက်မိကြသည်။ စက္ကန့်တွေ မနည်းမနောကုန်ဆုံးသွား လေမှ ဝေဖြိုးမောင်ထံမှ စကားသံထွက်ပေါ်လာသည်။ အတော့်ကို အားယူပြောရသည့် လေသံမျိုး။

"ထပါတော့ ... မေဦး မေဦးသဘောနဲ့ မေဦးပါ ... ဒါထက် ကိုယ်တို့ဒီညနေ တစ်နေရာရာကို ညစာထွက်စားကြရ အောင်လား ... ဆိုင်သေးသေး, တိတ်တိတ်ဆိတ်ဆိတ်နဲ့ အစားကောင်းကောင်းရနိုင်တဲ့ ဆိုင်မျိုးပေါ့ ... "

ခင်မေဦး ခေါင်းခါ, ငြင်းပယ်လိုက်မိသည်။

"ဟင့်ဟင် ... မေဦး မအားပါဘူး ... "

"စိတ်ပြေလက်ပျောက်ပေါ့ မေဦး ... ခုချိန်မှာ မေဦးအတွက် အဖော်တစ်ယောက်လိုအပ်နေမှာပါ ... "

သူမသည် အပြုံးတစ်ခုကို နှုတ်ခမ်းပေါ်မှာ ဖန်တီး ပေးလိုက်သည်။ ခေါင်းကိုခါသည်ဆိုရုံယမ်းပြလိုက်ပြီး ...



"မေဦး တကယ့်ကိုမအားလို့ပါ ... ကိုဖြိုး'

ဝေဖြိုးမောင် မျက်နှာညိုသွားသည်။ ရှက်သွားသည်ပဲ ထင့်။ ခင်မေဦးအားအတန်ကြာစိုက်ကြည့်နေသည်။ ပြီးမှ ရှာခနဲ ကျောခိုင်း,လှည့်ထွက်သွားခဲ့သည်။

ပိတ်သွားသော တံခါးရွက်ကို စိုက်ငေးကြည့်နေရင်း ခင်မေဦးရင်မှာ ကျင်ခနဲခံစားလိုက်ရသည်။ ဝေဖြိုးမောင်ကို အားနာ သွားမိသည်။

'ဟုတ်ကဲ့' လို့များခေါင်းညိတ်လိုက်မိရင် ဘယ် လောက်များကောင်းလိုက်မလဲ မေဦးရယ်။ စင်စစ်ဝေဖြိုးမောင် သည် လူရည်သန့်တစ်ယောက်ပဲ ဖြစ်သည်။ လူချောတစ်ယောက်ပဲ ဖြစ်သည်။ မိမိဤမျှအထိ မပစ်ပယ်စကောင်းသော မိတ်ဆွေ ကောင်း တစ်ယောက်ပဲဖြစ်သည်။

သို့နှယ်ဖြင့် မွန်းတည့်နေ၏တစ်ထစ်ကျော်ကို ဖြန်း တီးပစ်ခဲ့ပြီ။ ရှိသမျှဖိုင်တွဲအားလုံးကို စစ်ဆေးပြီးခဲ့ပြီ။

'စခန်းမှူးရဲ့အုပ် အေးမြင့်ထွန်း' ၏အယူအဆမှားခဲ့ လေပြီလား။

သူကြီးပမ်းချက်အားလုံးသည် အရှုံးနှီးသာတည်း။

အချိန်သာကုန်သွားသည်။ လူသာပင်ပန်း, နွမ်းနယ် ခဲ့ရသည်။ လိုလားချက်ပန်းတိုင်ကိုမူ မရောက်ပါလေခဲ့။ စိတ်ပျက်

လက်ပျက်ဖြင့် ဖိုင်တွေကိုဘေးသို့တွန်းရွှေထားလိုက်သည်။

ရုံးစောင့်လုလင်ကလေး ရောက်လာသည်။ တံခါး ရှေ့မှာ လူရိပ်လာပြခြင်းဖြစ်သည်။ အခါတိုင်း မိမိ၏ကြိုးပမ်းချက် အရာမထင်ခြင်းအတွက် ခံပြင်းနေမိသည်။

ဖိုင်တွေကို မူလနေရာသို့ ပြန်ပို့သည်။ နေသား တကျဖြစ်အောင် ပြန်စီရင်း သူ့မျက်လုံးတွေက 'ရဇာဖိုင်' ပေါ်သို့ ရောက်သွားသည်။

မသိစိတ်၏ လှုံ့ဆော်မှုကြောင့်ပဲထင့်။

ခင်ဦးမေသည် ဖိုင်တွဲကိုလှမ်းယူလိုက်သည်။

ဘာရယ်မဟုတ် ကိုယ့်ဘက်ကကြိုးစားမှုမကျန်ရ အောင် အားထုတ်မိခြင်းသာ ဖြစ်သည်။ သည်ဖိုင်ထဲမှာက စာ အတော်များများသိမ်းဆည်းထားသည် မဟုတ်လား။

သည်စာတွေထဲမှာ စာတစ်စောင်သည် သူ့အာရုံကို ဆွဲယူလိုက်သည်။ စွှာကိုယ်သည် ထိုင်နေရာမှ ဆတ်ခနဲ မတ်မတ် ဆန့်သွားသည်။

စာမှာ 'ဖေဖော်ဝါရီလ ၁၁ ရက်နေ့' ရက်စွဲတပ်ထား သည်။

စာ၏ထိပ်တွင် 'ခေတ္တပြည်သူ့ဆေးရုံကြီး၊ မန္တလေး မြို့' ဟူ၍ ပေးသူ၏လိပ်စာကိုဖော်ပြထားသည်။ ခင်မေဦး စိတ်ဝင်



စားမိသည်က လက်ရေးပဲဖြစ်သည်။ ကျော်စွာ၏လက်ရေးနှင့် ထပ်တူထပ်မျှ တူညီနေသည် စာကို ဖတ်ကြည့်လိုက်သည်။

"လေးစားစွာဖြင့် ... ,

တာဝန်ခံ အယ်ဒီတာရှင့် ... ,

*လူကြီးမင်း၏ 'မှုးငုံ့မဥ္စူကလေးကဗျာ' အတွက် ကလေး ကဗျာများပေးပို့လိုက်ပါသည်။ ဤကဗျာများကို ကျွန်မဆေး ရုံတက်နေစဉ်ကာလအတွင်း ကြိုးစားရေးစပ်ထားခြင်းဖြစ် ပါသည်။ ကျွန်မ၏ဆိုးရွားသော ကျန်းမာရေးကြောင့် နေ့စဉ် နာရီဝက်စန့်သာလျှင် ရေးခွင့်ရပါသည်။ ယနေ့ကလေးငယ် များနှင့်သင့်လျော်လိမ့်မည်ဟု ယူဆပါသည်။ လူကြီးမင်း စာနာထောက်ထားပြီး ရွေးချယ်စေရန်ပြောဆိုခြင်း မဟုတ်ပါ။ ကျွန်မ၏ လှုံ့လစိုက်ထုတ်မှုများကို သဘောပေါက်စေရန် ပြောပြခြင်းသာ ဖြစ်ပါသည်။*

*ကျွန်မ၏ ကဗျာများကို ရွေးချယ်ဖော်ပြပေးနိုင်ရန် ဦးစားပေး စဉ်းစားလိမ့်မည်ဟု မျှော်လင့်လျက်*

*မြသီတာ*

*ခေတ္တ—မန္တလေးဆေးရုံကြီး*

ဤစာ၏ အောက်ခြေထောင့်စွန်းတွင် မှတ်ချက်တို ကလေးတစ်ခုရေးထားသည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ရက်စွဲ တပ်ထားသည်။

'တင်ပြပုံလိုသေးသည်။ စကားလုံးများ ကျစ်လျစ်မှု မရှိ။ စာမူရှင်ထံအကြောင်းပြန်ကြားရန်' ဟူသော မှတ်ချက် အောက်တွင် 'နွယ်နီ' ဟု လက်မှတ်ထိုးထားသည်။

ခင်မေဦးသည်တယ်လီဖုန်းကိုကောက်ယူလိုက်သည်။

"ကျေးဇူးပြုပြီး မန္တလေးပြည်သူ့ဆေးရုံကြီးကို ဆက်ပေးပါရှင် အဲဒီက တာဝန်ကျ 'မေထရွှန်' ကို 'မြသီတာ' ဆိုတဲ့ လူနာ တစ်ယောက် အကြောင်းမေးချင်လို့ပါ ... "

အနိုက်အတန့်တော့ သူမစောင့်ရသေးသည်။ မြသီ တာ၏စာကို လက်ညှိုးဖြင့် တခေါက်ခေါက်ခေါက်ရင်း စဉ်းစားနေမိ သည်။ ခဏအကြာတွင် ဝါယာကြိုးကိုဖြတ်ကျော်ပြီး အသံလှိုင်းတစ် ခုက နားစည်မြေးပါးကို ရိုက်ခတ်လာသည်။ ခင်မေဦးက သိလိုသည် ကိုမေးလိုက်သည်။ တစ်ဘက်မှ တုံ့ပြန်အဖြေကိုနားထောင်သည်။ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ဖြည့်စွက်ခြင်းမရှိပါလေ။

တစ်ဖက်မှ စကားဆုံးလေမှ ကျေးဇူးတင်စကားဆို သည်။ တစ်ဆက်တည်း နောက်တစ်နေရာသို့ ထပ်ဆက်သည်။ 'စနေမှူးရဲအုပ် အေးမြင့်ထွန်း' ထံသို့ပဲဖြစ်သည်။



"ခင်မေဦးပါ ... ဦးအေးမြင့်ထွန်း ... ဦးအေးမြင့်ထွန်းတို့ကို မေဦးအကူအညီပေးနိုင်ပြီလို့ ထင်တာပဲ ... မေဦးအချက် တစ်ချက်ကို ရှာတွေ့ထားပြီလေ ... ပြီးခဲ့တဲ့နှစ်လလောက် က 'မြသီတာ' ဆိုတဲ့ အမျိုးသမီးတစ်ယောက် မေဦးတို့ဆီ ကို ကလေးကဗျာတချို့ပို့ခဲ့တယ် ... အဲ မေဦးကလည်း သိပ်အဆင့်မရှိဘူးပြီး ပယ်လိုက်တယ် ... အဲဒီ မေဦးရဲ့ အကြောင်းပြန်စာရတဲ့နေမှာပဲ မြသီတာဆုံးသွားတယ် ... သူက အဆုပ်ရောဂါကို အပြင်းအထန် ခံစားနေရတာ ကလား ... "

"မန္တလေးဆေးရုံမှာတင် ဆုံးသွားတာ ... အဲဒါသူ့အမျိုးသား ကို အကြောင်းကြားခဲ့ပါတယ်တဲ့ ... အသုဘကိစ္စပြီးက တည်းက သူ့အမျိုးသားဟာ ရန်ကုန်ကိုရွှေ့သွားခဲ့တယ်လို့ သိရတယ် ... အဲ ... မြသီတာရဲ့အမျိုးသား နာမည်က 'ဇော်မိုးထက်' တဲ့ ... မေဦးတို့ မဂ္ဂဇင်းတိုက်ကို ရေးလိုက် တဲ့စာက အောက်မှာတော့ 'မြသီတာ' လို့ လက်မှတ်ရေးထိုး ထားပါတယ် ... ဒါပေမယ့် လက်ရေးက ကျော်စွာလက်ရေး နဲ့ တသွေမတိမ်းပဲ ... မေဦးအထင်တော့ မြသီတာဟာ ကျန်းမာရေးကြောင့် သူ့အမျိုးသားကို ရေးခိုင်းတာဖြစ်လိမ့် မယ်လို့ပဲ ... ဒီတော့ မြသီတာရဲ့ အမျိုးသား 'ဇော်မိုးထက်'

ဟာ 'ကျော်စွာ' ပဲ ဖြစ်ရမယ်လို့ မေဦးတော့ ယူဆမိတာပါ ဦးေမးမြင့်ထွန်း ... "

— ⁂ —

## [ ၅ ]

'ဓိဝကဆေးနှင့် ဆေးပစ္စည်းဆိုင်' နားသို့ ရောက်သောအခါ မှောင်ရီစ ပြုနေပြီ။

ခင်မေဦးသည်အနော်ရထာလမ်းမကြီးတစ်လျှောက် ပျားပန်းခတ်မျှ လှုပ်ရှားနေသော လူအုပ်ကြီးကိုငေးကြည့်နေမိသည်။ ကြည်နူးရွှင်ပျနေကြသော စုံတွဲတွေကို ဖျတ်ခနဲ မျက်နှာလွှဲထားလိုက်မိသည်။

အထီးကျန်မိမိဘဝကို မစဉ်းစားမိအောင် ဖွတ်မေ့ဖျောက်ထားလိုက်သည်။ ဆေးဆိုင်ထဲသို့ ခတ်သုတ်သုတ်ဝင်လာခဲ့သည်။ယမန်နေ့က သူ့မမှာထားခဲ့သော မျက်စဉ်းပုလင်း အဆင့်သင့်ပဲဖြစ်သည်။ ကောင်တာမှ အရောင်းစာရေးမလေးက ပြုံးရွှင်စွာဆီးကြိုပြီး မျက်စဉ်းပုလင်းကို ထုတ်ပေးလာသည်။ တစ်ခုတော့

စိတ်ထဲမှာအလိုမကျဖြစ်သွားသည်။ အခါတိုင်းတွေ့နေကျ
တွေ့လိုသောလူငယ်ကိုမူ အရိပ်အယောင်မျှ မမြင်ပါချေ။

ခင်မေဦးသည် သက်ပြင်းမောတစ်လုံးကို မသိမသာ
ချလိုက်ပြီး ဆိုင်ထဲမှ လှည့်ထွက်လာခဲ့သည်။

တစ်နေကုန် စိတ်ပန်း၊ လူနွမ်းဖြစ်ခဲ့ရ၍ပဲထင့်။

သူသည် မလှုပ်ချင်၊ မရှားချင်ဖြစ်နေသည်။ ဖျား
သလိုဖြစ်နေသည်။

လူအုပ်ကြားမှ တိုးဝှေ့ဖြတ်သန်းပြီး လေပြေ
ချက်သည် ခင်မေဦး၏မျက်နှာကိုပွတ်တိုက်၊ ကျီစယ်သွားသည်
ကျောဘက်စီမှ စိမ့်ခနဲဖြစ်သွားသည်။ သေချာပြီ။ မိမိဖျားတော့မည်
မှန်း သေချာသည်။

ခြေလှမ်းကိုပိုမိုသွက်သွက်လှမ်းလိုက်သည်။ တို
ခန်းရှေ့ရောက်တော့လူမှာ တုန်ရီ၊ မောဟိုက်နေပြီ ... တံခါးဘော
မှာ ခေါင်းတင်ပြီး ခဏမြိန်းနေလိုက်သည်။ အနည်းငယ်သက်သာ
သွားတော့မှ သော့ပေါက်ထဲသို့ သော့တံကို ထိုးသွင်း၊ လှည့်ဖွင့်လို
သည်။

အိပ်ယာဆီသို့ တန်းသွားချင်စိတ်ကို တစ်စုံတစ်
ဟန့်တားလာသည်။ တံခါးဝကြမ်းပြင်ပေါ်မှ စာအိတ်ဖြူလွှလွှ
ပဲ ဖြစ်သည်။ စိတ်မှတ်မဲ့ ကောက်ယူဖွင့်ဖတ်လိုက်သည်။



*"ချစ်သော ... တာရာ ... "*

*တာရာဟာ ရေငုပ်ကျွမ်းသလား ... တောင်တက်ကျွမ်းသ လား ... ဆိုတာတော့ ကျွန်တော်မသိပါဘူး ... ထားပါလေ ဒါက အကြောင်းမဟုတ်ပါဘူး ... အကြောင်းက ဒီဟာ တရာကို ကျွန်တော်နောက်ဆုံး နေ့ခင်းယှက်ခြင်းပါပဲ ... တာရာနဲ့အထိုက်တန်ဆုံး မြစ်ဒဏ်ကိုပေးခြင်းပါပဲ ... တာရာ စာနာတတ်အောင်ပေါ့ ... လူတစ်ယောက်ရဲ့ ခံစားချက်ကို နားလည် သဘောပေါက်လာတတ်စေဖို့ပေါ့ ...*

*သစ္စာတည်လျက်*
*ကျော်စွာ*

စာကိုနောက်တစ်ခေါက်ထပ်ဖတ်လိုက်သည်။ သူမ
သဘောမပေါက်ပါ။ မျက်မှောင်ကုပ်လျက် စဉ်းစားကြည့်လိုက်
သည်။

သည်တစ်ခါ အခေါ်ပြောင်းသွားခဲ့ပြန်ပြီ။

'တာရာ' တဲ့။

ဘာအဓိပ္ပာယ်လဲ။

'အတိတ်စိမ်း' ပေးတာမှန်းတော့ သိသည်။ သို့တစေ

ခင်မေဦး အဖြေရှာမရပါလေခဲ့။

တာရာဆိုသည်မှာ ကြယ်။

ခေါင်းထဲသို့ 'Twinkle, Twine Little Star' ကဗျာလေး ဝင်လာသည်။

သိပ်ပြီး ဆီလျော်မှုမရှိလှပဟု အသိအာရုံက လှုပ်ခတ် သတိပေးလာသည်။

တတိယအကြိမ် စာကိုဖတ်ကြည့်သည်။ သည်တော့မှ ကျောဘက်မှာ စာတချို့ရှိနေသေးကြောင်း သတိပြုမိသည်။ တစ်ဘက်သို့ လှန်လိုက်သည်။ အောက်ပါကဗျာလေးကိုတွေ့ရသည်။

ကဗျာခေါင်းစဉ်ကို 'တာရာ' ဟု ပေးထားသည်။

'တာရာ'

'နှမငယ်လေး ကြယ်တာရာ
သနားစရာပါ။
ပင်လယ်ပြင်မှာ ငုပ်ကာသွား
ကြမ်းပြင်အောက်ခြေ ဆောင့်ကာစား။
တောင်ပေါ်ကိုလည်း သူလှမ်းတက်
နတ်ပြည်ရောက်အောင် ခရီးဆက်။
သနားစရာ ကြယ်တာရာ



အဖော်မဲ့နေရှာ။
ကောင်းကင်မှာ တစ်ယောက်တည်း
တာရာတစ်ယောက်တည်း။
အင်္ဂါကလည်း မစုံရှာ
မျက်လုံးတစ်လုံးတည်းတင်ပါ။
မြသီတာ'

ကျော်စွာသည် အတိတ်စိမ်းတစ်ဝက်ကို ဖော်ပေးလိုက်ခြင်းပဲဖြစ်သည်။ တာရာ၏ အဓိပ္ပါယ်ကို ခင်မေဦးနားလည်စိမ့်ငှာ မြသီတာ၏ ကဗျာကို ကူးထည့်ပေးလိုက်ခြင်းပဲ ဖြစ်သည်။

သို့စဉ်တိုင် အဖြေကိုစဉ်းစားမရပါလေခဲ့။

သည်စဉ်နိုက် တယ်လီဖုန်းခေါင်းလောင်းသံက သူ့အတွေးအာရုံကို ဖျက်ဆီးပစ်လိုက်သည်။ ခင်မေဦးသည် တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။ နားထောင်ခွက်နှင့်အကြားအာရုံကို မိတ်ဖွဲ့ပေးလိုက်သည်။

စခန်းမှူးရဲအုပ် အေးမြင့်ထွန်း၏အသံက နားထဲသို့ လိမ့်ဝင်လာသည်။

"ခုအချိန်ကစပြီး မေဦးအတွက် အန္တရာယ်ကင်းသွားပါပြီ။ ကျော်စွာကို ကျွန်တော်တို့ရှာတွေ့ထားပြီ မေဦး ... မေဦး

ကျွန်တော်တို့ဆီအကြောင်းကြားလိုက်ပြီ သိပ်မကြာပါဘူး ... သူဟာ မြသီတာရဲ့ခင်ပွန်း 'ဇော်မိုးထက်' ဖြစ်တဲ့ အကြောင်းအရာ ကျော်ဇွာဆိုတဲ့နာမည်နဲ့ မေဦးဆီက စာတွေမို့ အန္တရာယ်ပြုခဲ့တာတွေကိုပါ ဖြောင့်ချက်ပေး ဝန်ခံထားပါတယ် ... "

"ဇော်မိုးထက်ဟာ သူမိန်းမအတွက် အတော်ကြီးကို စိတ်ထိခိုက်ခဲ့ရှာတယ် ... မေဦးဆီပို့လိုက်တဲ့ ကဗျာတွေကို မြသီတာဟာ ဆေးရုံပေါ်မှာ ရေးခဲ့ရတယ် ... ခြောက်လလုံးလုံး အာရုံစူးစိုက်ပြီး ရေးခဲ့တာပါတဲ့ ... ဒါပေမယ့် ပန်းမန္တ မဂ္ဂဇင်းရဲ့ ကလေးကဏ္ဍတာဝန်ခံ မေဦးဟာ ဆုံးအောင် တောင် ဖတ်ခဲ့ပုံမရပါဘူးတဲ့ ... ထားပါလေ ... ဒါက သူ့မပြောဘဲ ဥစ္စာ ... "

"သူဆိုလိုတာက ဒီလိုလေ မေဦး တကယ်လို့သာ မေဦးက လူမမာကိုငဲ့ညှာပြီး ခုလိုတုံးတိကြီးစာမပြန်ဘဲ နှစ်သိမ့်အားပေးတဲ့သဘောမျိုး ရေးသင့်ပါတယ်တဲ့ ... တကယ်တော့ မြသီတာဟာ မေဦးဆီက အဖြေကိုစောင့်ရင်း အသက်ရှင်နေရှာတာပါတဲ့ ... အဲ ... မေဦးဆီက စာလည်းလာရော သူ့မျှော်လင့်ချက်တွေကိုရော ... သူ့ဘဝကိုရော ... အို ... နောက်ဆုံးသူ့အသက်ကိုတောင် စွန့်လွှတ်သွားတော့တာပါ



ပဲတဲ့ ... ဒါကြောင့် သူကလည်း ... "

ခင်မေဦး ဆက်လက်နားထောင်နိုင်စွမ်း မရှိပါလေတော့။ ရင်သည် မွန်းကြပ်, ဆို့နစ်လာသည်။ ဦးအေးမြင့်ထွန်းအား တုန်ရီနေသော နှုတ်ခမ်းလွှာများကြားမှ အားယူဟန့်တားလိုက်မိသည်။

"တော်ပါတော့ ... မေဦးသဘောပေါက်ပါတယ် ... ဒီဖြစ်ရပ်အတွက် မေဦးမှာတာဝန်ရှိတယ်ဆိုတာ မေဦးဝန်ခံပါတယ်"

တစ်ဘက်မှ ဦးအေးမြင့်ထွန်း၏ သက်ပြင်းချသံကို ကြားလိုက်ရသည်။ ပြီးမှ ...

"ဇော်မိုးထက်က ပြောသေးတယ် ... မေဦး မေဦးဆီကို နောက်ဆုံးစာတစ်စောင်သူပို့ထားပါတယ်တဲ့ ... ဒီတစ်ကြိမ်ဟာနောက်ဆုံး ဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ သူ့ကိုဖမ်းမိကြတော့မယ်ဆိုတာ သူသိပါတယ်တဲ့ ... ဒါပေမယ့် သူဂရုမစိုက်ပါဘူးတဲ့ ... အင်းလေ ... ခုချိန်ကျမှတော့ အားလုံးကိစ္စတွေ ပြီးသွားပြီပဲ ... မေဦးစိတ်အေးလက်အေးသာနေပါတော့ ... "

တစ်ဘက်မှ ဖုန်းကိုချမည့်ဆဲဆဲ ခင်မေဦးကမေးခွန်းတစ်ခုကို ကပျာကယာ မေးလိုက်မိပါလေသည်။

"သူဟာ မေဦးသိတဲ့လူထဲကပဲလား ... ဦးအေးမြင့်ထွန်း"

"ဖြစ်နိုင်ပါတယ် ... မေဦးအနည်းဆုံးတော့ မေဦးသူ့ကိုသေ တောင် မြင်တော့ မြင်ဖူးနေမှာပါ ... သူက မေဦးမရွှေစေး တိုက်ကနေ အိပ်အပြန် အနော်ရထာလမ်းပေါ်က 'စီတော ဆေးပစ္စည်း အရောင်းဆိုင်' မှာဝင်လုပ်နေပါတယ် ... တဲ့ ဒီတော့ မေဦးသူ့ကိုသိလောက်ပါတယ် ... "

ခင်မေဦး ဘာစကားမှမပြောဆိုမိပါလေတော့ ... တယ်လီဖုန်းကို ပွက်ခနဲ ပုခက်ပေါ်ဆောင့်ချလိုက်သည်။

တဒင်္ဂမျှတော့ ... မလှုပ်မရှားဘဲ ငြိမ်သက်နေမိ သည်။ ငုတ်တုတ်ထိုင်နေမိသည်။ အသီးအာရုံသည် တစ်စုံတစ်ခုကို နှိုးဆွလာဘိသကဲ့သို့ရှိသည်။

ဆတ်ခနဲ လက်ကိုင်အိတ်ကိုဖွင့်လိုက်သည်။ အထဲမှ မျက်စဉ်းပုလင်းကို ထုတ်ယူလိုက်သည်။ စက္ကူပတ်တွေကို ခက် သွက်သွက်ဆွဲခွာလိုက်မိသည်။

လက်ကိုင်ပဝါတစ်ထည်သည် စားပွဲပေါ်မှာဖြန့်ကျ လျက်သား ရှိနေသည်။ ပုလင်းဖုံးကိုဖွင့်လိုက်သည်။ အထဲမှ ဆေး ရည်အနည်းငယ်ကို လက်ကိုင်ပဝါပေါ်လောင်းချလိုက်သည်။

ပဝါဖိတ်သားသည် အစတော့ ဆေးရည်တို့ဖြင့် စွန်းထင်း၊ စိုရွှဲသွားသည်။ ကြည့်နေရင်းမှာပင် တဖြည်းဖြည်းဘော သို့ အပြန့်ကျယ်လာသည်။



ခင်မေဦး မျက်တောင်မခတ်စတမ်း စောင့်ကြည့်နေ သည်။ ပဝါပေါ်မှ ဆေးရည်ကွက်တို့ ပျောက်သွားသည်။ သိသင်းနေရာ မှာ 'ကျပ်ပြားဝိုင်းခန့်အပေါက်ကလေး' ဖြစ်သွားသည်။ ဆေးရည် တွေက ပဝါ၏အောက်ဖက် စားပွဲမျက်နှာပြင်ကိုပင် ဖောက်စား သွားခဲ့ပါပြီကော။

ဖျတ်ခနဲ 'တာရာ' ကဗျာ၏နောက်ဆုံးပိုဒ်ကို အမှတ် ရလိုက်သည်။

**"ကောင်းကင်မှာ တစ်ယောက်တည်း**
**တာရာတစ်ယောက်တည်း။**
**အင်္ဂါကလည်း မစုံရှာ**
**မျက်လုံးတစ်လုံးတည်းတင်ပါ ... "**

ထိတ်လန့်တုန်လှုပ်မိခြင်းသည်ဆိုဖွယ်ရာမရှိပါလေ တော့။ ပကတိကြယ်သဘော ငေးကြည့်နေမိသည်။ ငိုင်တွေနေမိ သည်။

လူသည် ကိုးကွယ်ရာမဲ့လာဘိသို့ရှိသည်။ အထီးကျန် ခြင်းသည် ဝိုဝိုပေါ်လွင်လာဘိသို့ ရှိသည်။

တယ်လီဖုန်း ဂဏန်းကွက်ကလေးတွေကို အားယူ နှိပ်လိုက်သည်။

တစ်ဘက်မှပြန်ထူးသံကိုပင် ခင်မေဦးမစောင့်နိုင်

လေတော့။ ကသောကမြောပင် စကားပြောခွက်ထဲသို့ စကား

တွေ ဒလဟော သွန်ထည့်ပစ်လိုက်သည်။

"ကိုဖြိုးလား ဟင် ... မေဦးပါ ... ညစာစားဖို့ မေဦးကို

ခေါ်နိုင်မလားလို့ မေဦးလေ ... မေဦး ... ကိုဖြိုးအလာ

တိုက်ရှေ့ကနေစောင့်နေမယ် ... ဟုတ်လား ... "

ထားဝရသစ္စာတည်လ

တဏှာသိုလ်လှန်မြ

၂၀၀၄ခု၊ စက်တင်ဘာလ ၂၈ရက်၊ အဂ



## အမှတ်(၅)

**THE GRASS QUIVERS BY**

**MICKINLAY KANTOR**

ကျော်စောဟိဏ်း (မြန်မာပြန်)

စေတ်သစ်ဂန္ထဝင်မှခင်းဝတ္ထု

# မြက်ခင်းစိမ်းစိမ်းအောက်မှာ

ကျွန်တော်တို့သည် ဆောင်းနှင်းငွေဦးရာသီ၏ ပူနွေးသော နေရောင်ခြည်အောက်တွင် မြေကြီးတူးနေကြပါသည်။ မြေကြီးတူနေသည်မှာ ဆယ်မိနစ်ခန့်ရှိသောအခါ နောက်ဆုံးတွင် ကျွန်တော့်ပေါက်တူးအသွားသည် မာကျောသောအရာတစ်ခုကို သွားထိမိတော့သည်။ ‘နောက်ဆုံးတော့ လူသတ်မှုကို ဖော်ထုတ်နိုင်ခဲ့ပါပြီ’ ဟု ဒေါက်တာက ထိုစကားတစ်ခွန်းသာပြောပြီးနောက် ဘာမျှဆက်မပြောတော့ပေ။

၁၉၂၁ ခုနှစ် အေးချမ်းသော ဆောင်းနှောင်းရာသီ တစ်နေ့လယ်ခင်းဖြစ်သည်။ ကျွန်တော် ရုံးခန်းထဲတွင် ဒေါက်တာ နှင့်ကျွန်တော်တို့ ထိုင်နေခဲ့ကြသည်။

"အခြေအနေကောင်းရဲ့လား' ဟု ဒေါက်တာက မေးသည်။

"သိပ် အဆင်မပြေလှပါဘူး ... "

"ဟုတ်တယ် သိပ်စိတ်လှုပ်ရှားစရာမရှိဘူး ... "

ဒေါက်တာက ထောက်ခံပြောဆိုသည်။ ထို့နောက် သတင်းစာပို့သူ လူငယ်လေး ပစ်တင်သွားသော ကော်တွန်နီဂုဒ် ဟာရယ် သတင်းစာကို ဖတ်နေလေသည်။

ထို့နောက် အာဗားဒေး အစီအစဉ်ကို အသံထွက်ဖတ် နေလေသည်။

ကျောင်းသားများသည် စစ်အတွင်းက သေဆုံးခဲ့ သော ကလေးများကို သတိရသောအနေဖြင့် သစ်ပင်များစိုက်ကြ မည်ဖြစ်သည်။ သူတို့သည် အမေရိကန်အယ်လင်သစ်ပင်များကို လယ်သမား လုဝစ္စဗီလဆင်၏ လယ်ကွင်းထဲတွင် စိုက်မည်ဖြစ် သည်။ ဗီလဆင်သည် သစ်ပင်စိုက်ရန် သူ့မြေတစိတ်တစ်ပိုင်းကို လှူမည် ဖြစ်သည်။ သစ်ပင်များအား မြစ်ဘေး ရှိတောင်ကုန်းပေါ် တွင် စိုက်မည်ဖြစ်သည်။ ထိုနေရာမှကြည့်လျှင် မြို့ကိုအပေါ်စီး မြင်ရ



မည်ဖြစ်သည်။ ထိုနေရာမှာ အထိမ်းအမှတ် သစ်ပင်စိုက်ရန် အလွန် သင့်လျော်လှသည်။

"အခမ်းအနားကို နေ့လယ် (၂) နာရီတွင် စမည်ဖြစ်သည်။ မြို့လူထုအားလုံးကို တက်ရောက်ရန် နိုးဆော်ထားသည်။ b u fw p&u wi faw rf Sတုန်းတော်ကြီး ဂျေမက်ဒလော က တရားချီးမြှင့်မည် ... "

ဒေါက်တာက သူ၏ ဖြူရော်မုတ်ဆိတ်ကို သပ်ရင်း ရယ် နေလေသည်။ 'မတော်တဆမှု ဖြစ်လိုက်၊ လူတွေသေ လိုက်၊ ဘုန်းကြီးက တရားဟောလိုက်၊ လက်ထပ်လိုက်၊ မွေးဖွား လိုက်၊ သေဆုံးလိုက် ဘဝဆိုတာ ဒီလိုပါပဲ"

ကျွန်တော်သည် ဘာမှအဓိပ္ပာယ်မရှိဘဲ ရောယောင် ရယ်နေမိပါသည်။ ထို့နောက် လူသတ်မှုသတင်းများမှာ စိတ်ဝင်စား စရာကောင်းကြောင်း ပြောမိပါတော့သည်။

ဒေါက်တာသည် ကျွန်တော့်ဆန္ဒကို အလေးထား သည့်အနေဖြင့် တိတ်ဆိတ်စွာတွေးနေလေသည်။ 'လူသတ်မှု၊ စစ် မဖြစ်ခင်က မက်စီကန်တစ်ယောက်ဟာ သူ့ဇနီးကို ဓားနဲ့ထိုးသတ်ခဲ့ ဖူးတယ်။ အဲ့ဒီနောက် စိတ်မနှံ့တဲ့ လယ်သမားတစ်ယောက်ဟာ သူ့အိမ်နီးချင်းကို သေနတ်နဲ့ပစ်သတ်ခဲ့ပြန်တယ်။ ကျုပ်မှတ်မိသမျှ တော့ ဒီလောက်ပါပဲ၊ ၁၈၆၁ ခု နောက်ပိုင်းမှာ အဲ့ဒီအမှုနှစ်မှုပဲ

ဖြစ်ခဲ့တယ် ... "

"၁၉၆၁ ခုနှစ်ကျတော့ ဘယ်သူအသတ်ခံခဲ့ရသေးလဲ ..."

ကျွန်တော်က ပေါ့ပေါ့ဆဆမေးလိုက်ပါသည်။

ဒေါက်တာသည် မုတ်ဆိတ်ကို လက်ဖြင့် သပ်နေပြီ ၏။ အတန်ကြာမှ လည်ချောင်းရှင်းပြီး ပြောပြသည်။

"ကျုပ်အဖေနဲ့ အစ်ကိုတို့ အသတ်ခံခဲ့ရတယ် ... "

'အို' ကျွန်တော် ဘာပြောရမှန်းမသိအောင် အားနာသွားသည်။

"ကျွန်တော် ဝမ်းနည်းပါတယ် ဒေါက်တာ"

"ကိစ္စမရှိပါဘူး ... အချိန်တွေကြာခဲ့ပါပြီ ... အဲဒီအချိန်က ကျုပ် ကလေးဘဝပဲ ရှိသေးတယ် ... "

ကျွန်တော် သိလိုစိတ်ပြင်းပြလာပါသည်။

"ပြောပြနိုင်ရင် အသေးစိတ်ပြောပြပါ ဒေါက်တာ ... "

ဟု တောင်းပန်လိုက်ရ သည်။

"အို ပြောပြနိုင်ပါတယ် ... ကဲ ... အေးအေးဆေးဆေးထိုင်ပြီး နားထောင်ပါ"

ထို့နောက် ဒေါက်တာသည် သူ့မီးခြစ်ကိုထုတ်သည်။ ဆေးလိပ်ကို မီးညှိပြီး မီးခိုးများ တထောင်းထောင်းထွက်၍အောင် ဖွာနေလေတော့သည်။ ပြီးမှ ...



"ကျွန်တော့်အစ်ကို တိုင်းတပ်(စ်)ဟာ ကျွန်တော့်ထက် အသက်တော်တော်ကြီးတယ် ... လူငယ်ဘဝမှာအဖော် တချို့နဲ့အတူ အနောက်ပိုင်းကို ထွက်သွားတယ် ... ၁၆၈၁ ခု နွေဦးပေါက်မှာ အိမ်ကို ပြန်လာတယ် ... "

"သူနဲ့အတူ ဒေါ်လာ (၇၀၀၀) တန်ဖိုးရှိတဲ့ ရွှေတွေပါလာတယ် ... အဖေနဲ့တိုင်းတပ် (စ်) တို့ဟာ ရွှေတိုကို ဟီး (လ်) မင်းကို ယူသွားဖို့ ဆုံးဖြတ်လိုက်ကြတယ် ... အဲ့ဒီမှာ ဘဏ်တိုက်ရှိတယ် ... ရွှေတွေကို အိမ်မှာ ... မထားရဲကြဘူး... "

"သူတို့ဟာ သတိထားကြပါတယ် ... အစီအစဉ်ကို ဘယ်သူကိုမှ မပြောခဲ့ဘူး ... ပတ်ဝန်းကျင်က လူတွေမရိပ်မိအောင် ညဘက်မှာ ထွက်သွားကြတယ် ... ရွှေသေတ္တာကိုလှည်းပေါ်တင်ပြီး အပေါ်က တက်ထိုင်ကြတယ် ... တိုင်းတပ်ရဲ့ ခါးမှာ ခြောက်လုံးပြူးချိတ်ထားပြီး ပေါင်ပေါ်မှာ ရိုင်ဖယ် တစ်လက်ကို ကန့်လန့်ဖြတ်တင်ထားတယ် ... "

ဒေါက်တာသည် သူ၏ ဆူဖြိုးသောခန္ဓာကိုယ်ကို ကုလားထိုင်ပေါ်တွင် အနေအထားပြင်လိုက်ပြန်သည်။

"အဲဒါဟာ သူတို့ကို ကျွန်တော် နောက်ဆုံးမြင်လိုက်ရတာပဲ ... "

"သူတို့ခရီးထွက်သွားပြီးနောက် ဒုတိယနေ့ညနေမှာ ဆော့(တ်)ကရစ်က လယ်သမားတစ်ယောက်ဟာ ကျွန်တော်တို့ အိမ်ရှေ့ကို မြင်းနဲ့ရောက်လာတယ် ... အဲ့ဒီလူက ကျွန်တော်တို့လှည်းကို လစ်တယ်(လ်)ဟီး(လ်)စလောက် အနီးက မိုးမခတောအုပ်ထဲမှာ မြင်ခဲ့ရတဲ့အကြောင်း၊ မြင်းတွေဟာ လှည်းကိုတောထဲမှာ လှည့်ပတ်ဆွဲနေကြောင်း ဒါပေမယ့် တောအုပ်ထဲက ထွက်လို့မရ ကြောင်း လှည်းပေါ်မှာလူမတွေ့ရကြောင်း ပြောပြတယ်"

ဒေါက်တာသည် အတန်ကြာအောင် စကားမဆက်ဘဲ ရပ်နေလေသည်။ အခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။

"အဲ့ဒီညမှာ ကျွန်တော်တို့ အိမ်နီးချင်းတွေဟာ လစ်တယ်(လ်)စလောက်ကို လိုက်သွားကြတယ်.... ဆာလောင်နေတဲ့မြင်းတွေကို မိုးမခတောထဲမှာ တွေ့ကြတယ် မြင်းကကြိုးတွေနဲ့ မိုးခမပင်တွေငြိနေတာ တွေ့ရတယ်"

"ကျွန်တော်ဟာ အမေနဲ့ညီမလေးတွေကို လှည်းနဲ့တင်ပြီး အိမ်ကိုပြန်လာခဲ့တယ် ... လမ်းမှာ အမေကပြောပါတယ် ကိုရော်ကို သူတို့အသတ်ခံရတယ်ဆိုရင် သူတို့ကိုသတ်တဲ့ လူကို မင်းတွေ့အောင်ရှာပါ ... ငါ့ကို ကတိပေးပါလို့ ပြောတယ် ကျွန်တော်ငိုနေမိတယ် ... ငိုနေရာကပြောလိုက်မိတယ် ...



ဟုတ်ကဲ့အမေ ... ကျွန်တော်ကတိပေးပါတယ် ... သူတို့အသတ်ခံရမယ်ဆိုရင် သတ်တဲ့လူဟာ တစ်ယောက်တည်း မဖြစ်နိုင်ဘူး ... ဘယ်သူမှ တိုင်းတပ်(စ်)ကို တစ်ယောက်ချင်းမယှဉ်နိုင်ဘူး ... "

အမှောင်ရိပ်တွင် ထိုင်နေသော ဒေါက်တာ၏မျက်နှာကိုကျွန်တော် မမြင်ရပါ။ သူက ဆက်ပြောလေသည်။

"ကျွန်တော်နဲ့ အိမ်နီးချင်းတွေဟာ အဲ့ဒီနေရာကိုပြန်သွားပြီးမြစ်ထဲမှာ အစုံအဆန်ရှာဖွေခဲ့တယ် ... ကော်တွန်ဝု(ဒ်) ပတ်ဝန်းကျင်မှာ ရှာခဲ့တယ် ... အိ(စ်)ဖို့(ဒ်)မှာလည်းရှာခဲ့တယ် ... ဘာမှမတွေ့ခဲ့ရဘူး ... လှည်းပေါ်မှာ သဲလွန်စတစ်ခုတော့ တွေ့ခဲ့တယ် ... အဲ့ဒီအချက်ကြောင့် သူတို့သေပြီဆိုတာ ကျွန်တော်တို့ အသေအချာသိလိုက်တယ် ... ထိုင်ခုံရဲ့နောက်ဘက် လှည်းကြမ်းပြင်ပေါ်မှာ ချောက်သွေ့နေတဲ့သွေးကွက်တွေ့ရတယ် ... လက်ဝါးတစ်ဝက်လောက်ပဲကျယ်တယ် ... သူတို့ဟာ လှည်းပေါ်က သေနတ်နဲ့ပစ်ချတာခံရတယ်ဆိုရင် အခုထက်ပိုပြီး သွေးကွက်တွေရှိမယ် ... ပြီးတော့ ... မြင်းတွေဟာ သေနတ်သံကြားရင် လှည်းကိုအတင်းဆွဲပြေးကြလိမ့်မယ် ... လူသတ်သမားတွေဟာ အလောင်းတွေကို မြစ်ထဲမှာဖျောက်ဖျက်ပစ်တယ်လို့ ယူဆ

ကြတယ် ... ကျွန်တော်ကတော့ အဖေနဲ့ တိုင်း တပ်(စ်)တို့ဟာ ထူးဆန်းတဲ့နည်းနဲ့ အသတ်ခံရပြီး အလောင်းတွေကို မြေမြှုပ်ထားတယ်လို့ ယုံကြည်နေတယ် အနီးပတ်ဝန်းကျင်မှာ ရက်သတ္တပတ်တိတိ ရှာခဲ့ပေမယ့် ဘာမှမတွေ့ခဲ့ရဘူး နောက်ဆုံးလက်လျှော့လိုက်ရတော့တယ် ... နောက်ထပ် ဘာမှ ရှာမတွေ့တော့သလို ဘာသ တင်းမှလည်းမကြားရတော့ဘူး ... ကျွန်တော်ကတော့ လပေါင်းများစွာဆက်ပြီး ရှာနေခဲ့ပါတယ် ... **အီလီရီ ဘယ်(လ်)**က ကျွန်တော့်ကိုကူညီပါတယ် ... "

"အီလီရီဘယ်(လ်)ဆိုတာ ဘယ်သူလဲ . "

ကျွန်တော်မေးလိုက်မိပါသည်။

ကြမ်းပေါ်တွင် ဒေါက်တာ၏ ရှူးဖိနပ်ရာများထင်ရှားစွာ ပေါ်နေလေသည်။

"ဒီနေ့ ခင်ဗျား ချက်တစ်စောင်ကို ငွေသွားထုတ်တယ်မဟုတ်လား ... ဘယ်မှာငွေထုတ်သလဲ ... "

သူ ဘာဆိုလိုသည်ကို ကျွန်တော်သဘောမပေါက်ပါ။

"လမ်းတစ်ဘက်က ဘဏ်တိုက်မှာ ... "

"အဲ့ဒါ အီလီရီဘယ်(လ်) ပေါ့ ... ပြီးတော့ ခင်ဗျားစိတ်ကြိုက်



အခန်းတစ်ခုကိုရှာမတွေ့ခင် ဘယ်မှာနေသလဲ ... "

"ဘာဆိုလိုတာလဲဒေါက်တာ... ဂိုဘဲ(လ်)ကိုတယ်မှာတည်းမယ် ... "

ဒေါက်တာက ခပ်တိုးတိုးရယ်နေလေသည်။

"ဒီမြို့မှာရှိတဲ့ လုပ်ငန်းတိုင်းကို ဂိုဘယ်ပိုင်တယ် ... သူဟာ ၁၈၅၉ ခုနှစ်မှာ ဒီကိုရောက်လာတယ် ... အီလီဆိုတာ သူ့နာမည်အမှန်မဟုတ်ဘူး ... သူ့မိတ်ဆွေ အိုဟိုင်အိုးက ပြန်လာတဲ့အကြောင်းကို သူကြားတယ် ... ဒီပြင်တော့ ဘာမှမသိဘူး ... ၁၈၄၀ ခုနှစ်လောက်က သူ့မိသားစုဟာ မင်းဘယ်လီမှာ ရက်ရက်စက်စက် အသတ်ခံခဲ့ရတယ် ... သူ့ကိုလည်း အင်ဒီယန်တွေဖမ်းသွားတယ် ... သူ့အသက် (၁၆) နှစ်အထိ ဆီအောက်နဲ့အတူ နေခဲ့ရတယ် ... အင်ဒီယန်တစ်ယောက်လို စကားပြောနိုင်တယ် ... တချို့က သူ့ကို အင်ဒီယန်သွေးပါတယ်လို့တောင် ယူဆကြတယ် ... မဟုတ်ပါဘူး ... သူဟာ အင်ဒီယန်တွေဆီက တတ်ခဲ့တဲ့ခြေရာကောက်နည်းကို အသုံးပြုပြီး ရှာဖွေခဲ့တယ် ... ဒါပေမယ့် အကျိုးမရှိခဲ့ပါဘူး ... "

"သူ အခု အရမ်းချမ်းသာနေပြီပဲ ... "

ကျွန်တော်ပြောလိုက်သည်။

ဒေါက်တာက သက်ပြင်းချသည်။ မီးခလုတ်ကို လှည့်ပိတ်ရှာနေသည်။

"အီလီရိဘယ်(လ်) ကို ခင်ဗျား သံသယမဝင်ဘူးလား"

ဒေါက်တာက ခပ်တိုးတိုးရယ်နေလေသည်။

"ဘယ်သူမှ ဒီလိုလုပ်မယ်လို့ ကျွန်တော် အစကမထင်ခဲ့ဘူး အဲ့ဒီအဖြစ်အပျက်နောက်ပိုင်းမှာ နှစ်အတော်ကြာတဲ့အထိ သူ့မှာ ခြူးတစ်ပြားမှ မရှိခဲ့ဘူး ... မကြာခင် စစ်ထဲဝင်သွားတယ် ... ၁၉၆၇ ခုနှစ်အထိ ပြန်မလာဘူး ... စစ်တပ်ထဲမှာ တာဝန်ထမ်းဆောင်ရင်း လူတစ်ယောက်နဲ့ အဆက်အသွယ်ရပြီး သူ့မိသားစု အကြောင်းကို စုံစမ်းခဲ့တယ် ... နောက်ဆုံး သူအောင်မြင်ခဲ့တယ် ... အိုဟိုင်းအိုးမှာ သူ့မိသားစုနဲ့ ပြန်တွေ့တယ် ... သူရတဲ့ငွေကို ဒီမြို့ကိုယူလာပြီး စံနစ်တကျ ရင်းနှီးမြှုပ်နှံတယ် ... တိုးပွားအောင်လုပ်တယ် ... လုပ်ငန်း လုပ်တဲ့အခါမှာ ဂိုဘဲ(လ်)ဆိုတဲ့ အမည်ကို ဆက်သုံးတယ် အခုသူ့အသက်သုံးဆယ်ရှိပြီ ဒီနယ်မှာ အချမ်းသာဆုံးနဲ့ စံနစ် အကောင်းဆုံး လူဖြစ်နေပြီ ... သူဟာ လွတ်လပ်ရေးနတ် ဘုရားကိုတောင် ငွေတစ်ပြားတစ်ချပ်မှ လျှုမှာ မဟုတ်ဘူး"

မီးဖွင့်လိုက်သဖြင့် ထိန်လင်းသော လျှပ်စီးမီးရောင် သည်။ ပရိဘောဂများပေါ်သို့ ဖြာကျနေလေသည်။ ဒေါ်မာတင်



ဒေး(လ်)သည် အခန်းအလယ်တွင် ရပ်နေလေသည်။

သူက ခေါင်းကိုညိတ်နေလေသည်။

"ဒါပေမယ့် ဒါဟာ တကယ့်လျှို့ဝှက်ဆန်းကျယ်တဲ့ အဖြစ်မှန် ပါ ... လွန်ခဲ့တဲ့နှစ်ပေါင်း ခြောက်ဆယ်ကျော် နွေဦးပေါက်က ဖြစ်ပွားခဲ့တယ်လေ ... "

ကျွန်တော်တို့သည် ဦးထုပ်များဆောင်းကြပါသည်။ ဒေါက်တာ မာတင်ဒေး(လ်)က မိုးကာအင်္ကျီဟောင်းကို ဝတ်ထားသည်။ တယ်လီဖုန်းသံမြည်လာသဖြင့် သူကောက်ကိုင်ပြီး နားထောင်လေသည်။

"ဒေါက်တာ မာတင်ဒေး(လ်) စကားပြောနေပါတယ် "

"ကောင်းပါပြီ ... "

တယ်လီဖုန်းစကားပြောနေရင်း ကျွန်တော့်ကိုမော့ကြည့်သည်။

"ခင်ဗျား ကျွန်တော်ပေးတဲ့ ဆေးကိုစားတယ် မဟုတ်လား ဟုတ်တယ် အခု အိမ်ပြန်ဖို့ ပြင်ဆင်နေပြီ ဟုတ်ကဲ့ ဝင်ခဲ့မယ်လေ ... "

တို့နောက် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

"အီလီဂိုဘယ်ဆီကပါ သူ့နှလုံးရောဂါ ပြန်ထနေတယ် ... စိုးရိမ်စရာတော့ မရှိပါဘူး ... ဒီလို မကြာခဏဖြစ်နေကျပါ မဖြစ်တဲ့အချိန်မှာ သူလျှောက်သွားနေတာပဲ ... ကျွန်တော်

တို့ သူ့ဆီဓာတ်ဝင်ကြည့်ကြမယ် ... "

ဂိုဘယ်(လ်)၏ နေအိမ်မှာ လမ်းမကြီးနံ့ ဘေးတွင်ရှိ လေသည်။ ကားဖြင့်သွားလျှင် ခဏသာမောင်းရလေသည်။ ကျွန် တော်တို့ကိန်ဘေးကျောင်းလမ်းအတိုင်း လျှောက်လာကြပါသည်။ ပြတင်းပေါက်မှ လျှပ်စစ်မီးရောင်များတိုးထွက်နေလေသည်။

"အီလီ သူ့အခန်းမှာ ရှိမရှိ ခင်ဗျားကို ပြောနိုင်တယ် ... သူ အပြင်ထွက်နေရင် လျှပ်စစ်မီးတွေ ပိတ်ထားလေ့ရှိတယ်"

အဘိုးကြီးသည် ခေါင်းအုံးကိုမှီ၍ ကျွန်တော်တို့ကို ကြည့်နေလေသည်။ မျက်ခုံးမွေးများဖြူနေပြီး ချက်တွင်းများချိုင့် ဝင်နေသည်။ အသက်ကိုပြင်းစွာ ရှူနေသည်။

"နေကောင်းရဲ့လား အီလီ ... သူက ဒေါက်တာ ပါကာဆန် ပါ ... "

အဘိုးကြီးက ကျွန်တော့်ကို ညှိုးငယ်စွာ ကြည့်နေ လေသည်။

"သိပ် မကောင်းလှဘူး ... "

ဂိုဘယ်(လ်)က လေသံသဲ့သဲ့ဖြင့် ဖြေရှာသည်။

"ဒီရောဂါဟာ ကျုပ်ကို ဒုက္ခပေးလိမ့်မယ်ထင်တယ် ... "

မာတင်ဒေး(လ်)က သူ့ဆေးအိပ်ကို ဖွင့်နေလေ သည်။

"စိုးရိမ်စရာမရှိပါဘူး ... အီလီ ကျွန်တော်တို့ ပျောက်အောင်



ကုပေးနိုင်ပါတယ် ... "

ထို့နောက် လူနာကို စမ်းသပ်စစ်ဆေးတော့သည်။

"မကြာခင် နေကောင်းသွားလိမ့်မယ် ... အီလီ ကောင်း ကောင်းအိပ်လိုက်ပါ ... "

အဘိုးကြီးက ဗလုံးဗထွေးဖြင့် စကားပြန်ပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။ ကျွန်တော်တို့သည် မှောင် နေသော လှေကားမှ ဆင်းလာပြီးနောက် ကျယ်ဝန်းသော ခန်းမ ကြီးကိုဖြတ်၍ အိမ်ရှေ့ပေါက်မှ ထွက်လာခဲ့ကြပါသည်။

ထိုနေ့က ... ကျွန်တော်နှင့်ဒေါက်တာ မာတင် ဒေး(လ်)တို့သည် လူနာအိမ်များကို လှည့်လည်ကုသကြပြီး ညနေ (၄) နာရီတွင် အလုပ်ခန်းသို့ ပြန်လာခဲ့ကြပါသည်။ နေ့လယ်ခင်းက လူနာမိန်းကလေးတစ်ယောက်အား အရေးပေါ် ခွဲစိပ်ကုသခဲ့ကြရ သေးသည်။ ထို့ကြောင့် ကော်ဖွန်ဝု(ဒ်) မြို့နှင့် တစ်နေ့လုံးအဆက် ပြတ်သလို ဖြစ်နေခဲ့ပါသည်။

ကျွန်တော်တို့သည် မာတင်ဒေး(လ်)၏ ကားဖြင့် ပြန်လာခဲ့ကြသည်။ စားပွဲပေါ်တွင် ရှေ့ပိုင်းစာမျက်နှာတစ်ခုလုံး အနက်ရောင်စာလုံးများဖြင့် ပြည့်နက်သော ကော်ဖွန်ဝု(ဒ်)ဟာ ရယ် သတင်းစာကို တွေ့ရပါသည်။

<u>အီလီဂိုလာယ်(လ်)က ပန်းခြံကို လှူဒါန်းခြင်း</u>

<u>ဤမြို့တွင် အကြီးဆုံးစီးပွားရေးလုပ်ငန်းရှင်နှင့် ရှေး</u>

<u>ဦးအခြေချနေထိုင်သူက အမှတ်တရ ဖြစ်စေမည့် လုပ်ငန်းလုပ်ရ ဆုံးဖြတ်လိုက်ပြီ။</u>

ယနေ့ နေ့လယ်တွင် မြို့ကောင်စီရုံးတွင် အထူး အစည်းအဝေးပြုလုပ်သည်။ ထိုအစည်းအဝေးတွင် အီလီဂိုဘယ် လှူဒါန်းသော ကေသုံးဆယ်ရှိ သစ်တောကို လက်ခံရန် ဆုံးဖြတ် လိုက်ကြသည်။ အီလီဂိုဘယ်သည် ပြည်တွင်းစစ်တွင် ပါဝင်တိုက် ခိုက်ခဲ့သော စစ်သားဟောင်းဖြစ်သလို ဤမြို့တွင် အစောဆုံးနေထိုင် အခြေစိုက်ခဲ့သူလည်း ဖြစ်သည်။ ထိုသစ်တောအား ဂိုဘယ်(လ်) မီမိုနီရယ်ပါ့(က်) ဟု အမည်ပေးမည်ဖြစ်သည်။

မစ္စတာဂိုဘယ်(လ်) မကျန်းမာသောကြောင့် ယခုမှ လှူဒါန်းဖြစ်ခြင်းဖြစ်သည်။

ကရိုကာက်ကောင်တီမှ အထိမ်းအမှတ် သစ်ပင်များ ကို ထိုသစ်တောတွင် စိုက်ရန် အဆိုပြုထားလေသည်။ ထိုသို့ဆိုပါက မူလအစီအစဉ်ကို အမြန်ဆုံးပြောင်းရမည်ဖြစ်သည်။ မူလအစီအစဉ်မှာ သစ်ပင်များကို ကွန်ဖျစ်နီဘေး၊ လယ်သမားလုဝစ္စဗီလဆင်၏ မြေကွက်အတွင်း မြောက်ဘက်တောင်ကုန်းပေါ်တွင် စိုက်ရန်ဖြစ် သည်။

မနက်ဖြန် နေ့ခင်း(၂)နာရီတွင် မြို့တော်ခန်းမရှေ့ ကွက်လပ်တွင် လူစုပြီးနောက် အရှေ့ပိုင်းတံတားကိုဖြတ်၍ ပန်းခြံ



သစ်သို့ သွားကြမည်ဖြစ်သည်။ ပန်းခြံသစ်တွင် အားမားဒေး အခမ်း အနားကို တရားဖွင့်မည်။ ဘုန်းတော်ကြီး ဂျေဟာက်ဒလေဗီလျံက တရားဟောပြီးနောက် ကော်တွန်ဝု(ဒ်)မြို့ တီးဝိုင်း ...

ကျွန်တော်တို့သည် သတင်းစာကို စားပွဲပေါ်တွင် ဖြန့်ချပြီး အတူဖတ်ကြသည်။

"ဒါဟာ အီလီရဲ့ ဘဝမှာ ပထမဆုံး အလှူဒါနဖြစ်တဲ့အတွက် မှတ်တမ်းတင်ရမယ် ... အဲ့ဒီမြေပေါ်က ဘာအကျိုးအမြတ်မှ ရဖို့မရှိလို့ လှူဒါန်းတာလည်း ဖြစ်နိုင်တယ် ... သူဘာ ကြောင့် လှူသလဲဆိုတာကို ကျွန်တော် တွေးကြည့်မိတယ် နာမည်ကြီးချင်လို့လား အီလီဟာ ကျော်ကြားမှုကို ဂရုစိုက် တဲ့လူစားမျိုး မဟုတ်ဘူး ... အယ်ဒီတာနိုလင်း(စ်) ရေးထားမှု ကို ဖတ်ကြည့်ပါဦး ... ကရိုက်ကာက်ကောင်တီရဲ့ ဂုဏ်သရေ ရှိလူကြီးမင်းတဲ့ ... ဒါဆို သတင်းစာကို အီလီဆီမှာ အပေါင် ထားရတာ သေချာတယ် ... "

ထိုအနိုက် လူနာနှစ်ယောက်ရောက်လာသဖြင့် ကျွန်တော်အလုပ်များကြရပြန်သည်။ တစ်နာရီခန့်ကြာပြီးနောက် လှမ်းကြည့်သောအခါ ဆုံလည်ကုလားထိုင်တွင် ထိုင်နေသော ဒေါက်တာ မာတင်ဒေး(လ်)ကိုတွေ့ရပါသည်။ ကော်တွန်ဝု(ဒ်)ဟာ ရယ်သတင်းစာကို ဆက်ဖတ်နေဆဲဖြစ်သည်။

နောက်တစ်နေ့ နံနက်ငါးနာရီခွဲတွင် ဒေါက်တာမာတင်ဒေး(လ်)သည် ကျွန်တော့်အခန်းတံခါးကို လာခေါက်ပြီး အိပ်ရာမှနိုးသည်။ ကျွန်တော်အံ့အားသင့်စွာဖြင့် အိပ်ရာမှထခဲ့ရပါသည်။ သူ့တွင် အရေးကြီးသော ဆေးကုန်သွားသောကြောင့်လည်း မတော်တဆထိခိုက်ဒဏ်ရာရသော လူနာရောက်လာသဖြင့် ကျွန်တော့်ကို လာခေါ်ခြင်းသည်သာ ဖြစ်မည်ဟု ထင်ခြင်းကြောင့်လည်း ဖြစ်ပါသည်။

ကျွန်တော်အဝတ်လဲနေသည်ကို သူထိုင်စောင့်နေသည်။

"ဘာကိစ္စလဲ ... "

မျက်နှာသစ်ရင်း ကျွန်တော် မေးလိုက်ပါသည်။

"တူးဆွစရာရှိလို့ပါ ... "

သူကဖြေပါသည်။

"အုအတက်ပေါက်တာလား ... "

"ဒီလို အရေးကြီးတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး ... "

ဒေါက်တာက ဖြေသည်။ သူကြည့်ရသည်မှာ တစ်ညလုံးအိပ်ခဲ့ရပုံ မပေါ်ပေ။

"တကယ်ကို မြေကြီးတူးရမှာ ... ကျွန်တော်တို့ဘယ်သွား တယ်ဆိုတာကို ဘယ်သူမှမသိစေချင်ဘူး ... ကျွန်တော်တို့



မရှိတဲ့အတွက် လူနာသေရင်လည်း သေပေစေတော့ဗျာ"

သူက ခပ်ပြတ်ပြတ်ပြောလေသည်။ ကျွန်တော်သည် အိပ်ရေးမဝသဖြင့် စိတ်ညစ်နေသောကြောင့် သူ့ကိုအသေးစိတ်မေးမနေတော့ပါ။ ဘာမှလည်း မစဉ်းစားမိတော့ပါ။

ကျွန်တော်တို့နှစ်ယောက် ... ဟိုတယ်ရှေ့ပလက်ဖောင်းပေါ်သို့ ထွက်လာကြပါသည်။ ရပ်ထားသောကားနောက်ခန်းတွင် ပေါက်ပြားနှစ်လက်၊ ဂေါ်ပြားတစ်ခုနှင့် ပေါက်ချွန်းတစ်ခု တွေ့ရပါသည်။

ကျွန်တော် အံ့သြစွာ သူ့ကိုလှမ်းကြည့်မိသည်။

"အထဲဝင် ... "

ဟု သူက ပြောသဖြင့် ဘာမှထပ်မမေးဘဲ ကားထဲဝင်လိုက်ပါသည်။ ဒေါက်တာသည် ကိုစာအီးဗင်းနယူးမြောက်ဘက်သို့ လမ်းမကြီးအတိုင်း ကားကိုမောင်းလာပါသည်။ ထို့နောက် တောင်ကြားကို ဖြတ်ထားသော ဘာလင်တန်တံတားအောက်မှ ဖြတ်လာခဲ့ပါသည်။ မကြာခင် မြို့၏မြောက်ဘက်ကို ဦးတည်မောင်းနေပါတော့သည်။ နောက်ထပ် နှစ်မိနစ်အကြာတွင် ကွန်ကူးမြစ်တံတားကို တစုန်းစုန်းတချိုင်းချိုင်း ဖြတ်မောင်းနေပါတော့သည်။

"ဒါဟာ လုဝစ္စပီလဆင်ရဲ့ စိုက်ခင်းပဲ ... "

ဒေါက်တာက ပြောပါသည်။

"စီဒါ ကျောင်းနားမှာ ကားကွေ့ပြီး တောကိုဖြတ်မောင်းရမယ်ထင်တယ် ... "

ဝါဂွမ်းစိုက်ခင်း၏ အဆုံးသို့ ရောက်သောအခါ ဂေါ်ပြားနှင့်ပေါက်ချွန်းကိုယူပြီး ကားပေါ်မှ ဆင်းလာကြပါသည်။ ဒေါက်တာမှာ မောပန်းစွာအသက်ရှူနေလေသည်။ သူ့မျက်နှာပေါ်တွင် စိတ်အားထက်သန်မှုများ ပေါ်နေပါသည်။ မျက်လုံးများ အရောင်တောက်နေလေသည်။ ဒေါသရိပ်များဖြစ်ပေါ်နေပါသည်။

သူသည် လျှိုနှစ်ခု၏ထိပ်တွင် ပေါက်နေသောသစ်တောကိုဖြတ်၍ ရှေ့မှသွားနေလေသည်။ ထို့နောက် တောင်ပူဆာတစ်လုံး၏ ဆင်ခြေလျှောသို့ ရောက်လာပါသည်။ ထိုနေရာတွင် ကွေးနေသော ဝက်သစ်ချပင်ကြီး တစ်ပင်သာပေါက်နေပါသည်။ ကျွန်တော်တို့ နင်းလာသော မြက်ပင်များမှာ အလွန်ကြမ်းရှလှသည်။ မြစ်ပေါ်တွင် ကျိုးတစ်အုပ်ပျံသန်းရင်း ကွဲအက်ရှတသောအသံများဖြင့် အော်နေကြလေသည်။

"ဒါ နော့(သ်)ဟီးပဲ ... မြို့က ဟိုမှာ ... "

ကျွန်တော်တို့ရောက်နေသော တောင်ကုန်းမှာ အတော်မြင့်လှသည်။ အောက်ဘက်တွင် အရောင်တောက်နေသော ကွန်မြစ်ရေပြင်ကို မြင်ရပါသည်။

တောင်ကုန်းပေါ်တွင် တောပန်းများပွင့်နေလေသည်။ အလယ်တွင် အဝါရောင်ဝတ်ဆံများရှိပြီး ပွင့်ဖတ်များမှာ ခရမ်းရောင်ဖြစ်လေသည်။

"ပန်းတွေက တော်တော်လှတယ် ... ဒီလိုပန်းမျိုးကို ကျွန်တော် မမြင်ဖူးဘူး ... နာမည်ဘယ်လိုခေါ်သလဲ"

ကျွန်တော်က ပြောပါသည်။

"တောပန်းတွေပါ ... အီစတာပန်းလို့ ခေါ်ပါတယ် ... ဒီပတ်ဝန်းကျင်မှာ အရင်ကတည်းက ပေါက်ခဲ့တဲ့ ပန်းတွေပဲ ... ကဲ ကျွန်တော်တို့ အလုပ်စကြစို့ ... "

ဒေါက်တာက ဂေါ်ပြားကိုချလိုက်သဖြင့် ကျွန်တော်ယူလာသော ပေါက်ချွန်းကို ချလိုက်ပါသည်။ ထို့နောက် တောင်ကုန်းပေါ်တွင် ထီးထီးပေါက်နေသော ဝက်သစ်ချပင်ဆီသို့သွားပြီး မှီထိုင်လိုက်ပါသည်။ ကျွန်တော့်ခေါင်းထဲတွင် သိလိုစိတ် မေးမြန်းလိုစိတ်များ ပေါ်ပေါက်နေသော်လည်း တိတ်ဆိတ်စွာသာနေလိုက်ပါသည်။

ဒေါက်တာ မာတင်ဒေး(လ်)၏အမူအရာမှာ အလွန်ထူးဆန်းနေပါသည်။ သူသည် မြက်ပင်များပေါ်တွင် ခပ်ဖြည်းဖြည်းလျှောက်၍ ငုံ့ကြည့်နေလေသည်။ မကြာမကြာလည်းတောင်ပေါ်သို့တက်၍ ပတ်ဝန်းကျင်ကို လေ့လာသလိုကြည့်နေပြန်ပါသည်။ ဒေါက်တာ မာတင်ဒေး(လ်)သည် သူ့ငယ်စဉ်က အဖြစ်အပျက်ကို

ဖွင့်ပြောပြီးနောက် နှစ်ရက်အတွင်း ထူးခြားနေသည်ကို ကျွန်တော် သတိထားမိပါသည်။

သူသည် တုတ်တစ်ချောင်းကို မြေထဲသို့ စိုက်ထိုး စိုက်လိုက်လေသည်။ ထို့နောက် မြေပြင်ကို သေချာစွာ ငုံ့ကြည့်နေပြီး နောက်ထပ် တုတ်တစ်ချောင်းကို စိုက်ပြန်သည်။ ထိုနေရာမှာ ပထမနေရာနှင့် ပေများစွာကွာလေသည်။ နောက်ထပ်ထိုအတိုင်း နှစ်ကြိမ်လုပ်ပြန်သည်။ ယခုအခါ သူသည် အနားမညီသော ထောင့်မှန်စတုဂံတစ်ခုကို ပြုလုပ်ပြီး ဖြစ်လေသည်။ ထိုနေရာမှာ အလျား ဆယ်ပေ၊ အနံရှစ်ပေခန့်ရှိလေသည်။ ထောင့်များတွင် သစ်ငုတ်များ စိုက်ထားသည်။

"ကျွန်တော်တို့ ဒီနေရာမှာ တူးကြမယ် ... "

သူက ပြောပြသည်။

နောက်ထပ်ဘာမှ မပြောဘဲ သူ့ကုတ်အင်္ကျီကို ချွတ်၍ ပေါက်ချွန်းဖြင့် မြေကြီးကို စိုက်လိုက်လေသည်။

ကျွန်တော် လှမ်းမေးလိုက်ပါသည်။

"ခဏနေပါဦး ကျွန်တော်တို့ကို မြို့ထဲက လူတွေ မမြင်ဘူးလား ... "

"ကိစ္စမရှိဘူး ... ကျွဲနွားတွေလို့ ထင်နေကြလိမ့်မယ် ... "

ကျွန်တော် ပြောခဲ့သည့်အတိုင်း နံနက်ခင်းနေရောင်



အောက်တွင် ထိုနေရာ၌ ကျွန်တော်တို့သာရှိနေပါသည်။ ကျွန်တော်တို့သည် မြေကြီးကို တိတ်ဆိတ်စွာ တူးနေခဲ့ကြပါသည်။

စတုဂံပုံ၏ အစွန်းတစ်ဘက်တွင် နှစ်ပေအနက်တူးပြီးနောက် အလယ်သို့ ပြောင်းပြီးတူးကြပါသည်။ ဆယ်မိနစ်ခန့်တူးပြီးသောအချိန်တွင် ထိုအရာများကို တွေ့ကြရပါတော့သည်။

"လူသတ်မှုပဲ ... "

ဒေါက်တာက ပြောသည်။

ကျွန်တော်တို့သည် မြေကြီးအတွင်းအချိန်ကြာမြင့်စွာရှိနေခဲ့သော ရုပ်ကြွင်းများဖြစ်သည်။ ညှို့သကျည်းရိုးများ၊ နံရိုးများနှင့် သံချေးတက်နေသည့် ရှေးဟောင်းခြောက်လုံးပြူးသေနတ်တစ်လက်ကိုပါ တွေ့ရပါသည်။

ဒေါက်တာက ခါးပြန်မတ်ပြီး ကျွန်တော့်အား တည်ငြိမ်အေးဆေးစွာ ပြောပါသည်။ သူ့မျက်နှာမှာသံဖြင့် သွန်းထားသကဲ့သို့ တည်ငြိမ်နေလေသည်။

"ကားထဲမှာ အခင်းတစ်ခုနဲ့ ဂုန်နီအိတ်နှစ်အိတ်ရှိတယ် ... ကျေးဇူးပြုပြီး သွားယူပေးပါဗျာ ... "

ထိုနေရာမှ မိနစ်အနည်းငယ်ဝေးရသည့်အတွက် ကျွန်တော်ဝမ်းသာမိပါသည်။ ကျွန်တော်ပြန်ရောက်ချိန်တွင် ဒေါက်တာသည် အရိုးစုများကို ကုတ်အင်္ကျီဖြင့် ဖုံးထားပါသည်။ သူသည်

မြေကြီးထဲတွင် ဒူးထောက်၍ အရိုးအစအနများကို ရှာနေလေသည်။

"ကျွန်တော် သက်သေလိုချင်တယ် ... "

သူက အသံတိုးတိုးဖြင့် ပြောလာသည်။

"ဒါတွေကို ကြည့်ထားပါ ... "

ကုတ်အင်္ကျီကို ရုတ်၍လူ့ခေါင်းခွံတစ်ခုကို ပြပါသည်။ ခေါင်းခွံမှာ အက်ကွဲနေပါသည်။ အသွားထက်သော ပုဆိန်တစ်လက်ကြောင့်ရသော ဒဏ်ရာဖြစ်ကြောင်း သိသာလေသည်။

"ဒီပြင် ခေါင်းခွံလည်း အဲဒီအတိုင်းပဲ ... "

သူက ပြောပြပြီး ခေါင်းခွံကိုဖြည်းညင်းစွာ ပြန်ချထားသည်။

ကျွန်တော်က မေးပါသည်။

"သူတို့ ဖြစ်ကြောင်း ခင်ဗျားသက်သေပြနိုင်ပါ့မလား ... "

"လွယ်ပါတယ် ... ပန်းပဲ အမှတ်အသားပါတဲ့ ဓားတွေတွေ့ရတယ် ... ခြောက်လုံးပြူးတွေ့ရတယ် ... ဒီပြင်ပစ္စည်းတွေလည်းတွေ့ရတယ် ... ဓားပေါ်မှာ ကျွန်တော့်ဖခင်ရဲ့နာမည်ထွင်းထားတယ် ... ဘယ်တော့မှ မပျက်ဘူး ... သံချေးတွေကိုဖယ်ပြီး ဖတ်လို့ရတယ်ဗျ ... "

အရိုးများအား သီးနှံအိတ်ခွံထဲသို့ ထည့်လိုက်ကြသည်။ ထို့နောက် အိတ်များနှင့် ပေါက်ပြားများ၊ ဂေါ်ပြားများကို



ကားသို့ ယူလာကြပါသည်။ ထိုအဖြစ်အပျက်များကို ကျွန်တော် ထပ်မမေးရက်အောင် ဖြစ်နေပါသည်။ ကျွန်တော်တို့သည် တွင်းများကို ထိုအတိုင်းထားပြီး ပြန်လာခဲ့ကြပါသည်။

ကျွန်တော်သည် အရိုးစုများအား အိုမာဟားလမ်းရှိ ဒေါက်တာ မာတင်ဒေး(လ်)၏ အိမ်နောက် ကားရုံထဲတွင် ထားခဲ့ကြပါသည်။ ထို့နောက် ဆေးခန်းသို့ အမြန်ပြန်လာကြပါသည်။ အိမ်သို့ လည်းကောင်း၊ ဆေးခန်းသို့လည်းကောင်း၊ အရေးပေါ်လူနာမလာကြောင်း သိရသဖြင့် စိတ်သက်သာရာရခဲ့ပါသည်။ နံနက်ခုနစ်နာရီသာရှိသေးသော်လည်း ကျွန်တော်သည် နံနက်စာ စားလိုစိတ်ပင် မရှိတော့ပေ။

ဒေါက်တာ မာတင်ဒေး(လ်)သည် စားပွဲတွင် ထိုင်၍ မှတ်စုစာအုပ်များကို ပြန်ရှာပြီး ဖတ်နေလေသည်။

"လောင်းဘိ(ချ်)မှာကလည်း ဟောင်းဝဝ်(ဒ်)ရှိနေတယ်"

သူ့ဘာသာ ပြောနေလေသည်။

"သူ့လိပ်စာ တစ်နေရာရာမှာရှိမယ် ... အက်စပုတ်မင်းကပို့(တ်)လန်မှာ သူတူမနဲ့ အတူနေတယ် ... သူ့ဆီကိုချက်ချင်းကြေးနန်းရိုက်ရမယ် ... "

ထို့နောက် ရပ်နေသော ကျွန်တော်အား အခုမှမြင်သွားဟန်ဖြင့် ပြောပြသည်။

"ကျေးဇူးပြုပြီး ကျွန်တော်ရဲ့ လူနာတွေကို သွားကြည့်ပေး ပါလားဗျာ ... အရေးပေါ် ကိစ္စတွေရှိလို့ ကျွန်တော်မလာနိုင် တဲ့အကြောင်း ပြောပြပေးပါ။ ဒီအကြောင်းကို ဘယ်သူကိုမှ မပြောပါနဲ့ ... "

"မပြောပါဘူး ... "

ကျွန်တော်က ကတိပေးလိုက်ပါသည်။ သူကဆက် ပြောပြန်သည်။

"အခန်းအနားကိုလာပါ ... နေ့လယ်နှစ်နာရီမှာ စလီမို့မယ် မြို့တော်ခန်းမမှာ ... "

ထို့နောက် ပြန်လှည့်သွားပြီး စာရွက်များကို မွှေ နှောက်ရှာဖွေလေတော့သည်။

ကျွန်တော်သည် နေ့လယ်တစ်နာရီခွဲတွင် လူနာ များအား ပတ်တီးစည်းပေးခြင်း၊ ဆေးတိုက်ခြင်း စသည့်ပြုဖွယ်ကိစ္စ များအားလုံးကို ပြုလုပ်ပြီးစီးခဲ့သည်။ နေ့လယ်နှစ်နာရီတွင် ဝတ် ကောင်းစားလှဝတ်[illegible]သော လူအုပ်နှင့်အတူ ကော်တွန်ဂုံ(ဒ်) မြို့တော်ခန်းမသို့ ရောက်နေခဲ့သည်။ ကြိုက်ပုံကွက်လပ်ထဲတွင် နေ ဝင်ကျောင်းမတက်ရသဖြင့် ပျော်ရွှင်နေသော ကျောင်းသားများ ဖြင့် ပြည့်နှက်နေလေသည်။

နှစ်နာရီမိနစ်နှစ်ဆယ် အကြာတွင် လူအုပ်သည်



လှုပ်လှုပ်ရှရှဖြစ်လာလေသည်။ ထို့နောက် လူများကို တန်းစီစေ သည်။ ဘွိုင်စကောက်များ၊ စစ်အရာရှိများပါဝင်ကြသည်။ အမေရိ ကန်အယ်လင်သစ်ပင်များကို ထရပ်ကားကြီးများဖြင့် သယ်ယူလာ လေသည်။ သစ်မြစ်များသည် ကြက်သွေးရောင်အဝတ်များ ဖုံးထား သည့်အောက်မှ စုံးမဏ်လက်ချောင်းများကဲ့သို့ တိုးထွက်နေလေ သည်။

လူအုပ်သည် အိုလီဂိုဘဲ(လ်) အားစောင့်နေကြ သည်။ မြေကွက်ကေသုံးဆယ်အား ရက်ရောစွာ လှူဒါန်းသူသည် အခန်းအနားတွင် စကားပြောသင့်သည်ဟု ယူဆထားပုံရလေသည်။

နေ့လယ်နှစ်နာရီခွဲတွင် ကက်ဒီလက်ကားတစ်စီး သည် ဖီလစ်၏ခါတ်ဆီဆိုင်ထောင့်မှ ကွေ့မောင်းလာလေသည်။ လူအုပ်ထဲမှ လက်ခုပ်တီးသံကျိုးတို့ကျဲတဲ ပေါ်လာလေသည်။ အိုလီ ဂိုဘဲ(လ်)ရောက်လာလေပြီ။ ကျွန်တော်လှမ်းကြည့်သောအခါ ကားနောက်ခန်းတွင် အိုလီဂိုဘဲ(လ်)ကို မြင်ရပါသည်။ ပိန်ချည့် သောခန္ဓာကိုယ်မှာ ကိုင်းနေပြီး ဒူးများကိုစောင်ဖြင့်ဖုံးထားလေ သည်။ မျက်လုံးမှေးသော သူ့သားက ကားမောင်းလာနေသည်။

ကျွန်တော်သည် လှေကားတွင်ရပ်နေသဖြင့် လူအုပ် ကို အပေါ်မှ စီးမြင်နေရသည်။ ထိုအခိုက် ဒေါက်တာ မာတင် ဒေး(လ်)နှင့်မျက်နှာနီနီ ကိုယ်လုံးကိုယ်ထည်ဝသော လူတစ်

ယောက်တို့ လမ်းကိုဖြတ်သွားနေသည်ကိုလည်း မြင်ရပြန်သည်။

ကျွန်တော်သည် လှေကားလက်ရမ်းကို ကျော်ဆ
ပြီး လူအုပ်ကိုတိုးဝှေ၍ သူတို့ထံသွားပါသည်။ လူအုပ်ကိုကျော်
ကြည့်သောအခါ ဓာတ်ဆီဆိုင်ဘေးတွင် ရပ်ထားသော ကားဆီ
အမြန်သွားနေသော သူတို့ကို မြင်ရပါသည်။ မျက်နှာနီနီနှင့် လူသည်
သူ့အိမ်အတွင်းမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်နေပါသည်။ သူကြည့်
ရသည်မှာ စိတ်စောနေပုံရလေသည်။

ကျွန်တော်နှင့် သူတို့သည် ဓါတ်ဆီဆိုင်နံဘေးသို့
တစ်ပြိုင်တည်းရောက်သွားကြပါသည်။ ကုတ်အင်္ကျီတွင် 'ဥက္ကဋ္ဌ' ဟု
သော တံဆိပ်အဖြူတပ်ထားသည့် လူတစ်ယောက်သည် ကားဘေး
တွင်ရပ်၍ ဘီလီဂိုဘဲ(လ်)နှင့် သူ့သားကို စကားပြောနေလေသည်။

"ဒန်နီရယ် ... "

ဒေါက်တာ မာတင်ဒေးလ်က ထိုလူကိုခေါ်လိုက်
သည်။

ဥက္ကဋ္ဌက လှည့်ကြည့်သည်။

"မြို့တော်ခန်းမကို ပြန်သွားပြီး ... မစ္စတာပိုဘဲ(လ်)ရဲ့ ဆရ
ဝန်က သူ့လူနာကို အခမ်းအနားတက်ဖို့ ခွင့်မပြုတဲ့အကြောင်း
လူအုပ်ကိုပြောပြပါ ... "

ဒေါက်တာက အမိန့်ပေးလိုက်သည်။



ဒန်နီယယ်က တစ်ခုခုပြောရန်ဟန်ပြင်လေသည်။

"ကျွန်တော် ခိုင်းတာကို သွားပြောပါ ... "

ဒေါက်တာက တင်းမာစွာပြောလေသည်။ ထို့
နောက်ကားနောက်ခန်းတံခါးကိုဖွင့်၍ သူနှင့်မျက်နှာနီနီလူသည်
ဘီလီဂိုဘဲ(လ်)၏ တစ်ဘက်စီတွင် ဝင်ထိုင်လိုက်ကြသည်။ ထို့
နောက် ကျွန်တော်ကို မြင်သွားပြီး။

"ရှေ့ခုံမှာဝင်ထိုင်ပါ ... ဒေါက်တာ ပက်တာဆန် ... "

ဟု ပြောပါသည်။ ကျွန်တော်သည် အုံညြနေသော
ဗင်းဆင့်ဂိုဘဲ(လ်)၏နံဘေးတွင် ဝင်ထိုင်ရပါသည်။

"ကျွန်တော်တော့ ဘာမှနားမလည်တော့ဘူး ... "ဗင်းဆင့်ဂို
ဘဲ(လ်)က စိတ်တိုသံဖြင့် ပြောလေသည်။

"ခင်ဗျားဟာ သူ့အစီအစဉ်ကို လုံးဝဖျက်ဆီးလိုက်တာပဲ ...
ဒေါက်တာ မာကင်ဒေး(လ်) ကျွန်တော့်အဖေရဲ့ ဆန္ဒက "

"ခင်ဗျား ဘာမှမပြောနဲ့ ဗင်းဆင့် ... "

ဒေါက်တာက ယတိပြတ်ပြောလိုက်သည်။ ဗင်းဆင့်
ဂိုဘဲ(လ်)မှာ ကြက်သေသေသွားရှာသည်။

"ဒီလူအုပ်ကိုကျော်အောင်မောင်းပြီး ... ဘုရင်မလမ်းထဲက
ပလက်ဖောင်းမှာ ကားရပ်ပါ ... "

ဗင်းဆင့်ဂိုဘဲ(လ်)မှာ ဒေါသကြောင့် မျက်နှာရဲနေ

သည်။ သို့သော် သူပြောသလို လုပ်ပါသည်။ ကက်ဒီလက်ကားသည် လူအုပ်ကိုကျော်လာပြီး ဘလောက်တစ်ခုခန့်အကွာ ပလက်ဖောင်းတွင် ရပ်လိုက်သည်။

ကျွန်တော်နှင့် ဗင်းဆင့်ဂိုဘဲ(လ်)တို့သည် ကားနောက်ခန်းရှိ လူသုံးယောက်ကိုလှည့်ကြည့်သည်။ အီလီဂိုဘဲ(လ်)သည် လူအုပ်ကို ကျော်လာပြီး ဘလောက်တစ်ခုခန့်အကွာ ပလက်ဖောင်းတွင်ရပ်လိုက်သည်။

"ဆက်မောင်းပါ အက်(ဒ်) ... "

ဒေါက်တာက ပြောလိုက်သည်။

မျက်နှာနီနီနှင့်လူက အားနာစွာကြည့်ပြီး သူကိုင်ထားသော စာရွက်ကိုပြလေသည်။ ထို့နောက် ခပ်တိုးတိုးဖတ်ပြလေသည်။

"ကရိုကက်နယ်မြေ ရဲမှူးတစ်ယောက်အနေဖြင့် ကျွန်ုပ်သင့်အားဖမ်းပါသည်။ အီလီဂိုဘဲ(လ်) သင့်အား ၁၈၆၁ ခုနှစ် ဧပြီလ(၂၄)ရက်ခန့်က တိုင်းတပ်(စ်) မာတင်ဒေး(လ်)နှင့် ဝီလျံမာတင်ဒေး(လ်)တို့အား သတ်မှုဖြင့် တရားစွဲရပါမည်"

ဗင်းဆင့်ဂိုဘဲ(လ်)က မကျေမနပ် ရေရွတ်လေသည်။ အဘိုးကြီးက မလှုပ်မယှက်ထိုင်နေလေသည်။

"ဒါဟာ မမှန်ပါဘူး ... "



သူကလေသံဖြင့် ပြောလေသည်။

"ခင်ဗျားဟာ သတ္တိမရှိတဲ့လူပဲ ... "

သားဗင်းဆင့်က အော်တော့သည်။ သူ့မျက်နှာမဲ့နေသည်။ ဒါဟာ ...

"အဘိုးကြီးတစ်ယောက်ကို တမင်ဒုက္ခပေးတာပဲ ... "

ဒေါက်တာ မာတင်ဒေး(လ်)က ပြောပြသည်။

"ရဲမှူးရုံးကိုသာ မောင်းပါ ဗင်းဆင့် ... အဲဒီကိုရောက်မှ ပြောပြမယ် ... "

ဗင်းဆင့်သည် ကားမောင်းရင်း မကျေမနပ်ပြောလာသည်။ ဒေါက်တာမှာ အုတ်ဂူတစ်လုံးကဲ့သို့ ငြိမ်သက်နေသည်။ အက်(ဒ်)မက်ဆန်က သူ့ကော်လာကို တစ်ပိုက်မှ ချွေးများကိုလက်ဖြင့်သုတ်နေလေသည်။ အီလီဂိုဘဲ(လ်)၏မျက်လုံးအိမ်များမှာ မည်းမှောင်နေသော လိုက်ဂူများပမာ ချိုင့်ဝင်နေလေသည်။ သူက တတွတ်တွတ်ပြောနေလေသည်။

"ဒါကို ကျုပ်မလုပ်ခဲ့ပါဘူး ... ခင်ဗျားတို့သိပါတယ် ... ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး ... "

"ခင်ဗျားဟာ အိမ်မှာ ရွှေတွေမြင်ခဲ့တယ် ... ဒါကြောင့် လုယူဖို့ ဆုံးဖြတ်ခဲ့တယ် ... "

"မဟုတ်ပါဘူး ... "

"ခင်ဗျားဟာ မြက်ခင်းပြင်အထိ သူတို့နောက်က လိုက်သွားတယ် … ဒါမှမဟုတ် မြက်ခင်းပြင်ထဲက ပုန်းပြီးစောင့်နေခဲ့တယ် … "

"ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး … "

"ခင်ဗျားရဲ့ မေးခွန်းတွေကြောင့် ကျွန်တော့်အဖေ စိတ်ဆင်းရဲပြီး နှလုံးရောဂါနဲ့ သေသွားလိမ့်မယ် … ဒေါက်တာမာတင်ဒေး(လ်) … "

"ငါဟာ ဒေါက်တာ တစ်ယောက်ပါ ဗင်းဆင့် … အီလီယာ ငါ့ရဲ့လူနာပါ … သူတစ်ခုခုဖြစ်ရင် ငါကုသနိုင်ပါတယ် … အီလီ ခင်ဗျားဟာ သူတို့ကို အလစ်မှာ တိုက်ခိုက်ခဲ့တယ်"

"ကျုပ် ဒီလိုမလုပ်ခဲ့ပါဘူး … "

"အဲဒီနောက် အလောင်းတွေကို လှည်းနဲ့တင်ပြီး မြောက်ဘက်တောင်နံ့ကုန်းကို သွားခဲ့တယ် … အဲဒီနေရာဟာ ခရီးဝေးတယ် … နာရီပေါင်းများစွာ လှည်းမောင်းရလိမ့်မယ် ဒါပေမယ့် လူအရောက်အပေါက်နည်းတယ် … မရှိသလောက်ဘဲ … ပြီးတော့ မူလလှည်းလမ်းနဲ့ အလှမ်းကွာတယ် … အလောင်းတွေမြှုပ်ဖို့ အကောင်းဆုံးနေရာလည်း ဖြစ်တယ် … "

"ဘာတွေပြောနေတာလဲ မာတင်ဒေး(လ်)ခင်ဗျား … "



"အေးအေးဆေးဆေး ထိုင်ပါ … ဗင်းဆင့် မင်းဘာမှဝင်မပြောပါနဲ့ … ငါ သက်သေအထောက်အထားမရှိဘဲ ပြောနေတာ မဟုတ်ဘူး … သတိထားပါ အီလီ ခင်ဗျားဟာ အလောင်းတွေကို အဲဒီမှာ မြှုပ်ထားခဲ့တယ် … မြေပုံပေါ်မှာ အလောင်းတွေကို အခေါက်ခေါက်အခါခါ မောင်းခဲ့တယ် … ဒါဟာ အင်ဒီယန်းတွေလုပ်ပုံလုပ်နည်း ဖြစ်တယ် … ဒီပညာကို ဆီအောက်ဆီက ခင်ဗျားရခဲ့တယ် … မြက်တွေကိုလည်း ဖုံးထားခဲ့တယ် … "

"မဟုတ်ဘူး … မဟုတ်ဘူး … "

"တိုက်တာပ်(စ်)မှာ သေနတ်ပါသွားတယ် … သေနတ်ပါမြေမြှုပ်ပစ်ခဲ့တယ် … လှည်းပေါ်က ဘာမှယူမသွားဘူး … ယုန်သားရေအိတ်ကိုပဲ ယူသွားတယ် … အဲဒီနောက် မြို့ဘေးကပတ်ပြီး လှည်းကိုပြန်မောင်းလာခဲ့တယ် … မြစ်ကိုရေတိမ်တဲ့နေရာက ဖြတ်ကူးပြီး တစ်ဘက်ကမ်းမှာရှိတဲ့ ဆောကရစ်ကိုလာခဲ့တယ် … အဲဒီနောက် လစ်တဲ(လ်)ဟီး(လ်) ဆလောက်နားက ဖြတ်မောင်းလာခဲ့တယ် … မြင်းတွေနဲ့ လှည်းကို အဲဒီမှာ စွန့်ထားခဲ့တယ် … ရွှေတွေကို တစ်နေရာမှာ ဝှက်ထားခဲ့တယ် … "

"တစ်ခုမှ မဟုတ်ဘူး … ခင်ဗျား လိမ်ပြောနေတာ … "

"အဲဒီနောက် တစ်နေရာမှာ သွားရှောင်နေပြီး ကျွန်တော်တို့

နဲ့အတူ ဝိုင်းပြီးရှာတယ် … ခင်ဗျားဟာ တော်တော်ပါးနပ်တယ် အီလီ … အင်ဒီယန်တစ်ယောက်လို ပါးနပ်ပါတယ် ကျွန်တော်တို့နဲ့ကူပြီးရှာတယ် … အဲ့ဒီတောင်ကုန်းကိုတောင် ကျွန်တော်တို့ ဖြတ်သွားခဲ့သေးတယ် … ဒါပေမယ့် မြေပုံနဲ့တူတာကို မတွေ့ခဲ့ဘူး … ”

“ခင်ဗျားဟာ မြေပုံမှန်းမသိအောင် လုပ်ထားခဲ့တယ် … ခင်ဗျားတော်ပါပေတယ် … ”

“ဒီလို မစွပ်စွဲပါနဲ့ မဟုတ်ပါဘူး … ”

“ကျေးဇူးပြုပြီး ကျွန်တော့်ဖခင်ကို မနှောင့်ယှက်ပါနဲ့ ”

“ကဲ … မစ္စတာ ဂိုဘဲ(လ်) ခင်ဗျားစိတ်ကိုထိန်းပါ၊ ဒေါသမကြီးပါနဲ့ … ”

“ဒီလိုနဲ့ပဲ ဒေါ်လာ(၇၀၀၀)တန်တဲ့ ရွှေတွေကိုခင်ဗျားရခဲ့တယ် … စောင့်ရကျိုးနပ်ပါတယ်လေ … အဲ့ဒီနောက် စစ်ထဲဝင်တယ် … အခွင့်အရေးကိုစောင့်နေတယ် … ဒီအတွက် ခင်ဗျားကိုကျွန်တော် ချီးကျူးပါတယ် … အိုဟိုင်းအိုးမှာ ခင်ဗျားမိသားစုနဲ့ ပြန်စီးပွားဖြစ်လာတယ်ဆိုတဲ့ လုပ်ကြံဇာတ်လမ်းလွှင့်ပြီး ဒီကိုပြန်လာခဲ့တယ် … ခင်ဗျားဟာ တကယ်တော်တာပဲ … ”

“ကျုပ် ဘယ်တုန်းကမှ အဲ့ဒီလို မလုပ်ခဲ့ပါဘူး …

“ဘာကြောင့် ဒီမြေတွေကို လှူတာလဲ … ”



“ကျုပ်ကို အမှတ်တရဖြစ်စေချင်လို့ပါ … ”

“ဟာရီးသတင်းစာထဲမှာ အာဗားဒေးအစီအစဉ်ပါလာတယ် အဲ့ဒီအချိန်မှာ ခင်ဗျားရဲ့ နှလုံးရောဂါပြန်ထလာတယ် … နောက်တစ်နေ့မှာ ခင်ဗျားက မြေတွေလှူတဲ့ သတင်းပါလာတယ် … ”

“ဗင်းဆင့် ဗင်းဆင့် ငါ့ကိုမနှောင့်ယှက်ဖို့ ပြောပါဦး … ”

“သူ့ကို ချုပ်ထားပါ … ”

“မစ္စတာ ဂိုဘဲ(လ်)ထိုင်နေပါ … ”

“မရှုးစမ်းပါနဲ့ ဗင်းဆင့် အားလုံးအမှန်ပါ … ဒါဟာ အမှန်တရားပါ … ဒါကိုသိဖို့ နှစ်ပေါင်းခြောက်ဆယ်ကျော်ကြာအောင် ကျွန်တော် ကြိုးစားခဲ့ရတယ် … ဒီမယ် မစ္စတာ ဂိုဘဲ(လ်) ခင်ဗျားဟာ အထိမ်းအမှတ် သစ်ပင်တွေကို မြောက်ဘက်တောင်ကုန်းပေါ်မှာ မစိုက်စေချင်တဲ့အတွက် မြေကွက်တွေလှူခဲ့တာဖြစ်တယ် … မြောက်ဘက် တောင်ကုန်းပေါ်မှာ မြေတွေတူးမှာ ခင်ဗျားမလိုလားဘူး … ခင်ဗျားဟာ ဝီလဆင်ရဲ့မြေတွေကိုဝယ်ဖို့ စိတ်ကူးမရှိခဲ့ဘူး ဒါဆို အဲ့ဒီမြေကို ဘယ်သူမှ တူးခွင့်ရမှာ မဟုတ်ဘူး … ”

“ဒီလိုမပြောပါနဲ့ ကျော့ ငါလည်း အသက်ကြီးပါပြီကွာ … ”

ဗင်းဆင့်ဂိုဘဲ(လ်)မှာ ခေါင်းငိုက်စိုက်ကျနေလေသည်။ မျက်နှာကို လက်မောင်းပေါ်မှောက်ထားသည်။ အီလီသည်

ရဲမှူး၏ ကုလားထိုင်တွင် ထိုင်ရင်း နံရံကိုစိုက်ကြည့်နေလေသည်။

"သူတို့ အသတ်ခံခဲ့ရတာပဲ အီလီ ... သူတို့ခေါင်းတွေကွဲနေတယ် ... ကြီးမားလေးလံတဲ့ ပုဆိန်နဲ့နောက်စေ့ကို အထုခံရတယ် ... ကျွန်တော် သိပြီးပြီ ... "

အတိုးကြီး၏ နှုတ်ခမ်းများခြောက်သွေ့ မဲနက်နေသည်။ သူကလေသံဖြင့်ပြောလေသည်။

"ဟင့်အင်း ဒီအလုပ်ကို ကျုပ်မလုပ်ခဲ့ဘူး ... ခင်ဗျားသက်သေပြနိုင်လို့လား ...

"ရဲတင်းတစ်လက်ပေါ့ အီလီ ... တစ်ယောက်ယောက်က ရဲတင်းတစ်လက်နဲ့ ပစ်တာ ... ဒါမှမဟုတ် ရဲတင်းနှစ်လက်ကို ရှေ့ဆင့်နောက်ဆင့် ပစ်လိုက်တာဖြစ်မယ် ... သူတို့ဟာ လရောင်အောက်မှာ ထိုင်နေကြတယ် ... လရောင်ကလည်း ထိန်လင်းနေတယ် ... ရဲတင်းကို ကျွမ်းကျွမ်းကျင်ကျင်ပစ်နိုင်သူ တစ်ယောက်အတွက် သူတို့ဟာ အလွန်လွယ်ကူတဲ့ သားကောင်တွေပဲ ... "

ဒေါက်တာသည် သူ့အိတ်ထဲမှ စာသုံးစောင်ကို ထုတ် ယူလိုက်လေသည်။

"ခင်ဗျားတို့အားလုံးကို ဖတ်ပြမယ် ... "

သူက တည်ငြိမ်အေးဆေးစွာ ပြောလေသည်။

"ကြေးနန်းစာသုံးစောင်ပါ ပထမသံကြိုးစာကို ကျွန်တော်



ကိုယ်တိုင် ဒီနေ့မနက်စောစောက လောင်းဘိ(ချ်)မှာနေတဲ့ ကလယ်ဟောင်းဝယ်(ဒ်)ကို ရိုက်လိုက်တယ် ... နောက်တစ်စောင်က ပို့တလန်မှာနေတဲ့ အက်ဖရိန်စပုတ်(စ်)မင်းဆီကို ရိုက်လာတာ ဒီနာမည်တွေကို တစ်ချိန်က ဒီမြို့မှာ မြို့တော်ဝန်လုပ်ခဲ့တယ် ... အက်ဖရိန်ကို လူတိုင်းသိကြပါတယ် ... ကျွန်တော်က ဒီလို သံကြိုးရိုက်လိုက်တယ် ... ကျေးဇူးပြု၍ ကြေးနန်းပြန်ရိုက်ပါ ... ကြေးနန်းရိုက်ခ ကျွန်တော်ပေးပါမည်။ ပြည့်စုံစွာပြန်ကြားပါ ... ခေတ်ဟောင်းတစ်ချိန်က ကော်တွန်ဝု(ဒ်)တွင် မား(သို့)ရဲတင်းပစ်အကျွမ်းကျင်ဆုံး မည်သူဖြစ်ပါသလဲ ... ပြန်စဉ်းစားပြီး ကျွန်တော့်ထံ သံကြိုး ပြန်ရိုက်ဖြေကြားပါ ... "

"ဒါက ပထမဆုံးရောက်လာတဲ့ သံကြိုးစာပဲ ... အက်ဖရိန်ရဲ့ တူမဖြစ်သူက ပြန်ရိုက်လိုက်တာ ... နေ့ခင်းတစ်ဆယ့် တစ်နာရီကမှ ရောက်လာတယ် ... စာထဲမှာ အန်ကအက်(ဖ်)နေမကောင်းပါ ... ဂလိုဘဲ(လ်)ဆိုတဲ့ ကပြားတစ်ယောက်ဟာ ရဲတင်းပစ်တော်တယ်လို့ သူကပြောပါတယ် ဒါကြောင့် ရှင်မေးတယ်ဆိုတာကို အသေးစိပ်သိချင်နေ တယ်တဲ့ ... "

"နေ့ခင်း တစ်ဆယ့်တစ်နာရီ လေးဆယ်ငါးမိနစ်မှာ ကလယ်

ဟောင်းဝပ်ရဲ့ သံကြိုးစာကိုရတယ် ... သံကြိုးစာထဲမှာ" ဟယ်လို မိတ်ဆွေဟောင်းတွေကို ခင်ဗျားသတိပြန်ရလို့လား ... ကျွန်ုပ်အသက် ကိုးဆယ်နီးနေပါပြီ ကျွန်ုပ်ဟာ အလောင်းအစားလုပ်တဲ့အတွက် ငါးဒေါ်လာဆုံးရှုံးခဲ့ပုံကို ပြန်သတိရနေပါတယ် ... ဟဲ(လ်)ဆေးပန်းပဲဗိုအနီးက သစ်ပင်ကို ဂလိုဘဲ(လ်)ဟာ ရဲတင်းနဲ့ ဆယ်ခါထိအောင် မပစ်နိုင်ဘူးလို့ ကျွန်ုပ်လောင်းခဲ့တာ ရှုံးသွားတယ် ... "

အခန်းတစ်ခန်းလုံး တိတ်ဆိတ်နေလေသည်။ အီလီဂိုဘဲ(လ်)၏ လည်ချောင်းထဲမှ ချွဲသံကိုသာ ကြားနေရလေသည်။

"မဟုတ်ဘူး ... "

သူက တုန်တုန်ယင်ယင်ဖြင့် ငြင်းလေသည်။

"မဟုတ်ဘူး ... "

ဒေါက်တာ မာတင်ဒေးလ်က ဖုန်များအလိမ်းလိမ်းဖြစ်နေသော အခန်းထောင့်ကို ညွှန်ပြ၍ ပြောပြန်သည်။ ထိုနေရာတွင် စားပွဲတစ်လုံးရှိလေသည်။ စားပွဲပေါ်တွင် လုံးထွေးထားသော ဇေက်ဖြူအပုံကြီး ရှိနေလေသည်။

"အီလီ ... "

ဒေါက်တာက တည်ငြိမ်စွာပြောပြသည်။

"သူတို့ဟိုမှာလေ အခန်းထောင့်မှာ ... "



အဘိုးကြီးမှာ ထိုင်နေရာမှ ဆတ်ခနဲဖြစ်သွားလေသည်။ လက်များကို ဆန့်တန်း၍ သူ့ရှေ့စားပွဲပေါ်မှ တုတ်ကို ယူရန်ကြိုးစားနေလေသည်။

"အဖေ ... "

ဗင်းဆင့်ဂိုဘဲ(လ်)က အော်ပြောလေသည်။

အီလီဂိုဘဲ(လ်)သည် ခေါင်းရမ်းနေလေသည်။ ကုလားထိုင်ပေါ်သို့ ပြန်ကျသွားလေသည်။ မျက်တွင်းဟောက်ပက်ဖြစ်နေပြီး မျက်လုံးမကစားတော့ပေ။

"သေသူတွေ ... "

ခပ်တိုးတိုးပြောနေလေသည်။

"ငါ့ကိုတွေ့သွားကြပြီ ... အခန်းထဲကိုရောက်လာပြီ ငါသတ်တယ် ... သူတို့ကို ငါသတ်တယ် ... တိုင်းတပ်(စ်)နဲ့ဘီ(လ်)ကိုငါသတ်တယ် ... "

ဗင်းဆင့်ဂိုဘဲ(လ်)သည် လက်မောင်းများအပေါ်တွင် မျက်နှာအပ်ပြီး ရှိုက်နေလေသည်။ ရဲမှူးမှာထိုင်နေရာမှ လှုပ်လှုပ်ရှုရှုဖြစ်လာလေသည်။

"ဂျော့ မင်းဟာ ငါ့ကိုထောင်ထဲပို့လိုက်ပြီ ... ငါကြိုးပေးခံရအောင် လုပ်တာပဲ ... ငါ အိုမင်းပါပြီ ဟုတ်တယ် ... သူတို့ကို ငါသတ်မိတယ် ... "

ဒေါက်တာ မာတင်ဒေး(လ်)က ချောင်းဟန့်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျားဟာ အိုမင်းနေပြီ ... ဒီအတွက်ဘာမှလုပ်လို့မရတော့ဘူး ... ကျွန်တော့်မိခင်ကို ကတိပေးခဲ့တယ် ... ကျွန်တော်ဟာ လူသတ်သမားကို တွေ့အောင်စုံစမ်းပြီး ဒါပေမယ့် ခင်ဗျားကိုထောင်ထဲပို့တဲ့အတွက် ပြန်သတ်ဖို့အတွက် ဘာမှအကျိုးမရှိမှန်းသိပါပြီ ... "

ရဲအရာရှိ မက်ဆန်က သူ့နဖူးမှ ချွေးများကိုသုတ်နေလေသည်။

"ဥပဒေအတိုင်းအရေးယူရမယ် ... အီလီဂိုဘဲ(လ်) ခင်ဗျားတရားစွဲခံရမယ် ... "

သူက အသံစူးစူးဖြင့်ပြောလေသည်။

"ဒီအမှုကို ကျွန်တော်စုံစမ်းဖော်ထုတ်တာပါ ... အက်(ဒ်) ကျွန်တော်သာ သက်သေမခံရင် သူ့ကိုတရားစွဲလို့မရနိုင်ဘူး ကျွန်တော် သူ့ကိုတရားစွဲလို့မရနိုင်ဘူး ... ကျွန်တော် သူ့ကိုတရားလည်းမစွဲ သက်သေလည်း မခံပါဘူး ... "

"သူ သတ်တယ်လို့ ဝန်ခံထားပါတယ် ... "

ရဲမှူးက တင်း တင်းမာမာ ပြောတော့သည်။

ဒေါက်တာက ခေါင်းညိတ်သည်။



"ပါးစပ်နဲ့ ဝန်ခံတာမှန်ပါတယ် ... ဗင်းဆင့်ရယ် ဒေါက်တာပက်တာဆန်နဲ့ ကျွန်တော်က ဝန်မခံဘူးလို့ဘူးလို့ပြောရင် ဘာဖြစ်သွားမလဲ ... သက်သေခံပစ္စည်းတွေကို ကျွန်တော်တင်မပြရင် ဘာဖြစ်မလဲ ... "

ရဲမှူးက ခေါင်းယမ်းနေလေသည်။ နှုတ်ခမ်းကို တင်းကြပ်စွာ ကိုင်ထားသည်။

"မင်းအဖေဟာ ဘယ်လောက်တန်တယ်လို့ ဆုံးဖြတ်မလဲ"

ဒေါက်တာက ဗင်းဆင့်ဂီဘဲ(လ်)ကို မေးလိုက်သည်။

ဗင်းဆင့်က မော့ကြည့်လေသည်။ သူ့မျက်နှာတွင် မျက်ရည်များစွဲနေသည်။

"ဒေါ်လာနှစ်သန်းတန်တယ်လို့ ကျွန်တော်ထင်ပါတယ်"

"ခင်ဗျား အားလုံးကို ယူနိုင်ပါတယ် ... "

အီလီက လေသံဖြင့် ပြောလေသည်။

ဒေါက်တာက ခေါင်းညိတ်သည်။

"အဲဒီအချိန်က ဒေါ်လာခုနစ်ထောင်ဟာ တော်တော်တန်ဖိုးရှိပါတယ် ... အခုဆိုရင် ဒေါ်လာငါးသိန်းတန်တယ် ... ဝိုတောင်ပိုလိမ့်မယ် ... မယူပါဘူး ... လူကြီးမင်းတို့ ကျွန်တော်ငွေကိုမလိုချင်ပါဘူး ... ကျွန်တော် ဖခင်နဲ့ တိုင်း

တပ်(စ်)တို့လည်းအသက်ပြန်မရှင်နိုင်တော့ပါဘူး ... ဒါပေမယ့် ငွေဟာ တန်ဖိုးရှိပါတယ် ... ”

အိလီဂိုဘဲ(လ်)မှာ မျက်လုံးမှိတ်ထားလေသည်။ ကြည့်ရသည်မှာ ကန့်လန့်ကာအစုတ်များ ကာထားသော ပြတင်းပေါက်အနက်များနှင့် တူနေလေသည်။

“ငါမြင်နေပြီ ... သူတို့ကို ငါမြင်ရပြီ ငါအိုမင်းလာပြီ သူတို့ပြန်လာကြပြီ ... ငါအရှုံးပေးရတော့မယ် ... ”

“အိမ်ကိုပြန်သွားကြမယ် ... ”

ဒေါက်တာက ပြောပြသည်။

“ခင်ဗျားကို အိပ်ပျော်အောင်ဆေးထိုးပေးလိုက်ရမယ် ... ခင်ဗျား အနားယူလာပြီး အင်အားပြည့်လာချိန်မှာ ခင်ဗျားအိမ်မှာ ရှေ့နေခေါ်ပြီး စာချုပ်ချုပ်မယ် ... ခင်ဗျား အစုနေတဲ့ ဒီမြို့မှာ ဒေါ်လာတစ်သန်းတန်တဲ့ ခေတ်မှီဆေးရုံတစ်ရုံဆောက်ရမယ် ... ဒီမြို့မှာနေတဲ့ လူတိုင်းဟာ အခမဲ့ဆေးကုသနိုင်ရမယ် ... ”

ဗင်းဆင့်ဂိုဘဲ(လ်)က ခေါင်းညိတ်လေသည်။ အဘိုးကြီးမှာ သူ့ရှေ့တည့်တည့်မှ နံရံကို တုန်လှုပ်စွာ စိုက်ကြည့်နေဆဲဖြစ်သည်။

“ဟုတ်ကဲ့ ဘာမဆို ကျုပ်ပေးပါမယ် ... ဘာမဆိုပါပဲ ...



ကျုပ်ကိုခပ်မြန်မြန်ခေါ်သွားပါတော့ ... ကျုပ်အိမ်ပြန်ချင်ပါပြီ ... ကျုပ်အသက်ကြီးပါပြီ ... ဒီအခန်းထဲမှာ မနေချင်တော့ဘူး ... ဒီအခန်းထဲမှာ သူတို့နဲ့အတူ မနေပါရစေနဲ့ ... ”

အိလီဂိုဘဲ(လ်)အား သူ့အိမ်သို့ လိုက်ပို့ခဲ့ပါသည်။ သူအိပ်ပျော်သွားမှပင် ကျွန်တော်နှင့် ဒေါက်တာ မာတင်ဒေး(လ်)တို့ ပြန်လာခဲ့ကြပါသည်။ မာတင်ဒေး(လ်)အား ကြည့်ရသည်မှာ ယမန်နေ့ကထက် ဆယ်နှစ်ခန့် ပိုအိုစာသွားသည်ဟု ထင်ရလေသည်။

“ဒီကိစ္စတွေ အားလုံးပြီးရင် ကျွန်ုပ်အနားယူတော့မယ် လာမယ့် အင်္ဂါနေ့ကစပြီး ကျွန်တော့် လူနာတွေကို ခင်ဗျား တာဝန်ယူပါ ... ”

သူက ပြောလေသည်။

ကျွန်တော်တို့နှစ်ယောက်သည် ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်း စကားပြောလာကြပါသည်။

“အလောင်းတွေ မြှုပ်နှံတဲ့နေရာကို ခင်ဗျားဘယ်လိုရှာတွေ့သလဲဆိုတာကို ကျွန်တော်စဉ်းစားလို့မရဘူး၊ အယ်လီဂိုဘဲ(လ်)ဘာကြောင့် တောင်ကုန်းပေါ်မှာ သစ်ပင်မစိုက်စေချင်သလဲဆိုတာကိုတော့ စဉ်းစားလို့ရပါတယ်၊ ဘယ်နေရာမှာ မြေကြီးတူးရမယ်ဆိုတာကို ဘယ်လိုလုပ်ပြီး ခင်ဗျားသိသလဲ၊ ကျွန်တော်သာဆိုရင်ရက်ပေါင်းများစွာတူးရလိမ့်မယ်”

ဒေါက်တာက အိတ်ထဲကို လက်နှိုက်ပြီး ဆေးလိပ်ရှာနေလေသည်။

"အလေ့ကျပေါက်နေတဲ့ ပန်းတွေကြောင့်ပါ ... "

သူက အေးဆေးစွာပြောလေသည်။

"အဲ့ဒီပန်းတွေဟာ တောင်ကုန်းပေါ်မှာ အနှံ့အပြားပေါက်နေကြတယ် ... အဲ့ဒီပန်းတွေမပေါက်တဲ့နေရာမှာ တူးရမယ်ဆိုတာကို ကျွန်တော်သိထားတယ် ... ကျွန်တော်အမှတ်အသားလုပ်တဲ့နေရာမှာ အဲ့ဒီပန်းပင်တွေမရှိဘူး ... ဒီခရမ်းရောင်ပန်းပင်တွေဟာ တော်တော်ဆန်းတယ် ... မူလမြေပေါ်မှာပဲ ပေါက်နိုင်တယ် ... မြေကြီးကို တူးဆွထားတဲ့နေရာမှာ မပေါက်ကြဘူးလေ ... "

ကျော်စွာဟိန်း